www.burmeseclassic.com

# ဒဂုန်ရွှေမျှား


## ဖယောင်းပြတိုက်

အပါအဝင်

## သန်းသန်းကြယ်ကြယ်ဝတ္ထုတိုများ

ပထမအကြိမ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဒဂုန်ရွှေမျှား

## ဖယောင်းပြဲတိုက်

အပါအဝင်

## ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ

ပထမအကြိမ်



www.burmeseclassic.com

ဒဂုန်ရွှေမျှား

ဖယောင်းပြဲတိုက် အပါအဝင် ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ

BURMESE CLASSIC .com



ဒဂုန်ရွှေမျှား

ဖယောင်းပြဲတိုက်

အပါအဝင်

ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ

Graphic Design : Zay Yar

6250602880
THANK YOU
Ks

6250602880
THANK YOU
Ks

GLT- 290
2000

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

Quality Publishing House




# ဖယောင်းပြာတိုက်

အပါအဝင် ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ

ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၅၃၈၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၀၈၂၀၀၇၁၀

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၁၀၊ အောက်တိုဘာလ)
အုပ်ရေ ▸ (၅၀၀)

မျက်နှာဖုံး ▸ ဇေယျာ
ကွန်ပျူတာစာစီ ▸ *Quality*
အတွင်းဖလင် ▸ *Quality*

ပုံနှိပ်သူ

နော်ဆဲနေမူး(ရွာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

ဦးမြင့်ထွန်း(မြဲ) (၀၃၉၀၆)၊
အမှတ်၅၀၈/၅၁၂(ပထမထပ်)
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

တန်ဖိုး ▸ ၂၀၀၀ – ကျပ်

ဒဂုန်ရွှေမျှား ၈၉၅.၈၃
ဖယောင်းပြတိုက်အပါအဝင် ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ/ဒဂုန်ရွှေမျှား
– ရန်ကုန်၊
**Quality Publishing House** ၂၀၁၀။
၁၉၂ – စာ၊ ၁၃x၂၀.၅စင်တီ
(၁) ဖယောင်းပြတိုက်အပါအဝင် ဆန်းဆန်းကြယ်ကြယ်ဝတ္ထုတိုများ

## မာတိကာ

| | | |
|---|---|---|
| ၁။ | ဖယောင်းပြတိုက် | ၁ |
| ၂။ | လူ့သတ်သမား စကားမှား၏ | ၂၁ |
| ၃။ | လှယဉ်ကျေးများ | ၃၀ |
| ၄။ | ရှုပ်ထွေးသော ပါတနာနှစ်ယောက် | ၃၃ |
| ၅။ | မိတ္တူး | ၆၂ |
| ၆။ | မီးမကူးသောယမ်းတောင့် | ၈၄ |
| ၇။ | ဘယက်ပူ | ၁၀၅ |
| ၈။ | ကြံ့သေးတယ် | ၁၁၅ |
| ၉။ | ဆေးသစ်ရှက် | ၁၃၁ |
| ၁၀။ | နှစ်ပတ်ရိုက်သူ | ၁၄၁ |
| ၁၁။ | မယ်ပိုတစ်ဆုပ် | ၁၅၀ |
| ၁၂။ | ခိုကိုးရာမဲ့လို့လား | ၁၅၉ |
| ၁၃။ | သူဘယ်သူလဲ | ၁၆၈ |
| ၁၄။ | ဘိန်း ဘိန်း ဘိန်း | ၁၇၉ |
| ၁၅။ | အချိန်ခရီးသွား | ၁၈၄ |
| ၁၆။ | ဓာတ်ငါးမျှား | ၂၀၂ |

www.burmeseclassic.com

www.burmeseclassic.com

## ဗယောင်းမြှတိုက်

၁၉၃၇ ခုနှစ်က ကျွန်တော်သည် တောမြို့နယ်တစ်နယ်တွင် (၇)တန်း စာမေးပွဲ အောင်မြင်ခဲ့ပြီးနောက် အလုပ်အကိုင်ကလေးများရှာဖွေရန် ရန်ကုန်မြို့သို့ ရောက်လာခဲ့ပါသည်။ မီးရထားပေါ်တွင် ဦးပဥ္စင်းတစ်ပါးနှင့် အသိအကျွမ်းဖြစ်ခဲ့ရာမှ ဦးပဥ္စင်းသီတင်းသုံးသော သရက်တောကျောင်းတိုက်၌ ပင် တည်းခိုကာ မြို့ပေါ်တွင် အလုပ်အကိုင်ရှာဖွေလျက်ရှိ၏။ ရန်ကုန်မြို့ကြီးမှာ အလုပ်အလွန်ပေါသောမြို့ဖြစ်၍ သူနေရာနှင့်သူ စာရေးစာချီများ၊ အစိုးရအရာရှိကြီးများဖြင့်ပြည့်နှက်လျက်ရှိသော်လည်း ကျွန်တော်ကဲ့သို့(၇)တန်းမျှသာအောင်သည့်အောက်တန်းစားဆင်းရဲသားတစ်ယောက်မှာမူ အလုပ်ရရန်ခဲယဉ်းကြောင်း လက်တွေ့စုံစမ်းရှာဖွေသောအခါမှ သိရှိရတော့၏။ ထို့ပြင် ကျွန်တော် တစ်ခု သဘောပေါက်မိသည်မှာ ယုတ်စွအဆုံး မြူနီစီပယ် တံမြက်လှည်းအလုပ်ပင် ဖြစ်စေကာမူ အဆက်အသွယ်မရှိဘဲ အလုပ်မရနိုင်ချေ။

လူစုစုမြင်တိုင်း ကျွန်တော်သည် အလုပ်အကိုင်ရှာဖွေရေးအတွက် သတင်းအစအနရရန် မယောင်မလည် သွားရောက်နားထောင်မိ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ဖွယ်များကိုသာ တွေ့ရလေသည်။ တစ်နေ့သောနံနက် ကမ်းနားလမ်းဘက်သို့ လျှောက်ခဲ့ရာ အဆောက်အအုံတစ်ခုရှေ့တွင် လူနှစ်ဆယ်သုံးဆယ်ခန့် စုရုံးလျက် အချို့ခုံတန်းလျားများပေါ်၌လည်းကောင်း၊ အချို့ကွမ်းယာဆိုင်ကလေးများဘေး၌လည်းကောင်း၊ အချို့သစ်ပင်ရိပ်တစ်ခုအောက်၌လည်းကောင်း ၃ယောက်တစ်တွဲ၊ ၄ယောက်တစ်တွဲ စကားပြောဆိုနေကြသည်ကို တွေ့ရ၏။ သို့နှင့် ကျွန်တော်လည်း သစ်ပင်ရိပ်အောက်တွင် ဝိုင်းဖွဲ့၍စကားစမြည်ပြောဆိုနေကြသော လူစုရှိရာသို့ မယောင်မလည် သွားရောက်နားထောင်မိ၏။

(တစ်ယောက်) "အားလုံး ဘယ်လောက်ရှိသတဲ့လဲ ကိုကျင်မောင်၊ ကျွန်တော်ကြားတော့ ၂၅၀တောင် ကျော်တယ်ဆိုပါကလား"

(ကျင်) "ခင်ဗျားပြောတာတောင်မကဘူး ဆရာရေ့ ၃၀၀ ကိုနည်းနည်းပဲလျော့သတဲ့၊ ကျုပ်တော့ မျှော်လင့်စရာ မရှိပါဘူးဗျာ၊ အိမ်ကိုတောင် ပြန်ချင်ပြီ"

(အခြားလူ) "ဆယ်တန်းအောင်တဲ့လူတောင်လေးငါးယောက်ပါတယ်ကြားတယ်"

(ပထမလူ) "ဟုတ်မှာပေါ့ဗျာ"

(ကျင်) "ဒီတော့ ခင်ဗျားတို့ကျုပ်တို့ကို ဂုတန်းဝေတိတွေ ဘာမျှော်လင့်စရာ ရှိဦးမှာလဲဗျ"

(ပထမလူ) "နို့ပေမဲ့ ကံက ရှိပါသေးတယ်ဗျာ"

(ကျင်) "ကံဆိုတာအလကားပါမိတ်ဆွေ၊ ဆယ်တန်းလည်းအောင်မယ်၊ အကပ်လည်း ကောင်းမယ်ဆိုရင် ကျိန်းသေတာပဲ"

(ပထမလူ) "ဟုတ်တာပေါ့ဗျာ၊ အဲဒီအကပ်က အရေးကြီးတာပေါ့။ ကျုပ်တို့မှာ ဘာအကပ်မျှမရှိလို့ခက်နေတာပေါ့။ မောင်ပြုံးဟာ ဂုတန်းမအောင်ဘဲနဲ့ ရိုး (Rowe) တိုက်မှာအလုပ်ရသွားတာ ဘာကြောင့် ထင်သလဲ"

(အခြားတစ်ယောက်) "ဘာကြောင့်လဲဗျ၊ ပြောစမ်းပါဦး"

(ပထမလူ) "သူ့အစ်ကိုက ဗိုလ်ဆီမှာ ထမင်းချက်လုပ်နေတာကြာပြီဗျ။ ဒီတော့ သူ့ညီကို စာရေးဖြစ်အောင် ပြောပေးတော့ရတာပေါ့"





ကျွန်တော်သည် ထိုနေရာမှ ထွက်ခဲ့ပြီး ကွမ်းယာဆိုင်ကလေးသို့ဝင်၍ စီးကရက်တစ်လိပ် ဝယ်သောက်ကာ အနီးတွင် ရပ်နေသူနှစ်ယောက် စကားပြောနေသည်ကို နားစွင့်၍ ထောင်မိလေသည်။

ထိုသူနှစ်ယောက် ပြောသောစကားများမှာလည်း မိမိတို့လျှောက်ထားသောအလုပ်ကိုရလိမ့်မည်မထင်ကြောင်း၊ လျှောက်ထားသူများထဲတွင်ဆယ်တန်းအောင်သူနှစ်ယောက်သုံးယောက်ပါရှိသဖြင့် ထိုအထဲမှပင် ခန့်ထားလိမ့်မည်ထင်ကြောင်း၊ အလုပ်မှာအောက်တန်းစာရေးအလုပ်ပင်ဖြစ်သော်လည်း ယခုအခါဆယ်တန်းအောင်သူများပင် လျှောက်ထားနေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိကိုယ်တိုင်စိတ်ပျက်ကြောင်းဖြင့်တစ်ယောက်ကပြောဆိုရာအခြားတစ်ယောက်က ၎င်း၏စကားများကို ထောက်ခံညည်းညူလျက်ရှိလေသည်။

အဆောက်အအုံကြီးမှာ မည်သည့်ရုံး၊ မည်သည့်အဆောက်အအုံဟူ၍ ကျွန်တော် သတိမပြုမိခဲ့ပေ။ ထိုလူရွယ်လူငယ်များမှာ ထိုရုံးမှအောက်တန်းစာရေးနှစ်ယောက်အလိုရှိကြောင်း ကြော်ငြာရာတွင် လျှောက်ထားသူများ ဖြစ်ဟန်တူ၏။ သူတို့၏အဆိုအရအရည်အချင်းမှာ ဂုတန်းအောင်ရမည်ဟုဆိုသော်လည်း ဆယ်တန်းအောင်သူ ၃ - ၄ယောက်ပင်ဝင်၍ လျှောက်ထားသဖြင့် စိတ်ပျက်ညည်းညူနေကြခြင်းဖြစ်လေသည်။ ဤသို့ဆိုက ယခုမှရောက်လာသော ကျွန်တော်ကဲ့သို့ သူစိမ်းတစ်ယောက်မှာ အလုပ်တစ်ခုကို မည်ကဲ့သို့ ရနိုင်ပါမည်နည်း။ ကျွန်တော်သည် စိတ်အပျက်ကြီးပျက်ကာ ထိုနေရာမှ ထွက်ခဲ့၏။

ရန်ကုန်သို့ရောက်သည်မှာ ဆယ်ရက်ခန့် ကြာပြီဖြစ်၍ ကျွန်တော်၏ အိတ်ထဲတွင်ပါရှိသောငွေကလေးများမှာလည်း တစ်စတစ်စလျော့ပါးစပြုလေပြီ။ တစ်ခါတစ်ရံ ဦးပဥ္စင်းက တိုက်တွန်းသဖြင့် နံနက်စာကို ကျောင်းတွင် စားရ၏။ သို့သော် ညစာကိုမူ မည်သည့်အခါမျှ ကျောင်းတွင်မစားဘဲ ဈေးအသက်သာဆုံး လမ်းဘေးဆိုင်ကလေးများတွင်ဝယ်၍စား၏။ မော်တော်ကားခ ၂ပြား၊ တစ်ပဲကိုပင် နှမြောသဖြင့် ခြေကျင်လျှောက်သည်က များ၏။ အလွန်ဝေးသော ခရီးများကိုသာ ဘတ်စ်ကားများ စီးမိလေသည်။

◈



www.burmeseclassic.com

www.burmeseclassic.com



အချိန်များသည် တရွေ့ရွေ့ကုန်လွန်ခဲ့ရာ တစ်လမျှပင် ကြာခဲ့လေပြီ။ သို့သော် အလုပ်အကိုင်ဟူ၍ကား အစအနမျှပင် မတွေ့သေးချေ။ တစ်ချိန်တွင် ရုပ်ရှင်ရုံတစ်ရုံ၌ညဉ့်ပွဲများတွင် ငါးမူးတန်း၌ လက်မှတ်စစ်ရန် လက်မှတ်စစ် တစ်ယောက်လိုကြောင်း သိရသဖြင့် လျှောက်ထားရာ နောက်တစ်နေ့၌ မြို့ဖေါ်မှ ဂုဏ်တန်းအောင်သော သူငယ်တစ်ယောက်ကို ခန့်ထားလိုက်ပြီဖြစ်ကြောင်း သိရသဖြင့်ဘုန်းကြီးကျောင်းသို့ဝမ်းနည်းပက်လက်ပြန်ခဲ့ရ၏။ဤသို့လျှင်ကျွန်တော်၏ ဘဝသံသရာမှာ ရန်ကုန်တွင် တစ်လကျော်ကျော်ခန့်မျှ လည်၍နေခဲ့လေပြီ။

တစ်နေ့သောနံနက်ခင်း၉နာရီကျော်ကျော်ခန့်အချိန်၌ကျွန်တော်သည် ဘုရင်မပန်းခြံ (ယခုဗန္ဓုလပန်းခြံ)မှ ထွက်ခဲ့ပြီးလျှင် ကုန်သည်လမ်းအတိုင်း အရှေ့ဘက်သို့လျှောက်ခဲ့ရာ အဆောက်အအုံကြီးတစ်ခုရှေ့တွင် လူအများတိုက်ထဲသို့ ဝင်ထွက်သွားလာနေသည်ကို တွေ့ရသဖြင့် ခေတ္တမျှရပ်၍ ကြည့်နေမိ၏။ တိုက်အတွင်းသို့ ဝင်ထွက်သွားလာနေသော ပရိသတ်မှာ ဥရောပတိုက်သား မျက်နှာဖြူ ယောကျာ်းမိန်းမများက များပြီးလျှင် တရုတ်ကုလားနှင့်မြန်မာအနည်းငယ်မျှသာ တွေ့ရ၏။ တိုက်အတွင်းသို့ ဝင်ရောက်သူများမှာ တိုက်ရှေ့တွင် ချထားသော "ကောင်တာ" တစ်ခုမှလက်မှတ်ဝယ်ယူပြီးလျှင် အတွင်းသို့ဝင်ရ၏။ အနီးသို့ချဉ်းကပ်ကြည့်သောအခါ အတွင်းသို့ လက်မှတ်နှင့်ဝင်ရသဖြင့် လက်မှတ်တစ်စောင်လျှင် လေးပဲမျှပေး၍ ဝင်ရလေသည်။ ထိုအခါမှ ကျွန်တော်သည် တိုက်အပေါက်ဝတွင် အင်္ဂလိပ်ဘာသာဖြင့် (Wax House) "ဖယောင်းပြတိုက်" ဟု ရေးသားထားသည်ကိုတွေ့ရ၏။ ရန်ကုန်မြို့ပေါ်တွင် ယခင်က ဤကဲ့သို့ဆိုင်းဘုတ်မျိုးကို မတွေ့မြင်ဖူးသဖြင့် ကျွန်တော်၏စိတ်တွင် ထူးထူးဆန်းဆန်းဖြစ်သဖြင့် ဝင်ရောက်ကြည့်ရှုလိုသော စိတ်များပေါ်၍လာကာ လက်မှတ်တစ်စောင်ကို လေးပဲပေး၍ ဝယ်ယူပြီးနောက် အတွင်းသို့ ဝင်သွားလေ၏။

အတွင်း၌ကား အလျား ပေ ၆၀၊ အနံ ပေ၃ဝခန့်ရှိ ကျောက်ပြားများ ခင်းထားသော ခန်းမဆောင်ကြီးတွင် ဓာတ်မီးလုံးများဖြင့် ထိန်ထိန်လင်းလျက် ရှိလေရာ ဓာတ်မီးရောင်အောက်၌ကား စင်များ၊ ခုံများပေါ်တွင် တင်ထားသည့် လှပစွာ ထုလုပ်ထားသော ဖယောင်းရုပ်အမျိုးမျိုးကို တွေ့မြင်ရ၏။ အလှပြမှန်ဗီရို





ကြီးငါးလုံးခန့်ရှိရာ မှန်ဗီရိုများအတွင်း၌မူ ဖယောင်းရုပ်အမျိုးမျိုးကိုအလှပြထား၏။ အခန်းထောင့်တစ်နေရာတွင် အသက် ၃ဝခန့်ရှိ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည့် လှပသော မိန်းမပျိုတစ်ယောက်သည် မကြာခဏနေရာမှထကာ အရုပ်ကြည့်သူများအား အရုပ်များ၏ အကြောင်းကို ရှင်းလင်းပြောပြလျက်ရှိသည်ကို တွေ့ရလေသည်။

ကျွန်တော်သည် အခြားသူများနှင့် ရောနှောတိုးဝှေ့ကာ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့၍ အရုပ်များကို ကြည့်ရှုလျက်ရှိ၏။ ထိုအရုပ်များမှာ မြန်မာရှင်ဘုရင်များ၊ ဝန်ကြီး တံတိုင်းကြီးများ၊ စစ်သူကြီးများ၊ စစ်ဗိုလ်၊ စစ်မှူး၊ စစ်ကြပ်၊ စစ်သားရုပ်များ၊ ဂီတဘက်မှလည်း မင်းသားရုပ်၊ မင်းသမီးရုပ်များ အပြင်မြန်မာရုပ်သေးပွဲများတွင်ပြသလေ့ရှိသည့်ဝန်ကြီးရုပ်၊ ဘီလူးရုပ်၊ တိုးနယားရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်၊ သမင်ရုပ် အစရှိသော တိရစ္ဆာန်ရုပ်များလည်း အနည်းငယ်ပါဝင်၏။ စင်များ၊ ခုံများနှင့် တပ်ထားသော အရုပ်များကို လက်ဖြင့် ကိုင်တွယ်မကြည့်နိုင်စေရန် ရှေ့မှ အတားအဆီးများ ကာထားပြီးလျှင် မကိုင်ရန် အကြောင်း မေတ္တာရပ်ခံသည့်စာများကိုလည်း အနှံ့အပြား ရေးထားလေသည်။ ထို့ပြင် မင်နီဖြင့်ရိုက်ထားသော ဆေးလိပ်မသောက်ရပါသော စာတန်းများကိုလည်း နေရာအနှံ့အပြား ဆွဲချိတ်ထားလေသည်။ အရုပ်များမှာ အမှန်အားဖြင့် ၁၈ပေ၊ ၂၄ပေမှ ပေ ၃ဝခန့်အထိရှိ၍ အကယ်၍ ဝယ်ယူသူများရှိကလည်း ရောင်းကြောင်း အဖိုးစားနားများပါသော "လေဘယ်" ကလေးများကိုလည်း အရုပ်တိုင်း၌ ဆွဲချိတ်ထားလေသည်။

ကျွန်တော်သည် အရုပ်များကို လှည့်လည်ကြည့်ရှုလျက်ရှိရာ ပရိသတ်များမှာလည်း မြန်မာနှင့်ကုလားလူမျိုးများ အလွန်နည်းပါးသည်ကို တွေ့ရ၏။

အရုပ်များမှာ အလွန်နုနယ်ညက်ညောသော ဖယောင်းဖြင့်ပြုလုပ်ထား၍ ထုလုပ်ပုံလက်ရာများမှာလည်း အလွန်သေသပ်လှပ၏။ သို့သော် တစ်ခုဆိုရန်ရှိသည်မှာ ထိုဖယောင်းရုပ်များတွင် သဘာဝကျခြင်းထက် အလှအပကို ပို၍ဂရုစိုက်ကာ ထုလုပ်ထားသည့်ဟန်ဖြင့်အတွန့်အချိတ်များနှင့်အဝတ်အစားများကို အမျိုးမျိုးသော ဆေးရောင်တို့ဖြင့် တောက်ပစွာ မွမ်းမံခြယ်လှယ်ထား၏။ သို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရကားဖယောင်းရုပ်များသည်နိုင်ငံခြားမှလာသောအရုပ်များမဟုတ်ဘဲမြန်မာပြည်ဖြစ်အရုပ်များဖြစ်ဟန် လက္ခဏာရှိသည်ဟု ကျွန်တော်ယူဆမိ၏။

ကျွန်တော်သည် အခန်း၏အလယ်၌ ပန်းများထုလုပ်ထားသည့် ခုံမြင့်တစ်ခုပေါ်တွင် အထူးတလည်တင်၍ပြထားသော မြန်မာမင်းသားဆန်ဆန်ခွန်အားဗလနှင့် ပြည့်စုံဟန်ရှိ၍ ကိုယ်လုံးကိုယ်ပေါက်ကောင်းသောလူတစ်ယောက်၏အရုပ်ကိုလည်းကြည့်ရှုလျက်ရှိ၏။ အရုပ်မှာ ၂၅ပေခန့် အမြင့်ရှိပြီးလျှင်နောက်ခံတိုင်မှာသစ်ပင်တစ်ပင်ဖြစ်၍ထိုမင်းသားနှင့်တူသည့်သူ့အားကြိုးများဖြင့်တုပ်နှောင်ကာ နောက်ခံသစ်ပင်တွင် ချည်နှောင်ထား၏။ အရုပ်၏ဦးခေါင်းပေါ်၌ကားနောက်ခံသစ်ရွက်စိမ်းများအုပ်ဖုံးလျက်ရှိရာ အောက်ခြေ၌မူမီးတောက်လျက်ရှိသော ထင်းတုံးများ၏ ပုံသဏ္ဌာန်ထုလုပ်ထား၏။

ထိုအရုပ်ကို ကြည့်ရှုလျက်ရှိစဉ် ကျွန်တော်၏အနီး၌ မျက်နှာဖြူမိန်းကလေးတစ်ယောက်နှင့် ဗိုလ်ကပြားကြီးတစ်ယောက်သည်လည်း ထိုအရုပ်ကလေးကိုပင် စိတ်ဝင်စားစွာ ကြည့်ရှုလျက်ရှိလေသည်။

သို့ရှိစဉ် စားပွဲတွင်ထိုင်၍နေသော မိန်းမပျိုသည် ကျွန်တော်တို့အနီးသို့ရောက်ကာ အရုပ်ကိုစိတ်ဝင်စားစွာကြည့်နေသော ဥရောပတိုက်သူ မိန်းကလေးအား အရုပ်တွင်ဝတ်ထားသော အဝတ်အစားများအကြောင်းနှင့်တကွ အရုပ်၏ရာဇဝင်ကိုပါ ပြောဆို လျက်ရှိသဖြင့် ကျွန်တော်လည်း ခေတ္တမျှနားစိုက်၍ထောင်နေမိ၏။ ဆိုင်မှ မိန်းမပျိုသည် အင်္ဂလိပ်မကလေးအား အောက်ပါအတိုင်းရှင်းလင်းပြောပြလျက်ရှိ၏။

"ဟုတ်တယ်ရှင့်၊ ကျွန်မတို့ အရုပ်တွေက မြန်မာလုပ်တွေပါပဲ။ ရှင်တို့နိုင်ငံခြားကလာတာတွေလောက်တော့ လက်ရာမကောင်းပေဘူးပေါ့ရှင်"

"နို့ပေမဲ့ရှင် ဒီလက်ရာတွေလဲ မညံ့ပါဘူး။ ကျွန်မတို့နိုင်ငံခြားကလုပ်တဲ့အရုပ်တွေကတော့ အရုပ်တစ်ရုပ်ဆိုရင် ပုံစံကို ပထမသေသေချာချာ ပုံသွန်းပြီးအရုပ်ပေါင်းတစ်သိန်းနှစ်သိန်းတစ်ခါတည်း လုပ်ယူတာကိုးရှင့်။ ဒီတော့ ကောင်းလည်းကောင်းတယ်၊ မြန်မြန်လည်းပြီးတယ်ပေါ့ရှင်။ နို့ပေမဲ့ တစ်ခုစီလက်နဲ့ထုတဲ့





အရုပ်ဆိုတော့ ရှင်တို့အရုပ်တွေရဲ့လက်ရာဟာ မညံ့ပါဘူး။ ကျွန်မ အနေနဲ့တော့ ချီးကျူးပါတယ်"

"အဲဒီလိုကြားရတာ ဝမ်းသာပါတယ်ရှင်"

"ဒါထက် လုပ်တဲ့ဆရာက ဘယ်ကလဲရှင့်"

"မန္တလေးမြို့ကပါ"

"ဗမာလုပ်တဲ့အရုပ်တွေမို့ထင်ပါရဲ့၊ အတွန့်အတက်တွေ သိပ်များတာပဲနော်။ ကျွန်မတော့ ဗမာပြည်မှာ အနေကြာလို့လား မပြောတတ်ဘူး။ အဲဒီလိုအတွန့်အချိတ်တွေများတာ အရောင်တွေစုံတာကို သိပ်ကြိုက်တာပဲ"

"ကျွန်မ ဒီမင်းသားရဲ့ရာဇဝင်ကို နည်းနည်းပြောပြမယ်လေ"

"ဟုတ်ကဲ့၊ ပြောတာပေါ့နေပါဦး"

(အခြားအရုပ်တစ်ရုပ်ဘက်သို့ အတန်ငယ်ရွှေ့သွားပြီးနောက်)

"အဲဒီအကောင်ကြီးက ဘာကောင်ကြီးလဲဟင်"

"တိုးနယားလို့ခေါ်တယ်"

"တိုးနယား ဟုတ်လား။ အတွန့်အချိတ်တွေ များလှချည့်ကလား"

"ဟုတ်ပါတယ်"

"တကယ်ရှိသလား၊ ကျွန်မတော့ ကြားလည်း မကြားဖူးဘူး။ ကမ္ဘာ့ရာဇဝင်သမိုင်းစာအုပ်တွေထဲမှာလည်း မပါပါဘူး"

"ကျွန်မလည်း မသိဘူး။ ရာဇဝင်မှာတော့ရှိတယ်လို့ ပြောကြတာပဲ"

အင်္ဂလိပ်မကလေးသည် သစ်ပင်တစ်ပင်တွင် ကြိုးများဖြင့် တုပ်နှောင်ထားသည့် မင်းသားရုပ်ဘက်သို့ ပြန်၍လာကာ –

"ကဲလေ ဒီမင်းသားရဲ့ ရာဇဝင်ကိုပြောမယ်ဆို ပြောပါဦး၊ ကျွန်မနားထောင်ပါ့မယ်။ ဘာဖြစ်လို့ သစ်ပင်မှာ ချည်ပြီးထားတာလဲ။ အောက်ကလည်း ထင်းတွေပုံလို့ မီးနဲ့ရှို့မလို့ ထင်ပါရဲ့။ အရုပ်ကဖြင့် အတော်အချိုးအစားကျတယ်"

"ဟုတ်ပါတယ်၊ သူ့ကို ပန်းပဲမောင်တင့်တယ်လို့ခေါ်တယ်။ ကျွန်မတို့ဗမာရာဇဝင်မှာတော့ အင်မတန်ထင်ရှားတဲ့ မင်းသားတစ်ပါးပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ၊ ကျွန်မ ရာဇဝင်ဆိုရင် သိပ်နားထောင်ချင်တယ်။ ကျောင်းမှာ နေစဉ်ကရာဇဝင်ကိုကောင်းကောင်းလေ့လာခဲ့တယ်ရှင့်။ နို့ပေမဲ့ဗမာရာဇဝင်တော့ မဟုတ်ဘူးပေါ့ရှင်။ ကျွန်မတို့ အင်္ဂလိပ်ရာဇဝင်ကိုပဲ လေ့လာခဲ့ရပါတယ်"

"သူ့အကြောင်းကျွန်မအစချီပြီးပြောရမယ်ဆိုရင်ကျွန်မတို့ဗုဒ္ဓဘာသာ သာသနာသက္ကရာဇ် ၈၈၈ ခုနှစ်မှာ အထက်မြန်မာပြည်တကောင်းမြို့က မျောပါ လာတဲ့ စံကားပင်တစ်ပင်ဟာ ပုဂံပြည်ရောက်လာပြီး မြစ်ကွေ့တစ်ခုမှာ တင်နေတယ်။ ဒီတော့ပုဂံပြည်မှာ သေလည်ကြောင်မင်းဆိုတာ စိုးမိုးအုပ်ချုပ်နေ တယ် ဒီတော့ကာ စကားပင်နဲ့အတူပါလာတဲ့ နတ်မောင်နှမက ဘုရင်မင်းကြီးဆီ ဝင်ပြီး သူတို့ဟာ ဒီစကားပင်ကို အမှီပြုပြီးနေရတဲ့ နတ်မောင်နှမပါဆိုတဲ့ အကြောင်း ပြောတာကိုး၊ ဒါနဲ့ ဘုရင်ကြီးက ယုံကြည်တာနဲ့ ဒီစကားပင်ကို ပြန်စိုက်ပြီး သူတို့အတွက် နတ်ကွန်းတွေဘာတွေဆောက်ပြီး ကိုးကွယ်ခဲ့တယ်"

"နတ်ဆိုတာ သေပြီးမှ နတ်ဖြစ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ လူသေပြီးမှ နတ်ဖြစ်တာပေါ့"

"သူတို့ကဘာဖြစ်လို့ သေတာလဲ၊ အဲဒီအစကို ပြောစမ်းပါဦး"

"ဒီလိုရှင့်၊ ရာဇဝင်က အိန္ဒိယပြည်နဲ့ ဆက်သွယ်နေတယ်။ သူတို့ဟာ အိန္ဒိယပြည်က ပြေးလာတဲ့ အဆက်အနွယ်တွေပဲ။ ဒီအခါမှာ တကောင်းမြို့မှာ ဦးတင့်တော်ဆိုတဲ့ပန်းပဲဆရာကြီးရှိတယ်။ အဲဒီပန်းပဲဆရာကြီးက ဘုရင်မင်းမြတ် ခန့်အပ်တော်မူတဲ့ပန်းပဲဝန်ပေါ့၊ သူ့မှာ သားတစ်ယောက်၊ သမီးနှစ်ယောက်ရှိတယ်၊ အဲဒီသားနာမည်က မောင်တင့်တယ်လို့ခေါ်တယ်။ အဲဒီ မောင်တင့်တယ်ဟာ အင်မတန် ခွန်အားဗလကောင်းပြီး ဆင်ကိုတောင် သတ်နိုင်တဲ့ အရည်အချင်းရှိ တယ်။ သူဟာဘယ်ဘက်ညာဘက်တူနှစ်လက်ကိုင်ပြီးပေပေါ်မှာထုလိုက်ရင်သူ့ရဲ့ တူသံကို အဝေးကြီးက ကြားရတယ်။ ညာဘက်ကတူက ပိဿာအချိန် ၅၀စီးပြီး၊ ဘယ်ဘက်ကကိုင်တဲ့တူက ၂၅ပိဿာအလေးချိန်ရှိတယ်လို့ ဆိုတယ်။ ဘုရင် မင်းတရားကြီးဟာ သူထုလိုက်တဲ့ တူသံကိုကြားရတိုင်း နားဝမှာမသက်သာ အင်မတန်ထိတ်လန့်ပြီး ဒီအကောင်ကို ဖမ်းလေမှပဲဆိုပြီး ရန်ငြိုးထားခဲ့တယ်။ သူ့ထီးနန်းကို လုယူလိမ့်မယ် ထင်ခဲ့တယ်။ ဒီဟာတင် မကသေးဘူး ဘုရင်က





ဦးပါယ်တံမျဉ်နဲ့ သူ့ရဲ့နှမမြွတ်လှကို မိဖုရားမြှောက်တယ်။ မြှောက်ပြီး မောင်တင့်တယ်ကိုမြို့ကွပ်ရာထူးပေးမယ်ဆိုပြီး သူ့နှမကိုအခေါ်ခိုင်းတာပေါ့။ ဒါနဲ့ မောင်တင့်တယ်ဟာဘုရင်ကသူ့နှမကိုလှည့်ဖြားခေါ်စေတဲ့အတိုင်းရောက်လာတဲ့ အခါ လူအများနဲ့ တစ်ခါတည်းဝိုင်းဝန်းပြီး ၁ကားပင်မှာ ကြိုးနဲ့ချည်၊ မီးရှို့သတ် တော့တာပါပဲရှင်။ သူ့နှမလည်း သူ့အစ်ကိုမောင်တင့်တယ်ကို သတ်တာမြင်ရ တော့ မီးပုံထဲ အတင်းခုန်ချတာနဲ့ နှစ်ယောက်စလုံး သေတဲ့အခါ နတ်မောင်နှမ ဖြစ်နေတယ်လို့ဆိုတာပါပဲ"

"အတော်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းကလေးပဲ၊ ကျွန်မ ယုံတာမယုံတာဟာ အပထားပြီး ရှင်ပြောတဲ့ဒီအရုပ်နဲ့ ဇာတ်လမ်းကလေး ကတော့ ကြေကွဲဖွယ် ဇာတ်လမ်းကလေးပဲနော်"

"ဟုတ်ပါတယ်"

"ဒီဟာတွေ ရှင်ကောယုံရဲ့လား"

"ယုံတယ်လို့တော့ မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ မိရိုးဖလာ ကြားဖူးလို့ ပြောရတာပါ။ ရှင်ကော ယုံလား"

"ကျွန်မတော့ မယုံပေါင်၊ ကျွန်မတို့က မျက်မြင်ဒိဋ္ဌမြင်ရမှ၊ ဒါမှမဟုတ် လည်း လောကဓာတ်ပညာနဲ့ စမ်းသပ်ပြီးကြည့်ရမှ ယုံတယ်။ ရှင်တို့ ဗမာတွေလို စုန်းတွေ၊ နတ်တွေ၊ ဘီလူးတို့ သရဲတို့ဆိုတာတွေ ဘယ်တော့မျှ မယုံဘူး။ ဒါနဲ့ ဒီနတ်ရုပ်မှာ ဆွဲထားတဲ့စာက အဖိုး ၁၅၀ဆိုတော့ မများဘူးလား"

"မများပါဘူးရှင်၊ ရှင်က လိုချင်လို့လား"

"လိုတော့ မလိုချင်ပါဘူး၊ သိရအောင် မေးကြည့်တာပါ"

"မယူတာပဲ ကောင်းပါတယ်လေ"

"ဘာဖြစ်လို့လဲ ဟင်"

"ဒီအရုပ် အိမ်မှာထားရင် မီးလောင်တတ်သတဲ့ရှင်။ ကျွန်မတို့တောင် ဒီအရုပ်ကိုပြတိုက်ထဲမှာ တယ်မထားချင်ဘူး။ ကျွန်မဦးလေးက အယုံအကြည်မရှိ လို့ထားတာ၊ ကျွန်မအလိုတော့ မထားချင်ဘူး။ ဒီအရုပ်ကို ရတဲ့ဈေးနဲ့ မြန်မြန် ထုတ်ရောင်းပစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရုပ်ထားရုံနဲ့ ဘာဖြစ်လို့မီးလောင်ရမှာလဲရှင်၊ အဓိပ္ပာယ်မရှိပါဘူး။ ရှင်တို့ဗမာများကိုက အယူသီးလွန်းပါတယ်ရှင်"

အင်္ဂလိပ်မလေးသည် သူနှင့်အတူပါလာသော ဗိုလ်ကပြားကြီးအား အကျိုးအကြောင်း ပြောပြကာ နှစ်ယောက်သား ရယ်မောလျက်ရှိကြလေ၏။

ထိုအခိုက်တွင်ကောင်းမွန်စွာဝတ်စားထားသောတရုတ်လူမျိုးမိသားစု တစ်သိုက်ကလေးများပါကျွန်တော့်တို့ရပ်နေသောအနီးသို့တိုးဝှေ့ဝင်ရောက်လာသဖြင့် မိန်းမပျိုနှင့် အင်္ဂလိပ်မလေးတို့ ပြောနေသော စကားလက်စ ပြတ်သွား၏။

ကျွန်တော်သည် ထိုအရုပ်ကို မည်မျှကြာအောင် ကြည့်နေသည်မသိ၊ အခြားအရုပ်တစ်ရုပ်ကိုကြည့်ရန် နောက်သို့ အတန်ငယ်ဆုတ်လိုက်သည်တွင် အမျိုးသမီးတစ်ယောက်ကိုအမှတ်မဲ့ဝင်၍တိုက်မိလေသည်။ကျွန်တော်တိုးမိသော မိန်းမပျိုမှာ အခြားမဟုတ်၊ ပန်းပဲမောင်တင့်တယ်ရာဇဝင်ကိုပြောသော စာရေးမကလေးပင် ဖြစ်တော့၏။ မိန်းမပျိုသည် အတန်ငယ်စိတ်ဆိုးသည့်ဟန်ဖြင့် ကျွန်တော့်အား -

"ရှင်ကလည်း တိုးလိုက်တာ မမြင်ဘူးလား"

"မမြင်လို့ပါ အစ်မကြီးရဲ့၊ လူကလည်း သိပ်ရှုပ်တာပဲ မဟုတ်လား၊ ခွင့်လွှတ်ပါ ခင်ဗျာ"

မိန်းမပျို၏ စိတ်ဆိုးသောမျက်နှာကလေးမှာ မသိမသာပြုံး၍သွား၏။

"ဒီအရုပ်ကို ဒီလောက်ပဲ ကပ်ကြည့်ရမလား၊ ရှင်က ဝယ်မလို့လား"

"မဝယ်နိုင်ပါဘူးခင်ဗျာ၊ အရုပ်ဝယ်ဖို့ နေနေသာသာ ထမင်းတောင် ဘယ်လိုလုပ် စားရမလဲ မသိသေးပါဘူး"

"မင်းက ဘယ်ကလဲ"

"တောကပါ အစ်မကြီးရဲ့"

"သြော် တောကလား၊ ရန်ကုန်ကို အလည်လာတယ် ဆိုပါတော့"

"အလည်လာတာ မဟုတ်ပါဘူးခင်ဗျာ၊ အလုပ်အကိုင်ကလေးများ ရမလားလို့ လာခဲ့တာပါ"





"မင်းမှာ အလုပ်မရှိဘူးလား"

"ဟုတ်ကဲ့၊ မရှိသေးပါဘူး ခင်ဗျာ"

မိန်းမပျိုသည်ကျွန်တော့်အားအကဲခတ်ဟန်ဖြင့် ခေတ္တမျှခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက် -

"အလုပ်ရရင် လုပ်မလား"

"လုပ်ပါ့မယ် ခင်ဗျာ၊ အလုပ်က ဘာအလုပ်လဲ ခင်ဗျ"

(မိန်းမပျိုက တစ်ခဏမျှ စဉ်းစားပြီးနောက်)

"အစ်မကြီးတို့တိုက်မှာ ညစောင့်မယ့်လူ မရှိဘူးကွယ့်၊ လူတစ်ယောက် လိုနေတယ်။ ညဒရဝမ်ပေါ့ကွယ်၊ ဘယ့်နယ်လဲ လုပ်နိုင်ပါ့မလား"

(ကျွန်တော်က ဝမ်းမြောက်စွာ) "လုပ်ပါ့မယ် ခင်ဗျာ"

"အေး ကောင်းပြီ။ ဒီအနားက ခဏစောင့်နေဦး၊ ငါ ဦးလေး သွားပြောလိုက်ဦးမယ်"

မိန်းမပျိုသည်အခန်းကြီး၏နောက်ပိုင်းသို့လှည့်၍သွားပြီးလျှင်သစ်သား လိုက်ကာများခြား၍ ထားသောအခန်းကလေးတစ်ခုအတွင်းသို့ ဝင်သွားလေ၏။ ၁၀မိနစ်ခန့်ကြာလတ်သော် အခန်းတွင်းမှထွက်လာ၍ ကျွန်တော့်အား သူ၏အနီးသို့လာရန် လက်ယပ်ခေါ်လေသည်။

"ဟိုအခန်းထဲမှာ တို့ဦးလေးရှိတယ်။ ကဲ ဝင်သွား၊ မင်းအလုပ်လုပ်ချင်တဲ့ အကြောင်း ပြောပေါ့"

"ဟုတ်ကဲ့ခင်ဗျာ"

"ငါအားလုံးဦးလေးကို ပြောပြလိုက်ပြီ၊ မင်းကိုမြင်မြင်ချင်း ငါသိပ်သနားတယ်"

"ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်"

ထို့နောက် ကျွန်တော်သည် သွက်လက်သော ခြေလှမ်းများဖြင့် အခန်းကလေးအတွင်းသို့ ဝင်သွားလေ၏။ အခန်းတွင်း၌ကား အသက် ၅၀ ခန့်ရှိအသားအလွန်ဖြူ၍ ယဟူဒီလူမျိုးနှင့်သော်လည်းကောင်း၊ တူရကီလူမျိုးနှင့်သော်လည်းကောင်း ခပ်ဆင်ဆင်တူသော ဘောင်းဘီဝတ် ထိပ်ပြောင်ပြောင်လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် စားပွဲတွင် ထိုင်လျက်ရှိသည်ကို တွေ့ရ၏။

ကျွန်တော်ဝင်လာသည်ကိုမြင်လျှင် လူကြီးသည် သူ၏မှတ်ဆိတ်ကို လက်တစ်ဖက်ဖြင့် ဆွဲသပ်ကာ တောက်ပစူးရှသောမျက်လုံးများဖြင့် ကျွန်တော့်အား တစ်ချက်မျှလှမ်း၍ကြည့်ပြီးနောက် ကုလားထိုင်ရှိရာသို့ ညွှန်ပြသဖြင့် ကျွန်တော်သည် ကုလားထိုင်တစ်လုံးပေါ်တွင် မရဲတရဲဝင်၍ ထိုင်ရလေတော့၏။ လူကြီးက ကြည်လင်ပြတ်သားသော မြန်မာဘာသာဖြင့် –

"ကျုပ် စာရေးမကလေးကပြောတာ မင်းပဲ မဟုတ်လား၊ အလုပ်လိုချင်လို့ဆို"

"မှန်ပါတယ် ခင်ဗျာ"

"အလုပ်ကတော့ ညဒရဝမ် အလုပ်ပဲကွယ့်၊ တစ်လကို လခ ၃၀ ရမယ်။ ဘယ့်နှယ်လဲ လုပ်နိုင်ပါ့မလား"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် လုပ်ပါ့မယ်"

"ညဒရဝမ်ဆိုပေမယ့် ဒီတိုက်ရှေ့ ပြခန်းမှာ အိပ်ရုံပဲ၊ ထူးထူးထွေထွေ မရှိပါဘူး။ တခြားကုန်တိုက်တွေ၊ အလုပ်ရုံတွေက ဒရဝမ်တတွေလို မီးအိမ်ထွန်းပြီး တိုက်ရှေ့မှာ တစ်ညလုံး စောင့်ဖို့မဟုတ်ပါဘူး။ ကျုပ်တို့က တိုက်နောက်ဖေးခန်းမှာ အိပ်တယ်၊ မောင်က ဒီအိမ်ရှေ့ ပြခန်းမှာ အိပ်ရုံပဲ။ အိပ်ရာအိပ်ခင်း အားလုံး ကျုပ်ပေးမယ် ကြားလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"ကဲ ဒါဖြင့် ဒီကနေ့ ညနေ ၆ နာရီကစပြီး အလုပ်ဝင်ပေတော့။ မနက်ကျရင် မင်းသွားချင်တာသွားနိုင်တယ်။ ည ၆ နာရီမှာ မှန်မှန်လာပြီး အိပ်ရုံပဲ။ ကြားလား ကွယ့် သူငယ်"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် လာပါ့မယ်"

◈

ထိုညဉ့်၌ ကျွန်တော်သည် ဖယောင်းရုပ်များပြထားသော အခန်းကြီး၏ ထောင့်တစ်ထောင့်တွင် အလုပ်ရှင်ပေးထားသော ခေါက်ခုတင်တင်ပုံးဖပ်၌ ကောင်းစွာအိပ်ရ၏။ ကျွန်တော်၏အလုပ်မှာ ည ၆ နာရီတွင် တံခါးများပိတ်၍ နံနက်





၆ နာရီထိုးသည်နှင့်တပြိုင်နက် တံခါးများကို ဖွင့်ရလေသည်။ ထို့နောက် မိမိသွားလိုရာသော နေရာသို့ တစ်နေကုန်သွားနိုင်၏။ စာရေးမကလေး၏အမည်မှာ "ဒေစီ" ဖြစ်၍ အလုပ် အုပ်ချုပ်သူ မန်နေဂျာ၏အမည်မှာ မစ္စတာခန်းဖြစ်၏။ သူသည် မန္တလေးမြို့ရှိ မြန်မာပန်းပုဆရာကြီးတစ်ဦးထံ နိုင်ငံခြားမှလာသော ဖယောင်းအကောင်းစားများကိုပေးသွင်းပြီးလျှင် မိမိအလိုရှိရာအရုပ်များကိုပုံစံပေး၍မှာထားကြောင်း၊ သူကငွေစိုက်ထုတ်၍ပန်းပုဆရာကြီးကလက်ခဖြင့်ရင်းနှီးပြီးလျှင်အမြတ်အစွန်းမှာ စပ်တူဖြစ်ကြောင်း နောက်တစ်နေ့တွင် မဒေစီက ပြော၍ ကျွန်တော် သိရ၏။

ကျွန်တော် အလုပ်ဝင်ခဲ့သည်မှာ ရက်သတ္တတစ်ပတ်ခန့်ပင် ကြာခဲ့ပြီဖြစ်ရာ၊ စာရေးမကလေးမဒေစီနှင့်အတော်ပင်ရင်းနှီးခင်မင်၍လာခဲ့၏။ မဒေစီသည် ကျွန်တော့်အား မောင်ကလေးတစ်ယောက်ကဲ့သို့ ချစ်ခင်ဟန်တူ၍ နေ့လယ်နေ့ခင်းများ၌ ကျွန်တော့်အား စားစရာသောက်စရာများနှင့် လက်ဖက်ရည်ကော်ဖီများကိုပင် တိုက်ကျွေးလေ့ရှိရာ ၎င်း၏စေတနာကို ချီးကျူးမိ၏။

မဒေစီမှာ မြန်မာစစ်စစ် မိန်းမတစ်ယောက်ကဲ့သို့ ဗမာချောမချောဘဲ "ကပြားချော" "ပိုလ်ချော" ချောသူတစ်ယောက်ဖြစ်ရာ၊ စကားအပြောအဆို၌လည်း အင်္ဂလိပ်၊ မြန်မာဟိန္ဒူစတန် စသည်တို့ကို ရေလည်စွာပြောတတ်၏။ ဖျတ်လတ်သော အမူအရာရှိပြီးလျှင် ပြတိုက်အတွင်းသို့ ဝင်ရောက်ကြည့်ရှုသော ပရိသတ်အား ရုပ်ရည်ဖြင့်တစ်မျိုး၊ အပြောအဆိုအားဖြင့်တစ်ဖုံ ဆွဲငင်နိုင်သော သတ္တိရှိလေသည်။

ကျွန်တော်၏အလုပ်မှာ ညစောင့်ဒရဝမ်ဖြစ်၍ နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် အလုပ်အားလပ်သော်လည်း အခြားနေရာသို့ သွားရန်မရှိသဖြင့် နံနက် ၁၀ နာရီတွင် တစ်ချိန်၊ ညနေ ၄ နာရီတွင်တစ်ချိန် ထမင်းစားထွက်သည်က လွဲ၍ ပြခန်းအတွင်း၌သာ မဒေစီ၏ ဝေယျာဝစ္စတို့ကို အနားမှ ကူညီဆောင်ရွက်သဖြင့် မဒေစီကလည်း ကျွန်တော့်အား ပို၍ သနားချစ်ခင်၍ လာလေသည်။

ကျွန်တော် မသင်္ကာသော အချက်တစ်ခုရှိ၏။ ယင်းအချက်မှာ ပြတိုက်အုပ်ချုပ်သူ မန်နေဂျာ မစ္စတာခန်းနှင့် မဒေစီတို့မှာ အဖော်မရှိဘဲ အတူနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်လေသည်။ အကယ်၍ ဆွေမျိုးတော်စပ်သည်ဆိုစေကာမူ ကျွန်တော်တို့ မြန်မာထုံးစံယဉ်ကျေးမှုအရ လွတ်လပ်သော ယောကျ်ားတစ်ယောက်နှင့် မိန်းမပျို တစ်ယောက်တို့အတူ နေထိုင်ခြင်းသည် မသင့်လျော်ပေ။

မဒေစီသည် တစ်ခါတစ်ရံ ကျွန်တော့်အား စကားပြောမည်လုပ်ပြီးမှ တစ်စုံတစ်ရာ စဉ်းစားသည့်ဟန်ဖြင့် မည်သို့မျှ မပြောဘဲ နေခဲ့သည်မှာ နှစ်ကြိမ် သုံးကြိမ်မျှ ရှိခဲ့လေပြီ။

တစ်နေ့သောညနေခင်း၌မဒေစီသည် ကျွန်တော့်အနီးသို့လာ၍တစ်စုံ တစ်ရာပြောတော့မည်ကဲ့သို့ ဟန်ပြင်လျက်ရှိ၏။ ထိုနေ့မှာ စနေဖြစ်သဖြင့် ကျွန် တော်တို့၏ ဖယောင်းရုပ်များရောင်းသော ပြတိုက်ကို နေ့လယ်တစ်နာရီတွင် ပိတ်ရမည်ဖြစ်ရာ ထိုအချိန်မှာ ၁၂နာရီခွဲသာသာမျှ ရှိလေပြီ။ မဒေစီသည် နွတ်ခမ်း များကိုပြင်လိုက်ပြီးနောက် ကျွန်တော့်အနီးသို့တိုးကာ –

"မောင်တင်ထွေးကို မမစကားတစ်ခွန်းပြောစရာရှိတယ်။ နွတ်လုံပါ့ မလား"

"လုံပါတယ် ခင်ဗျာ၊ မမဘာပဲ တိုင်ပင်စရာရှိရှိ ကျွန်တော့်ကို စိတ်ချ လက်ချတိုင်ပင်နိုင်ပါတယ်"

"ဟုတ်တာပေါ့ကွယ်၊ မင်းကိုလည်း မမကစိတ်ချတယ်။ မောင်ကလေး တစ်ယောက်လို ချစ်တယ်။ ဒါကြောင့်လည်း မမသဘောနဲ့ ခန့်လိုက်တာပဲကွယ့်။ ဦးလေးဆိုတာက အရုပ်ပါကွယ်။ မမပြောရင် ပြီးတာပဲ"

"ဘာပြောမလို့လဲ မမ၊ ပြောလေ"

"အဟုတ်နွတ်လုံရမယ်နော် ကြားလား"

"စိတ်ချပါ မမရယ်၊ မမဟာ ကျွန်တော့် ကျေးဇူးရှင်မဟုတ်လား၊ မမက အလုပ်မပေးရင် အခုလောက်ရှိ ကျွန်တော် ဘယ်နေရာ လေလွင့်နေမလဲ၊ ဘယ်နေရာ သေနေမလဲ မပြောတတ်ဘူး"

"ဒါနဲ့ မင်းညမှာ အိပ်ရာကထတတ်သလား"

"မနိုးပါဘူး မမရယ်၊ မှန်တာပြောရရင် တိုက်ကလည်း လုံလို့ တံခါးတွေ ပိတ်ပြီး စိတ်ချလက်ချအိပ်တာပါပဲ။ ဘာဖြစ်လို့လဲ"





"ဘာမျှမဖြစ်ပါဘူးကွယ်၊ ခြောက်ဒါနဲ့တကယ်လို့ ဒီနေ့ညများ တိုက်ထဲက ဖြစ်ဖြစ်၊ အပြင်ကဖြစ်ဖြစ် အသံကြားရင် ဘာသံပဲ ကြားကြား မင်းအိပ်ရာက မထနဲ့နော်"

"ဟုတ်ကဲ့ခင်ဗျာ၊ မထပါဘူး"

"ပြီးတော့ တကယ်လို့ အကြောင်းကိစ္စရှိရင် အခန်းထဲမှာ ဘာပဲဖြစ်နေနေ မကူညီရဘူး။ လက်လွတ်သာ တိုက်ပြင်ရောက်အောင် ထွက်ပြေးပေတော့ မမ ပြောတာ နားလည်လား"

"ဟုတ်ကဲ့၊ နားလည်ပါပြီ မမ"

"မင်း ဘယ်လိုလုပ်ရမလဲဆိုတာ သိလား"

"ပြောပါဦး မမ"

"မင်းတိုက်ရှေ့ရောက်အောင် ထွက်ဖို့လွယ်ပါတယ်ကွယ်။ မင်းအိပ်ရာနဲ့ မျက်နှာချင်းဆိုင် ပြတင်းပေါက်ရှိတယ် မဟုတ်လား။ အဲဒီပြတင်းပေါက်က သံတိုင် မရှိဘူးကွယ့်။ သစ်သားတံခါးကို အတွင်းကမင်းတုပ်ထိုးထားတယ်။ အဲဒီမင်းတုပ်ကို ဖြုတ်ပြီး တစ်ခါတည်း ခုန်ချလိုက်။ မမပြောတာ နားလည်ပြီနော်"

"နားလည်ပါပြီ ခင်ဗျာ၊ နို့ ကျွန်တော့်အလုပ်က ညစောင့်ဒရဝမ်အလုပ် ဆိုပြီး"

စကားမဆုံးခင် စာရေးမဲ့မဒေစီက စိတ်တိုလာဟန်ဖြင့် –

"မင်းသိပ်ပြီး စကားရှည်တယ်ကွယ်။ မမက အလုပ်ရှင်၊ မင်းက အလုပ် သမား၊ မမပြောတဲ့စကား မင်းနားထောင်ရမယ် မဟုတ်လား"

"ဟုတ်ပါတယ် မမရယ်၊ နားထောင်ပါ့မယ်"

◈

ထိုည၌ ကျွန်တော်သည် ညဉ့်ဦးယံတွင် ကောင်းစွာအိပ်မပျော်ချေ။ မဒေစီသည် ကျွန်တော်၏အပေါ်၌ အလုပ်သမားတစ်ယောက်ကဲ့သို့ မဆက်ဆံပေ။ သူ၏တူသားနောင်မယ် အရင်းတစ်ယောက်ကဲ့သို့ ရင်းရင်းနှီးနှီး ခေါ်ဝင်ဆက်ဆံ ခြင်း၊ ကျွန်တော့်အား ကြိုတင်သတိပေးခြင်း၊ အလုပ်ဝင်ပြီးသည့်နောက်တစ်နေ့၌ ပင် လစာ၏တစ်ဝက်ကို ထုတ်ပေးခြင်း၊ မန်နေဂျာမစ္စတာခန်းအပေါ်တွင် ပြဲဗာ



www.burmeseclassic.com

www.burmeseclassic.com



တိက္ကမရှိခြင်း စသည်တို့မှာ တစ်စုံတစ်ရာလေးနက်သော အဓိပ္ပာယ်ရှိရမည်ဟု ကျွန်တော်သည် စဉ်းစား၍နေမိ၏။ မဒေစီသည် မစ္စတာခန်းနှင့် မည်သို့တော်စပ်လေသနည်း။ သူသည်အပျိုပင် ဟုတ်ပါ၏လောစသော မေးခွန်းများကို တစ်ကိုယ်တည်း စိတ်ကူးယဉ်ကာ မိမိကိုယ်ကိုမိမိမေး၍ နေမိ၏။ ကျွန်တော်သည် ယခင်က ဤအချက်များနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ စိတ်ဝင်စားခြင်းမရှိဘဲ နေခဲ့သော်လည်း ယခုအခါ၌မူ စာရေးမကလေး မဒေစီနှင့် တစ်ပတ်ကျော်ကျော်ခန့်မျှ အရောတဝင်ခေါ်ငင်ကာ နီးနီးကပ်ကပ် တွေ့ဆုံနေရသဖြင့် ကျွန်တော်၏ စိတ်များမှာ ချောမောလှပသော မမဒေစီအပေါ်တွင် ဖောက်ပြန်လျက် ရှိနေပြီဖြစ်ကြောင်း ထိုအခါမှ သိရတော့၏။ ၎င်း၏ကြော့ရှင်းလှသော ရုပ်အဆင်းနှင့် ချိုသာသော အသံသည်လည်းကောင်း၊ သိမ်မွေ့နူးညံ့သော နဂိုအမူအရာသည်လည်းကောင်း၊ တောက်ပ၍ ချစ်စဖွယ်ကောင်းသော မျက်လုံးနှင့် နှုတ်ခမ်းကလေးများသည်လည်းကောင်း ကျွန်တော်၏ အသည်းနှလုံးကို ...ခွဲငင်ဆွဲ၍ပတ်လျက်ရှိနေပြီဖြစ်ကြောင်း သိရတော့၏။

ဤသို့စဉ်းစားလျက်ရှိရာမှ ကြောက်မက်ဖွယ်ကောင်းသော မစ္စတာခန်း၏မျက်နှာကြီးနှင့် ဝက္ကဝင်း၏ကျဉ်းမြောင်းစူးရှသော မျက်လုံးများကို အမှတ်ရကာ ကြောက်စိတ်များ အလိုအလျောက် ပေါ်ပေါက်လာတော့၏။

မဒေစီသည် ကျွန်တော့်အပေါ်တွင် မည်သည့်အရာကို လျှို့ဝှက်ထားသနည်း။ ကျွန်တော့်အား အလုပ်ပေးခြင်းမှာ တမင်သက်သက် သနားသဖြင့် ရိုးဖြောင့်စွာပေးခြင်းပေလော စသည်ဖြင့် ရောက်တတ်ရာရာ စဉ်းစားလျက်ရှိရာ အဘော်ညဉ့်နက်မှ မေးခနဲ အိပ်ပျော်သွားလေသည်။

◈

မည်မျှလောက်ကြာအောင်ပင် အိပ်ပျော်သွားသည် မသိချေ။ ကျွန်တော့်မှာ တဖြည်းဖြည်းအသက်ရှူကျပ်လာပြီးလျှင် ကျွန်တော်၏ နှာခေါင်းဝ၌ အလွန်ဂူးရှန်စော်သော အနံ့များကို ရသောအခါမှ အိပ်မက်မက်ဘိသကဲ့သို့ ကပေ...ချောက်ချားဖြစ်ကာ အိပ်ရာမှ လန့်နိုးလေသည်။





မျက်စိများကို ဖွင့်ကြည့်လိုက်သောအခါ ပြတိုက်ခန်းမကြီး၏အလယ်တွင် စုံပေါ်၌တင်ထားသော ပန်းပဲမောင်တင့်တယ်အရုပ်ဆီမှ မီးတဟုန်းဟုန်း တောက်လျက်ရှိသော မီးတောက်မီးလျှံများကို မြင်ရတော့၏။

ထိုအခါမှ ကျွန်တော်သည် ညဉ့်ဦးယံက မဒေစီပြောခဲ့သော ပြတင်းပေါက်ဆီသို့ ပြေးသွားလေ၏။ မီးမှာ နတ်ရုပ်မှတစ်ဆင့် အခြားဆင်ရုပ်၊ မြင်းရုပ်၊ တိုးနယားရုပ်များဆီသို့ အရှိန်ပြင်းစွာဖြင့် ကူးစက်လျက်ရှိနေပြီဖြစ်ရာ မီးခိုးလုံးများသည်လည်း တစ်ခန်းလုံး ပြည့်နှက်လျက်ရှိကုန်၏။

မိနစ်ပိုင်း စက္ကန့်ပိုင်းအချိန်များသည် ထိုအခါမှ အဖိုးထိုက်တန်ကြောင်း သိရ၏။ ကျွန်တော်သည် ပြတင်းပေါက်ရှိရာသို့ ကမူးရှူးထိုးပြေးခဲ့ရာ အရည်ပျော်၍ ဆင်းလာသော ဖယောင်းရည်ပူများကို နှစ်ခါ သုံးခါမျှ ထပ်မျှ်နင်းမိ၏။ သို့သော် ပူလောင်သည်ကို ဂရုမစိုက်နိုင်ဘဲ ခုန်ပေါက်ပြေးသွားလေသည်။ ပြတင်းပေါက်အနီးသို့ ရောက်သောအခါ ကျွန်တော်သည် မှောင်ရိပ်မှ ထွက်လာသော တစ်စုံတစ်ယောက်သောသူနှင့် ပခုံးချင်း ဝင်တိုက်မိ၏။ ကျွန်တော် တိုက်မိသူမှာ အလုံးအထည်ကြီးမားသော ယောကျ်ားတစ်ယောက်၏သဏ္ဌာန်နှင့်တူ၍ ပထမတွင် မည်သူမည်ဝါဟူ၍ မသိသော်လည်း ရှေ့သို့အတန်ငယ် ရောက်သောအခါ၌ နောက်သို့ပြန်၍ လှည့်ကြည့်လိုက်ရာ ၎င်း၏မျက်နှာကို မီးရောင်တွင် သေးတိုက်မြင်လိုက်ရ၏။ ကျွန်တော့်မှာ အံ့သြခြင်းမက အံ့သြ၍သွားမိ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူအား အခြားမဟုတ် မစ္စတာခန်းပင်ဖြစ်ကြောင်းသိရှိက်ရသောကြောင့် ပေတည်း။

ကျွန်တော်သည် ပြတင်းပေါက်အတွင်းမှ ထိုးထားသော မောင်းလက်ကို လျင်မြန်စွာဖြုတ်ပြီးလျှင် အပြင်သို့ခုန်ချ၍ ပြတင်းပေါက်၏ သစ်သားပေါင်ပေါ်သို့ ခုန်တက်လိုက်၏။ ထိုခဏ၌ နောက်မှလက်ကြီးတစ်ဖက်သည် ကျွန်တော်၏ပခုံးကို လှမ်း၍ဆွဲလိုက်လေသည်။ အကယ်၍သာ ဤနေရာ၌ ကျွန်တော် ဝတ်ထားသော အကျႌသည် ဟောင်းနွမ်းစုတ်၍ မနေခဲ့ပါက ၎င်းအဖြစ်အပျက်များကိုပင် ပြန်၍ ရေးနိုင်မှ ရေးနိုင်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ကျွန်တော်လည်း လွတ်မြောက်ခဲ့ပြီဖြစ်၍ နောက်သို့ ပြန်၍ မကြည့်ဘဲ လမ်းပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် "မီးဗျို့ မီး မီး" ဟု အော်ဟစ်လိုက်ရာ တိုက်အနီးအနားမှ ညစောင့် ဒရဝမ်ကုလားများနှင့် အခြားသူများကလည်း ကျွန်တော့်အား သံယောင်လိုက်ကာ "မီးမီး" ဟု ဝိုင်း၍ ဟစ်အော်ကြ၏။ ကျွန်တော်သည် ဆူးလေဘုရားဘက်သို့ရောက်သည်တိုင်အောင် နောက်သို့ပြန်၍လှည့်မကြည့်ဘဲ တစ်ချိုးတည်းပြေးသွားလေတော့၏။

◈

နောက်တစ်နေ့နံနက်၌ ကျွန်တော်လည်း အကျိုးအကြောင်းသိလို၍ အလုပ်တိုက်ဆီသို့ မယောင်မလည် သွားရောက်ကြည့်ရှုရာ မီးလောင်၍ တစ်ပိုင်းတစ်စကြွင်းကျန်နေသော ဖယောင်းရုပ်များ၊ ခုံကျိုးခုံပွဲများ၊ လောင်ကျွမ်းသွားပြီးသော အိမ်ထောင်ပရိဘောဂများ၊ အိုးခွက်အပုံအရွဲများ၊ အလှပြဗီရိုများမှ မှန်ကွဲမှန်စများအား လူများဝိုင်းအုံကြည့်ရှုနေသည်ကို တွေ့ရ၏။ လူအုပ်ကြီးမှာ အတောများသဖြင့် ကျွန်တော်သည် ၎င်းတို့အထဲတွင် ကျွန်တော်၏ အလုပ်ရှင်များပါလေသလောဟု လျှောက်၍ကြည့်ရာ မစ္စတာခန်းကိုလည်းကောင်း၊ မဒေစီကိုလည်းကောင်း အရိပ်အငွေ့မျှ မမြင်ရတော့ချေ။ လမ်းဘေး၌ကား အငွေ့တထောင်းထောင်းထွက်၍နေသော အကြွင်းအကျန်အစအနများကို မီးသတ်သမားများက ပိုက်လုံးများဖြင့် ပက်ဖျန်းလျက်ရှိသည်ကို တွေ့ရ၏။

ကျွန်တော်သည် လူထုကြီးထဲတွင် ရောနှောကြည့်ရှုလျက်ရှိရာ ၉နာရီလောက်တွင် ပုလိပ်ကားတစ်စီးရောက်လာ၍ အင်္ဂလိပ်မျက်နှာဖြူတစ်ယောက်နှင့် ပုလိပ်အရာရှိနှင့်တူသော ယူနီဖောင်းဝတ်လူကြီးတစ်ယောက်သည် ကားပေါ်မှ ဆင်းလာကြ၏။ သူတို့သည် မီးမလောင်ဘဲ တစ်ပိုင်းတစ်စ ကျန်ရှိသေးသော ဖယောင်းရုပ်များနှင့် ခုံကျိုးခုံပွဲများကိုကြည့်ကာ တစ်ယောက်က –

"မစ္စတာဝီလီတို့ကုမ္ပဏီတော့ တစ်နည်းကံကောင်းတယ်လို့ ဆိုရမှာပေါ့ဗျာ။ တိုက်နောက်ဖေးဘက်မှာ အုန်းဆံကြိုးခွေတစ်ခွေနဲ့ ဓာတ်ဆီပုံးအခွံတစ်ခု ပါ တွေ့တော့ သူတို့ကိုယ်တိုင် ရှို့တယ်လို့ ထင်ရလောက်အောင် အရေးကြီးဆုံး အချက်တစ်ခု တွေ့ထားတာပေါ့"





"ဒါထက် သူတို့ခိုင်းထားတဲ့ ညဥ့်စောင့်ဒရဝမ်လုပ်ရတဲ့ ကောင်ကလေး တစ်ယောက် လွတ်ပြေးသေးတယ်ဆို"

"ဟုတ်တယ်ဗျ။ ဒီကောင်ကလေးက ဓားစာခံပါဗျာ၊ သူတို့လုပ်တဲ့ အလုပ်, ကောင်ကလေးအပေါ်လွှဲချချင်လို့ ညကျဆင်တဲ့ကိန်းနဲ့ တူပါတယ်။ မော်လမြိုင်မှာတုန်းကလဲ တစ်ချီဒီလိုလုပ်ခဲ့ပြီတဲ့ဗျ"

ထိုအခါမှ ကျွန်တော်သည် မစ္စတာခန်းနှင့် မဒေစီတို့အကြံကို သိရှိရပြီး လျှင်၎င်းတို့၏လက်မှလက်မတင်ကလေးမျှလွတ်လာသော ကျွန်တော်၏ကုသိုလ်ကံကို ကျေးဇူးတင်မိတော့၏။ ယမန်ညဥ့်က အဖြစ်များကိုလည်း တွေးကာ ကျောချမ်းသွားမိ၏။

"ဒါထက် ဟိုကောင်မလေးက စာရေးမလား"

"ဘယ်ကဟုတ်ရမလဲဗျာ၊ ဟိုမျက်ပေါက်ကျဉ်းနဲ့ ထိပ်ပြောင်ကြီးရဲ့မယားပေါ့"

"ဩော် ဟုတ်လား"

"ဟုတ်တာပေါ့"

"ဒါထက်သူတို့ပြတိုက်ထဲက ပန်းပဲမောင်တင့်တယ်နတ်ရုပ်က မီးလောင်တတ်တယ်ဆို"

"ခင်ဗျားကို ဘယ်သူက ပြောသလဲ"

"အဲဒီစာရေးမလုပ်တဲ့ အမျိုးသမီးက လူလာတိုင်း ဒီအကြောင်းပြောပြနေတယ်။ ကျုပ်တို့ရုံးက လက်ရေးတိုစာရေးမ ရှိစီတို့၊ ပြီးတော့ ဦးကြင်ဝှက်တို့ အတွင်းဝန် ဦးကောင်းစိန်တို့တောင် ဒီအကြောင်းပြောပြသတဲ့ဗျ"

"အလကား ဟာတွေဗျာ ခင်ဗျားယုံသလား"

"မယုံဘူး၊ ကျုပ်က စုန်းတို့၊ နတ်တို့၊ တစ္ဆေတို့ ဘယ်တော့မှ ယုံတဲ့ အကောင်မဟုတ်ဘူး"

"အဲဒါ ဒီကောင်မက သူတို့အပေါ် သံသယမဖြစ်အောင် အဲဒီနတ်ရုပ်ကပဲ အလိုလိုစပြီး မီးလောင်သလို ဘာလိုဖြစ်အောင် ဝါဒဖြန့်တာ ဆရာရေ့"

"အင်း ညကျ်လည်း များပါပေ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မက အလည်တဲ့ဗျ။ ရုပ်ကလေးကလဲချော။ အပြောကလေးကလည်းကောင်း ဘာသာစကားမျိုးစုံလည်းတတ်တော့ တရုတ်တို့၊ ယိုးဒယားတို့၊ စင်ကာပူတို့၊ ပီနန်တို့တောင် လျှောက်လိမ်လာတဲ့ လူတွေပေါ့။ သူတို့အကြောင်းမသိသေးတဲ့၊ မီးအာမခံကုမ္ပဏီတွေဆီက ဘယ်လောက်များစားခဲ့ရပြီလဲ မပြောတတ်ဘူး"

"ဟုတ်တာပေါ့ဗျာ၊ လောကကြီးမှာ လည်သလိုစားကြတာပေါ့။ နို့ပေမဲ့ လည်တဲ့လူတွေ ဘယ်ရောက်တယ် ထင်သလဲ"

"ပြောစမ်းပါဦးဗျာ၊ ဘယ်ရောက်သလဲ"

"အုတ်နံရံကြီးအတွင်း ရောက်တာပေါ့ဗျ"

နောက်တစ်လခန့်မျှ ကြာသောအခါ ကျွန်တော်သည် ရေဝန်ရုံးတွင် ကူလီခေါင်းအလုပ်တစ်ခုကိုရ၍ တစ်နေ့သ၌ သတင်းစာတစ်စောင်တွင် မစ္စတာခန်းအား ထောင်ဒဏ်သုံးနှစ်၊ ၎င်း၏ဇနီးမဒေစီအား ထောင်ဒဏ်တစ်နှစ်၊ မီးရှို့မှု လိမ်လည်မှုတို့ဖြင့် အပြစ်ပေးလိုက်ကြောင်း ဖတ်ရှုတွေ့မြင်ရလေသည်။ ကျွန်တော်သည် မိန်းမယူတော့မည်ဟု စဉ်းစားလိုက်တိုင်း ကျွန်တော့်အပေါ်တွင် ယုယကြင်နာဟန်ဖြင့် မောင်ကလေးသဖွယ် ချစ်ခင်ခဲ့သော မဒေစီကို ပြေး၍ သတိရမိပါကြောင်း။

သွေးသောက်မဂ္ဂဇင်း၊ အမှတ် (၂၂)၊ ၁၉၆၄ ခု၊ ဇူလိုင်လ

# လူသတ်သမားစကားများ၏

တစ်နေ့သော ဇွန်လ၏ သာယာသော ညနေစောင်းအချိန်၌ ထူးဆန်းသောအချစ်စိတ်တစ်မျိုးသည် "မစ္စတာကား(လ်) ဝမ်းဒါးရား" ဆိုသူ၏ဦးနှောက်တွင်းသို့ ဖောက်ထွင်းဝင်ရောက်လာ၏။

"အို သိပ်လှတာပဲ" ဟု ဝမ်းဒါးရားက စျေးဆိုင်ရောင်းသူ မိန်းမပျိုကလေးအား ပြောလိုက်သည်တွင် မိန်းမပျိုကလေးက အချစ်ဖြင့် ပြည့်လျှံသော မျက်လုံးကလေးကိုချီကာ တုံ့ပြန်ကြည့်လိုက်သောကြောင့်သာ အောက်တွင် ရေးသားအပ်သော အမှုဖြစ်ပေါ်လာလေသည်။

◈

မစ္စတာဝမ်းဒါးရားမှာ အမဲသားကုန်သည်တစ်ဦး၏ သားဖြစ်၍ အသက် ၂၅နှစ်ခန့်သာရှိသေး၏။ ဖခင်နှင့်အတူ အလုပ်လုပ်ကြိုးလျှင် ရဲရင့်ဖျတ်လတ်သောသူတစ်ယောက်ဖြစ်၏။ အလုပ်မှအပြန် စျေးဆိုင်တစ်ဆိုင်မှ စျေးရောင်းသူ စာရေးမကလေးတစ်ယောက်အပေါ်၌ မျက်စိကျကာ ချစ်ကြိုက်မိခဲ့လေသည်။

ယောကျ်ားများမှာ အချစ်ဓာတ်ဖြင့် တုံ့ပြန်၍ကြည့်သော မိန်းမများ၏ မျက်လုံးဒဏ်ကို မခံနိုင်ကြသည့်အတိုင်း စာရေးမ [illegible]လေးအား [illegible]က်နေရာ၌ ချိန်းချက်တွေ့ဆုံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဝမ်းဒါးရားမှာ စစ်ပြန်ရဲဘော်တစ်ယောက်ဖြစ်၍ ပြင်သစ်ပြည် စစ်ပွဲများ၌ ၂နှစ်ခန့် စစ်မှုထမ်းခဲ့ဖူးရာ ၎င်း၏ရဲရင့်သော အမှုထမ်းခြင်းအတွက် "ဒုတိယလက်ဖတင်နင်"ရာထူးကို ရရှိခဲ့လေသည်။ စစ်ထဲမှ ထွက်ခဲ့သောအခါ ၎င်း၏ ငယ်ရည်းစား မိန်းမချောကလေး "ရူ(သ)"ဆိုသူတစ်ဦးအား ချက်ချင်း လက်ထပ်လိုက်လေသည်။

◈

ယောကျ်ားများ၏အချစ်သည် မိမိ၏မယားမှတစ်ပါးအသစ်တွေ့ကြုံရသည့် "အလှ"ကလေးများအပေါ်တွင်လည်း အာရုံကျက်စားတတ်ကြသည့်အတိုင်း၊ မစ္စတာဝမ်းဒါးရားသည် စာရေးမကလေးနှင့် ချစ်ကြိုက်ပြီးနောက် မြနာရီခန့်မျှသာ ရှိသေးသော အချိန်၌ပင် မိမိ၏ချစ်ဇနီး "ရူ(သ)" ကိုသတ်၍ စာရေးမကလေး "ဆယ်လီ"အား လက်ထပ်ရန် စိတ်ကိုပိုင်းဖြတ်လိုက်၏။

"ရူ(သ)"နှင့် လက်ထပ်ပြီးခဲ့သည်မှာ ၁၀လခန့်မျှသာ ကြာခဲ့သေး၏။ "ရူ(သ)"မှာ ကလေးကိုလိုချင်သော အာသာဆန္ဒပြင်းစွာ ရှိခဲ့သည့်အတိုင်း ပဋိသန္ဓေ ၃လမျှရှိခဲ့လေပြီ။ "ရူ(သ)"သည်လင်ကိုချစ်ရှာ၏။ မြတ်နိုးရှာ၏။ မကြာမီ မွေးဖွားတော့မည့် ကလေးအတွက် တွေး၍ဝမ်းမြောက်ကာ လင်ကိုယုယမိ၏၊ အားကိုးမိရှာ၏။

သို့သော် စာရေးမကလေးအပေါ်တွင် တဏှာချစ်ဖြင့် ချစ်မိသောအခါ "ရူ(သ)"အပေါ်၌ချစ်သောအချစ်ဟောင်းသည် ဆီးနှင်းထုကို နေရောင်ဖြင့် ခွင်းဘိသကဲ့သို့ ရုတ်တရက်ကွယ်ပျောက်၍ သွားခဲ့၏။

"အိမ်က ကောင်မသေမှ အေးမှာပဲ။ သေနတ်နဲ့ပစ်ပြီးတော့ သေနတ်ကို သူ့လက်ထဲ ထည့်ထား၊ သူ့ကိုယ်သူပစ်သတ်တယ်လို့ ယုံကြည်ကြမယ်။ သို့သော် တစ်ခုခက်တာက "ရူ(သ)"ဟာ ဘယ်တော့မှ စိတ်မညစ်တတ်ဘူး။ အမြဲ ပျော်ရွှင်နေတယ်၊ ဒါကြောင့် ဒီကိစ္စမှာ ယုတ္တိရှိအောင် အင်း အကြံတော့ ထုတ်ဦးမှပဲ"

မစ္စတာကား(လ်)ဝမ်းဒါးရားသည် အထက်ပါအကြောင်းများနှင့်တကွ "ရူ(သ)"သေသောအခါ၎င်းအတွက်ထားသောအသက်အာမခံဒေါ်လာ ၂၀၀၀ကို





ထုတ်ယူပြီးလျှင် မယားသစ်ကလေးနှင့် အပျော်ခရီးထွက်ကာ မည်မျှလောက် ပျော်ရွှင်မည့်အကြောင်း စဉ်းစားကာ ဘူတာမှထွက်၍ "မေဆင်"လမ်းဘက်သို့ လျှောက်သွားလေ၏။ ထိုရပ်ကွက်မှာ လူဆိုးများ၊ သူတောင်းစားများ၊ ဂျပိုးတေလေ လူပေများနေသော ရပ်ကွက်ဖြစ်၍ မစ္စတာဝမ်းဒါးရားသည် ဓာတ်မီးတိုင်တစ်တိုင် အောက်တွင်အသက် ၂၀ရွယ်ခန့်ရှိအဝတ်အစားများစုတ်ပြတ်နေသူတစ်ယောက် နှင့်ရင်ဆိုင်တွေ့ရလေ၏။ ထိုသူမှာအစာကောင်းစွာမစားရသည့်ဟန်ဖြင့်မျက်တွင်း ဟောက်ပက်ဖြစ်ကာ ၎င်း၏ ပါးများမှာလည်း အရွယ်နှင့်မလိုက်အောင် ချိုင့်ဝင် လျက်ရှိ၏။ ထိုအခါ ဝမ်းဒါးရားက –

"ဟေ့အကောင်"

"ဘာအလိုရှိပါသလဲ ဆရာ"

"မင်းကြည့်ရတာ အစာမစားရသလိုပဲကွယ်"

"ဟာပြောမှပြောပလေဆရာ၊ ကျွန်တော်မစားရတာ ၂နပ်ရှိပါပြီခင်ဗျာ"

"ကိုင်း ဒါဖြင့် ရော့ ၂ဒေါ်လာ၊ မင်းမြင်ရတာ ငါသနားသကွယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာဟာ ကျွန်တော့် အသက်သခင်ပါပဲ ခင်ဗျာ"

"မင်းမှာ အလုပ်အကိုင်ကော မရှိဘူးလား"

"မရှိပါဘူး ဆရာ"

"အေး ဒါဖြင့် နက်ဖြန် ဒီအချိန်လောက် ဒီနေရာကို လာခဲ့၊ နောက်ထပ် ငါငွေပေးဦးမယ် ကြားလား"

"ကောင်းပါပြီ ဆရာ၊ ကျေးဇူးတင်ပါတယ်"

"ကိုင်း သွားပေတော့"

◈

နောက်တစ်နေ့ညနေ၌ မစ္စတာဝမ်းဒါးရားသည် အလုပ်မှပြန်လာသော အခါ ယမန်နေ့က လူဆိုးနှင့်တွေ့ခဲ့သောနေရာသို့ သွားရောက်ရာ ယခင်လူဆိုးနှင့် ပက်ပင်းပါ တွေ့ရလေ၏။ လူဆိုးမှာ ၎င်းအရင်ထိုနေရာသို့ ရောက်ရှိနေဟန် လက္ခဏာရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအကောင် ရောက်နေပြီလားဟေ့"

"ဟုတ်ကဲ့ ဆရာ"

"ဒီကနေ့ညတော့မင်းအလုပ်အတွက်နေရာကျပါလိမ့်မယ်ကွယ်။ ဩော် ဒါထက် ငါနေတဲ့ ကင်းဘဲလမ်း (ငါးထပ်ကြီးဘုရားလမ်း)ကို သိသလား"

"သိပါတယ် ဆရာ"

"တိုက်တန်းလျားကြီးမှာ ငါနေတယ်ကွယ့်"

"ဩော် သိပြီ၊ တိုက်နဲ့မနီးမဝေးမှာ မုခ်ပေါက်ကလေးရှိတယ်"

"အေးဟုတ်ပြီဟုတ်ပြီ။ သစ်ပင်အုပ်ကလေးဖုံးနေတဲ့မုခ်ပေါက်ကလေး ရှိတယ်။ အဲဒီနေရာကိုဒီကနေ့ည ၁၀နာရီခွဲတိတိရောက်အောင်လာခဲ့၊ကြားလား"

"ကောင်းပါပြီ ဆရာ"

"(၁၁)နာရီခွဲတိတိမုခ်ပေါက်ကမင်းဆက်ဆက်စောင့်နေနော်၊ငါ့မိန်းမနဲ့ လမ်းလျှောက်လာခဲ့မယ်။ အဲဒီတော့ မင်းအတွက် သေချာရောပေါ့"

"ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"ရော့ ဒေါ်လာ (၁)ပြားယူသွားဦး၊ ဒီညမင်းသုံးဖို့။ ပြီးတော့ ဆက်ဆက် လာကွယ့်နော်၊ အချိန်လွဲနေဦးမယ်"

"စိတ်ချပါ ဆရာ၊ အချိန်အတိအကျ ရောက်ပါစေ့မယ်"

◈

နောက်တစ်နေ့ညနေ ဝမ်းဒါးရားသည် အလုပ်မှ ပြန်လာသောအခါ "ရှ(သ)"သည် မိမိ၏ခင်ပွန်းသည်အား အိမ်ပေါက်ဝမှဆီးကြိုကာ နမ်းရှုပ် နှုတ်ဆက်လေ၏။ သို့သော် လင်သည်၏ဦးနှောက်အတွင်း၌ မိမိအားသတ်ရန် အကြံအစည်များပါ၍လာသည်ကိုကားမသိရှာချေ။ နှင်းဆီပန်းအသွင်ကြည်လင်သင်းပျံ့ သော မိမိ၏နှုတ်ခမ်းများပေါ်သို့ ဝမ်းဒါးရား၏ရက်စက်သော အဆိပ်နံ့နှင့်တူသည့် အငွေ့အသက်များ ပါဝင်သည်ကို လုံးဝမသိရှာချေ။

အရိပ်ပြပွဲမှ ၁၀နာရီ ၁၅မိနစ်တွင် ထွက်ခဲ့ကြပြီးနောက် ဇနီးမောင်နှံတို့ သည် အိမ်ဆီသို့လာခဲ့ရာ မုခ်ပေါက်အနီးသို့ ရောက်သောအခါ လက်ချင်းတွဲကာ တစ်ယောက်ကိုတစ်ယောက်ဖက်၍ လာခဲ့ကြ၏။ မုခ်ပေါက်အနီးသို့ရောက်လေ





လျှင် ချိန်းထားသောလူဆိုးသည် သစ်ပင်အုပ်အောက်မှထွက်လာသည်ကို မြင်ရ လေ၏။ ထိုသူသည် ဝမ်းဒါးရားကို မြင်သောအခါ ဦးထုပ်ကိုချွတ်၍ ဦးခေါင်းကို ညွှတ်ပြီးနောက် -

"ကျွန်တော် ဆရာ့ကို ....."

စကားမဆုံးမီဝမ်းဒါးရားသည်ဘောင်းဘီအိတ်ကပ်မှသေနတ်ကို ထုတ်ကာသေနတ်တစ်လက်ဖြင့်လူဆိုးကိုလည်းကောင်း၊အခြားတစ်လက်ဖြင့် "ရှ(သ)"အားလည်းကောင်း တစ်ပြိုင်တည်း ပစ်ချလိုက်လေ၏။ သေနတ်သံ ကြားသည်တစ်ပြိုင်နက် "ရှ(သ)"၏မိခင်ကြီးနှင့်တကွအိမ်နီးချင်းအချို့ပါထိုနေရာ သို့ စုရုံးရောက်လာကြလေသည်။

မိခင်ကြီးသည် သမီးအား ယုယစွာ ပိုက်ထွေးထားရာ "ရှ(သ)"သည် စကားမပီတပီဖြင့် "မာမီ" ရှ(သ)တော့ သေတော့မယ်။ ကျွန်မကလေးလည်း သေရှာပြီနော်"ဟု ပြောရှာ၏။

ဝမ်းဒါးရားသည်ဟန်ဆောင်နိုင်သမျှဆောင်ကာ "ရှ(သ)"ကိုပစ်သော လူဆိုးအား မိမိကို မပစ်နိုင်မီ မိမိကပစ်လိုက်ကြောင်း အသားယူ၍ ပြောသေး၏။

"မာမီ ကျွန်မ မျက်စိတွေ ပြာလာပြီ၊ ကျွန်မယောကျ်ားကော ထိသွား သေးသလား"

"မထိပါဘူးသမီးရယ်၊စကားမပြောနဲ့၊ကိုယ်သက်သာအောင်နေစမ်းပါ"

"ကျွန်မ မနေရတော့ဘူး မာမီ၊ ကျွန်မကို ဖက်ထားစမ်းပါ"

"ရှ(သ)"သည်မိခင်ကြီးလက်ပေါ်၌စကားတပြောပြောနှင့်ပင်အသက် ပျောက်၍ သွားရှာ၏။

◈

ပုလိပ်များ ရောက်လာသောအခါ ရှ(သ)၏အလောင်းကို အိမ်ပေါ်သို့ ပို့ကြပြီးလျှင် လဲ၍နေသော လူဆိုးအား ဆေးရုံသို့ယူသွားကြ၏။ ၎င်း၏အကျီနှင့် ဘောင်းဘီများမှာ အဖာအထေးများပြည့်လျက် အဝတ်စုတ်သာသာမျှရှိ၏။ အိတ်ထဲတွင် ဘတ်စ်ကားလက်မှတ်မှတစ်ပါး အခြားတစ်စုံတစ်ရာ မတွေ့ရချေ။ ၎င်း၏ဖိနပ်မှာ ငွေဒေါ်လာတစ်ပြားခန့် ချုပ်စပ်ရာများဖြင့် ပြည့်နှက်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

၎င်း၏အမည်မှာ ပုလိပ်မှတ်တမ်း၌ "ဂျွန်ဒိုး" ဟု တွေ့ရ၏။ အသက် ၂၂နှစ်ခန့်ရှိ၍ အရပ်(၆)ပေမြင့်သူ ဖြစ်လေသည်။

ဝမ်းဒါးရားက "အိမ်နားကို ကျုပ်တို့ရောက်လာတော့ ခပ်ဝေးဝေးက လူတစ်ယောက်လျှောက်လာတာ ကျုပ်မြင်ရတယ်။ နို့ပေမဲ့ ဂရုမစိုက်မိဘူး။ အဲဒီ လူကမှန်ပေါက်နားကိုရောက်အလာမှာကျုပ်ကရှု(သ)ကိုလှမ်းပြီးအိမ်တံခါးသော့ ပေးလိုက်တယ်။ အဲဒီတော့ နောက်ကလူတစ်ယောက် ရောက်လာပြီး ကျုပ်တို့ကို လက်မြှောက်လိုက်လို့ပြောတယ်။ နောက်ပြောပြောဆိုဆို တစ်ခါတည်းသေနတ်နဲ့ စပစ်တာပဲ။ ကျုပ်လည်းပဲ ဘောင်းဘီအိတ်ထဲက သေနတ်ထုတ်ပြီး ပြန်ပစ်တာ သူ့ကို မှန်သွားတယ်။ လူဆိုးက စပြီးပစ်လိုက်လျှင် ပစ်လိုက်ချင်း ရှု(သ)ကိုမှန်ပြီး လဲကျသွားရှာပါတယ်" စသည်ဖြင့် အစစ်ခံ၏။

စုံထောက်က မည်သည့်အတွက် ယမ်းထိုးပြီးသေနတ်ကို အသင့် ဆောင်ထားသနည်းဟု မေးရာတွင် ဝမ်းဒါးရားက မိမိမှာ မကြာသေးမီက လူဆိုး တစ်ယောက်က သေနတ်ပြ၍ ဒေါ်လာ ၉၀၀ လုယူဖူးသဖြင့် သေနတ်ဆောင်ရ ကြောင်း၊ မိမိကသာ ဤကဲ့သို့သေနတ်ဆောင်၍ မလာခဲ့ပါမူ၊ မိမိအသက်ပင် သေဆုံးရန် ရှိကြောင်း အဲစစခံ၏။

ထိုအချိန်၌ သတင်းစာများက မိမိ၏ ဇနီးအားပစ်သော လူဆိုးကို ယောကျ်ားကပြန်၍ ပစ်ခတ်သဖြင့် လူဆိုးမှာ ကျသေသွားကြောင်း စသည်ဖြင့် ဝမ်းဒါးရားအားအသားပေး၍၎င်း၏ဓာတ်ပုံနှင့်တကွ ရေးသားဖော်ပြကြ၏။ ဝမ်းဒါး ရားအား လူများက "ဟီးရိုး" အဖြစ် ချီးမွမ်းလျက်ရှိလေရာ ၎င်း၏ဖြစ်မှုမှာ အခိုက်အတန့်၌ ကောင်းစွာ လုံခြုံလျက် ရှိနေခဲ့လေသည်။ လူဆိုးလက်မှ ရရှိသော သေနတ်၏ ရာဇဝင်ကိုမူကား စုံထောက်များသည် လိုက်လံလျက်ပင် ရှိနေသေး၏။

◈

အချင်းဖြစ်ပွားပြီးနောက် ၂ပတ်ခန့်မျှ ကြာရှိသောအခါ စုံထောက် နော်တင်၏ စက္ကရီဇတရီသည် လူဆိုးထံမှတွေ့ရသည်ဆိုသော ခြောက်လုံးပြူး သေနတ်အား မူလလုပ်သည့်ကုမ္ပဏီမှ စာတစ်စောင်ကို ရရှိ၏။





၎င်းသေနတ်မှာ ကို့(လ)အမျိုးအစား ဒသမ ၄၂ဗို့ ဖြစ်၍ နံပါတ်မှာ စီ (၂၂၈၂)ဖြစ်လေသည်။ ထိုသေနတ်ကို(V.L.A)ကုမ္ပဏီသို့ ၁၉၁၃ ခုနှစ်က တင်ပို့ သော စာရင်းတွင်ပါကြောင်း ဖော်ပြထား၏။ ကုမ္ပဏီမှ လွန်ခဲ့သော ၇နှစ်ခန့်က ထိုသေနတ်ကို မစ္စတာ "ဟုမင်း" ဆိုသူသို့ ရောင်းလိုက်ကြောင်း စာရင်းအရ သိရှိ ရပြန်၏။

စုံထောက်များသည် ထိုလိပ်စာအရ မစ္စတာ "ဟုမင်း" ထံသို့ လိုက်ရာ တံခါးကို ခေါက်သောအခါ အဘိုးကြီးတစ်ယောက် ထွက်လာ၍ မိမိမှာ မစ္စတာ "ဟုမင်း" ဖြစ်ကြောင်းဖြေဆို၏။ သေနတ်အကြောင်းကိုမေးရာတွင်ထိုသေနတ်မှာ မိမိလက်ထဲတွင် များစွာမကြာဘဲ မကြာမီက "ဖရက်ဝမ်းဒါးရား" ဆိုသူသို့ ရောင်း လိုက်ကြောင်း အစစ်ခံ၏။

ရှု(သ)၏ခင်ပွန်းဝမ်းဒါးရားမှာ ဖရက်ဝမ်းဒါးရားနှင့် ညီအစ်ကို တော်စပ် ကြောင်း သိရှိရသောအခါ စုံထောက်များသည် ဖရက်ဝမ်းဒါးရားနောက်သို့ လိုက် ကြပြန်၏။ နာရီဝက်အတွင်း၌ စုံထောက်များသည် ဖရက်ဝမ်းဒါးရားကို စစ်ဆေး လျက်ရှိရာ ၎င်း၏ညီ ကား(လ)ဝမ်းဒါးရားသည် အချင်းမဖြစ်ပွားမီ တစ်ရက်ကပင် သေနတ်ကိုမိမိထံမှ ငှားရမ်းသွားကြောင်း၊ ထိုသေနတ်နှင့်ပင် ကား(လ)ဝမ်းဒါးရား သည် လူဆိုးကို ပစ်လိုက်ဟန်တူကြောင်း အစစ်ခံ၏။

သို့ဖြစ်ရကား လူကောင်းသေနတ်နှင့် လူဆိုးသေနတ်ကိုမှား၍ပြောလေ သလောဟု စုံထောက်မစ္စတာနော်တင်သည် ယုံမှားသံသယဖြစ်ကာ ဖရက်ဝမ်းဒါး ရားအား ဌာနသို့ခေါ်ဆောင်ခဲ့ကြ၏။ ရောက်သောအခါ သေနတ် ၂လက်ကိုပြ၏။ သေနတ် ၂လက်မှာ သံမဏိအပြာရောင်၊ လက်ကိုင် သစ်သားအညိုရောင်များ ရှိကြသဖြင့် တစ်ခုနှင့်တစ်ခု အလွန်တူလေသည်။

ဖရက်ဝမ်းဒါးရားသည် သေနတ် ၂လက်အနက် တစ်လက်ကို ကောက်ယူပြီးနောက် "ကျုပ်ညီကား(လ)ဝမ်းဒါးရားကို ငှားလိုက်တာ ဒီသေနတ်" ဟုဆိုကာ စီ "၂၂၈၂" ကို တစ်ခါတည်း ပြလေသည်။

◈



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်များသည် ဥပါယ်တံမျဉ်ဖြင့် ကား(လ)ဝမ်းဒါးရားအား ရာဇဝတ်ဌာနသို့ခေါ်ခဲ့ပြီးနောက်သေနတ်၂လက်ကိုပြပြီးလျှင်မည်သည့်သေနတ်မှာ၎င်း၏သေနတ်ဖြစ်ကြောင်း မေးရာတွင် ယူနိုက်တက်စတိတ်စစ်တပ်အမည်ထိုးထားသောသေနတ်ကိုပြ၏။ ထိုအခါစုံထောက်က "ဒါဖြင့်စီ၂၂၈၂ဟာခင်ဗျားသေနတ် မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

စုံထောက်များသည် ထိုအခါ၌ဖရက်ကိုထုတ်ယူလာ၍ "ကိုင်းမစ္စတာကား(လ)ဝမ်းဒါးရား ခင်ဗျား၊ "စီ၂၂၈၂" ဟာ ခင်ဗျားသေနတ်မဟုတ်ဘူးပြောတယ်။ ခင်ဗျားကိုအစ်ကိုဖရက်ဝမ်းဒါးရားကတော့ဟောဒီသေနတ်(စီ၂၂၈၂)ကို ခင်ဗျားငှားလိုက်ရတယ် ပြောတယ်။ ကိုင်း ဘယ့်နှယ်လဲ"

ထိုအခါကား(လ)ဝမ်းဒါးရားကမိမိမှာ သေဆုံးသူဇနီးအတွက်စိတ်ဝေနေသဖြင့် မှားယွင်းပြောမိကြောင်း ထွက်ဆိုပြန်၏။

ထို့နောက် စုံထောက်များသည် သေသူရှ(သ)၏ မောင်တစ်ဝမ်းကွဲတော်သူတစ်ယောက်ကို သက်သေရရှိပြန်ပြီးလျှင် ၎င်းက ယူနိုက်တက်စတိတ်စစ်တပ်တံဆိပ်ထိုးထားသောသေနတ်မှာလည်းကား(လ်)ဝမ်းဒါးရား၏သေနတ်ပင်ဖြစ်ကြောင်း၊ ၎င်းအား ကိုင်တွယ်နေသည်ကို အချင်းမဖြစ်မီ ရက်အနည်းငယ်ကမြင်ဖူးကြောင်းဖြင့် အစစ်ခံပြန်၏။ ထိုအခါ ကား(လ)ဝမ်းဒါးရားကသေနတ်၂လက်စလုံးပင်မိမိသေနတ်ဖြစ်ကြောင်း၊ မိမိ၏ဇနီးအားအိမ်တံခါးသော့ကိုပေးရန် အိတ်ထဲသို့ နှိုက်လိုက်သောအခါ သေနတ်ပါလာကြောင်း၊ ထိုအခါလူဆိုးသည်ထိုသေနတ်ကိုအတင်းဝင်၍လုပြီးနောက်ရှ(သ)ကိုပစ်လိုက်ကြောင်းဖြင့် အစစ်ခံပြန်၏။

စုံထောက် – "ဒါဖြင့်လည်း ဒီဟာကို အစက ခင်ဗျားဘာဖြစ်လို့မပြောသလဲ"

ဝမ်းဒါးရား – "ကျွန်တော် တွေဝေနေလို့ မပြောမိခြင်းဖြစ်ပါတယ်"





ကား(လ)ဝမ်းဒါးရားအား လူ၂ယောက်ကို တစ်ပြိုင်တည်းသတ်မှုနှင့်ဖမ်းဆီးလိုက်ရာ စုံထောက်များက ထပ်မံစစ်ဆေးသောအခါအချိန်၅နာရီအတွင်း၌ ၎င်း၏ဇာတ်လမ်းကို (၁၅)မျိုးမျှပြင်၍ပြောဆိုလေသည်။

၎င်း၏ဇနီးအားသတ်သောအမှုကိုစစ်ဆေးရာတွင် တရားခံသည် စိတ်မနံ့၍ဖြစ်ရကြောင်း တရားခံရှေ့နေများက ထုချေ၏။ စာရေးမကလေး "ဆယ်လီ" သည်မိမိနှင့်ကား(လ)ဝမ်းဒါးရားတို့မည်ကဲ့သို့အဆက်အသွယ်ရှိကြောင်းရုံးတွင်လာရောက်အစစ်ခံ၏။ ဂျူရီလူကြီးများက တရားခံအပေါ်တွင် ပြစ်မှုထင်ရှား၍ ၂၅နှစ်ထောင်ဒဏ်ပေးရန်ထောက်ခံသော်လည်းတရားသူကြီးကဤဆုံးဖြတ်ချက်ကို သဘောမတူချေ။

ယူဆိုးအားအကြောင်းမဲ့ပစ်သတ်မှုကိုစစ်ဆေးရာတွင်စိတ်မနံ့ကြောင်း ထုချေသော်လည်း ပြစ်မှုထင်ရှားသည်ဆို၍ ကြိုးမိန့်ပေးလိုက်လေသတည်း။

ဂျာနယ်ကျော် မဂ္ဂဇင်း၊ ၁၃၀၉ ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်။

www.burmeseclassic.com

www.burmeseclassic.com

# လှယဉ်ကျေးများ

ယခုအခါ အလှပြုပြင်ရေးဟု ဆိုအပ်သော နှုတ်ခမ်းနီ ပါးနီဆိုးခြင်း၊ လက်သည်းများကိုအရောင်တင်ခြင်း၊ ဆိုးခြင်း၊ မျက်ခုံးမွေးနုတ်ခြင်း၊ ဆေးရေးခြင်း၊ ဆံပင်ကောက်ခြင်း၊ အမောက်လုပ်ခြင်းတို့မှာ ယခုခေတ်တွင် ခေတ်အမီဆုံးဟု ဆိုရသော်လည်း လွန်ခဲ့သော နှစ်ပေါင်း၃၀၀၀ကျော်လောက်က "အင်ကာင်" တိုင်းသူတို့၏အရင် ရေးကျသည့် မိန်းမများသည် ဤကဲ့သို့ အလှပြုပြင်မှုတို့ကိုပြုကြ၏။ တောင်အမေရိကတိုက် ပီးရူးနယ်တွင် ရှေးအကျဆုံးသော အင်ကာတိုင်းသူ တစ်ယောက်၏ မပုပ်မသိုးအောင် ဆေးစိမ်ထားခဲ့သည့် ရုပ်အလောင်းတစ်ခုကို တူးဖော်ရရှိရာ၌အလောင်းမှာ "ဘော့ဟဲယား" ခေါ်ဆံပင်ဆံတို၊ ဆေးရေးထားသည့် မျက်ခုံး၊ ပန်းနုရောင်ဆိုးထားသော လက်သည်းခွံများ၊ ဆေးနီဆိုးထားသည့်ပါးနီနှင့် နှုတ်ခမ်းနီများကို တွေ့ရှိရလေသည်။ အလောင်း၏နံဘေး၌လည်း အိတ်တစ်ခုကို တွေ့ရပေရာ ထိုအိတ်ထဲတွင် ယခုခေတ်မိန်းကလေးများ အလှပြင်သည့် ကိရိယာများနှင့်တစ်သဝေမတိမ်းအောင်တူညီသည့်အလှပြင်ကိရိယာများကိုတွေ့ရသဖြင့် ယခုခေတ်အလှပြုပြင်ခြင်းသည်ယခုမှပေါ်ပေါက်လာသောအသစ်အဆန်းမဟုတ် ကြောင်း ထင်ရှားလေသည်။





အင်္ဂလန်ပြည်ကြီးကို ရှေးနှစ်ပေါင်းများစွာက ရောမလူမျိုးများအုပ်စိုးခဲ့ဖူးရာ ထိုအခါက ရောမတိုင်းသူများ၏ "အလှပြင်ဆိုင်" တစ်ခုနေရာကို မကြာမီက လန်ဒန်မြို့တွင် မြေတူးသမားတူးဖော်တွေ့ရှိရလေသည်။

ထိုဆိုင်တွင်း၌အရေကိုပြုပြင်သော ကိရိယာများ၊ အလှဆီထည့်သည့် စဥ့်အိုးများ၊ ဖယောင်းဘူးများ၊ ဆံပင်ညှပ်ကိရိယာများ၊ ဆံပင်ကောက်ညှပ်နှင့် ဇာဂနာများကို တွေ့ရ၏။

မိန်းမများသည် မည်သည့်အခါမျှ မိမွေးတိုင်း ဖမွေးတိုင်းသော သာမာန်အလှဖြင့် ကျေနပ်သူများ မဟုတ်သဖြင့် မိမိတို့၏ ဆံပင်၊ အသားအရေ၊ မျက်လုံး၊ မျက်ခုံး၊ လက်သည်းခွံစသည်တို့ကို အပြင်အပအလှများဖြင့် ပြုပြင်မြဲဖြစ်ကြ၏။ ဤသို့အလှပြုပြင်ရာ၌ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ မိန်းမများသည် မိမိတို့ထင်မြင်ရာ မိမိတို့ရှေးရိုးစဉ်လာ ဓမ္မတာအတိုင်း ပြုပြင်ကြကုန်၏။ လူမျိုးတစ်မျိုး၏ အလှပြုပြင်ပုံကို အခြားလူမျိုးတစ်ဦးက မနှစ်သက်နိုင်ချေ။ မိမိ၏ ဖြောင့်စင်းပျော့ပျောင်းသောဆံပင်ကိုတွန့်လိပ်ကောက်ကွေး၍နေစေရန်သော်လည်းကောင်း၊ လှိုင်းထ၍ နေရန်သော်လည်းကောင်း ပြုပြင်ပုံကို နဂိုကောက်ပြီး ဆံပင်ရှိသော အာဖရိကတိုင်းရင်းသူများက ရယ်မောကြသည်။

အများအားဖြင့် လူဖြူနှင့်လူဝါမျိုး မိန်းမများသည် နဂိုရှိရင်းစွဲအသားနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ "ပေါင်ဒါ" မှုန့်များ လိမ်းကျံ၏။ ထို့အတူ အာဖရိကအလယ်ပိုင်းရှိ "ဘေနယာ" နယ် "ကာဗွီရန်ဒို" ခေါ် မိန်းမများသည် နဂိုကပင် အလွန်နက်သော အသားရှိသည်ကို မကျေနပ်နိုင်သေးဘဲ သာ၍မည်းနက်စေရန် အလွန်နုံသော ကျောက်မီးသွေးမှုန့်များကို လိမ်းကျံကြလေသည်။ နဂိုမျက်ခုံးမွေးများကိုနုတ်၍မျက်ခုံးမွေးပုံကိုမိမိတို့လိုရာပုံသဏ္ဌာန်အမျိုးမျိုးလုပ်ခြင်း၊ လူနက်မိန်းမများသည်လည်း လျှာကိုဖောက်၍ ကြေးချောင်းများတပ်ခြင်း၊ နားနှင့် နှာခေါင်းကိုဖောက်၍ ကြေးကွင်းတပ်ခြင်း၊ လည်ပင်းကို ကြေးဝါခွေများတပ်ဆင်ခြင်းအားဖြင့် အလှပြင်ကြသေး၏။ အလွန်ရှေးကျသော တရုတ်မများသည် မိမိတို့မျက်နှာကို အစေးတစ်မျိုးဖြင့် ထူထပ်စွာ လိမ်းကျံပြီးမှ ပွဲလမ်းသဘင်သို့ ထွက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ ရှေးဟောင်းကဗျာများတွင် အိန္ဒိယတိုင်းသူတို့၏အလှကို အောက်ပါအတိုင်း ချီးကျူးဖွဲ့နွဲ့ကာ ရေးသားထားလေသည်။

"အသင်၏ဘီးဖြင့် ကောင်းစွာဖြီးထားအပ်သောဆံပင်၊ နားအထိ လေးကိုင်းသဏ္ဌာန်ကောက်၍နေသော မျက်ခုံး၊ နနွင်းဖြင့် လိမ်းကျံ၍ထားသော သင်၏အသား၊ ညီညာ၍သန့်ရှင်းသော သွား၊ လမင်းနှင့်တူသည့် မျက်နှာ၊ ဆင်နှာမောင်းကဲ့သို့ရှိသော ပေါင်တံ၊ ခါးကြာပွင့်ကဲ့သို့ ကျက်သရေရှိသော အသင့်မျက်လုံးများ" စသည်တို့ဖြစ်လေသည်။

ဟိန္ဒူများအယူအဆအားဖြင့်ကိုယ်ကိုအလှပြင်ခြင်းသည်စိတ်ကိုလည်း အလှပြင်ရာရောက်သည်ဟု ဆိုလေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်သည် ပင်လျှင် ကိုယ်ဖြစ်၍ကိုယ်သည်ပင်လျှင်စိတ်ဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ရှေးဟိန္ဒူပညာရှိကြီးများသည် မိန်းမများအားယခုအခါ "မိတ်ကပ်" (Make up) ဟုခေါ်သည့် အပြင်အပအလှပြုပြင်မှုများကို အားပေးရုံမျှမက လူမျိုး၏ထုံးတမ်းတစ်ခုအနေနှင့်ပင်သတ်မှတ်ခဲ့လေသည်။ ထိုနာနာနယကျိုးကြောင်းပြပညာဆရာကြီးများက မိန်းမများ၏အလှသည် မူလအားဖြင့် ကျန်းမာခြင်းပေါ်၌တည်ရှိသဖြင့် ထိုကျန်းမာမှုရရှိရန်ကိုလည်းအခြားဆေးများထက် ကမ္ဘာ့နီယာမဆေးများဖြစ်ကြသော နေရောင်ခြည်၊ လေကောင်းလေသန့်၊ နစ်မြိုက်စွာအိပ်ခြင်း၊ သန့်ရှင်းသော ရေနှင့် ကြေလွယ်သော အစားအစာတို့ဖြစ်ကြောင်းနှင့် ရေးသားဖော်ပြထားလေသည်။

ဂျာနယ်ကျော်မဂ္ဂဇင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ (၆)ရက်။

# ရှုပ်ထွေးသောပါတနာနှစ်ယောက်

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ လွန်ခဲ့သော ၁၉၄၀-၄၁ခုနှစ်လောက်က ကျွန်တော်နှင့် ကိုစန္ဒာဆိုသူတို့သည် အင်းစိန်ထောင်အတွင်းတွင် အကျဉ်းသားများအဖြစ်ဖြင့် နေခဲ့ကြဖူးရာ ကိုစန္ဒာမှာ လက်သမားအလုပ်တွင် ကောင်းစွာကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း လက်သမားရုံဘက်တွင် "ခေါင်း" အဖြစ်ဖြင့်လုပ်ကိုင်ရ၏။ ကျွန်တော့်မှာ လက်မှုပညာမတတ်သော်လည်း မြန်မာစာရေးတတ်ဖတ်တတ် ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည့်အတိုင်း ဒုတိယထောင်မှူး၏ ရုံးခန်းတွင် ရုံးလုလင်တစ်ယောက်သဖွယ် တောက်တိုမည်ရဆောင်ရွက်ရ၏။ အချို့သူများမှာမြန်မာစာကိုကောင်းစွာရေးတတ်ဖတ်တတ်သည်မှန်သော်လည်း စကားအပြောအဆိုဘက်၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံရေး၌လည်းကောင်း၊ ကျွန်တော့်ကို မမီသဖြင့်ထိုရာထူးကို ကျွန်တော်ရရှိခဲ့ခြင်းဖြစ်၏။ ဒုတိယထောင်မှူးမှာ ကုလားကပြားတစ်ယောက်ဖြစ်၍မြန်မာစာနှင့်မြန်မာမှုများကို ကျွမ်းကျင်သူတစ်ယောက်မဟုတ်ရကား သူမသိသောနေရာများ၌ ကျွန်တော်ကပင် ရှေ့ကနေ၍အလိုက်သိစွာ ဆောင်ရွက်ပေးရ၏။ အလုပ်ဝတ္တရား



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သော သူ၏ဟာဟီရက်ကိစ္စများကို ကျွန်တော်က ဆောင်ရွက်ပေးရ၏။ သို့နှင့် သူသည် ကျွန်တော့်အား သနားချစ်ခင်ပြီးလျှင် ရသင့်ရထိုက်သော ကျွန်တော်၏ လစာကလေးအပြင် ၎င်းထံမှ တစ်လလျှင် ငွေ၁ကျပ်နှင့် ဆေးပြင်းလိပ် ၅လိပ် ရရှိလေသည်။

ဒုတိယထောင်မှူးမှာ လက်သမားရုံကို အုပ်ချုပ်ရသည့် လက်သမားခေါင်းဖြစ်သူ ကိုစန္ဒာနှင့် မပြေပြစ်မှုများရှိသောအခါ ကျွန်တော်ကပင် သူတို့ချင်း နားလည်မှုရလေအောင် ဆောင်ရွက်ပေးရသဖြင့် ကိုစန္ဒာသည် ကျွန်တော့်အပေါ်၌ များစွာကျေးဇူးတင်ပြီးလျှင် ထို့ကြောင့်လည်း ကျွန်တော်နှင့် ကိုစန္ဒာတို့မှာ ပိုမိုရင်းနှီးခဲ့လေသည်။ ကိုစန္ဒာမှာ အရပ်ပု၍ ခပ်ပိန်ပိန်လူတစ်ယောက်ဖြစ်ရာ အသားလည်း အတန်ငယ်ညို၏။ လူချင်းတွေ့လျှင် ချိုသာသောမျက်နှာနှင့် အောက်ကျို့သော မျက်နှာထားကို ထားတတ်၏။ ဆင်းရဲပင်ပန်းသော ဘဝအတွေ့အကြုံများကို ကောင်းစွာနားလည်ပြီးဖြစ်သည့် အမူအရာရှိ၏။ လက်သမားဘက်၌လည်း ကောင်းစွာကျွမ်းကျင်ပြီးလျှင် စားပွဲဗီရိုကုလားထိုင်စသည့် အိမ်ထောင်ပရိဘောဂများကိုပင် အတော်အတန် ချောမောသေသပ်စွာ လုပ်ကိုင်နိုင်၏။

ကိုစန္ဒာမှာ နှုတ်မှုပညာထက် လက်မှုပညာတွင်ပို၍ ကျွမ်းကျင်သည်ဆိုသော်လည်း အတွေးအခေါ်အကြံအစည်များ၌မူ ကျွန်တော့်ထက်ပင် သာသေး၏။ မည်သည့်နေရာ၌မဆို လျှို့ဝှက်သိုသိပ်သည်းစွာ ကြံစည်တတ်၍ တီထွင်ဖန်တီးသည့် ဉာဏ်ထက်မြက်သူတစ်ယောက်လည်း ဖြစ်လေသည်။

ကျွန်တော်သည် ရိုက်မှုဖြင့် ထောင်ဒဏ်တစ်နှစ်နှင့် ခြောက်လကျခံခဲ့ရစဉ် ကိုစန္ဒာနှင့် တွေ့ခြင်းဖြစ်ရာ ကိုစန္ဒာမှာမူ အခွန်တော်ကို အတင်းအကျပ်တောင်းသော မြို့အုပ်တစ်ယောက်အား ဓားနှင့်ခုတ်သဖြင့် ထောင်ဒဏ်သုံးနှစ်ကျခံခဲ့ရသူဖြစ်၏။ ကျွန်တော်ထောင်ကျစဉ်က ကိုစန္ဒာထောင်ထဲသို့ ရောက်နေသည်မှာ တစ်နှစ်မျှပင် ရှိနေပြီဖြစ်၍ အတော်ပင် ထောင်ရည်ဝလျက်ရှိလေပြီ။ သတ္တိတွင်လည်း ကိုစန္ဒာသည် ခေသူတစ်ယောက်မဟုတ်ပေ။ ကျွန်တော်တို့နှစ်ယောက်စလုံးပင် လိမ်လည်မှု၊ ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ မုဒိမ်းမှု စသော အကျင့်စာရိတ္တ ပျက်ပြားစေသည့် အမှုမျိုးဖြင့် ထောင်ကျခြင်းမဟုတ်ဘဲ





လူတစ်ဖက်သားအား နိုင်ထက်စီးနင်းလုပ်သည်ကို ခံပြင်းသဖြင့် လက်ရောက်ကျူးလွန်မိသောကြောင့်သာ ထောင်ထဲသို့ ရောက်ခဲ့ကြခြင်းဖြစ်ရာ ကျွန်တော်တို့မှာ ထိုအချက်နှင့်ပင် အခြားသော အကျဉ်းသားများအပေါ်တွင် ဂုဏ်ယူလျက် ရှိနေခဲ့ကြလေသည်။

တစ်ခုထူးဆန်းသည်မှာ ကျွန်တော်သည် တစ်နှစ်နှင့် လေးငါးနီးပါးမျှ ထောင်ထဲတွင် ကိုစန္ဒာနှင့်အတူ ရှိနေစဉ်အတွင်း မတော်တဆဖြစ်ပွားမှုများ (၅) ကြိမ်မျှဖြစ်ခဲ့ဖူးရာယင်းကဲ့သို့ဖြစ်တိုင်း ကိုစန္ဒာသည် အနီးပတ်ဝန်းကျင်၌ရှိနေသော်လည်း ၎င်းအား မည်သည့်အခါမျှ ထိခိုက်သည်မရှိဘဲ လွတ်မြောက်သွားသည်ချည်းသာဖြစ်၏။

တစ်နေ့သ၌ မျက်နှာဖြူထောင်ပိုင်ကြီးသည် လက်သမားရုံကို လာရောက်စစ်ဆေးရာ သစ်သားကြမ်းများနှင့် ပျဉ်ချပ်များထားသော ဂိုဒေါင်အတွင်းသို့ ကိုစန္ဒာနှင့်အတူ ရှေ့ဆင့်နောက်ဆင့်လျှောက်၍ကြည့်ရှုစဉ် လေးပတ်လည် ပျဉ်းကတိုးတိုင်တစ်လုံးသည် ခပ်မတ်မတ်ထောင်ထားရာမှ ရုတ်တရက် လဲကျလာရာ ထောင်ပိုင်ကြီးမှာ ဦးခေါင်းကိုလျင်မြန်စွာ ရှောင်လိုက်သောကြောင့်သာ အသက်ဘေးမှ သီသီကလေး လွတ်သွား၏။ သို့သော် လက်ယာဘက်လက်မောင်းတစ်လျှောက်လုံးမှာ တိုင်နှင့်ပွတ်၍ သွားသောကြောင့် အရေပြားများလန်၍ သွားပြီးလျှင် ဆေးရုံသို့ ၃ – ၄ရက်မျှ တက်ရောက်ကုသရလေသည်။ ဒုတိယတစ်ကြိမ်မှာ ထောင်မှူးကိုဘသော်ဆိုသူသည် ထောင်ပြာတာကုလား (၂) ယောက်၊ ထောင်သား (၄) ယောက်နှင့်အတူ လှိုင်မြစ်ထဲတွင် လှေမှောက်ခဲ့ဖူးရာ အကျဉ်းသား ၂ယောက်အနက် တစ်ယောက်မှာ ကိုစန္ဒာပင်ဖြစ်လေသည်။

ကျွန်တော်သည် ၁၉၄၁ ခု၊ ဖေဖော်ဝါရီလတွင် ထောင်မှလွတ်ခဲ့ရာ ထိုအခါက ကိုစန္ဒာမှာ ထောင်ထဲ၌ပင် ကျန်ရစ်ခဲ့သေး၏။ သို့သော် စစ်ဖြစ်လာသည့်အချိန်၌ အင်္ဂလိပ်များဆုတ်ခွာသွားစဉ် ထောင်ကိုဖောက်ထွက်သူများထဲ၌ ကိုစန္ဒာ ပါဝင်ခဲ့ပြီးလျှင် လွတ်မြောက်လာခဲ့လေသည်။

ထောင်မှလွတ်သည့်အချိန်မှစ၍ ကျွန်တော်သည် ကိုစန္ဒာနှင့်မတွေ့ဘဲ ရှိနေခဲ့သော်လည်း ၎င်းအားမကြာခဏ သတိရမိ၏။ သူ၏သတ္တိကောင်းပုံ၊ သူ၏



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်သိုသိပ်ပုံ၊ ထောင်သားအချင်းချင်း ပွင့်လင်းစွာ ဆက်ဆံတတ်ပုံများကို သတိရမိ၏။

စစ်ဖြစ်လာပြီးနောက် ကျွန်တော်အပါအဝင် ကျွန်တော်၏အစ်မ၊ ကျွန်တော်၏ယောက်ဖနှင့်ကျွန်တော်၏မိခင်ကြီးတို့သည် စစ်ဘေးဒဏ်မှဝေးရာ တောလက်ကျေးရွာများသို့ သွားရောက်ပြီးလျှင် ၄ – ၅နှစ်မျှဖြစ်သလိုစားသောက်နေထိုင်ခဲ့ကြ၏။ စစ်အတွင်းတွင်မိခင်ကြီးသေဆုံး၍ကျွန်တော့်အစ်မနှင့်ယောက်ဖသည် ရန်ကုန်သို့ပြန်သွားကာ အလုပ်လုပ်ကိုင်လျက် ရှိနေကြသော်လည်း ကျွန်တော့်မှာ လက်ပံတန်းတွင်အလွန်ချစ်ခင်သော သူငယ်ချင်းတစ်ယောက်နှင့်အတူ နေထိုင်ရင်းကျန်ရစ်ခဲ့၏။ သို့သော် အလုပ်အကိုင်တစ်စုံတစ်ရာမရှိဘဲ သူငယ်ချင်းအိမ်၌အချိန်ကြာ၍လာသောအခါ နေရပ်သို့ပြန်လိုသောစိတ်များ ပေါ်၍လာတော့၏။ ကျွန်တော့်မှာ ထောင်မကျမီက ဆိပ်ကမ်းအုပ်ချုပ်ရေးဘက်ဌာနတစ်ခုတွင် စာရေးတစ်ယောက်ဖြစ်သဖြင့်မြို့ကြီးပြကြီးများ၌နေဖူးသူများသည်တောနယ်များ၌အလုပ်မလုပ်ဘဲ မည်မျှပင် အေးချမ်းစွာ နေထိုင်ရသော်လည်း အချိန်ကြာလတ်သောအခါ ပျင်းရိငြီးငွေ့လာမြဲဖြစ်သည့်အတိုင်း ရန်ကုန်မြို့သို့ပြန်၍ လွမ်းဆွတ်လာတော့၏။ သို့နှင့် တစ်နေ့တွင် ကျွန်တော်လည်း အဝတ်အစားကလေးအနည်းငယ်ကို သားရေအိတ်တစ်လုံးအတွင်း၌ ထိုးထည့်ပြီးလျှင် ရန်ကုန်သို့ ဆင်းလာခဲ့လေသည်။

ညနေ ၅နာရီသာသာခန့်တွင် ရထားဆိုက်၍ ဘူတာကြီးမှ ပန်းဆိုးတန်းဘက်သို့ဆင်းခဲ့ရာ ထိုအခါမှ ဘူတာကြီးနှင့် မျက်နှာချင်းဆိုင် ဆူးလေ ဘုရားလမ်းမှ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း) အတွင်းရှိအဆောက်အအုံများပျက်စီးနေပုံကို တွေ့မြင်ရတော့၏။ ယခင်က ဆေးရောင်စုံခြယ်လှယ်ထားသည့်မြင့်မားသော တိုက်ကြီးများသည်လည်း မည်းမှောင်သောအုတ်နံရံနှင့် အုတ်ပုံများသာ ကျန်ရှိတော့သည်လည်းကောင်း၊ နေရာအနှံ့အပြား၌ တွင်းကြီးများဖြစ်၍နေသော ကတ္တရာစေး လမ်းများကိုလည်းကောင်း တွေ့မြင်ရ၏။ ကျွန်တော်ရောက်သော အချိန်က ယခုဗိုလ်ချုပ်လမ်းနှင့်စတော့ကိတ်လမ်း (သိမ်ဖြူလမ်း) များ၌ပင် လူသွားလူလာနည်းပါးလျက် ဘတ်(စ်)ကားများကိုလည်း များစွာမတွေ့ရသေးသဖြင့်





ကျွန်တော်လည်း အရှေ့ဘက်သို့ ခြေကျင်လျှောက်၍ လာခဲ့၏။ ကျွန်တော်၏ အစ်မနှင့် ယောက်ဖမှာ ကျောက်မြောင်းရပ်ရှိ ယခင်စစ်မဖြစ်မီက နေခဲ့ဖူးသော အိမ်၌ပင်နေထိုင်ကြကြောင်းကြားသိရသဖြင့်ကျွန်တော်လည်းစတော့ကိတ်လမ်း (သိမ်ဖြူလမ်း) သို့ ရောက်သောအခါ နံ့ကြီးပေါ်သို့တက်ကာ မြောက်ဘက်သို့ တဖြည်းဖြည်း လျှောက်လာခဲ့၏။ ဘန်ဂါလီစုတွင် ပြိုပျက်လျက်ရှိသော ကုလားဗလီတစ်ခုမှတစ်ပါး ထိုနေရာများတွင် မြို့ထဲမှာကဲ့သို့ အပျက်အစီး မများလှသည်ကို တွေ့ရ၏။

သို့နှင့်ရန်ကုန်မရောက်ဖူးသူတစ်ယောက်ကဲ့သို့လမ်း၏ဝဲယာဘက်သို့ ကြည့်ရင်းဦးအုန်းခိုင်လမ်းအတိုင်းတဖြည်းဖြည်းလျှောက်လာရာ တရုတ်သချိုင်းနှင့် မျက်နှာချင်းဆိုင် လမ်းတိုကလေးထိပ်တွင် ကျွန်တော့်ရှေ့မနီးမဝေးမှ ရှေ့သို့ လျှောက်သွားသော လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် ကျွန်တော်လည်း ထောင်ထဲတွင် မိတ်ဆွေဖြစ်ခဲ့ဖူးသော ကိုစန္ဒာကို ချက်ချင်းပြေး၍ သတိရမိ၏။ အဘယ်ကြောင့် ဆိုသော် ထိုသူမှာ ဝတ်ကောင်းစားလှများ ဝတ်ဆင်လျက် အတန်ငယ်ဝ၍နေသော်လည်း လမ်းလျှောက်ပုံ၊ လက်လွှဲပုံ၊ ဟန်အမူအရာမှစ၍ ကိုစန္ဒာနှင့် များစွာတူသောကြောင့်ဖြစ်၏။ ကျွန်တော် ထောင်မှလွတ်မြောက်စဉ်က ကိုစန္ဒာအား ထောင်မှလွတ်လျှင် မည်သည့်အရပ်၌ နေမည့်အကြောင်းကို မေးမြန်းဖူးရာ ကိုစန္ဒာက "ဘယ်ပြောနိုင်ဦးမလဲ ကိုအေးရယ်၊ ယောကျ်ားဆိုတာ ဖြစ်သလိုနေပေါ့၊ ကျုပ်ဇာတိက ပြည်မြို့ပေမဲ့ ပြည်ကိုတော့ ပြန်မယ် စိတ်မကူးပါဘူး။ ကျုပ်က သားမရှိ မယားမရှိ၊ ဆွေမရှိ မျိုးမရှိတစ်ကောင်ကြွက်မို့ ကျုပ်ကိုတော့ မမေးနဲ့၊ နေချင်ရာနေမှာပဲ သွားချင်ရာသွားမှာပဲ" ဟု ပြောလိုက်ဖူးသဖြင့် ထိုစကားများကို ပြန်၍သတိရမိ၏။

ရှေ့မှလျှောက်သွားသောသူသည်လမ်းကိုဖြတ်ကူးပြီးနောက်လက်ယာဘက်ရှိ အဆောက်အအုံ တစ်ခုသို့ဝင်သွားရာ ထိုအခါ၌ ကျွန်တော့်မှာ ရင်းနှင့်အတန်ငယ်ကပ်လာသည့်ပြင် မျက်နှာကိုလည်း ဘေးတိုက်မြင်လိုက်ရသဖြင့် ကိုစန္ဒာပင်ဖြစ်သည်ဟု ပို၍ထင်မိပြန်၏။ သူဝင်သွားသောအိမ်ကြီးမှာ တစ်ဖက်တွင်လူမနေသော ဂိုဒေါင်ကြီးတစ်လုံးတစ်ဖွယ်ဖြစ်၍ ရှေ့မျက်နှာစာနှင့် နံရံများ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပျဉ်ချပ်များ ပျဉ်ချောင်းများကို အချို့စုပုံ၍လည်းကောင်း၊ အချို့ထောင်၍လည်းကောင်း ထားရှိ၏။ သူဝင်သွားသော အခန်းအပေါ်တည့်တည့်တွင် ဆွဲချိတ်ထားသော အနက်ခံပျဉ်ပြားချပ်ပေါ်တွင် ဆေးဖြူဖြင့် "စန္ဒာနှင့် မြတ်ကောင်း၊ အသုဘကိစ္စများ တာဝန်ယူဆောင်ရွက်ပေးသူများ" ဟု ရေးသားထားသော ဆိုင်းဘုတ်ကို ရုတ်တရက်တွေ့မြင်လိုက်ရသောအခါမှ ကျွန်တော်လည်း အချိန်ကုန်ခံ၍ မနေတော့ဘဲ အိမ်ထဲသို့ ချက်ချင်းဝင်၍ လိုက်သွားလေသည်။

အိမ်တွင်းသို့ရောက်၍အိမ်ရှေ့ဘက်တွင် ဧည့်ခန်းကဲ့သို့အခန်းကလေးရှိရာ ၎င်းနှင့်ကပ်လျက်နောက်ဘက်တွင် ကုလားထိုင် ၂လုံးချထားသော စာရေးစားပွဲရှိ၏။ ထိုစာရေးစားပွဲ၏အခြားဘက် ကုလားထိုင်တွင် လူတစ်ယောက်သည် ကျွန်တော့်ဘက်သို့မျက်နှာမူ၍ထိုင်နေရာ ထိုသူကားအခြားသူမဟုတ်၊ ကျွန်တော်၏မိတ်ဆွေကြီး ကိုစန္ဒာပင်ဖြစ်တော့၏။ ကိုစန္ဒာမှာ ယခင်ထောင်ထဲတွင် တွေ့စဉ်ကကဲ့သို့ မည်းမည်း ခြောက်ခြောက် ကိုစန္ဒာမဟုတ်ဘဲ အသားအရေ စိုပြည်ပြီးလျှင် ဝဖြိုးလျက် သူဌေးဂိုက်ဖမ်းနေသော ကိုစန္ဒာဖြစ်လေသည်။

ကျွန်တော်သည် အံ့ဩလျက်ပင်ရှိသေးသော်လည်း "ဟော့လူ ကိုစန္ဒာ ကိုစန္ဒာ" ဟု ပြုံးရွှင်ရယ်မောရင်း ဟစ်အော်၍ခေါ်လိုက်မိ၏။ သူသည်လည်း ကျွန်တော်ကဲ့သို့ပင် အံ့အားသင့်လျက်ရှိရာမှ ကျွန်တော်၏မျက်နှာကိုမြင်ပြီးလျှင် အသံကိုလည်းကျက်မှတ်မိသည့်ဟန်ဖြင့် "ဟာ ကိုဘအေးပါလား၊ ဝမ်းသာလိုက်တာဗျာ။ ကိုဘအေး ကိုဘအေး၊ နေပါဦးခင်ဗျား ဘယ်လိုက ဘယ်လို ရောက်လာတာလဲ"

"ခင်ဗျားကော ဘယ်လိုက ဘယ်လိုရောက်နေတာလဲ ကိုစန္ဒာ"

"ပြောရမယ့် ရာဇဝင်က အရှည်ကြီး ကိုဘအေးရယ်၊ ဖြည်းဖြည်းပေါ့။ နေပါဦး သားရေအိတ်တွေ ဘာတွေနဲ့ ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ"

"ကျုပ်လား၊ တောကလာခဲ့တာလေ။ ကျောက်မြောင်းမှာ ကျုပ်အစ်မ မအေးစိန်နဲ့ ကိုစိန်လှိုင်တို့ ရှိတယ်ဗျ။ သူတို့က စစ်ပြီးပြီးချင်း ရန်ကုန်ရောက်လာပြီးအလုပ်လုပ်နေကြပြီ။ ကျုပ်သာ လက်ပံတန်းမှာ သောင်တင်ကျန်ရစ်ခဲ့ပြီးအီအီ အောအောနဲ့ ဘာမျှမဟုတ်ဘူး၊ တစ်နှစ်ကျော်ကျော်လောက် ကြာသွားတယ်။





နောက်တော့ မနေနိုင်တော့ဘူးဗျို့ ရန်ကုန်မှာနေဖူးတဲ့လူဟာ တောမှာကြာကြာ မနေနိုင်ဘူးကိုစန္ဒာရယ်၊ တော်တော်ကြာ ပျင်းလာတာပဲ။ ဒါနဲ့အလုပ်အကိုင်လည်း ရှာရင်း၊ အစ်မများ ယောက်ဖများနဲ့လည်း မတွေ့တာကြာတာနဲ့ သူတို့နဲ့တွေ့ရင်း လာခဲ့တာပဲဗျို့ အခုပဲ ရထားက ဆင်းလာတယ်"

"ခင်ဗျားအစ်မများက ဘယ်မှာနေသလဲ"

"ကျောက်မြောင်းက သီတာလမ်းထဲမှာဗျ၊ ဘတ်(စ်)ကား မတွေ့တာနဲ့ ခြေကျင်ဇလျှောက်လာတာ အခုခင်ဗျားနဲ့ လာတွေ့တာပဲ"

"နေရာကျလိုက်တာဗျာ၊ ဘတ်(စ)ကားနဲ့သာ ခင်ဗျားသွားရင် ကျုပ်နဲ့ တွေ့ချင်မှတွေ့မှာ"

"ဟုတ်တာပေါ့၊ ဒါထက် စစ်မဖြစ်ခင်က ခင်ဗျားနဲ့ကျုပ် အင်းစိန်မှာ နေခဲ့ရတဲ့အကြောင်းတွေ ခင်ဗျားအမှတ်ရသေးလား"

"ရပေါ့ဗျာ ဘယ်မေ့မလဲ၊ ခင်ဗျားနဲ့ အခုလိုလာတွေ့တော့ သာပြီးသတိရ သေးတယ်။ ခင်ဗျားကို ကျုပ်တစ်ခါတစ်ခါ သတိရတယ်ဗျ"

"ကျုပ်ကလည်း သတိရပါတယ်ဗျာ၊ ဒါထက် ခင်ဗျား အခုအလုပ်က ဘာလဲပြောစမ်းပါဦး"

"အသုဘခေါင်းတွေ လုပ်ရောင်းတဲ့အလုပ်လေ၊ အသုဘကိစ္စတွေမှာ တာဝန်ယူပြီး ဆောင်ရွက်ရတဲ့ အလုပ်ပေါ့"

"ကြံကြံဖန်ဖန်ဗျာ ခင်ဗျားမို့ ဒီအလုပ်လုပ်တယ်။ တခြားကန်ထရိုက် အလုပ်တွေ၊ အိမ်ရာဆောက်တဲ့ အလုပ်တွေ အများကြီးရှိမှာပေါ့။ နာမည်လည်း မကောင်းပါဘူးဗျာ"

"နို့ပေမဲ့မြတ်တယ်ဗျ၊ပြီးတော့ဒီအလုပ်ကိုလုပ်ဖြစ်တာကလည်းတခြား မဟုတ်ဘူး။ ကျုပ်မိတ်ဆွေ ကုလားသူဌေးတစ်ယောက်တွေ့တာနဲ့ သူ့အိန္ဒိယ ပြန်ခါနီး သူ့သစ်ဆိုင်နဲ့ဂိုဒေါင်ကို ကျုပ်ကိုတစ်ခါတည်းလွှဲထားခဲ့တာနဲ့ ကျုပ်လည်း စိတ်ကူးပေါက်ပြီး တော်တော်ကျွမ်းကျင်တဲ့ လူ၂ယောက်၊ ၃ယောက်ခေါ်ပြီး ဒီအလုပ် လုပ်ဖြစ်တာပဲဗျို့"

"အလုပ်က နိမိတ်မရှိတဲ့ အလုပ်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာနိမိတ်လဲဗျာ၊အဲဒါပဲခင်ဗျားတို့ခက်တာခင်ဗျားမသေဘဲနေမလား၊ ကျုပ်ကောမသေဘဲနေမလား။ လူဆိုတာ သေမျိုးချည်း မဟုတ်လားကိုဘအေးရဲ့ တရားနဲ့များစဉ်းစားစမ်းပါဦး။ဒီတော့ဒီအလုပ်ကိုမလုပ်ဘဲနေစရာ ဘာအကြောင်းရှိလဲ၊ဒီအလုပ်ကိုကျုပ်မလုပ်ဘဲနေလို့ရန်ကုန်က လူတွေမသေဘူးတဲ့လား။ဒီလိုဆိုရင် ကျုပ်ဆိုင်ကြီးကို ချက်ချင်းမီးနဲ့ရှို့ပစ်လိုက်ပါ့မယ်ဗျာ”

“ဒီလိုလဲ ဘယ်ဟုတ်မလဲ ကိုစန္ဒာရယ်”

“အေးဒါကြောင့်လည်းကျုပ် လုပ်တာပဲ။ ဒါနဲ့ ခင်ဗျားမပြန်နဲ့ဦးဗျို့ ညစာစားပြီးမှ အေးအေးဆေးဆေးသွားပေါ့။ တွေ့တဲ့အခိုက် ဘီယာကလေး ဘာကလေးနဲ့ နည်းနည်းပါးပါးငယ်မူပြန်လိုက်ရအောင်”

“မပြန်လို့ မဖြစ်ဘူးထင်တယ်ဗျာ၊ ကျုပ်အစ်မက မျှော်နေလိမ့်မယ်။ ဒီနေ့ညနေ ကျုပ်ပြန်လာမယ်လို့ စာရေးထားတာ”

“မျှော်မျှော်ပေါ့ဗျာ၊အလွန်ဆုံး တစ်နာရီခွဲ ၂နာရီကြာတော့မပေါ့။ ကျုပ်လိုက်ပို့ပါ့မယ်ဗျ”

“ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်သွားတတ်ပါတယ်”

ကိုစန္ဒာသည် ဂိုဒေါင်ဘက်မှ သူငယ်တစ်ယောက်ကို ခေါ်ပြီးလျှင် အရက်နှင့် စားသောက်ဖွယ်များကို ဘူတာရုံဘက်သို့ လွှတ်၍စက်ဘီးဖြင့် အဝယ်ခိုင်းရာ နာရီဝက်ခန့်အကြာတွင် ကျွန်တော်တို့လည်း ဝက်နံကင်နှင့် ဘဲကင်များကို ဘီယာနှင့် တမြမြမြည်းရင်း ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်လျက် ရှိကြကုန်၏။အင်းစိန်ထောင်တွင်နေခဲ့ကြရစဉ်က ဒုတိယထောင်မှူးသဘောကောင်းပုံ၊ ကျွန်တော်ရရှိသော ဆေးပြင်းလိပ်၅လိပ်အနက် ၂လိပ်ကိုကိုစန္ဒာအားခွဲဝေ၍ပေးပုံ၊ ကိုစန္ဒာလုပ်သော စိပ်ပုတီးကို အပြင်သို့ ထုတ်၍ရောင်းရသောငွေကို ကျွန်တော့်အား ခွဲဝေပေးပုံ၊ တစ်ကြိမ်က ကျွန်တော်တို့အား စောင်းမြောင်းဆဲဆိုသော ထောင်ပြာတာအားလက်သီးနှင့် ၂ယောက် ဝိုင်းထိုး၍အလုံထောင်တွင် (၇)ရက် ကျစီ ကျခံရပုံ၊ ကိုစန္ဒာ၏ လက်သမားရုံဘက်တွင် အသုံးပြုသော အရက်ပြန်နှင့် ရောစပ်ထားသည့်ပေါ်လစ်ဆီများကိုအရက်လုပ်၍သောက်ကြရပုံ၊မိမိတို့မှာ ရိုက်မှု





စားနှုတ်မှုဖြင့် ကျလာကြသူများဖြစ်သည့်အတိုင်း ခိုးမှု ရိုက်မှုဖြင့် ကျလာသူများ အပေါ်တွင် ဂုဏ်ယူခဲ့ကြပုံများကို ပြောဆိုလျက်ရှိကြကုန်၏။

ကိုစန္ဒာသည် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ညှိကာ အားပါးတရဖွာရှိုက်လျက် ရှိလေ၏။

“ခင်ဗျားနဲ့ ကျုပ်နဲ့လည်း မသေလို့ တွေ့ရတာပေါ့ဗျာ၊ စစ်ဖြစ်နေတုန်း ကျုပ်တို့နဲ့သိတဲ့ လူတွေထဲက သေလိုက်ကြတာ မနည်းဘူး မဟုတ်လားဗျ”

“ဟုတ်တာပေါ့ဗျာ”

“ဒါထက် ကျုပ်တို့ဟိုတုန်းက အကောင်တွေထဲက ဘယ်သူ့များ တွေ့သေးလဲ”

“ဘယ်သူ့မျှ မတွေ့ပေါင်ဗျာ၊ ခင်ဗျားကို အခုတွေ့တာ ပထမပဲ။ ခြော် ဒါထက် ဆိုင်းဘုတ်ပေါ်မှာ ခင်ဗျားနာမည်နဲ့အတူ တခြားနာမည်တစ်ခု မြင်မိသလားလို့”

“ဟုတ်တယ်လေ၊ စန္ဒာနဲ့ မြတ်ကောင်းလို့ ရေးထားတယ်။ ကိုမြတ်ကောင်းဆိုတာက ကျုပ်ရဲ့ပါတနာပေါ့၊ ငွေနည်းနည်းပါးပါးထည့်ပြီး သူက အစုစပ်ဝင်ထားတယ်”

“ခြော် သူက ဘယ်ကလဲ”

“အောက်ကပါဟာသာတလားပုသိမ်လားမသိဘူး။ရန်ကုန်ပြန်ရောက်မှ ကျုပ်နဲ့တွေ့ကြတာပဲ။ သူက သစ်ဝယ်တဲ့နေရာ အတော်ကျွမ်းကျင်တယ်ဗျ။ ဒါကြောင့် သစ်ဝယ်ပြီး ခွဲဖို့ဘက်က သူ့ကိုကြည့်ရှုစီမံဖို့ ထားရတယ်”

“ကောင်းသားပဲ တော်ရဲ့မဟုတ်လား”

“ဘာတော်တာ မေးတာလဲ”

“တော်တော်ရိုးသားရဲ့လားလို့ မေးတာပေါ့ဗျ”

“တော်တာကတော့ သူလုပ်တဲ့အလုပ်မှာ ဘယ်နေရာမျှအပြစ်ဆိုစရာ မရှိဘူး။အတွက်အချက်လည်းတော်တယ်။အရောင်းအဝယ်တော်တယ်၊ သူများရဲ့အလိမ်မခံရဘူး။ ရိုးသားတယ်ဆိုတာကတော့ ပြောဖို့အခက်သားကလား ကိုဘအေးရယ်။ နို့ပေမဲ့ အခုအချိန်ထိတော့ ဘာမျှ မဖြစ်သေးပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ရိုးတယ်ခေါ်ရမှာပေါ့"

"ဒီလိုရှိတယ်ကိုဘအေးရဲ့ငွေကြေးနဲ့ပတ်သက်ပြီးရိုးသားတယ်ဆိုတာ သူ့အဆင့်အတန်းနဲ့သူ ရှိတယ်။ လူတစ်ယောက်ဟာ တစ်ဆယ်ရိုးပေမဲ့ တစ်ရာကျတော့ ရိုးချင်မှရိုးမယ်။ ငွေတစ်ထောင်ကို မလိမ်ဝံ့တဲ့လူဟာ တစ်သောင်းနှစ်သောင်းကျတော့ လိမ်ချင်လိမ်တာပဲ။ ကျုပ်ကိုယ်ကျုပ် ဆန်းစစ်ကြည့်တယ်။ ကျုပ်ဟာ ငွေတစ်သောင်းနှစ်သောင်းဆိုရင် ဘာမျှအရေးမကြီး စိတ်ကိုမထိခိုက်ဘူး။ နို့ပေမဲ့ တစ်သိန်းဆိုရင်တော့ ကျုပ်ကိုယ်ကျုပ် မပြောတတ်ဘူး။ ဒါကြောင့် ကျုပ်ရဲ့ရိုးသားမှုကို တန်ဖိုးဖြတ်ရင် ငါးသောင်း ခြောက်သောင်းလောက် အဆင့်အတန်းထားရလိမ့်မယ်။ ဘယ့်နှယ်လဲ ကိုဘအေး ကျုပ်ပြောတာ"

"အပြောကဖြင့် ပိုင်ပါပေ့ဗျာ၊ ခင်ဗျားပြောတာလည်း ဟုတ်တာပဲ၊ ဒီလိုဆိုရင် လူတစ်ယောက်ရဲ့ရိုးသားမှုကို အဖျားအပူတိုင်းတဲ့ ပြဒါးချိန်နဲ့ တိုင်းယူရင် ရမလောက်ပဲဗျို့"

"ဟုတ်တာပေါ့ ကိုဘအေးရဲ့။ ဒါကြောင့် ကျုပ်ဖြင့် လူတစ်ယောက်ကို လုံးဝယုံကြည်စိတ်ချဖို့ အတော်စဉ်းစားတယ်"

ထို့နောက် ကျွန်တော်တို့လည်း နာရီဝက်ခန့်မျှ ဆက်လက်စကားပြောဆိုကြပြီးလျှင် တာမွေဘက်သို့သွားသော မြင်းလှည်းကလေးတစ်စီး အဆင်သင့်အခန့်သင့် တွေ့ရသည်နှင့် အစ်မအိမ်သို့ သွားလေ၏။ ကိုစန္ဒာသည် လမ်းပေါ်သို့ရောက်အောင် ကျွန်တော့်အား လိုက်ပို့၍ မြင်းလှည်းပေါ်သို့ တက်ခါနီး၌ပင် ကျွန်တော့်အား တစ်ရက်နှစ်ရက်အတွင်း တစ်ဖန်လာရောက်လည်ပတ်ရန် အထပ်ထပ်မှာကြားလိုက်လေသည်။ သူ၏နေအိမ်လိပ်စာကိုလည်း စာရွက်တစ်ရွက်ပေါ်တွင် ရေးပေးလိုက်သေး၏။

◈

နောက်တစ်နေ့၌ကျွန်တော်သည်ကိုစန္ဒာအိမ်သို့မရောက်ဖြစ်ဘဲရှိနေခဲ့၏။ တတိယနေ့နံနက်၌ ကျွန်တော်သည် အိပ်ရာမှထ၍ မျက်နှာသစ်ပြီးနောက် အိမ်ရှေ့ဧည့်ခန်းသို့လာခဲ့ရာ ကျွန်တော်၏ယောက်ဖကိုစိန်လှိုင်သည် သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိရာမှ သတင်းစာကို ကျွန်တော့်ဘက်သို့ လှမ်းပေးလိုက်





၏။ကျွန်တော်လည်းအိမ်ဖော်မိန်းကလေးလာ့ရောက်ချပေးသောလက်ဖက်ရည်ကိုသောက်ရင်းသတင်းစာကိုဖတ်လျက်ရှိရာဒုတိယစာမျက်နှာကိုလှန်လိုက်လျှင်လှန်လိုက်ချင်း ခေါင်းစီးစာလုံးမည်းကြီးများတပ်ထားသော အောက်ပါသတင်းကိုမြင်လိုက်ရသဖြင့် အတော်ပင် အံ့အားသင့်၍ သွားမိ၏။

| |
|---|
| အသုဘခေါင်းလုပ်သောဆိုင်မှ သံသေတ္တာကို ဖွင့်၍<br>ငွေ ၂၀,၀၀၀ခန့် ခိုးယူသွားခြင်း။ |

"ယမန်နေ့ညဲ့ ၈နာရီအချိန်ခန့်က လမ်း ၁၂၀ထိပ်အမဲဈေးအနီး အသုဘခေါင်းများ လုပ်ကိုင်ရောင်းချသော "စန္ဒာနှင့် မြတ်ကောင်း"ဆိုင်အတွင်းရှိ မီးခံသေတ္တာကို လူဆိုးများဖောက်၍ သေတ္တာအတွင်းမှ ငွေ ၁၉၉၇၀ကို ယူငင်သွားကြောင်း။ နောက်တစ်နေ့ နံနက် ၇နာရီတွင် ကိုစန္ဒာသည် နေ့စဉ်ဖွင့်နေကျအတိုင်း ဆိုင်ကို လာရောက်ဖွင့်လှစ်သောအခါ စာရေးခန်းတွင်ထားရှိသော မီးခံသေတ္တာအတွင်းမှအထက်ပါအတိုင်းငွေများပျောက်ဆုံးနေသည်ကိုတွေ့ရကြောင်း။ လူဆိုးများသည်နောက်ဆုံးပေါ်လျှပ်စစ်ဓာတ်ငွေ့ဖြင့်သော့အိမ်ကိုဖောက်ဖျက်ထားဟန်တူသည်ဟု ကိုစန္ဒာက တောင်လုံးပြန်ရဲဌာနတွင် သတင်းပေးတိုင်ကြားကြောင်း။ ရဲဘက်မှ အထူးအရေးယူစုံစမ်းနေကြောင်း"

ကျွန်တော်သည် ထိုသတင်းကို ၂ကြိမ် ၃ကြိမ်မျှ ထပ်မံ ဖတ်ရှုလျက်ရှိသဖြင့် ကျွန်တော်၏ ယောက်ဖကိုစိန်လှိုင်က –

"ကိုဘအေး ဘာသတင်းများ ဖတ်နေတာလဲဗျ"

"ခေါင်းလုပ်တဲ့ဆိုင်က သံသေတ္တာကိုဖောက်ပြီး ငွေနှစ်သောင်းနီးပါး ခိုးသွားတယ်ဆိုတဲ့ သတင်းပါဗျာ"

"ခင်ဗျားက ဒီလူသိလို့လား"

(ကျွန်တော်က ဟန်ဆောင်လျက်)"မသိပါဘူးဗျာ၊ ခင်ဗျားကော"

"ကိုစန္ဒာဆိုတာတော့ မသိပါဘူး၊ သူ့ပါတနာ ကိုမြတ်ကောင်းဆိုတဲ့လူတော့ ကျွန်တော် နည်းနည်းပါးပါးသိဖူးတယ်။ ဒီလူက လူလည်ဗျ၊ အင်္ဂလိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အကော်အသင့်တတ်တယ်။ သစ်အလုပ်ဘက်ကလည်း ကောင်းကောင်း ကျွမ်းကျင်သယ်။ ကျွန်တော်နဲ့ ဘုံဘေဘားမားမှာ လုပ်ဖူးလို့ ဒီလူ့အကြောင်း နည်းနည်းသိဖူးတယ်။ နို့ပေမဲ့ သတင်းစာထဲမှာတော့ သူ့အကြောင်းမပါဘူး မဟုတ်လား"

"မပါပါဘူး"

"ကိုစန္ဒာဆိုတဲ့လူကလည်း လူလည်လို့ ပြောတယ်။ ဒါထက် အလုပ်တိုက်မှာ ဒီလောက်ငွေများများထားတယ် ဆိုတာလည်း အံ့ဩစရာပဲဗျ။ ပြီးတော့ ဒီငွေရှိတာကို သူတို့အချင်းချင်းကလွဲလို့ ဘယ်သူမျှ သိမှာမဟုတ်ဘူး"

"အင်းတွေးစရာပေါ့ဗျာ၊ နို့ပေမဲ့ဒီလူ့အကြောင်းအရိပ်အမြွက်မျှသတင်းစာထဲတော့ မပါဘူး ကိုစိန်လှိုင်ရဲ့"

"ကျုပ်ကလည်း ထင်ကြေးပြောရတာပါဗျာ။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး လူလည်တွေချည်းဆိုတော့ ကျုပ်ပြောတာက တကယ်သူခိုးဖောက်တာပဲလား၊ တစ်ယောက်က တစ်ယောက်အပေါ်မှာညစ်ပြီး တစ်ပတ်ရိုက်တာပဲလား မပြောတတ်ဘူးလို့ ကျုပ်ထင်တာသာ ပြောတာပါ"

"လျှပ်စစ်ဓာတ်နဲ့ မီးခံသေတ္တာကို ဖောက်တယ်ဆိုတာကကော"

"ဒါက ဘာခက်တာလိုက်လို့ဗျာ၊ သံကိုစားတဲ့ ဝရဲမီးရှိတယ်ဗျ။ ဒီအရည်ကိုသုတ်ပြီး အိမ်ထဲမှာပလပ်တစ်ခုနဲ့ ဝိုင်းလုပ်ပြီး လေနဲ့မှုတ်တာမျိုးပဲ။ လွယ်လွယ်ကလေးပါဗျာ၊ ကိရိယာတန်ဆာပလာရှိရင် ကျုပ်တောင် လုပ်တတ်တယ်"

◈

ထိုနေ့ ကုန်လွန်ပြီး နောက်တစ်နေ့ညဌ် ကျွန်တော်သည် ကိုစန္ဒာနေသော(...)လမ်းရှိအိမ်သို့ သွားရောက်ရာ ကိုစန္ဒာအား အခန့်သင့်ပင် တွေ့ရ၏။ သူနေသောအခန်းမှာ အိမ်ထောင်ပရိဘောဂအနည်းငယ်ဖြင့် သင့်လျော်ရုံမျှ ပြင်ဆင်ထားသော ဥထပ်ရှိအခန်းဖာစ်ခန်းဖြစ်၍ တစ်ယောက်တည်းနေထိုင်ဟန် လက္ခဏာရှိလေသည်။





ကိုစန္ဒာသည် ကျွန်တော့်အား ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်ပြီး နောက် ကုလားထိုင်များပေါ်၌ ထိုင်မိကြသောအခါ ကိုစန္ဒာက –

"ကျုပ်ဖြင့် ခင်ဗျားမလာတော့ဘူးလားလို့ဗျာ"

"မလာဘဲ နေပါ့မလားဗျ၊ မနေ့က သတင်းစာထဲမှာ တွေ့ရကတည်းကကျုပ်ကလာချင်နေတာ၊ကိုစိန်လှိုင်ကအရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ရုံးခေါ်သွားတာ ညနေဝင်မှပြန်ရတယ်"

"ကိုစိန်လှိုင်ဆိုတာက ဘယ်သူလဲဗျ"

"ကျုပ်ယောက်ဖလေ၊ အင်း ခင်ဗျားအလုပ်တိုက်မှာ သူခိုးဖောက်တဲ့ ကိစ္စ ပြောစမ်းပါဦး။ မနေ့က သတင်းစာထဲမှာပါတဲ့အတိုင်း ငွေသောင်းရှစ်ထောင်ကျော်ပါသွားတယ်ဆိုတာ ဟုတ်လား"

"ဟုတ်တာပေါ့ဗျာ၊ ကျုပ်ကိုယ်တိုင် တိုင်ချက်ပေးတာပဲ"

ကိုစန္ဒာသည် အထက်ပါစကားများကို တစ်စုံတစ်ရာမ ဖြစ်သကဲ့သို့ ကျွန်တော့်အား အေးဆေးစွာပြောဆိုလျက်ရှိရာ ဤမျှလောက် ပစ္စည်းဥစ္စာဆုံးပါး သွားပါလျက် တစ်စုံတစ်ရာ တုန်လှုပ်ခြင်းမရှိဘဲ ဤကဲ့သို့အေးဆေးစွာနေနိုင်သည်ကို ကျွန်တော် ချီးကျူးမိ၏။ အံ့ဩလည်း အံ့ဩမိ၏။

"ခင်ဗျား တော်တယ်ဗျာ"

"ဘာတော်တာလဲ ကိုဘအေးရဲ့၊ ခင်ဗျားစကားက အရင်းမရှိ အဖျားမရှိပဲနဲ့"

"ဒီလောက်ပစ္စည်းပျောက်သွားတာတောင် ဘာမျှမဖြစ်သလို အခုလို အေးအေးဆေးဆေးနေနိုင်တာ ကျုပ် ချီးကျူးတယ်ဗျာ"

"ဘယ့်နှယ်လုပ်မလဲ ကိုဘအေးရယ်၊ ဖြစ်ပြီးသားကိစ္စ စိတ်ပူနေလို့ လည်း ဘာအကြောင်းထူးဦးမှာလဲ"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့ဗျာ"

"ပျောက်ပြီးသားဥစ္စာ နှမြောနေပေမဲ့ အလကားအပိုပဲ မဟုတ်လားဗျ၊ ရှေ့ကိုဆက်ပြီးဒီငွေအစားပြန်ရအောင် ငါဘယ်လိုအရောင်းအဝယ်အကြံအစည် လုပ်မယ်ဆိုတာ စဉ်းစားနေတာကမှ အကျိုးရှိဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဘယ်သူ့ကိုများ ထင်သလဲ၊ ဖြစ်ပုံပြောစမ်းပါဦး"

ထိုအခါ ကိုစန္ဒာလည်း သူ၏အလုပ်ဂိုဒေါင်ရှိ စာရေးခန်းအတွင်း တွင်ထားသော မီးအာမခံသံသေတ္တာအတွင်းမှ ယင်းငွေများ ပျောက်ဆုံးသွား ကြောင်း သံသေတ္တာသော့မှာ မိမိခါးတွင် အစဉ်မပြတ်ရှိနေကြောင်း၊ ဖောက်ထွင်း ခိုးယူသူသည် နောက်ဆုံးပေါ် လျှပ်စစ်အပူဓာတ်ငွေ့ဖြင့် သံမဏိပြားများကို ဖောက်ထွင်းနိုင်သည့် လက်နက်မျိုးဖြင့် သော့အိမ်ကိုဖျက်ဆီးပြီးလျှင် အတွင်းမှ ငွေများကို ယူသွားကြောင်း၊ အခြားဘက်ခန်း၌အိပ်သော ဂိုဒေါင်စောင့် သူငယ် လေးမှာ ထိုနေ့က ရုပ်ရှင်ကြည့်နေသဖြင့် ည ၉နာရီခွဲ ၁၀နာရီလောက်တွင် အိမ်သို့ ပြန်ရောက်ရာ သူခိုးဖောက်ထွင်းသည့်အချိန်မှာ ညနေ၆နာရီခွဲမှ ည၉နာရီခွဲအတွင်း ဖြစ်ရမည်ဟု ခန့်မှန်းရကြောင်းဖြင့် အစီအစဉ်အတိုင်း ပြောပြလေ၏။

"နေပါဦး၊ ဒီလောက် ငွေများများ ဘာဖြစ်လို့ ခင်ဗျားက အလုပ်တိုက်မှာ ထားရတာလဲ"

"ဒါကတော့ ခါတိုင်းလည်းထားတာပဲ ကိုဘအေးရယ်၊ နှစ်သောင်း သုံးသောင်းအထိတောင် အရင်ကထားဖူးတယ်။ ပြီးတော့ နောက်တစ်နေ့မှာ ဒီငွေနဲ့ ကိုမြတ်ကောင်းကို အလုံသစ်စက်လွှတ်မလို့ မနက်စောစော အဆင်သင့် ဖြစ်အောင် ထားမိတာပဲဗျို့"

"ဒါဖြင့် ဒီငွေထားတာကို မြတ်ကောင်းသိမှာပေါ့"

"အင်း သိချင်သိမှာပဲ၊ ဘာဖြစ်လို့လဲ"

"ဘာမျှမဖြစ်ပါဘူး၊ ဒါဖြင့် ခင်ဗျားပါတနာက လူလည်တစ်ယောက်ဆို"

ကိုစန္ဒာ၏ မျက်နှာမှာ ရုတ်တရက် ဖြူဖပ်ဖြူရော်ဖြစ်၍သွားသည်ဟု ကျွန်တော် ထင်လိုက်မိ၏။

"ခင်ဗျား ဘာမေးလိုက်တယ်ဗျ၊ ကိုဘအေး"

"တခြားမဟုတ်ပါဘူး၊ ခင်ဗျားနဲ့ အခုအလုပ်စပ်တူလုပ်တဲ့ ကိုမြတ် ကောင်းဆိုတဲ့လူက အင်မတန်လည်ပတ်တဲ့ လူတစ်ယောက်လို့ သတင်းကြား ရလို့ပါ"

"ခင်ဗျား ဒီသတင်း ဘယ်ကကြားရသလဲ"





"ဒီလိုဗျာ၊ ဒီလူရဲ့အကြောင်းကို ကျုပ်ယောက်ဖကိုစိန်လှိုင်က နည်းနည်း ပါးပါးသိတယ်ဗျ။ သူက စစ်မဖြစ်ခင် ဘုံဘေဘားမားမှာ လုပ်ဖူးလို့ အဲဒီ ကိုမြတ်ကောင်းဆိုတဲ့ လူကိုသိသတဲ့။ ကိုမြတ်ကောင်းဟာ အရင်က တောခေါင်း လည်းလုပ်ဖူးတယ်။ သစ်ကုန်သည်လည်းလုပ်ဖူးတယ်။ ဒါကြောင့် သစ်အလုပ်မှာ ရော အရောင်းအဝယ်အပြောအဆိုကစပြီး အင်မတန်မွှတ်တဲ့ လူတစ်ယောက် ဆိုတာ သူပြောလို့ သိရတာပဲ ကိုစန္ဒာရဲ့"

ကိုစန္ဒာသည် အဝေးသို့လှမ်း၍ ကြည့်ရှုနေသကဲ့သို့ တစ်စုံတစ်ရာကို စဉ်းစားသည့်ဟန်ဖြင့် တွေဝေလျက်ရှိလေ၏။

"ဟုတ်တယ်ဗျို့၊ ဒီလူမလာတာ ၂ရက်ရှိပြီ၊ ဒါပေမဲ့ တစ်ခါတလေ ဒီလူက ၂ရက် ၃ရက်ခရီးထွက်ချင် ထွက်သွားတတ်တယ်"

"သစ်စက်ကို လွှတ်မယ့်အကြောင်း ဟိုနေ့က ခင်ဗျား ပြောမထား မိဘူးလား"

"မထားမိဘူးဗျ၊ နို့ပေမဲ့ ခုလောက်ရှိ သတင်းစာထဲ တွေ့ရောပေါ့ဗျာ၊ ကဲ ဒါဖြင့် ဒီလိုလုပ်ကြစို့။ ပိုပြီးသေချာအောင် ခင်သိန်းရီဆီကို ကျုပ်တို့သွားမေး မယ်"

"ခင်သိန်းရီဆိုတာက ဘယ်သူလဲဗျ"

"ကိုမြတ်ကောင်းမိန်းပေါ့၊ မိန်းမချောတစ်ယောက်ပေါ့ဗျာ၊ အရင်နှစ်က ဒုတိယမယ်ဘွဲ့တောင် ရဖူးတဲ့မိန်းကလေးပေါ့"

ကိုမြတ်ကောင်းအိမ်မှာ ကျောက်မြောင်းမလွှကုန်းလမ်းအစွန်တွင် ရှိသဖြင့် ကျွန်တော်တို့လည်း မြင်းလှည်းကလေးတစ်စီးကိုငှားကာ ချက်ချင်းပင် သွားရောက်ရာ ကိုမြတ်ကောင်း၏ဇနီး ခင်သိန်းရီကို အခန့်သင့်ပင် တွေ့ရှိရ၏။ ခင်သိန်းရီမှာ နောက်ဖေးဆောင်မှ ထွက်လာပြီးလျှင် ကိုစန္ဒာအား –

"ဩော် အစ်ကိုကြီးလား။ လာပါ၊ ထိုင်ပါ ထိုင်ပါ"ဟု လောကွတ်ပျူငှာ ကြိုဆိုဖိတ်ခေါ်ပြီးနောက် ကျွန်တော်တို့အား နေရာထိုင်ခင်းပေးသဖြင့် ကျွန်တော် တို့လည်း ဧည့်ခန်းကုလားထိုင်ပေါ်တွင် ထိုင်ကြလေ၏။

"သူတော့ ဒီတစ်ခါ ကျွန်မကို ပစ်သွားတာပဲ အစ်ကိုကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားတာလဲ"

"ဘယ်သွားတာလဲမသိပါဘူးအစ်ကိုကြီးရယ်၊ အိမ်ပြန်မအိပ်တာ ၃ည ရှိပါပြီ။ ကြာသပတေးနေ့ညကကတည်းကစပြီးသူပြန်မလာတာပဲအစ်ကိုကြီးရယ်"

"ဒါဖြင့် အစ်ကိုကြီးအိမ် သူနိုးခိုးတဲ့ ညကတည်းကပေါ့"

ခင်သိန်းရီသည်မျက်ရည်ကလေးများလည်လာပြီးလျှင်မျက်လုံးများကို အင်္ကျီလက်ဖျားများဖြင့် မကြာခဏ တို့လျက်ရှိလေ၏။

"အရင်တုန်းကလည်း ဒီလိုပဲ သွားဖူးတယ် မဟုတ်လား"

"သွားဖူးပါတယ်၊ နို့ပေမဲ့ ဘယ်ကိုသွားမယ်ဆိုတာ ကျွန်မကို ပြောသွားတာချည်းပဲ"

"ကဲပါလေ၊ စိတ်မကောင်းတဲ့ဟာတွေ ရီရီဆက်ပြီး စဉ်းစားမနေပါနဲ့။ စိတ်ကိုခပ်အေးအေးထား။ ဘာပဲလိုချင်လိုချင်အစ်ကိုကြီးပြောပေါ့။ ဘာမျှအားငယ်စရာမရှိဘူး။ အစ်ကိုကြီးတစ်ယောက်လုံး ရှိသေးတယ်"

မခင်သိန်းရီ၏ မျက်နှာမှာ ကြည်လင်၍လာပြီးလျှင် ကိုစန္ဒာကလည်း လောကွတ်မျှမဟုတ်ဘဲ အကယ်ပင် လှိုက်လှိုက်လှဲလှဲ ပြောဆိုနေသည်ဟု ကျွန်တော်ထင်မိ၏။ ကိုစန္ဒာက အားပေးသည့်အနေဖြင့် ခင်သိန်းရီ၏လှပသော ပခုံးကလေးနှစ်ဖက်ကိုပင် ယုယစွာပုတ်လိုက်သေး၏။ ကိုစန္ဒာမှာ ငွေနှစ်သောင်းနီးပါးမျှ ခိုးယူခြင်းခံရသော်လည်း အနည်းငယ်မျှ တုန်လှုပ်ချောက်ချားခြင်း မရှိသည်ကိုလည်းကောင်း၊ ခင်သိန်းရီမှာလည်းလင်တစ်ယောက်လုံးပျောက်ဆုံးနေပါလျက် ဖျပ်ဖျပ်လူးပူပန်သောက မရှိလှသည်ကိုလည်းကောင်းတွေ့ရသဖြင့်ကျွန်တော်လည်း အတန်ငယ် အံ့အားသင့်၍ နေမိ၏။ ထို့နောက် ကျွန်တော်တို့လည်း ၁၀မိနစ်ခန့်မျှဆက်လက်စကားပြောပြီးလျှင်မြင်းလှည်းတစ်စီးဖြင့်ကိုစန္ဒာအကြံပေးသည့်အတိုင်း အိမ်သို့မပြန်ဘဲ ဘီယာကလေးများသောက်၍ ညစာစားရန် ကိုစန္ဒာ၏အလုပ်တိုက်သို့ လာကြလေ၏။

◈

ယခင်ကအတိုင်း ရှေးဟောင်းနှောင်းဖြစ်များကိုပြောရင်း ဘီယာများ သောက်၍တရုတ်ဟိုတယ်မှဟင်းများကိုမြိန်ရှက်စွာ စားသောက်လျက် ရှိကြရာ





၁၁နာရီ ထိုးခါနီးမှ ကျွန်တော်လည်း နာရီကိုကြည့်မိတော့၏။ ထိုအချိန်အတွင်း ကိုစန္ဒာသည် သံသေတ္တာအတွင်းမှ ငွေများ ခိုးယူခြင်းခံရသည့်ကိစ္စကိုလည်းကောင်း၊ ကိုမြတ်ကောင်း၏အကြောင်းကိုလည်းကောင်းတစ်စုံတစ်ရာ စကားစ၍ မပြောချေ။ ၁၁နာရီနှင့် ၅ မိနစ်ရှိသောအခါ ကျွန်တော်က –

"ကဲ ကိုစန္ဒာ၊ ၁၁နာရီတောင် ထိုးပြီပြီ။ ကျုပ် ပြန်မယ်"

"ဘာဖြစ်လို့ပြန်ရမှာလဲဗျ။ ကျုပ်တို့ရှေးဖြစ်နောက်ဖြစ် ဇာတ်စုံက အခုမှ စမှာပဲ"

"မဖြစ်ဘူးဗျာ၊ ကျုပ်အစ်မ အိမ်ကမျှော်"

ကိုစန္ဒာက အတန်ငယ်စိတ်ဆိုးသည့်ဟန်ဖြင့် –

"ကဲ ဒါဖြင့် ပြန်ချင်ပြန်ဗျာ၊ နို့ပေမဲ့ မပြန်ခင် ကျုပ် ဂိုဒေါင်ထဲလိုက်ပြီး ကျုပ်ဘယ်လို အလုပ်လုပ်တယ်၊ ကျုပ်တပည့်တွေရော ကျုပ်ကိုယ်တိုင်လုပ်တဲ့ လက်ရာတွေရော ဘယ်လိုပြောင်မြောက်တယ်၊ ခင်ဗျားပြောသလို နိမိတ်မရှိတဲ့ ကုန်တွေ လုပ်ပေမဲ့ ဘယ်လိုလက်ဝင်တယ်၊ ဘယ်လို အနုပညာပါတယ်ဆိုတာ ခင်ဗျားကြည့်သွားစေချင်တယ်။ ပြီးတော့မှ ခင်ဗျားပြန်ရမယ်"

"ကဲဗျာ၊ ခင်ဗျားကြည့်စေချင်လည်းကြည့်ရတာပေါ့"

ကိုစန္ဒာသည်စာရေးခန်းဘက်မှဂိုဒေါင်အတွင်းသို့ဝင်သောတံခါးကိုဖွင့်ပြီးလျှင် ကျွန်တော့်အား ခေါ်သွားရာ ကျွန်တော်လည်း မငြင်းသာဘဲ ၎င်းနောက်မှ လိုက်ပါသွားရလေ၏။

အချိန်မှာ ၁၁နာရီခွဲလုနီးပြီဖြစ်၍ အပြင်လမ်းမပေါ်မှ ကားသံလူသံများသည် တဖြည်းဖြည်းတိတ်ဆိတ်လာပြီးလျှင် တစ်ခါတစ်ရံ ဂိုဒေါင်ဘေးရှိလမ်းပေါ်မှ တစ်စင်းတလေဖြတ်၍သွားသောကားသံကလေးများကိုသာ ခပ်သဲ့သဲ့ကြားရလေ၏။ ဂိုဒေါင်မှာ အနံပေ၁၀၀၊ အလျားပေ ၈၀ခန့် ရှည်လျားမည်ထင်ရ၍ နံရံတစ်ဖက် တစ်ချက်တွင် သစ်သားစင်ကြီးများရှိပြီးလျှင် အချို့စင်များပေါ်၌ ခေါင်းများနေသား တကျတင်ထားလျက်၊ အချို့လည်း လက်စပ်အသပ်သေးဘဲ ကြမ်းပြင်ပေါ်တွင် လုပ်လျက်စအတိုင်းရှိလျက် အချို့လည်းဆေးသုတ်၍ အခြောက်ခံထားသည့် ဟန်ဖြင့် စင်များတန်းများတွင် ထောင်လျက်ရှိနေကြကုန်၏။ အတွင်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်လျှောက်မိသောအခါ အနက်ရောင် ဆေးသုတ်ထားသည့်၊ နိုင်ငံခြားသားများအသုံးပြုလေ့ရှိသော တစ်ဖက်ရှူးပုံသဏ္ဌာန်ရှိ ခေါင်းများအနက်ပေါ်တွင် ငွေပြားကိုပန်းဖောက်၍ ကပ်ထားသည့်ခေါင်းများကို သီးသန့်ထားရှိပြီးလျှင် အခြားတစ်ဖက်၌အပြီးမသတ်သေးသောခေါင်းနက်၄ – ၅လုံးကိုမြင်ရ၏။ ထိုနေရာတွင် ၁၀ပေ၊ ၁၂ပေခန့်ရှည်လျားသည့်ပေပျဉ်ကြီးများကိုလည်းတစ်ဖက်တစ်ချက်တွင် ထောင်၍ထား၏။

တစ်နေရာတွင် ငွေပြား ကြေးနီပြားများကိုပန်းဖောက်သည့် ကိရိယာတန်ဆာပလာများ၊ လက်ကိုင်နှင့်ဝက်အူတပ်သည့် ကိရိယာအမျိုးမျိုးများရှိကြ၏။ အချို့နေရာများ၌မူ အလုပ်လုပ်လက်စပျဉ်ပုံများရှိကြ၏။ အလုပ်ရုံမှာ အတော်ပင်ကြီးသောအလုပ်ရုံဖြစ်လေသည်။ ကိုစန္ဒာသည် ကြေးနီပြားနှင့် ငွေပြားကို ပန်းဖောက်ထားသည့်ခေါင်းအမျိုးမျိုးကိုပြရာ စကားတပြောပြောနှင့်လျှောက်သွားရာ ကျွန်တော်လည်း ၎င်းနောက်မှ ကပ်၍ပါသွားရလေ၏။

"ကဲ ကိုဘအေး၊ ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ အင်မတန်ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ၊ တစ်နှစ်ကျော်ကျော် အင်းစိန်ထောင်ထဲမှာ အတူတူနေခဲ့ဖူးကြတယ်။ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ပြီး တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီခဲ့ကြတယ် မဟုတ်လား"

"ဟုတ်တာပေါ့ ကိုစန္ဒာ"

"ဒီတော့ခင်ဗျားနဲ့ကျုပ်နဲ့အခုလိုမမျှော်လင့်ဘဲလာတွေ့တဲ့အခါကျုပ်မှာလည်း သူဌေးမဟုတ်ရင်တောင် ပစ္စည်းပစ္စယကလေး နည်းနည်းပါးပါးရှိတော့ မိတ်ဆွေတို့ဝတ္တရားအတိုင်း ခင်ဗျားကို လက်ဆောင်တစ်ခု ကျုပ်ပေးချင်တယ်။ ခင်ဗျားကလည်း လက်ခံရလိမ့်မယ်"

"ဘာလက်ဆောင်များလဲ ကိုစန္ဒာရယ်"

"ဟိုဘက်စင်ပေါ်မှာတင်ထားတဲ့ အင်္ဂလိပ်ခေါင်းတွေထဲက ခင်ဗျားကြိုက်ရာခေါင်းတစ်လုံး ခင်ဗျားအတွက် ရွေးပေတော့"

"မဟုတ်တာဗျာ၊ ကိုစန္ဒာကလဲ နိမိတ်မရှိ နမာမရှိ"





"လာပြန်ပြီလား ခင်ဗျားနိမိတ်၊ လူဆိုတာ သေမျိုးချည်း မဟုတ်လား ကိုဘအေးရဲ့၊ ခင်ဗျားတို့ ကျုပ်တို့အသက်လေးဆယ်ကျော်လို့ ငါးဆယ်တွင်းရောက်လာပြီ။ သေဘက်ကိုနီးလာပြီ။ ဒီလောက်မှတရားမရသေးဘူးလား။ ခင်ဗျားကိုခင်ဗျားမသေဘူးဆိုချင်တာလား"

"မဆိုချင်ပါဘူးဗျာ၊ ဒါပေမဲ့ မသေခင်က ခေါင်းဝယ်ထားရမယ်ဆိုတော့"

(စကားမဆုံးမီ ကိုစန္ဒာက ကြားဖြတ်၍) "ခင်ဗျားတို့ အဲဒီလိုအယူသီးမှုတွေ ခက်နေတာပဲ။ မသေခင်ကတည်းက သူတို့အတွက်ခေါင်းကို အော်ဒါလုပ်ထားတဲ့ လူတွေ ၃ – ၄ယောက်ရှိတယ်။ ဝန်ကြီး ဦးထွန်းအုံဗျာ၊ အခရေးပိုင် ဦးကျောက်ခဲဗျာ၊ သတင်းစာဆရာဦးဟန်ရှိန်ဗျာ၊ ပြီးတော့ လမ်းဝန်ထောက်မစ္စတာမက်ကေးဗျာ၊ ကဲ ဒီလူတွေ ဘယ့်နှယ်လုပ်မလဲ"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားလက်ဆောင် မလိုချင်ပါဘူးဗျာ"

"မဟုတ်ဘူး ကိုဘအေး၊ ခင်ဗျားကျုပ်ပေးတာမယူရင် ကျုပ်စိတ်ဆိုးပြီးသားပဲ။ ကဲ လာ ဟောဒီဘက်တန်းလျှောက်ကြည့်ရင်း ခင်ဗျားကြိုက်တဲ့ ခေါင်း တစ်လုံးရွေးပေတော့။ ဟိုဘက်က အရောင်ခပ်ဖြူဖြူကနော့သား၊ ဟိုဘက်က တောင် ထင်းရှူးခေါ်တယ်။ အထက်မြစ်ကြီးနားနယ်မှာ ပေါတယ်။ ဒီဘက်တစ်လုံးက ကျွန်းသားပေါ့။ ဒီဟိုဘက်က ငွေပြားတပ်ထားတဲ့ခေါင်းက သျှားသား၊ အဲဒီဖက်က တစ်တန်းလုံးဟာ တန်ဖိုး ၂၅၀က ၄၀၀အထိတန်တယ်။ ကြိုက်ရာသာ ယူပေတော့"

ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက်က ဤမျှလောက်ဇွတ်ပြောနေသည်ကို မငြင်းလိုသဖြင့် စက်တစ်ခု၏အောက်နားတွင် ချထားသည့် အနက်ရောင်ပေါ်တွင်ငွေပြားကိုပန်းများဖောက်ကပ်ထားသောအင်္ဂလိပ်ခေါင်းပုံ ခေါင်းတစ်လုံးကို ညွှန်ပြလျက် "ကဲ ဒီခေါင်းယူမယ်ဗျာ" ဟု ပြောလိုက်လေ၏။ ခေါင်းမှာဘေးတစ်ဖက်တွင် အဖုံးနှင့်တွဲ၍ တင်ထားသော ပတ္တာ(၃)ခုရှိ၍ အခြားတစ်ဖက်တွင် ဒန်ရောင်သော့အိမ် ၂ခုရှိ၏။ သော့အိမ် ၂ခုမှာ အတော်ပင် ခံ့ညားထယ်ဝါ၍ ဂျာမနီမှလာသော ငွေဖြင့် ပြုလုပ်ထားကြောင်း၊ ထိုခေါင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖိုးငွေ ၄၀၀တန်ကြောင်း သိရှိရ၏။ ကျွန်တော်သည် ထိုခေါင်းကို လက်ညှိုးထိုးလျက် "ကဲ ဒီခေါင်းပဲ ကျုပ်ယူမယ်ဗျာ" ဟု ပြောလိုက်သောအခါ ကိုစန္ဒာလည်း မျက်နှာတစ်မျိုးဖြစ်သွားလျက် –

"ဒီခေါင်းတော့ မလုပ်နဲ့ဗျာ၊ ကျုပ်ပါတနာ ကိုမြတ်ကောင်းအတွက် သီးသန့်ပြီး သက်သက်လုပ်ထားတဲ့ခေါင်း"

"သူက ဒီခေါင်းကို ဘာလုပ်ရဦးမှာလဲဗျ"

"သူ့အတွက်ဆိုပြီး တမင်ရွေးထားတဲ့ ခေါင်းလေ၊ သူလိုချင်တဲ့အခါ ရအောင်"

ရှေ့သို့ စကားမဆက်မီ ကိုစန္ဒာသည် ပါးစပ်ကို ဖျတ်ခနဲပိတ်လိုက်ပြီးမှ တစ်ဖန်ဆက်လက်၍ –

"ကျုပ် ဘာပြောမိ လိုက် ပါလိမ့်၊ ယောင် လို့ ဗျို့ ယောင် လို့ ။ ကိုမြတ်ကောင်းမှ မရှိတော့ဘဲ ငွေယူပြီး ထွက်ပြေးနေပြီဥစ္စာ။ ကျုပ်တို့ ထားဖို့ မလိုတော့ပါဘူး။ ကဲ ယူပေတော့၊ ဒီခေါင်းလုပ်ထားပုံ ခင်ဗျားကြည့်စမ်း။ ငွေအစစ်ကို အပြားခတ်ပြီး ခေါင်းရင်းဘက်က အုံကြွနေအောင် ပန်းထုထားတာ ကျုပ်ကိုယ်တိုင် ထုတဲ့လက်ရာဗျ။ သော့အိမ်ကဂျာမန်လုပ်၊ အဖုံးကို ချလိုက်ရင် တစ်ခါတည်း ပိတ်သွားတယ်"

"ဒီလို စပယ်ရှယ်လုပ်ထားတာလည်း သူလိုချင်လို့ သူ့သဘောကျ လုပ်ပေးရတာပါဗျာ။ ဒီလူက ဘာကြောင့်များ ဒီလိုလိုချင်သလဲ မပြောတတ်ဘူး။ ကဲလေ အရှယ်ကော ခင်ဗျားနဲ့တော်ရဲ့လား စမ်းကြည့်ပါဦး"

ကျွန်တော်သည် ခေါင်းဖုံးကို သော့ပေါက်များတပ်ထားသည့် ဘက်မှ မ.ဖွင့်ရာ အဖုံးမှာ သော့ပိတ်ထားသည့်လက္ခဏာဖြင့် ဖွင့်၍မရဘဲ ရှိနေ၏။ ထိုအခါ ကိုစန္ဒာလည်း အတန်ငယ် ခေါင်းငုံ့ပြီးလျှင် –

"သော့က အလိုလိုကျပြီး ပိတ်နေတာဗျို့။ ဖွင့်ချင်ရင် ကျုပ်တို့ လက်ဆွဲသားရေအိတ်ကလေးတွေမှာ တပ်ထားတဲ့သော့လိုပဲ အပြင်က ကန့်လန့်ကလေးကို လက်ယာဘက်ကိုဆွဲထား၊ ပြီးအပေါ်မ.ပေးမှ ဖွင့်လို့ရတယ်" ဟု ပြောသဖြင့် ကျွန်တော်လည်း ကန့်လန့်ကလေးနှစ်ချောင်းကို လက်ယာဘက်သို့ တွန်းထားပြီး နောက် အဖုံးကိုမ၍ ဖွင့်လိုက်လေ၏။





အဖုံးဖွင့်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်းနောက်သို့ ခြေလှမ်းပြန်၍ဆုတ်ကာ "အလိုလေး ခင်ဗျား" ဟု အော်လိုက်မိ၏။

ခေါင်းအတွင်းတွင် ဘန်ကောက်လုံချည်၊ သက္ကလပ်တိုက်ပုံအကျႌ၊ ရှူးဖိနပ်အနက်တို့ဖြင့် ကျနစွာဝတ်ဆင်ထားသော လူတစ်ယောက်၏အလောင်းကိုတွေ့မြင်လိုက်ရသောကြောင့်ပေတည်း။ ကိုစန္ဒာကိုယ်တိုင်လည်း "ဟာ ကိုမြတ်ကောင်းပါလား" ဟု နောက်သို့အတန်ငယ်ဆုတ်ကာ လန့်၍အော်လိုက်သေး၏။

"ကိုမြတ်ကောင်း အလောင်းဗျ၊ ဘယ်လိုများ ဖြစ်ရပါလိမ့်ဗျာ။ ဪ ကိုမြတ်ကောင်း၊ ကိုမြတ်ကောင်း"

ကိုစန္ဒာကိုယ်တိုင်လည်း အတော်ပင် ထိတ်လန့်တုန်လှုပ်နေဟန်ရှိ၏။ ဆံပင်များကိုဖွ၍ဦးခေါင်းကို ကုတ်ကာ တည့်ည်းည်းတည့်ည့်ရှိနေပြီးနောက် နောက်ဆုံးတွင် "ကဲ ကိုဘအေး၊ ကျုပ်တို့ ဒီလိုကြည့်နေလို့ မဖြစ်ဘူးဗျို့၊ ဌာနာကို ချက်ချင်းအကြောင်းကြားမှပဲ။ တော်တော်ကြာ ကျုပ်အပေါ်တာဝန်ဖြစ်နေမယ်" ဟုပြောကာ ကျွန်တော့်အား ဂိုဒေါင်အပြင်သို့ လက်ကိုဆွဲခေါ်သွားလေ၏။ ထို့နောက် ဆိုက်ကားတစ်စီးအခန့်သင့်တွေ့ရသည်နှင့်ကျွန်တော်တို့လည်း ချက်ချင်း ပင်ရဲဌာနသို့သွားရောက်ကာကိုစန္ဒာကဖြစ်ပျက်ပုံအကျိုးအကြောင်းကိုတိုင်ကြား လေ၏။

ချက်ချင်းပင်ရဲမှူးတစ်ယောက်နှင့်ရဲသားနှစ်ယောက်လိုက်လာပြီးလျှင် အရပ်လူကြီးများအရပ်သားများအကူအညီဖြင့် ကိုမြတ်ကောင်း၏အလောင်းကို ရှိရင်းစွဲခေါင်းနှင့်အတူ ကားတစ်စီးဖြင့် တင်ယူသွားလေသည်။ ကိုစန္ဒာနှင့်တကွ ကျွန်တော့်ကိုပါ အမိကမျက်မြင်သက်သေများ ဖြစ်ကြသည့်အတိုင်း အတော်အသင့်မေးမြန်းပြီးနောက်နောက်တစ်နေ့နံနက်၁၀နာရီတွင်ဦးစန္ဒာ၏အလုပ်ခန်းသို့ လာရောက်စစ်ဆေးမည်ဖြစ်၍ သက်သေခံရန် အသင့်ရှိနေရမည်ဖြစ်ကြောင်းဖြင့် ရဲဌာနာမှူးက ပြောကြားလိုက်၏။

ထိုညဉ့် ကျွန်တော်သည် ကိုစန္ဒာ၏ အလုပ်ခန်း သံသေတ္တာအတွင်းမှ ငွေအတော်များများ ပျောက်သွားသည့်ကိစ္စမှစ၍ ကိုစန္ဒာ၏အကြောင်းကိုလည်းကောင်း၊ ထူးဆန်းစွာ ပျောက်ကွယ်သွားသော ကိုမြတ်ကောင်းအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ နောက်ဆုံး သူ၏ဂိုဒေါင်အတွင်း ခေါင်းတစ်လုံးထဲသို့ ကိုမြတ်ကောင်း၏အလောင်းထူးဆန်းစွာ ရောက်ရှိနေပုံကိုလည်းကောင်း စဉ်းစားလျက်ရှိရာ စဉ်းစား၍မရနိုင်ဘဲ အတော်ညဥ့်နက်မှ အိပ်ပျော်သွားလေ၏။

◈

နောက်တစ်နေ့နံနက် ရောက်ရှိနေ၍ ကျွန်တော်နှင့် ကိုစန္ဒာတို့အား ကိုစန္ဒာ၏ အလုပ်ခန်းတွင် ရဲမှူးဦးသိန်းနိုင်က စစ်ဆေးလေရာ ကျွန်တော်တို့နှင့်အတူ လက်သမားဆရာဦးပြုံးချို၊ ဂိုဒေါင်စောင့် မောင်ညွန့်တို့ကိုလည်း တစ်ဆက်တည်း စစ်ဆေးလေသည်။ ရဲမှူးဦးသိန်းနိုင်နှင့်အတူ လက်ရေးတိုသမားတစ်ယောက်က ကျွန်တော်တို့ အစစ်ခံချက်များကို လက်ရေးတိုဖြင့် ရေးသားမှတ်ယူ၏။

ကိုစန္ဒာကို ပထမမေးရာ ကိုစန္ဒာ၏ထွက်ချက်မှာ ယမန်နေ့ညတွင် တိုင်ချက်ပေးခဲ့စဉ်ကအတိုင်းဖြစ်၍ ကျွန်တော့်အားဆက်လက်မေးမြန်းလေသည်။

"ခေါင်းထဲမှာ ကိုမြတ်ကောင်း၏အလောင်းတွေ့တုန်းက ခင်ဗျားကိုစန္ဒာနဲ့အတူ ရှိနေတယ် ပြောတယ်။ ဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"ဒီမယ် မေးစမ်းပါရစေဦး ကိုဘအေးရဲ့ ဒီအချိန် ဒီအခါကြီးမှာ ခင်ဗျား ဘယ်လိုနည်းနဲ့ ဂိုဒေါင်ထဲ ကိုစန္ဒာနဲ့အတူ ရောက်နေတာလဲ"

ထိုအခါ ကျွန်တော်က ယမန်နေ့ည ညဥ့်ဦးယံတွင် အလည်အပတ်လာရောက်ကာ ကိုစန္ဒာနှင့်အတူ အရက်များသောက်၍ ညစာစားသောက်သည့်အချိန်မှစ၍ ကိုစန္ဒာက သူလုပ်သော လက်ရာများကို လိုက်ကြည့်ရန် ဖိတ်ခေါ်သည့်အတိုင်း ဂိုဒေါင်ထဲသို့သွားရောက်ပြီးလျှင် နောက်ဆုံး ကိုမြတ်ကောင်း၏အလောင်းကို အလွန်အဖိုးထိုက်တန်လှပသော ခေါင်းတစ်လုံးထဲမှ တွေ့ရသည်အထိ အစစ်ခံလေ၏။ အမှန်ကိုပင်ပြောသော်လည်း ကျွန်တော်၏စကားများကို ဦးသိန်းနိုင်သည် ယုံကြည်ရန်လက္ခဏာ မရှိချေ။ ထို့နောက် ကိုစန္ဒာအား မေးခွန်းထုတ်ပြန်လေသည်။

"နေပါဦးဗျ၊ လူသေခေါင်းမှာ အဖုံးကိုပိတ်လိုက်ရင် သော့မခတ်ဘဲနဲ့ ချောက်ခနဲ သူ့အလိုလိုပိတ်သွားတဲ့ သော့အိမ်ကို ထည့်ထားတာကို ကျုပ်စဉ်းစားနေတယ်။ ဒါဟာ ထည့်ရိုးထည့်စဉ် မဟုတ်ဘူးဗျ၊ ဟုတ်တယ် မဟုတ်လား ဦးစန္ဒာ"





"မှန်ပါတယ် ခင်ဗျာ၊ ထည့်ရိုးထည့်စဉ် မဟုတ်ပါဘူး"

"ဘယ်သူက အကြံပေးတာလဲဗျ"

"ကိုမြတ်ကောင်းကကို ပေးတဲ့အကြံပါခင်ဗျာ၊ ကျွန်တော် တစ်ဆိတ်အစီရင်ခံပါရစေ ရဲမှူးကြီးခင်ဗျား၊ ဒီကိုမြတ်ကောင်းဆိုတဲ့လူက တော်တော်ထူးဆန်းတဲ့ လူတစ်ယောက်ခင်ဗျ။ သူဝတ်တဲ့ အဝတ်အစားတွေ အင်္ကျီလုံချည်မှစပြီး သူများနဲ့မတူအောင် ဝတ်တတ်တယ်။ ဘာမဆို ထုံးစံမဟုတ်တာမှ သူကလုပ်ချင်တယ်။ ဥပမာ လက်ပတ်နာရီတောင် ၂လုံးဝယ်ပြီး အိမ်ချင်းလဲပြီးဝတ်တယ်။ ဘာမဆို သူများမသုံးနိုင်တဲ့ပစ္စည်း၊ အဲဒီလိုရှားရှားပါးပါးတွေမှ ကြံဖန်ပြီးသုံးတတ်တယ်။ ဒီခေါင်းလည်း သူကိုယ်တိုင်ပုံစံပေး၊ အတွင်းက သူကြိုက်တဲ့ ပန်းနုရောင်ကတ္တီပါခံပြီး ငွေချည်နဲ့ချုပ်ပေးရတယ်။ အပြင်ဘက်က အပေါ်ပိုင်းမှာ ကပ်ထားတဲ့ ပန်းဟာလဲ ဘယ်ခေါင်းက ပန်းပုံစံနဲ့မျှ မတူအောင် သူကိုယ်တိုင် ပုံစံဆွဲပေးလို့ ကျွန်တော်က ထုပေးရတယ်။ တကယ့် အနုပညာသမားတစ်ယောက် ပါပဲခင်ဗျာ"

"ဪ ဟုတ်လား၊ ဒီလူမျိုးတွေ ကျုပ်တွေ့ဖူးတယ်၊ ထူးရင်လည်းထူး ရှူးရင်လည်း ရှူးဆိုတဲ့ လူမျိုးပေါ့"

"သူ့ဖို့လုပ်ထားတဲ့ခေါင်းကိုလည်း သူ အင်မတန် နှစ်သက်တယ်ခင်ဗျ၊ မကြာမကြာ သွားကြည့်တယ်။ တစ်ခါတော့ အရက်တွေ အလွန်အကျွံမူးလာပြီး ခေါင်းထဲဝင်အိပ်နေတာ ကျွန်တော်တို့ မနည်းချော့မော့ပြီး အိမ်ပြန်ပို့ရပါရောလား ခင်ဗျာ"

"အဲဒါ ဘယ်တုန်းကလဲ"

"တစ်ည ကျွန်တော်တို့ အပြင်ထွက်လည်ပြီး နှစ်ယောက်အတူတူ ပြန်လာတုန်းက ခင်ဗျ၊ မကြာလှသေးဘူး"

"ကိုမြတ်ကောင်းက တစ်ခါတည်း တခြားထွက်သွားဖို့ အကြံအစည်ရှိတယ်လို့ သင်္ကာမကင်းဖြစ်စရာအကြောင်းများကော ရှိသလား"

"သူ့မိန်းမကပြောမှ ကျွန်တော် သိရတာပါပဲ ခင်ဗျာ"

"သံသေတ္တာထဲကငွေကိုကော သူပဲယူတယ် ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မထင်ပါဘူး ခင်ဗျာ"

"ကျေးဇူးတင်ပါတယ် ဦးစန္ဒာ၊ တော်လောက်ပါပြီ"

ထို့နောက် လက်သမားဆရာ ဦးအောင်ဖြိုးကို စစ်ဆေးလေသည်။

"ဦးအောင်ဖြိုး၊ ဒီမှာ လက်သမားအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်နီးပါးရှိပါပြီ ခင်ဗျာ"

ကိုမြတ်ကောင်းကိုနောက်ဆုံး ဘယ်တုန်းက မြင်လိုက်သလဲ"

"ကျွန်တော် မှတ်မိပါတယ် ခင်ဗျာ၊ သံသေတ္တာကို သူခိုးဖောက်တဲ့ညက ပါပဲ။ ညနေနေဝင်ခါနီး ကျွန်တော်အလုပ်ပြန်ခါနီးမှာ ကိုမြတ်ကောင်းက စာရေးခန်းထဲကို ခဏလာဖို့ ကျွန်တော့်ကို ခေါ်တယ်ခင်ဗျ"

"ဒီအချိန် ဦးစန္ဒာကော မရှိဘူးလား"

"ဆရာဦးစန္ဒာက အဲဒီနေ့ ခပ်စောစောပြန်သွားတယ်ခင်ဗျ။ မရှိဘူး"

"အင်း ပြောစမ်းပါဦး၊ သူ ဘာကိစ္စနဲ့ ခင်ဗျားကို ခေါ်တာလဲ"

ထိုအချိန်၌ အနီးတွင် ထိုင်နေသော ဦးစန္ဒာက ကြားဖြတ်၍ "အဲဒါ သေသေချာချာပြောပါ ဆရာဖြိုးရယ်၊ အရေးကြီးပါတယ်" ဟု ဝင်ပြောလေသည်။ သို့နှင့် ဦးအောင်ဖြိုးက ရဲမှူး၏မေးခွန်းကို ဆက်လက်ဖြေဆို၏။

"ဒီလိုပါ ခင်ဗျာ၊ အဲဒီည ၉နာရီခွဲအထိ အချိန်ပိုလုပ်ဖို့အကြောင်း၊ အချိန်ပို လုပ်ခလည်း ပေးမယ့်အကြောင်း ကျွန်တော် ထမင်းစားပြန်လာပြီး ၉နာရီခွဲတိတိမှာ ရောက်အောင်လာဖို့ ပြောပါတယ်"

"လုပ်ရမယ့်အလုပ်က ဘာအလုပ်လဲဗျ"

"ဒီဟာတော့ ကျွန်တော် မသိရပါဘူးခင်ဗျာ၊ အမှန်ပါပဲ၊ သူပြောတာက ၉နာရီခွဲတိတိမှာ ဂိုဒေါင်တံခါးကို ကျွန်တော်ရောက်အောင် လာရမယ်။ လာပြီး ရောက်တဲ့အခါ ဂိုဒေါင်အဝင်ဝမှာထားတဲ့ ဓာတ်မီးခလုတ်တွေကိုလည်း ဘယ်ခလုတ်မျှ မဖွင့်ရဘူးတဲ့ ခင်ဗျ၊ သူ့အတွက် လုပ်ထားတဲ့ ခေါင်းကို အပြင်ထုတ်ပြီး တစ်နေရာကို ယူသွားဖို့ ကျွန်တော့်ကို ခိုင်းပါတယ်ခင်ဗျာ"

"ဘယ်နေရာကို ယူသွားရမှာလဲ"





"ဘယ်နေရာရယ်လို့ အဲဒီတုန်းက မပြောပါဘူး ခင်ဗျာ၊ ကျွန်တော် လာတဲ့အခါမှ ဘယ်နေရာကို ယူသွားရမယ်ဆိုတာ ပြောမယ်လို့ပြောပါတယ်။ ဒီနောက် ကျွန်တော်သူ့ကို မတွေ့တော့ပါဘူး"

"ဘယ်လိုလို့ မတွေ့ပုံလဲ ပြောစမ်းပါဦး"

"ဒီလိုပါ ခင်ဗျာ၊ သူမှာတဲ့အတိုင်း ၉နာရီခွဲတိတိမှာ ကျွန်တော်တို့အလုပ်လုပ်တဲ့ ဂိုဒေါင်တံခါးဝကို ကျွန်တော်ရောက်လာပါတယ်။ ဒီအခါ ကိုမြတ်ကောင်းကို မတွေ့ရဘဲ တံခါးဝမှာ သူ့မိန်းမကို တွေ့ပါတယ်"

"သူ့မိန်းမကို ခင်ဗျားသိလို့လား"

"လူတော့ ကောင်းကောင်း သိပါတယ်ခင်ဗျာ၊ နာမည်တော့ မသိဘူး။ သူက ကျွန်တော့်ပခုံးဆွဲပြီး ဦးအောင်ဖြိုးကြီး ကျွန်မယောက်ျားကိုမြတ်ကောင်းမရှိဘူးလား။ ရှင်တို့ဒီမှာ နှစ်ယောက်သားတိုင်ပင်ပြီး ဘာလုပ်နေကြတာလဲလို့ မေးပါတယ်ခင်ဗျာ။ ဒါနဲ့ ကျွန်တော်က ဘာမျှမသိရတဲ့အကြောင်း ပြန်ပြောတော့ မိန်းကလေးဟာ သူ့ယောက်ျားကို ရှာပေးရမယ်။ ဂိုဒေါင်အတွင်းဘက်ထဲမှာ ရှိချင်ရှိမယ်။ အတွင်းဘက်ထဲကမီးလုံး သွားဖွင့်ပါဦးဆိုပြီး ကျွန်တော့်ခိုင်းတော့ ဂိုဒေါင်ထဲ ကျွန်တော်ဝင်သွားရပါတယ်။ ကျွန်တော့်စိတ်ထင်တော့ ဆရာကိုမြတ်ကောင်းဟာ သူ့မိန်းမအသံကြားတာနဲ့ လွတ်ရာရှောင်ထွက်သွားပြီလို့ ကျွန်တော်ထင်ပါတယ်။ ဒါနဲ့ အဲဒီလိုဂိုဒေါင်နောက်ပိုင်းခေါင်းတွေထားတဲ့နေရာနားက ဓာတ်မီးခလုတ်ရှိတဲ့နေရာသွားတော့ ကျွန်တော်လည်း မှောင်ထဲမမြင်မကန်းနဲ့ စင်တစ်ခုမှာ ထောင်ထားတဲ့ ပေပျဉ်ရှည်ကြီးတစ်ခု ဝင်တိုက်မိရာက ပျဉ်ချပ် ၄-၅-၆ချပ်ရော၊ နှစ်ပတ်လည် ၂လုံး ၃လုံးရောတစ်ခါတည်း "ဝုန်းခနဲ" ဆိုပြီး ပြိုကျပါလေရောခင်ဗျာ"

"မီးခလုတ်ကိုကော ဖွင့်သေးသလား"

"ဖွင့်ပါတယ်ခင်ဗျာ၊ မီးလင်းလာတော့ သူ့မိန်းမဟာ ချောင်ကြိုချောင်ကြားမကျန် ရှာပါတယ်။ ဒါပေမဲ့ ကိုမြတ်ကောင်းကို မတွေ့ရတော့ပါဘူး"

"ဒြော် တစ်ခုမေးပါရစေဦး၊ အဲဒီတုန်းက ကိုမြတ်ကောင်းအတွက် လုပ်ထားတဲ့ခေါင်းကိုကော သတိထားပြီး ကြည့်မိသေးလား"



www.burmeseclassic.com

www.burmeseclassic.com

"မကြည့်မိပါဘူး ခင်ဗျာ"

ထို့နောက် ဂိုဒေါင်စောင့်မောင်ညွန့်ဆိုသူ သူငယ်အား စစ်ဆေးလေသည်။ ကိုမြတ်ကောင်းအားမည်သည့်အခါက နောက်ဆုံးမြင်ရကြောင်းမေးမြန်းရာ မောင်ညွန့်က မိမိမြင်ရသောနေ့မှာ စာရေးခန်းမှ သူ့စိုးခိုးခံရသောနေ့ဖြစ်ကြောင်း၊ ထိုနေ့ညနေက မိမိသည် ရုပ်ရှင်ပွဲသို့ သွားမည်ပြုစဉ် စာရေးခန်းထဲသို့ ကိုမြတ်ကောင်းဝင်သွားသည်ကိုမြင်ရကြောင်း၊ ထိုအခါကိုမြတ်ကောင်းမှာ စာရေးခန်းရှိ ကုလားထိုင်များကိုပင်ဒယီးဒယိုင်နှင့်ကိုင်ထားသည်ကိုမြင်ရသဖြင့်ရင်းမှာအရက်များမူး၍ လာသည်ထင်ကြောင်း၊ ရုပ်ရှင်မှပြန်လာသောအခါ ၁၀နာရီခန့်ရှိပြီဖြစ်၍ ခါတိုင်းကဲ့သို့ပင် မိမိအခန်းသို့မိမိဝင်အိပ်ရာ နံနက်မိုးလင်းမှ နိုးကြောင်း၊ ညအချိန်များတွင်မည်သည့်အသံမျှဂိုဒေါင်အတွင်းမှမကြားရကြောင်း၊ အခြားတစ်စုံတစ်ရာ မသိကြောင်းနှင့် အစစ်ခံလေသည်။

အားလုံးသက်သေများစစ်ဆေးပြီးသောအခါရဲမှူးဦးသိန်းနိုင်က ကိုစန္ဒာအားယခုကိစ္စတွင် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြရန် မရှိကြောင်းဖြင့် ပြောပြလေ၏။ ကိုစန္ဒာနှင့် ကျွန်တော်တို့က ရဲအရာရှိများအား နံနက်စာ လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံလေသည်။

◈

လက်ဖက်ရည်ပွဲ ပြီးသောအခါ ဦးသိန်းနိုင်သည် ဆေးတံကို မီးညှိ၍ သောက်ပြီးနောက် ကိုစန္ဒာ၏ပခုံးကို ပုတ်လျက် –

"ဒါထက် ခင်ဗျားကို သတင်းကောင်းတစ်ခု ပြောရဦးမယ်။ ကိုမြတ်ကောင်း ဘယ်လို သေတယ်ဆိုတာ ကျုပ်နည်းနည်းရှင်းပါပြီ။ ဒါထက် ခင်ဗျား သံသေတ္တာထဲက ပျောက်သွားတဲ့ ငွေအကြောင်း ပြောရဦးမယ်။ ခင်ဗျား ပျောက်သွားတယ်ဆိုတဲ့ ငွေသောင်းရှစ်ထောင်ကျော်ကို ကျုပ်တွေ့ပြီဗျ"

ကျွန်တော်နှင့် ကိုစန္ဒာနှစ်ယောက်လုံးပင် ဦးသိန်းနိုင်၏စကားကို မယုံနိုင်သကဲ့သို့အံ့အားသင့်၍ကြည့်နေမိကြ၏။ ကိုစန္ဒာသည် ဝမ်းသာအားရ နေရာမှ ထကာ ဦးသိန်းနိုင်၏ လက်တစ်ဖက်ကို ဆွဲယမ်းလျက် –

"ဘာပြောတယ် ခင်ဗျ၊ ကျွန်တော့်ငွေတွေ ပြန်တွေ့ပြီဟုတ်စ"





"ဟုတ်တယ်ဦးစန္ဒာ၊ ကျုပ်တို့တွေ့ပုံက ကိုမြတ်ကောင်းရဲ့အင်္ကျီအိတ်ထဲက နည်းနည်းပါးပါးရတယ်။ ကျန်တဲ့ငွေ ၁၈၀၀၀တိတိကတော့ ခေါင်းအဖုံးအတွင်းဘက်က ချုပ်ထားတဲ့ကတ္တီပါအခံအောက်က အပ်ချည်ကြိုးနဲ့ သီချုပ်ထားပြီးအပေါ်က မမြင်ရအောင် အရောင်တူ ကတ္တီပါ လိုင်နင်ပြန်တပ်ထားတယ်"

"ကြံကြံဖန်ဖန်ခင်ဗျာ၊ ဒီလူ ဘာကြောင့် ဒီလိုလုပ်ပါလိမ့်"

"ကျုပ်အမြင်ကတော့ ဒီလူဟာ ဒီငွေနဲ့ တစ်ရပ်တစ်ရွာကို တစ်ခါတည်း လစ်မယ်။ ဒါကြောင့် လက်သမားဆရာကြီးကို နောရီခွဲချိန်းပြီး ခေါင်းကို အပြင်ရောက်အောင် ထုတ်ခိုင်းတာပေါ့"

"ဩော်"

"သေတ္တာထဲမှာ ငွေကိုဖောက်ယူတဲ့ညက သူဟာတော်တော်မူးနေတယ်။ သူမူးပြီး စာရေးခန်းထဲရောက်နေတယ်ဆိုတာ မောင်ညွန့်သက်သေထွက်ချက်က ထင်ရှားနေတာပဲ။ သံသေတ္တာထဲကငွေကိုရတဲ့အခါသူခေါင်းထဲက ကတ္တီပါဖုံးထဲကို ချက်ချင်းပဲ သူကိုယ်တိုင်ဝှက်ထားပြီးသူကိုယ်တိုင်နေသားတကျပြန်ချုပ်ထားလိမ့်မယ်။ နောက် အိမ်ကသူ့မိန်းလိုက်လာပြီး ဦးအောင်ဖြိုးနဲ့အတူ ဂိုဒေါင်ထဲဝင်ပြီးရှာကြတော့ သူ့ကို အစအနမျှမတွေ့ရတော့ဘူး။ ဒီအထိတော့ ကျုပ်တို့ရပြီ၊ ဒီနောက်ဖြစ်တာတော့ ကျုပ်တို့ကပဲ ဖြည့်စွက်ယူရမယ်"

"ဒီနောက်ဖြစ်တာတော့ သက်သေလည်း မရှိဘူး။ ဘယ်သူမျှလည်း မသိနိုင်ဘူး ခင်ဗျာ"

"ဒါကတော့ ဒါပေါ့ဗျာ၊ ကျုပ်တို့ရဲ့ ဉာဏ်အမီဆုံး ခန့်မှန်းခြေလို့ ဆိုရမှာပေါ့။ ကိုမြတ်ကောင်းဟာဂိုဒေါင်ထဲဝင်ပြီးငွေတွေကိုသူ့ခေါင်းထဲမှာဝှက်နေတယ်။ သူဟာ တော်တော်လည်း မူးနေတယ်။ ဒါကြောင့် အရင်တစ်ခါပြောတဲ့ အတိုင်း ကိုမြတ်ကောင်းဟာ အလွန်အကျွံမူးလာပြီဆိုရင် ခေါင်းထဲကိုဝင်ပြီး အိပ်ချင်ရင် အိပ်နေတတ်တယ်။ တစ်ခါက ဒီလိုအိပ်နေလို့ မနည်းချော့မော့ပြီး အိမ်ပြန်ပို့ရဖူးတယ်ဆို"

"မှန်ပါတယ် ခင်ဗျာ၊ ဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကျုပ်စိတ်ထင် ဦးအောင်ဖြိုးကို စောင့်နေရင်း ဦးအောင်ဖြိုး ရုတ်တရက် မလာနိုင်တာနဲ့ ခေါင်းထဲကိုဝင်ပြီး နေရင်းအိပ်ပျော်ရင်း ပျော်သွားမယ်"

"ဩော် ဟုတ်ပါရဲ့"

"ဒီရှေ့တော့ လွယ်ပါတယ်ဗျာ။ ကိုမြတ်ကောင်းမိန်းမကနိုင်းလို့ ဦးအောင်ဖြိုးက မျက်စိမှုန်မှုန်နဲ့ မှောင်ထဲစမ်းတဝါးဝါးသွားတော့ ထောင်ထားတဲ့ ဗျူဉ်ချုပ်တစ်ချုပ်ဝင်တိုက်မိတာပျဉ်၄၊၅၊၆ချောင်းတစ်ခါတည်းလဲသွားတယ်မဟုတ် လား။ ဘယ်အပေါ်လဲသလဲ သိလား"

"ဩော် လက်စသတ်တော့ ဦးအောင်ဖြိုး တိုက်မိလို့ လဲသွားတဲ့ ပျဉ်ချုပ်တွေဟာ ခေါင်းဖုံးပေါ်ကျတော့ ဖွင့်ထားတဲ့ ခေါင်းဖုံးဟာ တစ်ခါတည်းကျပြီး ပိတ်သွားတာနဲ့ တူတယ်"

"ဟုတ်ရမှာပေါ့ ဦးစန္ဒာ၊ ကျုပ်တို့ဒီအတိုင်းပဲ တွေးရမှာပေါ့"

ကိုမြတ်ကောင်း သေဆုံးမှု၌ စုံထောက်ရဲမှူးဦးသိန်းနိုင်၏ တွေးတော ယူဆချက်များကို ရဲဌာနာမှူးနှင့်တကွ ရုံးအမှုလိုက်ရဲအုပ်တို့ကပါ သဘောတူညီ ချက် လက်ခံကြလေသည်။ ယင်းတို့အား ထောက်ခံသည့် အခြားသက်သေ ထွက်ချက်တစ်ခုလည်း ရှိသေး၏။ ၎င်းမှာ အခြားမဟုတ် ကိုမြတ်ကောင်း၏ အလောင်းကို စစ်ဆေးသော ဆရာဝန်၏ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာ၌ –

"သေသူသည် အလွန်အကျွံ မူးယစ်နေသည်။ အစာအိမ်ထဲ၌ အလွန် ပြင်းသော အရက်များတွေ့ရသည်။ အဆုတ်ကိုခွဲစိတ်၍ကြည့်ရှုခြင်းအားဖြင့် လေ ကိုဝအောင် မရှူရခြင်းကြောင့် မွန်း၍သေဆုံးသည့်လက္ခဏာရှိကြောင်း" ဟု ရေးသားပါရှိလေသည်။

နောက်ဆုံး၌ အမှုကို "မတော်တဆဖြစ်ပွားသေဆုံးမှု" ဟူ၍ ယူဆကာ ပိတ်လိုက်သည်။

◈

ကျွန်တော်သည် အင်းစိန်ထောင်တွင် ကိုစန္ဒာနှင့် အတူရှိနေစဉ်က ကိုစန္ဒာ၏ အနီးပတ်ဝန်းကျင်တွင် မတော်တဆ ဖြစ်ပွားခဲ့သော အမှုများကို ပြန်၍ သတိရမိ၏။ ဤအချက်သည် ပထမအချက်ဖြစ်၏။ ဒုတိယအချက်သည်ကား





ကိုစန္ဒာသည် အမှုတစ်လျှောက်လုံး အစစ်ခံရာ၌ ကိုမြတ်ကောင်း၏ ခေါင်းတွင် အဖုံး ကိုချုံ့ဖြင့် အလိုအလျောက်ပိတ်သွားသော ဂျာမနီလုပ် သော့အိမ်များ တပ်ထား ခြင်းမှာ ကိုမြတ်ကောင်းကိုယ်တိုင်က အကြံဉာဏ်ဖြစ်ကြောင်း အစစ်ခံ၏။ သို့သော် ဦးအောင်ဖြိုးကမူ ယင်းကဲ့သို့ တပ်ဆင်ခြင်းမှာ ကိုစန္ဒာ၏ အကြံဉာဏ်ဖြစ်ကြောင်း ကျွန်တော်အား ပြောပြသဖြင့် သိရ၏။ အထက်ပါ အချက်နှစ်ချက်ကို ကျွန်တော် သည် စဉ်းစားလိုက်တိုင်း ကျွန်တော်၏ စိတ်ထဲတွင် အမျိုးမျိုး အဖုံဖုံ တွေးမိတော့ ၏။

မည်သို့ပင်ဖြစ်စေ နောက်ဖြလခန့်ကြာရှိသော အခါ ကိုစန္ဒာသည် ကိုမြတ် ကောင်း၏ ဇနီး မိန်းမချော ခင်သိန်းရီအား သိမ်းပိုက်လက်ထပ်လိုက်လေသည်။

အလင်းရောင်မဂ္ဂဇင်း၊ ၁၉၆၃ခု၊ ဧပြီလ။

www.burmeseclassic.com

www.burmeseclassic.com

# မိတ္ထူ

အာဖရိကမြောက်ပိုင်းပြင်သစ်နယ်ခြား၏စစ်စခန်းဗဟိုဌာနအဖြစ်ဖြင့် "အယ်လဂျီယာ" မြို့တွင်ထားရှိအပ်သော "ပြင်သစ်နယ်ခြားစစ်တပ်" (French Foreign Legion) မှာ ကမ္ဘာပေါ်တွင် အထူးထင်ရှားကျော်ကြားသော စစ်တပ်ဖြစ်လေသည်။ ၎င်းစစ်တပ်ရှိစစ်သားများမှာ နိုင်ငံပေါင်းစုံမှ လူမျိုးပေါင်းစုံပါဝင်၍ ကုန်သည်၊ လယ်လုပ်၊ တောသား၊ မြို့သား၊ လူဆိုးလူကောင်း၊ ဈေးသည်များ အလုပ်ကြမ်းသမားများ၊အိမ်ဖြေးများ၊ဝရမ်းပြေးများ၊သူခိုးဓားပြများနှင့် "ခြေသလုံးအိမ်တိုင်" လုပ်နေသူ တေလေဂျပိုးမှစ၍ ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံ အသီးသီးမှ လူအမျိုးမျိုးတို့ကို ဤစစ်တပ်တွင် တွေ့မြင်နိုင်လေသည်။

"ဆူဇီ" မြို့ကလေးမှာ အာဖရိကမြောက်ဘက် ပင်လယ်ကမ်းခြေတွင် အတော်အတန် သာယာစည်ကားသော မြို့ကလေးတစ်မြို့ ဖြစ်၍ကျူနစ် (Tunis) မြို့မှ မိုင် (၈၀) ခန့်ကွာဝေး၏။ ကျွန်ုပ်မှာ ထိုမြို့တွင် စခန်းချရသဖြင့် ပထမရောက်စတွင်မြို့ကလေး၏သာယာခြင်းကိုချီးကျူးမိလှမတတ်ရှိစဉ် ၂လမျှကြာလတ်သော် အခြားကျွန်ုပ်တို့တပ်သားများကဲ့သို့ပင် မြို့ကိုရွံရှာ၍လာတော့၏။ စစ်တပ်သို့ဝင်မိသည့် ဒုက္ခအမျိုးမျိုးမှန်သမျှရင်ဆိုင်တွေ့တော့၏။ အရာရှိများ၏ဟစ်အော်မာန်မဲ





ခြင်း၊ဒရိမ်းပြုခြင်း၊ သဲကန္တာရအရှိန်ဖြင့် မခံနိုင်အောင်ပူလောင်ခြင်း၊ မှက်ခြင်ယင်ရဲတို့ကိုက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သော အပြုအမူတစ်ခုကိုပြုလုပ်က အလုံထောင်တွင်အကျခံရခြင်း၊ ဒဏ်ပေးခြင်းခံရသောအခါများ၌စစ်ဝတ်စစ်စားဝန်စည်စလယ်များအပြင် သဲအိတ်တစ်အိတ်ကိုပါကျောပိုး၍နေပူကျဲကျဲတွင်လမ်းလျှောက်ရခြင်း စသည်တို့ကား "ပြင်သစ်နယ်ခြားစစ်တပ်" တွင်ပါဝင်သော စစ်သားတို့ တွေ့မြဲကြုံမြဲ ဒုက္ခမျိုးများပေတည်း။

တစ်နေ့၌ ကျွန်ုပ်မှာ ရုတ်တရက် ဝမ်းကိုက်ရောဂါ ဝင်ရောက်စွဲကပ်လာရာ ကျွန်ုပ်၏ဝတ္တုရားမှာ ရောဂါဖြစ်သည်နှင့်တစ်ပြိုင်နက် အကြောင်းကြားရမည်ဖြစ်သော်လည်း ဤကိစ္စကို ချက်ချင်းအကြောင်းမကြားဝံ့သေးချေ။ ကျွန်ုပ်တို့စစ်ဘက်တွင် ဆေးရုံသို့အကြောင်းမကြားဘဲ ကြိတ်မှိတ်၍ခံနေရသူပေါင်းများစွာရှိ၏။ အဘယ်ကြောင့်ဆိုသော် ဆေးရုံသို့ရောက်က ပြန်၍လာသူအလွန်နည်းပါးသောကြောင့် ဖြစ်လေသည်။ သို့သော် နောက်ဆုံး၌ ကျွန်ုပ်မှာ ခြေလက်ကိုမျှမသယ်နိုင်အောင်ရှိတော့သဖြင့် တိုင်စာရေးရတော့၏။ ထိုအချိန်၌ကား ရောဂါမှာ စစ်တပ်တွင် အနှံ့အပြားဖြစ်၍နေလေပြီ။ ကျွန်ုပ်၏ သူငယ်ချင်း "မက်ကင်း" မှာလည်းထိုရောဂါစွဲကပ်လျက်ရှိ၏။ သို့သော်သူကားအတန်ကြာ "ပေ" ၍နေသေး၏။

အဆုံးသတ်၌ ကျွန်ုပ်မှာ ဆေးအရာရှိထံတွင် အစစ်ခံရလေတော့၏။ အရာရှိက ကျွန်ုပ်အား - "ခင်ဗျားအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးလရှိပါပြီ"

အရာရှိသည် ကော်ပိုရယ် စစ်ဗိုလ်ဘက်သို့လှည့်ကာ ပြုံးလိုက်လေသည်။ ထိုအခါ စစ်ဗိုလ်က -

"အင်း ၃လဆိုတော့ကျုပ်တို့စစ်တပ်မှာ ကောင်းကောင်းကြီးကျင့်သားရပါပြီ"

အဖြေပေးရန်မလိုသဖြင့် ကျွန်ုပ်သည် တစ်စုံတစ်ရာပြန်၍ မပြောချေ။ အရာရှိနှင့်စစ်ဗိုလ်သည်တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ နှစ်နှစ်ခြိုက်ခြိုက်ရယ်မောလျက်ရှိကြ၏။ သူတို့အားဂရုမစိုက်သော်လည်းအတော်အတန်ထူးဆန်းသည်ဟု ကျွန်ုပ်တွေးမိ၏။ ဆေးဘက်ဆိုင်ရာအရာရှိနှင့် ကော်ပိုရယ်တို့မှာ ဤမျှ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရင်းရင်းနှီးနှီးပြောဆိုရယ်မောနေခြင်းမှာ စစ်ဥပဒေနှင့်ဆန့်ကျင်၏။ သူတို့အချင်းချင်းပြောဆိုရယ်မောပုံတို့တွင် လျှို့ဝှက်နက်နဲသော အချက်အလက်တစ်စုံတစ်ရာရှိရပေမည်။ ကျွန်ုပ်၏အတွေးကားကောင်းကောင်းကြီးမှန်တော့၏။

"ခင်ဗျားနာမည်ဘယ်သူလဲ"

ကျွန်ုပ်က အဖြေပေးလိုက်ရာ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

"ခင်ဗျားဟာ ပြင်သစ်စကားလည်း တတ်တယ်။ အာရပ်လိုလည်း ကောင်းကောင်းကြီး ပြောနိုင်တယ်။ ဟုတ်တယ် မဟုတ်လား အင်္ဂလိပ်ကြီးရဲ့"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကမ္ဘာစစ်ကြီးဖြစ်တုန်းက ကျွန်တော် အရှေ့နိုင်ငံတွေ ရောက်ခဲ့ဖူးပါတယ်"

"ကောင်းပြီ၊ ခင်ဗျားဟာ ကော်ပိုရယ်ဒူဗလင် လက်အောက်ဆေးရုံမှာ (၆)လ နေရမယ်၊ ခင်ဗျားနဲ့တော်တဲ့ အလုပ်သူပေးလိမ့်မယ်။ ခင်ဗျားဝါသနာပါတဲ့ အလုပ်မျိုးဆိုပါတော့"

သူတို့နှစ်ယောက်အချင်းချင်းကြည့်ကာ သွားဖြဲကြပြန်၏။ စစ်ဗိုလ်သည် ကျွန်တော့်အပေါ်တွင် ယခင်ကထက် မျက်နှာကိုချိုသာစွာ ထားလျက် –

"ကိုင်း ကျုပ်နဲ့ လိုက်ခဲ့ပေတော့"

သို့နှင့်ကျွန်တော်သည်ဆေးဘက်ဆိုင်ရာအရာရှိအားဆလံပေးပြီးလျှင် ကော်ပိုရယ်နောက်သို့ လိုက်သွားလေ၏။ စစ်ဗိုလ်သည် ဆေးရုံအတွင်းမှဖြတ်၍ ထောင့်တစ်ထောင့် အတော်ချောင်ကျသောနေရာရှိ အဆောက်အအုံကလေး တစ်ခုသို့ ခေါ်သွားလေ၏။ အတွင်းသို့ဝင်မိသောအခါ ခုတင်နှစ်လုံး၊ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိသော လူနေသည့်အခန်းတစ်ခန်းကို တွေ့ရ၏။ အခန်းကလေးမှာကျဉ်းပင်ကျဉ်းသော်လည်းသပ်ရပ်သန့်ရှင်းစွာပြင်ဆင်ထားလေသည်။ ထို့နောက် စစ်ဗိုလ်က ကျွန်ုပ်အား –

"ကောင်းပြီ ဗာရင်တန်၊ ဒီဟာ ခင်ဗျားနေဖို့ အခန်းပဲ ဆိုပါတော့"

သာမန်မကျန်းမာသော စစ်သားတစ်ယောက်သည် ဤအခန်းမျိုး၌ နေရန် အိပ်မက်ပင် မမက်ဖူးချေ။ သို့နှင့် ကျွန်ုပ်က –





"ဘယ့်နှယ်လဲ ခင်ဗျာ၊ ကျွန်တော်နေဖို့ဆိုတော့ ကောင်းလွန်းလှပါကလား ခင်ဗျာ"

"ဒီလိုကိုး မစ္စတာဗာရင်တန်ရဲ့ ခင်ဗျားကို ကျုပ်စောင့်ကြည့်နေတာ အတော်ကြာပြီဗျ၊ ခင်ဗျားဟာ တကယ်တော်တဲ့ နယ်ခြားစစ်သားတစ်ယောက်ပဲ။ ခင်ဗျားနဲ့ အရင်းနှီးဆုံးပေါင်းတဲ့လူကတော့ အမေရိကန်လူမျိုးမက်ကင်ဆိုတာ ကျုပ်သိတယ်။ သူ့ကိုလည်း မကြာခင် ကျုပ်တွေ့ရဦးမှာပဲ"

"ကျွန်တော် နားမလည်သေးပါဘူး ခင်ဗျာ"

ကျွန်ုပ်သည်မတ်မတ်ရပ်ကာအရိုအသေပြုလျက်ရှိ၏။ သူသည်ပြုံးရယ်ကာ ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက် –

"ဒီနေရာမှာ အရိုအသေပြုနေဖို့ မလိုတော့ပါဘူးဗျာ၊ ထိုင်ပါ ထိုင်ပါ"

"ဟုတ်ကဲ့"

"ခင်ဗျားကိုယ်ခင်ဗျား သက်သာအောင်နေပါလို့။ ဒီဗာရင်တန် ကျုပ်ပြောပြမယ်။ ဆရာဝန်က ခင်ဗျားကို (၆)လ ဆေးကုဖို့ အချိန်ပေးထားတာ မဆန်းဘူးလား"

"ဆန်းတာပေါ့ ကော်ပိုရယ်"

"ပြင်သစ် ဗဟိုသူလျှိုဌာနချုပ်ဆိုတာ ကြားဖူးလား"

"မကြားဖူးသေးပါဘူး ကော်ပိုရယ်"

ကျွန်ုပ်၏ ဦးနောက်များမှာ ချာချာလည်၍ သွားသကဲ့သို့ရှိတော့၏။ ကျွန်ုပ်က မကြားဖူးကြောင်း ပြောသောအခါ စစ်ဗိုလ်၏မျက်နှာမှာ အတန်ငယ်မဲ့၍ သွားသည်ဟု ထင်လိုက်မိ၏။

"မကြားဖူး ဟုတ်စ"

"ဟုတ်ကဲ့ မကြားဖူးပါဘူး ခင်ဗျာ"

"အင်း ... မကြားဖူးတာပဲ ကောင်းတယ်။ အသက်ရှည်နေချင်ရင် ဒီအကြောင်းဘယ်တော့မှလဲ မပြောနဲ့။ ကျုပ်ပြောတာကောင်းကောင်းနားထောင်စမ်း။ ဒီဗဟိုအသင်းကြီးရဲ့ ဆူဇီဌာနခွဲမှာ ကျုပ်လူကြီးပဲ။ ကျုပ်က ကော်ပိုရယ်နော်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ကျုပ်ကာနယ်လောက်ဖြစ်ရမယ်မဟုတ်လား၊ခင်ဗျားဘယ့်နှယ် ထင်သလဲ ဟား ဟား ဟား"

စစ်ဗိုလ်သည် အားရပါးရ ရယ်မောလိုက်လေ၏။

"ဒီတော့ခင်ဗျားကိုအဲဒီဗဟိုအသင်းကြီးရဲ့ကိုယ်စားလှယ်တစ်ယောက် ဖြစ်အောင် လုပ်ပေးရမယ်"

"ဒါပေမဲ့ ကျွန်တော် ကျွန် ကျွန်တော် ဘယ်လျှို့ဝှက်အသင်းရဲ့ ကိုယ်စားလှယ်မျှ မလုပ်ချင်ပါဘူး ခင်ဗျာ"

သူ၏မျက်နှာမှာ မည်းခနဲဖြစ်၍ သွားပြန်လေသည်။

"သို့သော် ဗာရင်တန် ခင်ဗျားမှာ ရွေးနေစရာမလိုတော့ ခင်ဗျားရော ခင်ဗျားသူငယ်ချင်းရော အသိပိုနေပြီ။ ဒီတော့ စိတ်ပါလက်ပါနဲ့ လက်ခံဖို့ပဲ ရှိတော့ တယ်။ ဒီလိုမှမဟုတ်ရင်"

သူသည်မျက်နှာကိုခပ်တင်းတင်းထားကာပခုံးနှစ်ဖက်ကိုတွန့်လိုက်၏။ သူဘာကိုဆိုလိုသည်ကို ကျွန်ုပ်နားလည်၏။ ကျွန်ုပ်တို့ တပ်သားတစ်ယောက် သေသွားသဖြင့် မည်သူက ဝမ်းနည်းဦးမည်နည်း။ တပ်သားတစ်ယောက်သေ၍ သွားခဲ့သော် သူ့နေရာတွင် အစားတစ်ယောက်ရောက်၍လာသည်မဟုတ်ပါ လော။

သိမ်းငှက်သည် အစာကိုကြည့်၍ နေဘိသကဲ့သို့ စစ်ဗိုလ်ကြီးသည် ကျွန်ုပ်အား ကြည့်ရှုလျက် ရှိ၏။ အာဏာရှိသူများ၏စကားကို ငြင်းပယ်သူများ၊ စစ်တပ်မှ မည်မျှလောက် ပျောက်ကွယ်သွားလေပြီနည်း။ ကျွန်ုပ်တွင် သာသာ ကြည်ကြည် လက်ခံရန်မှတစ်ပါး အခြားအကြောင်းမရှိချေ။

"ကောင်းပါပြီ ကော်ပိုရယ်၊ အလုပ်က (၆)လပဲ မဟုတ်လား ခင်ဗျ၊ အပြောင်းအလဲ ရတာပေါ့ ခင်ဗျာ၊ ကောင်းပါတယ်"

"သဘောကျလိုက်လေဗျာ ဒီလိုမှပေါ့၊ ဒါကြောင့်ကျုပ်လူကိုကျုပ်အကဲ ခတ် မမှားဘူးလို့ ထင်သားပဲ။ ကိုင်း ခင်ဗျားလက်ပုံစံကို ယူရမယ်။ ဓာတ်ပုံရိုက်ရ မယ်၊ အမည်နဲ့နေရပ်ကတ်ပြားလုပ်ရမယ်။ အဲဒီကတ်ပြားဟာခင်ဗျားလက်နက်ပဲ။ တကယ့်အရေးအကြောင်းရှိတဲ့အခါ တကယ်အသုံးကျတဲ့ ကတ်ပြားပေါ့။ ခင်ဗျား





အသက်နဲ့လဲပြီး စောင့်ရှောက်ပေတော့။ ရှိရှိသေသေလည်း စောင့်ရှောက်ရမယ် နော်။ အလွဲသုံးစားလည်း မလုပ်ရဘူး။ ဒါပေမဲ့ တကယ်အရေးပေါ်တဲ့အခါကျမှ သုံးရမယ်ဆိုတာ နားလည်ထားရမယ်"

"ကောင်းပါပြီ ကော်ပိုရယ်"

နာရီဝက်အတွင်း၌ပင် ကျွန်ုပ်မှာ ဂျူမ်းသစ္စာကျိန်ဆိုပြီး သူလျှိုအသင်း ဝင် တစ်ယောက်အဖြစ်သို့ ရောက်ခဲ့လေ၏။ စစ်ဗိုလ် ဒူဗလင်နှင့်အတူ အိမ်ခန်းသို့ ပြန်လာသောအခါ ကျွန်ုပ်လည်း မည်သို့မည်ပုံ မိမိအိမ်တွင် ဖြစ်ပျက်မည်၊ သူလျှို အသင်းကြီး၏မည်သည့်အလုပ်ကိုစွမ်းကို ဆောင်ရွက်ရမည်စသည်ဖြင့် စဉ်းစား တွေးတောရင်းလိုက်ပါလာမိ၏။ သို့သော် မည်သည့်နည်းနှင့်မဆို ကျွန်ုပ်၏ အခြေ အနေမှာ သာမန်စစ်သားတစ်ယောက်အဖြစ်ထက် တိုးတက်၍ကား လာခဲ့ချေပြီ။

အိမ်ခန်းသို့ပြန်ရောက်သောအခါကျွန်ုပ်တို့အတွက်အရက်များ၊သစ်သီး များ၊ လတ်ဆတ်သော အသားကင်များဖြင့် လွန်ခဲ့သော ၂လ.၃လအတွင်းမှစ၍ အိပ်မက်ပင် ထည့်၍မမက်ခဲ့ဖူးသည့် နံနက်စာအသင့်ပြင်ထားသည်ကို တွေ့ရ သဖြင့် ကျွန်ုပ်တို့လည်းမြိန်ရှက်စွာ စားကြရ၏။ ဤသို့ဖြင့် ကျွန်ုပ်မှာ အစစအရာရာ တွင် ပြောင်းလဲသွားသည်ကိုတွေ့ရ၏။ သို့နှင့်ကျွန်ုပ်မှာရှေ့၌မည်ကဲ့သို့ပင်တွေ့ကြုံ ရသည်ဖြစ်စေ အခိုက်အတန့်အားဖြင့် ငါသည် ကံကောင်းလေစွဟု စိတ်ထဲတွင် အောက်မေ့မိ၏။

"ဒီဟာ ခင်ဗျားအိမ်ပဲ မစ္စတာဗာရင်တန်၊ အလုပ်ဝတ္တရားနဲ့မှသွားရသမျှ မနက်စာရော ညစာရော ဒီမှာပဲ ခင်ဗျားကျုပ်နဲ့အတူ စားရမယ်။ ခင်ဗျား ပထမလုပ် ရမယ့်အလုပ်ကတော့ သိပ်ပြီးမလွယ်လှဘူး။ ဒါဟာ ခင်ဗျားကိုပထမစမ်းလိုက်တာ ပဲ။ မိန်းမတွေဘာတွေနဲ့တော့ အတော်လေဖြောင့်ရဲ့မဟုတ်လား။ လုပ်ရမယ့်အလုပ် က "မော်လတာကဖီး" မှာရှိနေတယ်"

"မော်လတာကဖီး" ဆိုသည်မှာ ဆူဖီမြို့ကလေးရှိ မိန်းမချော တစ်ယောက် အုပ်ချုပ်လျက်ရှိသော ဟိုတယ်ကလေးတစ်ခုဖြစ်၍ ကျွန်ုပ်သွားလာ ကျက်စားခဲ့သည့် "စားကျက်" လည်းဖြစ်လေသည်။

"မော်လတာကဖီးမှာ ဟုတ်လား ကော်ပိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

(အံ့အားသင့်လျက်) "မီတူးကို ပြောတာလား"

"ဟုတ်တယ်၊ အစစ်ပဲ ဗာရင်တန်။ တခြားသူမဟုတ်ဘူး၊ မီတူးပဲ။ ခင်ဗျားတို့သူ့ကိုကောင်းကောင်းသိမှာပေါ့။သိတယ်မဟုတ်လား။ပြီးတော့ခင်ဗျားကိုလည်းအတော် "ကျ" နေတယ်ဆိုဗျ။ဒီကောင်မ ကျုပ်သိတာ အတော်ကြာပါပြီ။ ခင်ဗျားလောက် ဘယ်တပ်သားကိုမျှ မျက်နှာချိုမပေးခဲ့ဘူးဆိုတာ ကျုပ်ဒီဌ သိတယ်"

ကျွန်ုပ်မှာ အံ့အားသင့်၍ သွားမိပြန်၏။ ကော်ပိုရယ် ဒူဗလင်အား ထိုပုံတယ်တွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပါဘဲလျက် မီတူးနှင့်ကျွန်ုပ် အရော တဝင်နေထိုင်ခဲ့သည်ကို အပ်ကျမပ်ကျသိ၍နေခဲ့ခြင်းမှာ အခြားသူလျှိုများရှိတန် ရာ၏။ ကျွန်ုပ်အား ယခင်ကပင် စောင့်ကြည့်နေကြဟန်ရှိ၏။ ဤအကြောင်း များကို စဉ်းစားကြည့်လိုက်သောအခါ ကျွန်ုပ်လည်း များစွာရှုံ့ရှာစက်ဆုပ်မိ၏။ တပ်သားတစ်ယောက်မှာ အလုပ်ဝတ္တရားအားလပ်ချိန်၌ပင် ကောင်းစွာမလုံခြုံ ချေ။ သို့ဖြစ်၍ သူလျှိုအသင်းကြီးသည် ကျွန်ုပ်တို့စစ်တပ်မှ စစ်သားများ၏ အသွားအလာကိုပင်အမှတ်တမဲ့ချောင်းမြောင်းကြည့်ရှုနေဟန်ရှိ၏။ ကော်ပိုရယ် ဒူဗလင်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ပြန်လေသည်။

"ဒီလို ဗာရင်တန်ရဲ့ သူလျှိုအဖွဲ့ချုပ်ဆိုတာ ကိုယ့်အဖွဲ့ကခန့်ထားတဲ့ သူလျှိုတွေအပေါ်မှာ ထပ်ပြီးထောက်လှမ်းစုံစမ်းရတာ ထုံးစံပဲ"

"မီတူးကို ပြောတာလား ခင်ဗျ"

"ဟုတ်တယ် သူ့ပဲ၊ ဒီကောင်မ လုပ်ပုံကိုင်ပုံ အကဲခတ်ရတာ ကျုပ်သိပ် သဘောမကျဘူး။ အတော်တော့ တော်တဲ့သူငယ်မတစ်ယောက်ပဲ။ ဒါပေမဲ့ မကြာ ခင်ပဲ သူ့ကိုတယ်ပြီး အကဲမရလှဘူး။ မိန်းမက ခြေကိုနှစ်ဖက်လှမ်းနေတယ်"

"ဘာကို မသင်္ကာလို့လဲ ခင်ဗျ"

"အာရပ်တွေ သေနတ်ခိုးထုတ်နေတဲ့အလုပ်ကို ကျုပ်တို့က တားရမယ် မဟုတ်လား"





"မိန်းကလေးတစ်ယောက်အတွက် အတော်ခဲယဉ်းတဲ့အလုပ်တစ်ခုပဲ ခင်ဗျာ"

"ကိုင်း ကျုပ်ပြောတာ နားထောင်။ စဉ်းစားနေဖို့ မလိုဘူး။ ခင်ဗျားလုပ် ရမယ့်အလုပ်မျိုးက စဉ်းစားရမယ့်အလုပ်မဟုတ်ဘူး။ ဆောင်ရွက်ရမယ့်အလုပ်။ မီတူးဟာ ဘာလုပ်နေတယ်ဆိုတာ အတိအကျလုပ်ဖို့ဟာ ခင်ဗျားအလုပ်ပဲ။ သူ့နဲ့ ကျွမ်းပြီးသားပဲ၊ သည်တော့ခင်ဗျားအတွက်နေရာကျပါလိမ့်မယ်။ငွေကြေးအတွက် လည်း မစိုးရိမ်နဲ့၊ ခင်ဗျားလိုသလောက်ပေးမယ်။ ဒါပေမဲ့ ကိုယ်အမှေ့ရတဲ့ ပစ္စည်းလိုတော့ မသုံးရပေဘူးပေါ့ဗျာ။ ပြီးတော့ အရက်မူးလည်း မလွန်စေနဲ့၊ တတ်နိုင်သမျှ မသောက်ပဲနေပြီး မီတူးကို နီးစပ်နိုင်သလောက် နီးစပ်အောင် လုပ်ရမယ်။ နီးစပ်အောင် လုပ်တယ်ဆိုရင် ခင်ဗျားနားလည်ရောပေါ့ဗျာ။ ခင်ဗျား သဘောရှိ၊ ကျုပ်တို့တပ်ထဲက လူတွေကိုလည်း ခင်ဗျားရောနိုင်သမျှ ရောပေး။ စစ်တပ်ကို ဘာဖြစ်လို့ မလာသလဲ၊ ခရိမ်းပြကို ဘာဖြစ်လို့မလာသလဲ မေးရင် ခင်ဗျားနာမည်ဟာ ဟောဒီကဆေးရဲ့ စာရင်းထဲရောက်နေပြီ။ ကိစ္စမရှိ ဘူး။ ဒါပေမဲ့ နှုတ်ကိုတော့ လုံပါစေဗျနော်။ မီးတူးအကြောင်းနဲ့ပတ်သက်လို့ သူ့ရာဇဝင်၊ သူ့မိဘမျိုးရိုး အဆက်အနွယ်အကြောင်း ဘာသိသလဲ"

"နည်းနည်းမျှ မသိပါဘူး ခင်ဗျာ"

"တော်တော်ရှုပ်ထွေး နက်နဲတယ်လို့တော့ ထင်မိမှာပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်တော့ ဒီအတိုင်း အောက်မေ့တာပဲ"

"ဒီမိန်းကလေးက ပင်လယ်ကမ်းခြေမြို့တွေမှာတွေ့ရတဲ့ ရိုးရိုးကပြား မဟုတ်ဘူးဗျ။ သူ့မေက အာရပ်တောင်ပေါ်သားတွေရဲ့အကြီးအမှူးတစ်ယောက်ရဲ့ သမီး၊ သူ့အဖေက ပြင်သစ်စစ်ဗိုလ်တစ်ယောက်ပဲ၊ ပြင်သစ်နိုင်ငံရဲ့ကျေးဇူးသစ္စာ တော်ကို သူစောင့်ရှောက်ဖို့ ဝတ္တရားရှိတာပေါ့။ ဒါပေမဲ့ မကြာခင်ကလေးကပဲပြီး သူ့အပေါ်မှာ နည်းနည်းယနမကောင်းဖြစ်လာတယ်၊ အဖေသေတာတော့ကြာပါပြီ။ အမေကတော့ ကျုပ်နှစ်သဲကန္တာရတိုက်ပွဲမှာ မကြာသေးခင်ကပဲ ကျသွားရှာတယ်"

"အဲဒီကတည်းက စပြီးဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com

"မှာတ်တယ်၊ဒီအတိုင်းထင်တာပဲ။ သည်တော့ခင်ဗျားလုပ်ရမယ့်အလုပ်က မီတူးဟာ အမှန်စင်စစ် ဘာလုပ်နေတယ်ဆိုတာ သိအောင်လုပ်ဖို့ပဲ။ သူနဲ့တော့ တော်တော်ရင်းနီးရဲ့မဟုတ်လား"

"ရင်းနီးပါတယ်"

"အတော်ပဲ ရင်းနီးရဲ့လား"

"ဟုတ်ကဲ့၊ အတော့်ကို ရင်းနီးပါတယ်"

"ဒါဖြင့် ဒီလိုလုပ်ပေရော့၊ သူ့ကိုယုံကြည်အောင် သူလုပ်ပေးသမျှကို ခင်ဗျားက ကူညီပေးရင် ခင်ဗျားအပေါ်သူယုံကြည်လာမယ် မဟုတ်လား"

ကျွန်ုပ်သည် ဦးခေါင်းကို ညိတ်လိုက်ပြီးနောက် –

"ဒါထက် ကျွန်တော့်သူငယ်ချင်း မက်ကင်ကော ခင်ဗျာ"

"အချုပ်ထဲ ရောက်နေတယ်"

"ဘာဖြစ်လို့လဲ ခင်ဗျာ"

"အထက်အရာရှိကို ခံပြောလို့"

ထိုအခါ ကျွန်ုပ်လည်း မက်ကင်၏အကြောင်းကို စဉ်းစားမိ၏။ မက်ကင်သည် သူ့လျှိုအလုပ်ကိုလုပ်ရန် မည်သည့်နည်းနှင့်မျှ သဘောတူမည့်သူ မဟုတ်ချေ။ ကျွန်ုပ်ထက်ပင် ခေါင်းမာသေး၏။ အထက်အရာရှိကို ခုခံပြောဆိုခြင်း ဆိုခြင်းမှာ ကော်ပိုရယ်ဒူဗလင်သွေးဆောင်သည်ကို မပါခြင်းပင်ဖြစ်တန်ရာ၏။ ဤသို့ဆိုလျှင် မက်ကင်မှာ မည်ကဲ့သို့ ဖြစ်ပေလိမ့်မည်နည်း။

◈

ညနေဝင်ရီတရောအချိန်တွင် ကျွန်ုပ်သည် "မီတူး" ၏ ပျော်ပွဲစားရုံကလေးသို့ရောက်လာလေ၏။ ကျွန်ုပ်သည် စားပွဲကလေးအနီးရှိ ကုလားထိုင်ပေါ်တွင်ထိုင်လိုက်ရာမီတူးသည်အရက်များကိုငှဲ့ပေးနေရာမှ ကျွန်ုပ်အားပြုံး၍လက်ပြလိုက်၏။ မိန်းမချောမိန်းမလှကလေးနှင့် အရောတဝင်ဖက်လဲတကင်း ကစားရခြင်းကား စိတ်ပျော်ရွှင်ဖွယ် ကောင်းလှ၍ စစ်သားများအတွက် နိဗ္ဗာန်ပင် ဖြစ်တော့၏။ သူသည် ကျွန်ုပ်အား ယုံကြည်ရှာ၏။ သို့သော် ကျွန်ုပ်မှာ လျှို့ဝှက်စွာ ထောက်လှမ်း စုံစမ်းရပေတော့မည်။ မိမိချစ်သူတစ်ယောက်အား အသိမပေးဘဲ





တစ်ဖက်မှနေ၍ ထောက်လှမ်းစုံစမ်းရခြင်းမှာ လွန်စွာပင် စက်ဆုပ် ရွံရှာဖွယ်ကောင်းသော အလုပ်ဖြစ်၏။ ဒူဗလင်သည် ကျွန်ုပ်၏ လက်ပုံစံကို ယူပြီးနောက် ဖရန့်ဒင်္ဂါး ငွေ ၂၀၀ပေးလိုက်သဖြင့် ကျွန်ုပ်မှာ ဖောဖောသီသီ သုံးစွဲနိုင်လေပြီ။ ကျွန်ုပ်သာ ထိုငွေ ၂၀၀ကိုယူ၍ လွတ်ရာလွတ်ကြောင်း ထွက်သွားခဲ့ပါမူ ကျွန်ုပ်၏ ဘဝသည်လည်း တစ်မျိုးတစ်ဖုံ ဖြစ်သွားပေတော့မည်။ တာဝန်သည်လည်း သူ၏အပေါ်သို့ လုံးဝကျရောက်ပေတော့မည်။ အမှန်အားဖြင့် ဆိုသော် ယခုအခါကျွန်ုပ်မှာသာမန်တပ်သားတစ်ယောက်ကဲ့သို့ပင်လွတ်လပ်ခြင်းမရှိတော့ဘဲ သူလျှိုတစ်ယောက်အား ထောက်လှမ်းရန် ကျွန်ုပ်အား သူလျှိုလွှတ်ခြင်းပင် ဖြစ်၏။ အချိန်မှာလည်း (၆)လကြာမျှ အမှုထမ်းရပေဦးမည်။

အထက်ပါအကြောင်းများသည်ကျွန်ုပ်၏ဦးနှောက်အတွင်းသို့တဖြည်းဖြည်းဝင်ရောက်လာပြီးလျှင်ကျွန်ုပ်လည်းစိတ်ကူးဖြင့်တွေးဝေကာ စားပွဲကိုစိုက်၍ကြည့်ရှုနေမိ၏။ သို့ရှိစဉ်အရောင်တင်၍ထားသောစားပွဲမျက်နှာပေါ်သို့သေးသွယ်သော လက်တစ်ဖက် ကျရောက်၍လာလေ၏။ လက်ကလေးများမှာ အချိုးအဆစ်ကျ၍ ပြည့်တင်းပြီးလျှင် နူးညံ့ပျော့ပျောင်းသော်လည်း အချို့နေရာတွင် နေလောင်လျက် လက်သန်းပေါ်၌လည်း ကျောက်စိမ်းလက်စွပ်တစ်ကွင်းကိုမြင်ရ၏။ ကျွန်ုပ်လည်း တဖြည်းဖြည်းမော်၍ ကြည့်လိုက်ရာ ပျားရည်ရောင်ရှိသည့် လက်မောင်းသားများမှတစ်ဆင့်ဝိုင်းဝန်းသောပခုံးများကိုလည်းကောင်း၊ ပြည့်ရွှန်းသောလည်တိုင်နှင့် တောင်ပူစာများပမာ အိစက်မို့မောက်သော ရင်သားများကိုလည်းကောင်း တဖြည်းဖြည်းမြင်ရတော့၏။

မီတူး၏ မျက်နှာမှာဝိုင်းလျက် တစ်ဖက်သားအား စိတ်တက်ကြွစေလောက်သည့် မျက်နှာထားမျိုးလည်းရှိ၏။ ပြင်သစ်အမူအရာပါသော မျက်နှာပေါ်တွင် ကတ္တီပါအနက်ကဲ့သို့ မည်းမှောင်နက်ကြုတ်သော အာရပ်မျက်လုံးမျိုးရှိ၏။ ကျွန်ုပ်၏ ခပ်တင်းတင်းမျက်နှာကိုမြင်လိုက်သောအခါ နီရဲသောသူ၏ နှုတ်ခမ်းကလေးများသည်ရှေ့သို့ထွက်လာသကဲ့သို့ထင်မှတ်ရ၏။ သို့သော်တောက်ပသော သူ၏မျက်လုံးကြီးများတွင်ဖြူရော်သန်းနေသည်ကိုလည်းကောင်း၊ တက်ကြွသော ရင်အုံများကြားတွင် အချစ်နှင့်ပျော်ရွှင်ခြင်း လှိုင်းအိမ်များကိုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရ၏။ မိတူးသည်ဦးခေါင်းကိုငုံ့လိုက်ရာကျွန်ုပ်နှင့်မျက်နှာချင်းထိလုမတတ်ရှိ၏။ ရင်အုပ်လွှမ်းတန်ဆာနှင့် ဆံခွေကလေးများမှထွက်သော ရေမွှေးနံ့လည်း ကျွန်ုပ်၏ နာဝသို့ တသင်းသင်းရောက်ရှိကြိုင်လှိုင်၍ လာတော့၏။

"ဘာလဲကလေးရဲ့၊ ဘာဖြစ်လို့စိတ်ညစ်နေရတာလဲ။ စစ်တပ်ကိုငြီးငွေ့ပြီလား။ မောင် မိတူးကို စိတ်ညစ်အောင် မလုပ်ပါနဲ့ကွယ်"

မိတူးသည် ကလေးကဲ့သို့ ကျွန်ုပ်အား ကန့်ကလျပြောလေရာ ကျွန်ုပ်လည်း သူ၏မပွင့်တပွင့် အမူအရာကို တစ်ခါတည်း ရယ်၍ပစ်လိုက်၏။

ထို့နောက် သူ၏နူးညံ့သော လက်နှစ်ဖက်ကိုဆွဲကာ အလိုက်သင့်ပါလာသော သူ၏ကိုယ်ကလေးကအုန်းဆံဖြင့် ပြုလုပ်သော ဖုံပေါ်သို့ ဆွဲယူလိုက်လေ၏။

မိတူးကားမည်သည့်အလုပ်ကိုပင်လုပ်နေစေကာမူကျွန်ုပ်အားနှစ်သက်၏။ သူ့အားကလေးကဲ့သို့ ယုယုယယချော့မော့ ပိုက်ထွေးစေလို၏။ သို့ဖြစ်ရကား ဤမျှလောက် ချစ်စဖွယ်ကောင်းလှသော မိန်းကလေးတစ်ယောက်မှာ သူလျှိုမဖြစ်နိုင်ပါမည်လောဟုအောက်မေ့မိ၏။ မိတူးကားအသွားနှစ်ဖက်ရှိသောဓားကဲ့သို့ နှစ်ဖက်စလုံး၏အကျိုးကို ဆောင်ရွက်နေခြင်းမှာ ယုံကြည်ရန်ပင် ခဲယဉ်းလှ၏။ ခပ်ဝေးဝေးရှိစားပွဲများမှာ အာရပ်လူမျိုးကသော်လည်းကောင်း၊ ကျွန်ုပ်တို့နယ်ခြားတပ်မှ တပ်သားတစ်ဦးဦးသော်လည်းကောင်း၊ မှုန်မှိုင်းသော ပျော်ပွဲရုံ၏ အငွေ့အသက်များကြားမှ ကျွန်ုပ်တို့အားကြည့်ပြီးလျှင် အချို့ ပြုံးသွား၏။ အချို့လည်း မျက်စောင်းထိုး၍ သွားကြ၏။

မိန်းကလေး၏ ရာဇဝင်မှာ ကျွန်ုပ် ကြားသိရသမျှ အောက်ပါအတိုင်းဖြစ်၏။ သူ၏မိခင် အာရပ်လူမျိုးသည် ဤပျော်ပွဲစားရုံကလေးကိုဖွင့်စဉ်က မိတူးမှာ ကလေးအရွယ်လူမမည်မျှသာ ရှိသေး၏။ တဖြည်းဖြည်းအရွယ်ရောက်လာရာ နိုင်ငံခြားသားများနှင့် လွတ်လပ်စွာရောနှောနေထိုင်ခွင့်ရခဲ့၏။ ထိုအတွင်းတစ်ကြိမ်က ပြင်သစ်တပ်သားတစ်စုနှင့် အတော်ပင် ရင်းရင်းနှီးနှီးဆက်ဆံခဲ့၏။ အင်္ဂလိပ်လူမျိုးများက သူ့အား အင်္ဂလိပ်စကားကို နှုတ်တိုက်သင်ပေး၏။ သို့သော် သူတို့စားပွဲသို့လာ၍ သူတို့နှင့်အတူအရက်သောက်ခွင့်ကားမည်သည့်အခါမျှမပေးချေ။





ထိုအခါက သူသည်ကလေးစိတ်မကုန်တကုန် အပျော်ဖော်ဝင်စမျှသာရှိသေးသဖြင့် သူတို့နှင့်ရောနှော၍ အရက်မသောက်ရသည်ကို စိတ်ကောက်ပြီးနောက် မျက်လုံးနက်ကြီးများတွင် ဒေါသရောင်သန်းကာ "ကျွန်မလည်း သောက်မယ်၊ ကျွန်မလည်းသောက်မယ်" ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် (Me. too)(Me too) မီတူး မီတူးဟု ဟစ်အော်လေ့ရှိ၏။ ဤသို့စစ်သားများအား အင်္ဂလိပ်ဘာသာဖြင့် မပြီကလာပီကလာ ပြောလေ့ရှိသည်ကို အကြောင်းပြုပြီးလျှင် သူ့အား "မီတူး"(Me too)ဟု အမည်ပေးခဲ့ရခြင်း ဖြစ်လေသည်။ မိတူးသည် ကျွန်ုပ်နှင့်အတူ အရက်များကို သောက်လျက်ရှိရာမှ ကျွန်ုပ်ဘက်သို့ တဖြည်းဖြည်းတိုး၍ လာလေ၏။ အမှန်အားဖြင့်ဆိုသော် သူသည် ကလေးငယ်ပမာ ချော့မော့ယုယခြင်းကို ခံလို၏။ ကျွန်ုပ်က စစ်တပ်တွင် ကောင်းစွာမပျော် ပိုက်ကော့သဖြင့် တိတ်တဆိတ်ထွက်ပြေးလိုကြောင်း ပြောပြရာ စကားကို စလိုက်သည်နှင့် တစ်ပြိုင်နက် မိတူးသည် ကျွန်ုပ်အား စူးစူးဝါးဝါးကြည့်၏။ သူ့စိတ်ထဲတွင် မဝေခွဲနိုင်သကဲ့သို့သော အမူအရာမျိုးရှိနေဟန်တူ၏။ ကျွန်ုပ်မှာ ဟန်မပျက်ရှိနေရာ ကျွန်ုပ်မှာ ကျွန်ုပ်၏ဇာတ်ကို နိုင်နင်းစွာ ကလျက်ရှိတော့၏။ ကျွန်ုပ်ပြောလိုက်သောစကားမှာ ဟန်ဆောင်၍ပြောလိုက်ရခြင်းသော်လည်း အကယ်ပင်ဖြစ်စေသကဲ့သို့ ဆန္ဒရှိ၏။

မိတူး၏မျက်နှာထားမှာ ယခင်ကထက် နူးညံ့ပျော့ပျောင်းလာလျက် မည်းနက်သော မျက်လုံးနှင့် မျက်တောင်ကော့ကြီးများပေါ်တွင် အချစ်၏ အရိပ်အရောင်များ သန်းလျက်ရှိသည်ကိုတွေ့ရ၏။ ထိုအခိုက် သူ၏နူးညံ့သော လက်ကလေးတစ်ဖက်သည်ကျွန်ုပ်၏လက်အတွင်းသို့တိတ်တဆိတ်ခိုးဝင်၍လာတော့၏။

"ဒါဖြင့် မိတူးကို ထားခဲ့ရမှာပေါ့နော်"

"အင်း တစ်နေ့နေ့ကျရင် ထားခဲ့ရမှာပဲ"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်လို့ရမှာလဲ၊ မောင်ဟာ တစ်နေ့နေ့မှာ တခြားစစ်တပ်ရောက်ချင်ရောက်သွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ညစ်မနေစမ်းပါနဲ့မောင်ရယ်၊ ဒီညပျော်ပျော်နေစမ်းပါ။ မီတူးလေ မောင့်ကို အများကြီးပြောစရာတွေရှိတယ်။ ဒီစကားတွေကို မီတူးပြောမယ် မောင်၊ မီတူးအခန်းကိုလာခဲ့ ဟုတ်လား။ ဟိုကျတော့ ပြောမယ်နော်"

ကျွန်ုပ်သည်ဦးခေါင်းကိုညိတ်လိုက်၏။ သို့နှင့်မီတူးသည်ကျွန်ုပ်အနီးမှ ထွက်ခွာသွားပြီးလျှင် သူမရှိခိုက် တစ်ခါတစ်ရံ ဆိုင်ကိုကြည့်ရှုရသော အာရပ်တစ်ယောက်အားအမိန့်ပေးလျက်ရှိလေ၏။ ထို့နောက်တစ်ခဏမျှကြာလျှင်ကျွန်ုပ်လည်း ဆိုင်ထဲမှ ထွက်ခဲ့လေရာ ထွက်ခါနီးတွင် အချို့အသိအကျွမ်းများအား အကယ်ပင် ကျွန်ုပ်အိမ်သို့ ပြန်သွားပြီဟု အထင်ရောက်စေရန် စကားတစ်ခွန်းနှစ်ခွန်းစီမျှ ဟန်ဆောင်၍ နှုတ်ဆက်စကား ပြောခဲ့သေး၏။

◈

ဟိုတယ်အပြင်ဘက်သို့ရောက်သောအခါကျွန်ုပ်လည်း စစ်တန်းလျားရှိရာဘက်သို့ အတော်ဝေးဝေးလျှောက်လာခဲ့ပြီးနောက် မှောင်သောလမ်းကွေ့တစ်ခုသို့ ရောက်သောအခါပြန်၍ကွေ့လာခဲ့လေ၏။ ထို့နောက် မီးရောင်မရှိသော နောက်ဖေးဝင်းခြံကိုဖြတ်ကာ တရုတ်ကတ်တပ်ထားသော တံခါးပေါက်ရှိရာသို့ တဖြည်းဖြည်းစမ်း၍ လာခဲ့ပြီးလျှင် တံခါးကိုညင်သာစွာ ခေါက်လေသည်။ မကြာမီ တံခါးပွင့်သွားပြီးနောက်ကျွန်ုပ်လည်းအတွင်းဘက်သို့တစ်လှမ်းချင်းစမ်း၍ဝင်ခဲ့ရာ ကျွန်ုပ်လက်ပေါ်သို့ နူးညံ့သော လက်တစ်ဖက်သည် အုပ်၍ဆုပ်ကိုင်လိုက်၏။ ထိုခဏ၌ သင်းပျံ့သောရနံ့တစ်ခုသည် ကျွန်ုပ်၏နှာခေါင်းထဲသို့တိုးဝင်လာပြီးလျှင် ခပ်အုပ်အုပ်ရယ်သံကလေးတစ်ခုကိုလည်းကျွန်ုပ်နားနားမှကပ်၍ကြားလိုက်ရ၏။ ထို့နောက် ကျွန်ုပ်လည်း သူ၏အိပ်ခန်းရှိရာသို့ လိုက်ပါသွားရလေသည်။

တိုင်းရင်းဖြစ်ဆီဖြင့် ထွန်းညှိထားသော မီးအိမ်တစ်လုံးသည် အမိုးမှ ဆွဲလျက် ခင်းထားသော ကော်ဇောများပေါ်တွင် ထူးဆန်းသောအရိပ်များကို ပေါ်ထွက်စေ၏။ အတွင်း၌ဆင်ပြင်ထားပုံမှာ လွန်စွာပင် အရှေ့တိုင်းဆန်လှသဖြင့် အခန်းမှာကျဉ်းမြောင်းသော်လည်းသာယာပျော်မွေ့ဖွယ်ကောင်းလှ၏။ မီတူးသည် ကျွန်ုပ်ခြေရင်းတွင် ကော်ဇောဖုံတစ်ခုပေါ်၌ထိုင်လေ၏။ ဤသို့ထိုင်လျှင်ပင် ကျွန်ုပ်ကျေနပ်လေပြီ။ အဘယ်ကြောင့်ဆိုသော် သူ၏မျက်လုံးများကိုကျွန်ုပ်နီးနီးကပ်ကပ်





မကြည့်လိုတော့ပေ။ ယခုအချိန်၌ကား ကျွန်ုပ်မှာ အချစ်ကို စားမြုံ့ပြန်ရန် အချိန်မဟုတ်။ တွေဝေမိန်းမော၍နေရန် အချိန်မဟုတ်။ ကျွန်ုပ်၏ဝတ္တရားကို စတင်ဆောင်ရွက်ရမည့် အချိန်ပေတည်း။

မီတူးသည် သူပြောမည့်ဆိုသည့်အတိုင်း သူ့အကြံအစည်အားလုံးကို ကျွန်ုပ်အားဖွင့်၍ပြောတော့၏။ သူသည် အစီအစဉ်များကို လိမ္မာပါးနပ်စွာပြုလုပ်ထား၏။ အကယ်၍ ကျွန်ုပ်သည် အမှန်ပင် စစ်တပ်ကို ငြီးငွေ့က အဘယ်ကြောင့် စစ်တပ်၏ အလုပ်ဝတ္တရားကို ဆက်လက်ဆောင်ရွက်နေရသနည်း။ အဘယ်ကြောင့် သူနှင့်အတူ သူ၏ဌာနဖြစ်သော တောင်ပေါ်သား အာရပ်လူမျိုးများရှိရာ တောင်ပေါ်သို့မသွားဘဲနေရမည်နည်း။ ကျွန်ုပ်မှာအသက်လည်းငယ်ပြန်၊ ကျန်းမာသန်စွမ်းသူလည်းဖြစ်ပြန်၊ စစ်အတတ်ကိုလည်း ကောင်းစွာ တတ်ကျွမ်းပြန်ဖြစ်ရကား သူနှင့်သာ ပေါင်းမည်ဆိုက အာရပ်များဘက်တွင် အခွင့်အရေးကောင်းများစွာကို ကျွန်ုပ်ရမည် မဟုတ်ပါလော။ သူတစ်ပါးလက်အောက် စစ်တပ်တွင် အမှုထမ်းနေခြင်းထက် များစွာကုန်သော အာရပ်တို့အပေါ်တွင် အကြီးအကဲလုပ်ကာ ကျွန်ုပ်ကိုယ်ပိုင် စစ်တပ်များကို ခေါင်းဆောင်ရမည် မဟုတ်ပါလော။ စစ်တပ်မှ ထွက်ပြေးသူအနက် အချို့သည် တောင်များပေါ်သို့ သွားရောက်၍ အာရပ်များနှင့် ပူးပေါင်းလျက်ရှိရာ အဘယ်ကြောင့်ကျွန်ုပ်မသွားနိုင်ရှိရမည်နည်း။ သူတို့သည် တိုက်ခိုက်ရန် အသင့်ရှိနေကြ၏၊ သူတို့သည် ပြင်သစ်တို့အား ပင်လယ်တွင်းသို့ မောင်းချရန် အသင့်ပြင်နေကြသည် မဟုတ်ပါလော။

"မီတူး" ၏စကားများကိုကျွန်ုပ်သည်လေးလေးနက်နက်စဉ်းစားလျက်ရှိပြီးနောက် ကျွန်ုပ်၏အသံကို မတုန်စေဘဲ -

"ဒါဖြင့် မီတူးဘယ်တော့သွားမလဲ"

မီတူးသည်ကျွန်ုပ်၏လက်ကိုခပ်ဖျစ်ဖျစ် ဆုပ်ကိုင်လိုက်ကြောင်းကျွန်ုပ် သတိပြုလိုက်မိ၏။

"နစ်ညလိုသေးတယ်မောင်၊ နက်ဖြန်ညမဟုတ်ဘူး၊ နက်ဖြန်ညပြီးတော့ နောက်ည။ စဖေးရွာကလေးဟိုဘက် သုံးမိုင်ဝေးတဲ့နေရာ ကျောက်တောင်မြင့်မြင့်ကြီးရဲ့ကမ်းခြေကို သေနတ်အပြည့် တင်လာတဲ့ရွက်သင်္ဘောတစ်စင်း ဆိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ မောင်နဲ့ကျွန်မကြည့်ဖို့ သွားမယ်နော်။ ပြီးတော့ သဲကန္တာရကြီးဖြတ်ပြီး ကျွန်မကိုမွေးတဲ့နေရာ၊ ကျွန်မတို့လူတွေရှိတဲ့အရပ်ကိုသွားကြတာပေါ့နော်မောင်"

ကော်ပိုရယ်ဒူဗလင်၏ သတင်းစကားများကား မှန်လှ၏။ မိတ္တူးကား ခြေနှစ်ဖက်လှမ်း၍ နေသူဖြစ်ကြောင်း သိရတော့၏။ ထို့နောက် ကျွန်ုပ်လည်း မိတ္တူးအားအလိုက်သင့် ချော့မော့ပြောဆိုခဲ့ပြီးလျှင် ကျွန်ုပ်နေရာဆေးရုံဝင်းသို့ ပြန်ခဲ့လေ၏။

ကော်ပိုရယ်ဒူဗလင်အားအစီရင်မခံမီစဉ်းစားရန် ကျွန်ုပ်၌အချိန်များစွာရှိသေး၏။ မိတ္တူး၏အကြံကိုကျွန်ုပ်လက်ခံရမည်လော။ အလုပ်ကားလွယ်ကူလှ၏။ ယခုနေ့မှ ၂ရက်မြောက်သောညတွင် မိတ္တူးနှင့်အတူ ပင်လယ်ကမ်းခြေသို့ လိုက်သွားပြီးလျှင် "စဖေး" ရွာကလေး၌ သေနတ်များခိုးထုတ်သည်ကို ကြည့်ရှုရမည်။ ထို့နောက် သူနှင့်အတူ သဲကန္တာရအတွင်းရှိ သူတို့လူမျိုးများနေထိုင်ရာ သွားကြပြီးလျှင် သူတို့အပေါ်တွင် အကြီးအကဲပြုလုပ်ကာ မိတ္တူးနှင့်အတူ အေးချမ်းပျော်ရွှင်စွာ နေရမည်။ ထို့နောက် မည်ကဲ့သို့ဖြစ်မည်နည်း။ အာရပ်လူမျိုးများကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ဝွန့်စားရသော အလုပ်ပေါင်း မြောက်မြားစွာတို့ကို လုပ်ရမည်။ ကျွန်ုပ်ကား အရှေ့တိုင်း၏ လျှို့ဝှက်နက်နဲခြင်းများကို ကြိုက်နှစ်သက်သူ မဟုတ်ပါလော။ အချို့ ဥရောပတိုက်သားများပင် "ရစ်" ခေါ် ထိုအာရပ်လူမျိုးများဘက် သို့ ဝင်ရောက်သွားကြသည်ဆိုခြင်းကား အမှန်ပင်ဖြစ်တော့၏။ ဥရောပတိုက်သားများထဲမှ အာရပ်များဘက်သို့ဝင်ကာ အာရပ်လုပ်နေသူများရှိ၏။ အာရပ်လူမျိုးတို့ ဝတ်သော အင်္ကျီအဖြူကြီးကိုဝတ်ကာ၊ ရွှေဖြင့် ရက်လုပ်ထားသော ပိုးသားဦးရစ်ခေါင်းပေါင်းကြီးကို ပေါင်းလျက် မားကောက်ချိတ်၍ထားသော ခါးပတ်ပတ်ထားသည့် ကျွန်ုပ်၏သဏ္ဌာန်ကိုစိတ်ထဲတွင် တွေး၍မြင်မိ၏။ ၎င်းအဝတ်အစားများကား တစ်မျိုးတစ်ဖုံကြည့်ရှု၍ ကောင်းသည်ဟု ထင်မိ၏။ ထိုသူများအပေါ်တွင် အကြီးအကဲဖြစ်ရုံမျှမက မိတ္တူးနှင့်လည်း ပျော်ပျော်ပါးပါး စံစား၍နေရပေဦးမည်။ ဤမျှလောက် ကျွန်ုပ်၏စိတ်ဓာတ်အားဆွဲငင်၍နေမှုများကိုကြံ့ကြံ့ခိုင်ခိုင် ကျွန်ုပ်တာရှည်စွာ ခံနိုင်ပါမည်လော။





သို့မဟုတ်က ဟုတ်မှန်သည့်အတိုင်း ကျွန်ုပ်၏အဖြစ်အပျက်ကို "ကော်ပိုရယ်ဒူဗလင်" ထံသို့ ပို့ပြီးလျှင် နောက်ထပ် သူ့အမိန့်ကိုနာခံရန်သာ ရှိတော့၏။ သို့ဖြစ်၍ ဤအခက်အခဲ (၂) ခုကို ကျွန်ုပ်ရွေးချယ်ရပေမည်။ ကျွန်ုပ်ကား သူလျှိုတစ်ယောက်ကိုသွား၍ ဖမ်းရမည့် သူလျှိုတစ်ယောက်ပေတည်း။ ထို့ပြင် ကျွန်ုပ်၏ အသွားအလာအနေအထိုင်များကိုလည်း စောင့်ကြည့်နေဟန်တူ၏။ ထိုနေ့ညနေခင်းက ကျွန်ုပ် မည်သည့်နေရာသို့သွားသည် မည်သို့ပြုလုပ်သည် စသည်တို့ကို ဒူဗလင် သိကောင်းသိပေလိမ့်မည်။

မိတ္တူးကား သနားစရာကောင်းသော သတ္တဝါမကလေးပင်တည်း။ သို့နှင့်မည်သို့ပင်ဖြစ်စေ မိတ္တူးအပေါ်တွင် ဘာအန္တရာယ် တစ်စုံတစ်ရာမျှမကျရောက်စေရန် ကျွန်ုပ်၏စိတ်ကို သန္နိဋ္ဌာန်ချလိုက်၏။ သို့သော် သူလျှိုအလုပ်ကိုမူကား ကျွန်ုပ်မှာ ဆက်လက်၍ ဆောင်ရွက်နေရပေဦးမည်။

ကျွန်ုပ်၏အခန်းသို့ ပြန်ရောက်သောအခါ စားပွဲပေါ်တွင် အသားသွတ်မုန့်များနှင့် ဝိုင်အရက်များအသင့်ရှိနေသည်ကို တွေ့ရ၏။ သူလျှို ဗဟိုဌာနချုပ်ကြီးကား ၎င်း၏ သူလျှိုကိုယ်စားလှယ်များအပေါ်တွင် စည့်ဝတ်ကျေပွန်လှပါပေ၏။ ဒူဗလင်ကိုကား မည်သည့်နေရာတွင်မျှ မတွေ့မမြင်ရချေ။ ထို့နောက် ကျွန်ုပ်လည်း အိပ်ရာသို့ဝင်ခဲ့ရာ ကျွန်ုပ်၏ဦးနှောက်များမှာ အတွေးနက်ခြင်းဖြင့် ဆူပွက်လျက် ရှိနေသဖြင့် ကောင်းစွာအိပ်မပျော်ဘဲ ရှိနေ၏။ မှေးခနဲပျော်၍သွားသည့် အချိန်၌လည်း ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်အမျိုးမျိုးကို မက်၍နေတော့၏။ သို့နှင့် နံနက်မိုးလင်း၍လာရာ ထိုအချိန်အထိ ကျွန်ုပ်မှာ မိတ္တူးအကြံအစည်နောက်သို့ လိုက်ရမည်၊ မလိုက်ရမည်ကို ယတိပြတ် မဆုံးဖြတ်ရသေးချေ။

ဒူဗလင်၏ အရိပ်အကဲကို လိုက်၍လုပ်တော့မည်ဟု အောက်မေ့မိ၏။ ထိုအချိန်ထိ ကျွန်ုပ်အား တစေ့တစောင်း စောင့်ကြည့်နေခြင်းမရှိဟု ထင်သေး၏။ သို့ဖြစ်ရကား ကျွန်ုပ်သည် မိတ္တူးနှင့်အတူ ဘေးကင်းရာသို့ကောင်းစွာလွတ်မြောက်သွားနိုင်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌အော်ဒလီတစ်ယောက်သည်နံနက်စာယူလာ၍ရင်းနောက်မှ ဒူဗလင်လိုက်ပါလာလေသည်။ ဒူဗလင်ပြောလိုက်သော စကားများပင် လုံလောက်ပေပြီ။

"ဘယ့်နှယ်လဲဗာရင်တန်၊ ခင်ဗျားမနေ့ညကအတော်ပဲပျော်ခဲ့တယ်လို့သတင်းကြားတယ်"

(အံ့အားသင့်လျက်) "ဟုတ်ပါတယ်"

"ဒါဖြင့် သတင်းတွေ့ရခဲ့တာပေါ့"

"ဟုတ်ကဲ့ ဆိုပါတော့"

"ကောင်းပါပေ့ဗျာ၊ သိပ်ဝမ်းသာစရာပဲ"

ကျွန်ုပ်စိတ်ထဲကမူ "အင်း ဝမ်းသာနေနှင့်ဦး" ဟုကြုံးဝါးလိုက်မိသေး၏။

သို့နှင့် ကျွန်ုပ်မှ ကျွန်ုပ်တို့လျှို့ဝှက်သော အချစ်အတွင်းရေးကိစ္စများမှ တစ်ပါး မီးတူးနှင့် ပြောဆိုခဲ့သည်များကို ပြောကြားရလေ၏။ ဒူဗလင်သည် ကျွန်ုပ်ထံမှ ထိုသတင်းစကားများရရှိသောအခါအထူးကျေနပ်ဝမ်းမြောက်လျက်ရှိတော့၏။ ကျွန်ုပ်ကမူ သူ့ကို မြွေကဲ့သို့ မုန်းတီးလျက်ရှိ၏။

"သိပ်ကောင်းတာပဲခင်ဗျာ၊ ခင်ဗျားသိပ်တော်တာပဲ။ ခင်ဗျားဟာ ပြင်သစ်နိုင်ငံကြီးရဲ့ သူလျှိုတစ်ယောက် ပီသပါပေတယ်။ မီတူးတော့ ခင်ဗျားကို အဟုတ်စွဲနေပြီဗျို့။ သူကတော့ ခင်ဗျားကို တကယ်သစ္စာရှိတဲ့ အင်္ဂလိပ်လူမျိုး တစ်ယောက်ရယ်လို့ ထင်နေရှာမှာပဲ"

ဒူဗလင်သည် အထက်ပါစကားများကိုပြောပြီးနောက် ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။ ကျွန်ုပ်မှာ သူ့အားမားနှင့်ထိုးသတ်လိုသည့်စိတ်များပင် ဖြစ်ပေါ်လာတော့၏။

ထိုနေ့ညနေ၌ ကျွန်ုပ်နှင့်ဒူဗလင်တို့သည် အာရပ်အဝတ်အစားများကို ဝတ်၍ ရုပ်ဖျောက်ကာ "စဖေး" ရွာဆီသို့မြင်းစီး၍ထွက်ခဲ့ကြ၏။ ပင်လယ်တွင်းသို့ အတန်ငယ်တိုးထွက်လျက်ရှိသော ကျောက်တောင်စွန်းအောက်တွင် လှေသင်္ဘောများ ဆိုက်ကပ်နိုင်သည့်နေရာကို ကောင်းစွာ မှတ်သားခဲ့ကြ၏။ ဆူဇီမြို့သို့ အပြန်၌ ဒူဗလင်ကား အလွန်ပင် ရွှင်လျက်ရှိတော့၏။ အမှန်ပင်သူသည်





ကမ်းခြေသို့ သေနတ်များချသော အာရပ်တို့အား ပုံးကွယ်တိုက်ခိုက်ရန် ပြင်သစ်တပ်ကလေးတစ်တပ်ကို ချထားပေလိမ့်မည်။

"မီတူးကိုကော ဘယ်လိုလုပ်မှာလဲ"

ကျွန်ုပ်သည်ထိုမေးခွန်းကိုမမေးဘဲမနေနိုင်ချေ။ နှုတ်မှအလိုအလျောက်ကဲ့သို့ ထွက်သွား၏။ ဒူဗလင်၏မျက်နှာမှာ ညို၍သွားလေသည်။

"ပြင်သစ်ပြည်ကို သစ္စာဖောက်တဲ့ လူတွေတော့ ပစ်သတ်တာပဲ"

ကျွန်ုပ်၏စိတ်ထဲကမူ မီတူးအား ပစ်သတ်သည့် ကျည်ဆန်မှာ လွဲချော်စေရမည်ဟု အောက်မေ့လိုက်မိ၏။

သို့နှင့်တစ်ညလွန်၍သွား၏။ နောက်တစ်နေ့တစ်နေ့လုံးလည်းကျွန်ုပ်၏ စိတ်မှာ ငရဲခံရသကဲ့သို့ဖြစ်ကား ကျော်လွန်၍ သွားပြန်၏။ ထိုည၌ ကျွန်ုပ်သည် "ဆူဇီ" မြို့အပြင်တွင် သူနှင့်ချိန်းဆိုထားသော နေရာ၌ မီတူးနှင့်တွေ့ဆုံလေ၏။ ထိုအချိန်ထိပင် ကျွန်ုပ်မှာ မသေချာသေးချေ။ ကျွန်ုပ်၏စိတ်များမှာ ဝေခွဲမရနိုင်အောင် ရှိနေသေး၏။ အာရပ်တို့ဘက်မှ အင်အားတောင့်တင်း၍ ခုခံတိုက်ခိုက်ခဲ့သော် မည်သည့်ဘက်မှ ပါဝင်တိုက်ခိုက်မည်ကိုပင် မဆုံးဖြတ်ရသေးချေ။ ကျွန်ုပ်ကား ထူးဆန်းမိုက်မဲလှသော သူလျှိုတစ်ယောက်ပေတည်း။

ထိုအချိန်၌ကျွန်ုပ်မှာ အာရပ်တစ်ယောက်ကဲ့သို့ဝတ်စားဆင်ရင်လျက် ရှိ၏။ ကျွန်ုပ်၏မုတ်ဆိတ်မှာလည်း ၂ရက်၊ ၃ရက်မျှ မရိတ်ရသဖြင့် ပါးပြင်တစ်ခုလုံး မည်းလျက်ရှိလေရာ နဂိုကပင်အသားအနည်းငယ်ညိုသူဖြစ်သည့်အတိုင်းပကတိ အာရပ်အစစ်တစ်ယောက်ကဲ့သို့ရှိနေ၏။ မီတူးမှာ သူ၏နောက်တွင်မြင်းစီးသမား ခြောက်ယောက်, ခုနစ်ယောက်ခန့် ပါရှိ၏။

"ကိုင်း မောင်မြင်းပေါ်တက်၊ ကျုပ်တို့ မြန်မြန်သွားကြမှ ဖြစ်မယ်"

သို့နှင့် ကျွန်ုပ်တို့သည်မြင်းများကိုကဆုန်ချကာ မောင်းနှင်သွားကြလေ၏။ မီတူးကား အလွန်မြင်းစီးကျင်လည်သော မိန်းမတစ်ယောက်ပေတည်း။ သို့စီးသွားကြစဉ် ကျွန်ုပ်တို့သည် စကားတစ်ခွန်းမျှ မပြောကြချေ။ ကျွန်ုပ်၏ရင်မှာလည်း မြင်းခွာသံများနှင့်အတူ တုန်လျက်ရှိတော့၏။ ကျွန်ုပ်မှာ ရှုးသွတ်လုမတတ် ရှိနေ၍ သဲကန္တာရအတွင်းသို့ မည်သည့်အခါမျှ ပြန်မလာတော့ဘဲ မြင်းကိုတစ်ချိ



www.burmeseclassic.com

www.burmeseclassic.com



တည်း စိုင်းထွက်ပြေးလို၏။ ထိုအကြောင်းများကို ကျွန်ုပ်ကပြောပြသောအခါ မီတူးက –

"နို့ပေမဲ့ မဖြစ်သေးဘူး မောင်ရယ်၊ သူတို့က မောင်နဲ့ကျုပ်ကို ဒီလို လုပ်ရင် သူတို့အလုပ် တစ်ခါတည်း ပျက်သွားမှာပေါ့"

ထိုညကား လမရှိသောညတစ်ညဖြစ်၍ ကျွန်ုပ်တို့သည် မှောင်ထဲတွင် မြင်ကွင်းများကို ရှေ့သို့ဆက်၍ နှင်ကြလေ၏။ ကျွန်ုပ်၏ စိတ်ထဲ၌ကား လက်နက်ကိုင်ပြင်သစ်စစ်သားများသည် ကျွန်ုပ်တို့အား ချောင်းမြောင်းကြည့်ရှုနေသကဲ့သို့ ထင်မိ၏။ အကယ်၍ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့သော် ပြင်သစ်နယ်ခြားတပ်သားများသည် ကျွန်ုပ်အား သေနတ်များ ခိုးသွင်းနေကြသည့် တိုင်ရင်းသားအာရပ်လူမျိုး တစ်ယောက်ဟူ၍မှတ်ယူမည်လောမပြောတတ်ပေ။ သို့သော်ကော်ပိုရယ်ဒူဗလင်သည် အမိန့်ပေးထားပြီးဖြစ်ပေလိမ့်မည်။ မီတူးကိုလည်း အရှင်လက်ရ ဖမ်းဆီးရန်ဖြစ်၏။ မီးတူးကိုလည်းကောင်း၊ သူနှင့်အတူလိုက်သည့်အဖော်ကိုလည်းကောင်း၊ မပစ်ရန်မှာထားအမိန့်ပေးပြီး ဖြစ်ပေလိမ့်မည်။

နောက်ဆုံး၌ကျွန်ုပ်တို့သည်မြင်းများကို ဇက်သတ်လိုက်ကြ၏။ မမြင်ရသောအမှောင်ထုထဲမှ သဏ္ဌာန်များပေါ်ထွက်လာရာ မီတူးသည် သူတို့အားလေသံဖြင့်ပြန်၍ နှုတ်ဆက်လိုက်၏။ ထို့နောက် ကျွန်ုပ်တို့သည် ရှေ့သို့ သတိဖြင့်ဆက်လက်သွားကြရာ ဆိပ်ကမ်းဆီသို့ ဆင်းသောတောင်ကြားသို့ ရောက်လာပြီဖြစ်၍ အောက်သို့ တဖြည်းဖြည်း ဆင်းခဲ့ကြလေ၏။ ထိုနေရာသည်ကား ကျောက်တောင်ကြီး၏ အောက်တွင်ရှိနေ၍ လှေသင်္ဘောများအတွက် လေခိုလှုံရာ ဆိပ်ကမ်းကောင်းကလေးတစ်ခု ဖြစ်လေသည်။

မကြာမီတစ်ပင်တိုင်သင်္ဘောကလေးတစ်စင်းဆိုက်ကပ်လာပြီးနောက် တစ်စင်းပြီးတစ်စင်းလာတော့၏။ မှောင်ထဲမှ ကုလားအုတ်အတော်များများ ထွက်လာပြီးလျှင်ကုလားအုတ်ပေါ်မှလူများသည် သင်္ဘောပေါ်မှ ကုန်များကိုယူ၍ စီတန်းထားသော ကုလားအုတ်များကျောကုန်းပေါ်သို့ တင်ကြ၏။ ၃နာရီကြာမျှ ထိုအလုပ်ကိုမှောင်ထဲတွင်တစ်စုံတစ်ရာအသံမကြားဘဲပြုလုပ်ကြ၏။ အမှောင်ထုမှာအလွန်ကြီးလျက် မည်သည့်နေရာတွင်မျှ လင်းသည်ဆို၍မျှ အလင်းရောင်ပင်





မရချေ။ ကျွန်ုပ်နှင့်မီတူးသည် မှောင်ထဲ၌မြင်းများကိုနံဘေးချင်းယှဉ်၍ရပ်ထားကာ သူတို့အလုပ်ကို ကြည့်ရှုလျက်ရှိ၏။

ကျွန်ုပ်မှာ သူတို့လုပ်ကိုင်နေသည်ကို အလွန်စိတ်ဝင်စားလျက်ရှိနေ၏။ လူပေါင်း ၁၅၀ ခန့်ရှိ၍ ၎င်းတို့သည် မိမိတို့အလုပ်တာဝန်ကို ကိုယ်စီကိုယ်ငှ သိကြ၏။ ထိုအလုပ်ကြီးနောက်ကွယ်တွင် စီမံခန့်ခွဲသော ဉာဏ်ရှင်တစ်ဦးဦး ရှိပေမည်။ ထိုသူများကား သေနတ်များ ခိုးသွင်းခြင်းအလုပ်တွင် ဝါသနာရင့်ပြီး ဖြစ်ဟန်တူ၏။ ထိုအလုပ်မှာ ယခုမှသာမဟုတ် ရှေးအချိန်အတော်ကြာမှစ၍ ရှိခဲ့၏။ ထိုအခါမှ မီတူးပြောသည့် စကားအတိုင်း "ရစ်" ခေါ် အာရပ်လူမျိုး သဲကန္တာရသားများသည် သေနတ်အမြောက်အမြားလက်ဝယ်ရရှိပြီးနောက် ကြီးမားသော စစ်တပ်ကြီးနှင့် ပြင်သစ်တို့အား မောင်းထုတ်ရန် ကြံစည်နေသည် ဆိုခြင်းကို ယုံကြည်မိတော့၏။

ထိုခဏ၌ သဲကန္တာရထဲမှ ခွေးအတစ်ကောင် အူလိုက်သံကို ကြားရ၏။ ထိုအသံပင်လျှင် တိုက်ခိုက်မည့် အထိမ်းအမှတ်ဖြစ်တော့၏။ အလုပ်ကြီးလည်း ပြီး၍သွားလေပြီ။ ထိုခဏတွင် တောင်တန်းများပေါ်မှ မည်းနက်သော စစ်သား သဏ္ဌာန်များလည်း မြေကြီးထဲမှ ခွဲထွက်လာသည့်အလား ရုတ်တရက် ပေါ်ထွက်လာပြီးနောက် အာရပ်တို့ရှိရာသို့ တရကြမ်းပြေးလာကြကုန်၏။ စက္ကန့်အနည်းငယ်အတွင်း၌ပင် သူတို့သည် အာရပ်တို့အား ဝိုင်းရံလျက်ရှိနေကြလေပြီ။

နေရာအမြောက်အမြား၌ "မော်ဇာ" ခေါ် သေနတ်ကလေးများမှ တပြောင်းပြောင်းပေါ်ထွက်လာသော သေနတ်သံများနှင့်အတူ ဖွာခနဲကြဲခနဲ ပွင့်၍ သွားသော မီးပွင့်များကို မြင်ရ၏။ ဘာသာအမျိုးမျိုးဖြင့် အော်သံဟစ်သံ ဆဲဆိုကြိမ်းမောင်းသံများ ပေါ်ထွက်လာ၏။ ပြင်သစ်နယ်ခြားတပ်ကား အာရပ်တို့ကို အပြင်းတိုက်ခိုက်လျက်ရှိတော့ရာ ကျွန်ုပ်တို့ ၂ယောက်မှာ တိုက်ပွဲ၏အဖျားတစ်နေရာတွင် ရောက်နေကြောင်းသိရတော့၏။ ပြင်သစ်စစ်တပ်ကား ဝိုင်း၍တိုက်ခိုက်လျက်ရှိရာ အာရပ်တို့သည် ဒေါရာရသော သားကောင်များကဲ့သို့ ဆူညံစွာ ဟစ်အော်လျက် ရှိနေကြကုန်၏။ လွန်ခဲ့သော တစ်မိနစ်ခန့်က ဆိတ်ငြိမ်လျက်ရှိသော ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာယံခုအခါတွင်မူသေနတ်သံများ၊ညည်းညူသံများ၊ဟစ်အော်သံများနှင့် ဆူညံလျက်ရှိတော့၏။

ပြင်သစ်တပ်သားအချို့သည် တိုက်ပွဲသို့ အလျှင်းမဝင်ဘဲ ကုန်တင်ကုလားအုတ်များရှိရာသို့ ချဉ်းကပ်ကာ ၎င်းတို့အား ဝိုင်းရံလျက်ရှိ၏။

"မောင် ကျွန်မကို လိမ်တာပဲ။ မောင် သစ္စာဖောက်ပြီ၊ မောင်သစ္စာဖောက်ပြီ"

ကျွန်ုပ်သည်တစ်စုံတစ်ရာစကားပြန်၍ပြောမည်လုပ်သေး၏။ သို့သော် မပြောနိုင်တော့ပေ။

သူ၏လက်တစ်ဖက် လှုပ်ရှားလိုက်သည်ကိုမြင်လိုက်ရပြီးနောက်မိတူးသည် ကုန်းနီးပေါ်မှ ထိုးကျသွားလေ၏။ ကျွန်ုပ်လည်း မြင်းပေါ်မှ ခုန်ဆင်းပြီးလျှင် မြေပေါ်တွင် လဲကျလျက်ရှိနေသော မိတူး၏ကိုယ်ကို ပွေ့ထားလိုက်လေသည်။ ခပ်စောင်းစောင်းရှိနေသဖြင့် ကျွန်ုပ်သည် မိတူး၏မျက်နှာကို အပေါ်သို့လှည့်ပေးလေ၏။

မိတူးသည် အသွား ၁၀လက်မခန့်ရှိ ချွန်ထက်သော ဓားမြှောင်းတစ်ခုကို လက်ဝဲဘက်လက်တွင်ကိုင်လျက်ရှိလေရာ သူ၏ရင်ဝ၌လည်း ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ရာကြီးမှ သွေးများဒလဟော ယိုစီးလျက်ရှိလေသည်။

"မိတူး ကျေနပ်ပါတယ် မောင်၊ မောင်ဟာ မောင့်အလုပ်ဝတ္တရားကို ကျေပန်အောင် ဆောင်ရွက်တာပဲ"

"မှားပြီ မိတူးရေ၊ မောင်တော့ မှားပြီကွယ်"

"မောင်မမှားပါဘူး။ မိတူးဟာ ကိုယ့်လူမျိုးကိုယ်ချစ်တဲ့အတွက် သူတို့အပေါ်သစ္စာဖောက်ခဲ့ရတယ်။ အခုတော့ မိတူးကို သူတို့ ဘယ်တော့မျှ ဖမ်းမမိနိုင်တော့ဘူး အလို အလို"

"မိတူး မိတူး မောင်တော့ မိတူးကို ဒီတစ်သက်မမေ့တော့ဘူး"

"မိတူးကလည်း မမေ့ပါဘူး၊ မောင့်ကို မိတူး အဟုတ် ချစ် ချစ် ချစ်"

မိတူးသည် စကားကိုမျှဆုံးအောင် မပြောနိုင်ရှာတော့ဘဲ ကျွန်ုပ်၏လက်ထဲ၌ပင် ပျော့ခွေ၍ သွားလေတော့၏။ ထိုခဏ၌ ကျွန်ုပ်၏နောက်မှ တစ်စုံ





တစ်ယောက်၏အသံဖြင့် "ဘယ့်နှယ်လဲဗာရင်တန်၊ မိတူးကိုအရှင်ဖမ်းလို့မရတော့ဘူး ဟုတ်စ"

စကားပြောသူကားအခြားသူမဟုတ်၊ ကော်ပိုရယ် ဒူဗလင်ပင်ဖြစ်တော့၏။ ထိုအချိန်၌ကား တိုက်ပွဲလည်းပြီးဆုံးခဲ့ပြီဖြစ်၍အခြားအရာရှိကလေးများလည်း ကျွန်ုပ်တို့အနီးသို့ ချဉ်းကပ်လာရာ သူတို့ကမူ ကျွန်ုပ်တို့အား အာရပ်လူမျိုးတစ်ယောက်နှင့် မိန်းမတစ်ယောက်ဟူ၍သာ မှတ်ထင်ကြမည် မလွဲတည်း။

မြင်းများကို စစ်တပ်ဘက်သို့ပြန်၍ လှည့်ခဲ့သောအခါ ကော်ပိုရယ် ဒူဗလင်က ကျွန်ုပ်၏ပခုံးကို ပုတ်၍ –

"အရှင်မမိပေမဲ့ ကိစ္စမရှိပါဘူးလေ။ မိတူးဟာ သူ့ကိုဖမ်းမယ်ဆိုတာလည်းသိတယ်။ ဖမ်းရင် ဘယ်လိုသေရမယ်ဆို တာလည်း သူသိတယ်။ ဒါကြောင့် ပြင်သစ်ကျည်ဆန်နဲ့ မသေချင်လို့ သူ့ဒီလိုလုပ်ပစ်လိုက်တာပဲ"

ကျွန်ုပ်သည် စိတ်မပါလှဘဲ ဦးခေါင်းကို ညိတ်ရုံသာ ညိတ်လိုက်နိုင်၏။

"ဒါပေမဲ့ခင်ဗျားအတွက်တော့အလုပ်ကောင်းကောင်းကြီးအထမြောက်တယ်လို့ဆိုရမယ်။ ပြင်သစ်ပြည်ကြီးဟာခင်ဗျားအတွက်အများကြီးဂုဏ်ယူတယ်ဗျာ"

ကျွန်ုပ်၏စိတ်ယဲကမူ "ဘာပြင်သစ်ပြည်ကြီးလဲ၊ ဘာဂုဏ်ယူတာလဲ။ ထွီ ဗလက်ဒီပြင်သစ်" စသည်ဖြင့် တိတ်တိတ်ခိုး ရေရွတ်ဆဲဆိုမိလေတော့သတည်း။

သွေးသောက်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# မီးမကူးသောယမ်းတောင့်

လူတို့မည်သည် မိမိတို့တစ်သက်တွင် အနည်းဆုံးတစ်ကြိမ်မျှ မိမိကိုယ်ကိုယ် မိမိကျိတ်၍ အပြစ်တင်မိတတ်သော အဖြစ်အပျက်မျိုးကို တွေ့ကြုံတတ်ကြလေရာ အကယ်၍ အမှုကိစ္စမှာ မပြောပလောက်သော သာမန်အမှုကိစ္စတစ်ခုဖြစ်က မထောင်းတာလှသော်လည်း လူတစ်ယောက်အား ထူးထူးဆန်းဆန်း အကျိုးနစ်နာ၍ သွားစေလောက်အောင် ဖြစ်ရသည့် အဖြစ်အပျက်မျိုးဖြစ်ခဲ့ပါမူ အသက်သေသည့်တိုင်အောင် မေ့နိုင်တော့မည်မဟုတ်ချေ။ ၁၉၃၁ ခုနှစ်လောက်က ကျွန်တော်သည် အထက်ကသာ ဒီစတြိတ်ရှေလီချောင်းဖျားရှိ ဘုံဘေဘားမားပိုင် သစ်တောစခန်းတစ်ခုတွင် ဒုတိယလက်ထောက်အရာရှိ အဖြစ်ဖြင့် အမှုထမ်းလျက် ရှိနေခဲ့လေသည်။ ကျွန်တော်၏ အလုပ်ဝတ္တရားမှာ "အင်းရွာ" မှ "မြစ်ဆုံ" အကြားရှိသစ်များကို သယ်ယူပို့ချနေသည့် ချောင်းအုပ်များအပေါ်တွင် စီမံခန့်ခွဲ၍ရသော အလုပ်ဖြစ်၍ နွေအခါတွင် ကုန်းလမ်းမှ ကားဖြင့်လည်းကောင်း၊ မိုးအခါတွင် မြစ်ကြောင်းမှ လှေဖြင့်လည်းကောင်း ရှေလီချောင်းဖျားအထိ ဆန်တက်၍ နေရာအသီးသီးတွင် ချထားအပ်သော ချောင်းအုပ်များ၏ အလုပ်ဝတ္တရားကျေပွန်မှုများကို လှည့်လည် ကြည့်ရှုရ၏။





ကျွန်တော်၏ အထက်အရာရှိကြီးဖြစ်သော မစ္စတာ "စတင်နလီ" ဆိုသူမှာ ဆင်ရိုင်းများပစ်ခတ်ရာတွင် အထူးဝါသနာထုံသည့်အတိုင်း သူကိုယ်တိုင် အနည်းဆုံးတစ်နှစ်လျှင် (၃) လမျှ တောနက်များထဲတွင် ဆင်များကို ပစ်ခတ်လေ့ရှိသည့်အပြင် အခြားဆင်ပစ်ဝါသနာပါသူများကိုလည်း ကူညီအားပေးလေ့ရှိ၏။ ကျွန်တော်မှာ သေနတ်ပစ်ခတ်သည့် ဝါသနာကို ကောလိပ်ကျောင်းတွင် ယူတီစီ အပျော်တမ်းအဖွဲ့သို့ ဝင်ရောက်ခဲ့စဉ်ကပင် ရရှိခဲ့ရာ လက်ဖြောင့်သူတစ်ယောက် ဖြစ်သည်ဟု အများက ချီးကျူးခဲ့သည့်အတိုင်း လက်ရှိရာထူးကို ရခဲ့၍လည်း သေနတ်ပစ် လက်ဖြောင့်ခြင်းမှာ အထောက်အခံတစ်ခု ဖြစ်လေသည်။

မစ္စတာ "စတင်နလီ" မှာ ဆင်ပစ်ခရီးထွက်ရာ၌ ကျွန်တော့်အား သူ၏ လက်ထောက်အဖြစ်ဖြင့် ခေါ်သွားလေ့ရှိ၏။ ယခင်က ကျွန်တော်မှာ လက်ဖြောင့်သည်ဆိုစေကာမူ "စက်ကွင်း" ပစ်ရာ၌သာ လက်တည့်ခဲ့သော်လည်း ယခုမူ အကောင်အလျောင်တို့ကို ပစ်ခတ်ရန် လေ့ကျင့်ရသည်ဖြစ်ရကား တစ်ခေါက်လျှင် တစ်လခန့် မစ္စတာစတင်နလီနှင့်အတူ ၃ ခေါက်မျှ လိုက်မိသောအခါ ကျွန်တော်သည် သာမန်သေနတ်ပစ်သမားတစ်ယောက်အဖြစ်မှ ဆင်ပစ်မုဆိုးအဖြစ်သို့ပင် ရောက်ရှိခဲ့လေ၏။

ထိုအခါက ဆင်စွယ်၏တန်ဖိုးမှာ ဘိလပ်တွင် အလေးချိန်တစ်ပေါင်လျှင် ရွှေဒင်္ဂါးတစ်ပြားမျှ ထိုက်တန်သဖြင့် "မစ္စတာစတင်နလီ" သည် ကျွန်တော်နှင့်အတူ ပစ်ခတ်ရသမျှသော ဆင်များမှရသည့် ဆင်စွယ်များ၏တန်ဖိုးကို စာရင်းအသေအချာပြုလုပ်ပြီးလျှင် ကျွန်တော့်အား (၃) ပုံ (၁) ပုံမျှ ခွဲဝေပေးခဲ့သဖြင့် ထိုဝင်ငွေပင် ကျွန်တော် (၆) လအလုပ် လုပ်ရသောငွေနှင့် ညီမျှခဲ့၏။ သို့ဖြစ်ရကား ကျွန်တော့်အတွက်မှာ နဂိုရှိရင်းစွဲဝါသနာကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပေးသကဲ့သို့ ရှိနေရကား အလုပ်ထွက်သည့်အခါတွင် မုဆိုးအလုပ်ဖြင့် အသက်မွေးမြူ စားသောက်တော့မည်ဟု တစ်ခါတစ်ရံ စိတ်ကူးများပင် ပေါ်ပေါက်ခဲ့မိ၏။

တတိယနှစ်တွင် ကျွန်တော့်သဘောအတိုင်း ဆင် (၄) ကောင်ကို ပစ်နိုင်ရန် မစ္စတာ စတင်နလီသည် ကျွန်တော့်အတွက် လိုင်စင်တစ်ခုကိုလည်း ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ရုံးမှ တောင်းယူပေးခဲ့၏။ ဆင်များမှာ ပေါများလှသည်ဖြစ်၍ ပစ်နှင့်သလောက် ပစ်ခတ်နိုင်လောက်ပေ၏။

"လိုင်စင်"ရပြီးနောက် ၂လခန့်အကြာတွင် ကျွန်တော်လည်း လစာတစ်ဝက်နှင့် အခွင့်(၄)လမျှ ရရှိခဲ့သည့်အတိုင်း ရွှေလီချောင်းလက်ယာဘက်ကမ်း "ကွန်းချောင်း"ရွာ၏တစ်ဖက်ကမ်းရှိတောနက်ကြီးများထဲတွင်နောက်လိုက်တပည့်များနှင့်အတူ ဆင်များကိုပစ်ခတ်ရင်းလှည့်လည်လျက်ရှိလေသည်။ ကျွန်တော်၏ နောက်လိုက်များမှာ အလွန်ရိုးသားသော ဂေါချင်များဖြစ်ကြရာ၎င်းတို့မှာအများအားဖြင့်မစ္စတာစတင်နလီနှင့်အတူလိုက်ပါခဲ့ဖူးကြသူများဖြစ်ကြပြီးလျှင် ကျွန်တော့်အတွက် နေရာထိုင်ခင်းများ ပြုလုပ်ပေးခြင်း၌လည်းကောင်း၊ အစားအသောက်အတွက်ချက်ပြုတ်ပြင်ဆင်ပေးခြင်း၌လည်းကောင်းကောင်းစွာလည်ပတ်သူများ ဖြစ်လေသည်။ အထူးသဖြင့် ကျွန်တော်၏တပည့် ဘဏ္ဍာစိုး"မောင်ထူး"မှာ အင်္ဂလိပ်စကားကိုပင် အတော်အသင့် နားလည်သည့်အပြင်သေနတ်များကိုကောင်းစွာ သုတ်သင်တိုက်ချွတ်တတ်ခြင်း၊ ယမ်းတောင့်များကိုရွေးချယ်တတ်ခြင်း၊ ပစ်ပြီး ယမ်းတောင့်များကို ယမ်းသစ်အစားပြန်၍ထိုးတတ်ခြင်း၊ အချက်အပြုတ်သမားများကို ကျွန်တော့်အကြိုက်နှင့်တွေ့အောင်ကောင်းစွာစီစဉ်ပေးနိုင်ခြင်းများအပြင် သတ္တိကောင်းသော သူငယ်တစ်ယောက်ဖြစ်သည့်အတိုင်းလည်း ကျွန်တော် အရေးရှိက အသက်နှင့်လဲ၍ စောင့်ရှောက်ကာကွယ်မည့်သူငယ်တစ်ယောက်ဖြစ်လေသည်။

ကျွန်တော်တို့စခန်းချလျက်ရှိသောနေရာမှာ ရွှေလီမြစ်နှင့် ၂မိုင်ခန့်ဝေးလျက် ထိုရွှေလီမြစ်အတွင်းသို့ စီးဆင်းသည့်ချောင်းငယ်တစ်ခုကမ်းဘေးတွင်ဖြစ်၍ရေမိုးထင်းမီးမှစ၍အလွန်ကောင်းသောနေရာတစ်ခုဖြစ်၏။ ကျွန်တော်တို့၏နောက်ဘက်၌ အလွန်နက်သော တောကြီးရှိရာ မြင့်မားသော သစ်ပင်အုပ်များလည်း ကျွန်တော်တို့နေသော စခန်းကိုနေပြောက်မထိုးအောင် ထီးမိုး၍ထားဘိသကဲ့သို့ရှိ၏။

တစ်နေ့သောညနေစောင်း၌ကျွန်တော်သည်ညနေစာ လက်ဖက်ရည်သောက်ပြီးနောက်တဲရှေ့ရှိခွက်ဖျင်ကုလားထိုင်တစ်ချပ်ပေါ်တွင်ထိုင်ကာဆေးတံ





ကို နှစ်ခြိုက်စွာ ရှူရှိုက်ရင်း ဒိုင်ယာရီရေးရန် စိတ်ပေါ်လာသည်နှင့် လွန်ခဲ့သော(၇)ရက်က အကြမ်းမှတ်ထားသည့်အဖြစ်အပျက်များကိုဒိုင်ယာရီရေးသားထည့်သွင်းလျက်ရှိလေ၏။ ကျွန်တော်ရေးမှတ်နေသောနေ့မှာကဆုန်လဆန်း(၄)ရက်နေ့ဖြစ်၍ ထိုနှစ်က ထိုနေ့တွင် သင်္ကြန်ကျရာ ကံအားလျော်စွာ သင်္ကြန်အကျနေ့ဖြစ်နေသည်ကို တွေ့ရသည်နှင့် အထိမ်းအမှတ်တစ်ခုအဖြစ်ဖြင့် တစ်စုံတစ်ခုကိုအသံမြည်အောင် ဖောက်ခွဲရန် ကျွန်တော့်မှာ အကြံတစ်ခုဖြစ်ခဲ့လေသည်။

ကျွန်တော်၏ ဆင်ပစ်သေနတ်မှာ (ဒသမ) ၄၅၀သေနတ်ကြီးဖြစ်၍ယမ်းတောင့်များလည်းပို၍နေရာ ဒိုင်းနမိုက်တောင့်များလည်းအဆင်သင့်ရှိနေပြီဖြစ်ရကား ပေါက်ခွဲရန် မခဲယဉ်းချေ။ သို့ဖြစ်၍ ကျွန်တော်သည် မောင်ထူးအားယမ်းတောင့်မှ ယမ်းများကိုထုတ်စေပြီးလျှင် "ကော်ဖီ"ဘူးထဲတွင် ဒိုင်းနမိုက်ယမ်းဘီလူးနှင့်တွဲ၍ တင်းကျပ်စွာ စည်းနှောင်ပြီးသော် ကျွန်တော်၏ လက်လုပ်ဗုံးကို စနက်တံတပ်၍ မြေတွင်မြှုပ်နှံလေ၏။

ထို့နောက် သင်္ကြန်ကျချိန်နှင့်ကိုက်၍ ၅နာရီ ၁၃မိနစ်တိတိတွင် မောင်ထူးတစ်ယောက်ကိုသာ အသိပေးပြီးနောက် စနက်တံကို မီးရှို့ရာအလွန်ပြင်းထန်သော ပေါက်ကွဲသံကြီးမှာ တောတောင်များကိုသိမ့်သိမ့်တုန်ကာပဲ့တင်ဟည်းသွားစေ၏။ ထိုအခါ ခပ်လှမ်းလှမ်းတွင်တဲနှင့် နေကြသောကျွန်တော်၏နောက်လိုက်တပည့်လက်သားများသည် ကျွန်တော်ရှိရာသို့ စုရုံးပြေးလာကြပြီးနောက် မောင်ထူးက အကျိုးအကြောင်းပြောပြသောအခါမှရယ်နိုင် မောနိုင်ရှိကြ၏။ ဤသို့ သင်္ကြန်ကြိုအမြောက်ကို ကိုယ်တိုင်ပြုလုပ်၍အလန့်တကြား ပစ်ဖောက်ရခြင်းကိုပင် ကျွန်တော့်မှာ စိတ်ထဲက နှစ်သိမ့်မိ၏။ ထို့နောက် ကျွန်တော်သည် ငှက်ပစ်သေနတ်ကိုယူ၍ တစ်ယောက်တည်းထွက်သွားရာ ရေဝမ်းဘဲတစ်ကောင်ကိုရခဲ့သည်နှင့် ထိုည ညစာအတွက်မောင်ထူးပြင်ဆင်ပေးသော ရေဝမ်းဘဲဟင်းကို မြိန်ရှက်စွာစားသောက်ရလေသည်။

ထိုနေ့မှာအခါကြီးရက်ကြီးဖြစ်သည့်အတိုင်းကျွန်တော်လည်းတပည့်များအား ကျပ်တင်၍ထားသော ဝက်ပေါင်ခြောက်ကိုလည်းကောင်း၊ ကော်ဖီနှင့်



www.burmeseclassic.com

www.burmeseclassic.com



သကြား‌အနည်းငယ်ကိုလည်းကောင်းပေးရာ မောင်ထူးခေါင်းဆောင်သော ကျွန်တော်၏ တပည့်လက်သားများမှာ မီးပုံအနီးတွင် လက်ဖက်ရည်ကြမ်းဖြင့် ဝက်ပေါင်ကိုမြည်းရင်း သီချင်းများကို တကြော်ကြော် အော်ဟစ်သီဆိုကာ အစွမ်းကုန် ပျော်ရွှင်မြူးထူးလျက် ရှိကြကုန်၏။

◈

နောက်တစ်နေ့ နံနက် (၅) နာရီသာသာလောက်၌ ကျွန်တော်လည်း တဲအပြင်မှ ဆူဆူညံညံကြားရသဖြင့် အိပ်ရာမှလန့်နိုးကာ မောင်ထူးနှင့် ကျွန်တော့် တပည့် ၂ယောက်တို့သည် မီးတုတ်များကို လက်တွင်ကိုင်ထားသော အခြားကချင်ဧည့်သည် ၂ယောက်နှင့်အတူ ကျွန်တော်၏ တဲဝတွင်ရောက်ရှိနေကြောင်း သိသဖြင့် ကျွန်တော်လည်း တဲအတွင်းမှ ထွက်လာခဲ့လေ၏။

"ဟေ့ မောင်ထူး ဘာလဲကွ၊ အလန့်တကြား မနက်စောစောစီးစီး ကွယ်"

"အကြောင်းထူးလို့ပါ ဆရာ၊ ဆရာ့ကို ဒုက္ခပေးရတာ စိတ်မကောင်းတဲ့ အကြောင်း ဟောဒီက မိတ်ဆွေကြီး ၂ယောက်က ပြောနေပါတယ်"

"သူတို့က ဘယ်ကလဲ"

"ဆရာ့လိုပဲ ဆင်ပစ်နေတဲ့ သူဌေးတစ်ယောက်ရဲ့ တပည့်များဖြစ်ပါသတဲ့ ဆရာ၊ သူတို့ဆရာ အသည်းအသန်ဖျားနေလို့ ကြံရာမရဖြစ်နေတုန်း ညက ကျွန်တော်တို့ဖောက်တဲ့ အသံကြီးကြားရတာနဲ့ ဒီနေရာမှာ လူသူလေးပါးရှိကောင်း ရှိရဲ့၊ ရှိရင် အကူအညီရနိုင်ရဲ့ဆိုပြီး လာခဲ့ကြပါတယ်တဲ့ ဆရာ"

"နေရာက ဘယ်နေရာမှာတဲ့လဲကွယ့်"

"ကျွန်တော်တို့တဲနောက်ဖေးက တောနက်ကြီးအလယ်လောက်မှာတဲ့ ဆရာ"

"သူဌေးတဲ့လား"

"ဟုတ်ကဲ့ ဆရာ၊ ကသာက သူဌေးကလေးတစ်ယောက်ပါတဲ့၊ ဝါသနာပါလို့ ဆင်ပစ်မုဆိုး လုပ်နေတဲ့လူပါတဲ့"





"အေးကွယ် လိုက်ကြည့်ရတာပေါ့၊ တို့အမျိုးသားအချင်းချင်းဆိုတာ ကချင်ပဲဖြစ်ဖြစ်၊ ကရင်ပဲဖြစ်ဖြစ်၊ ဗမာပဲဖြစ်ဖြစ် ဒီလိုနေရာမှာ လာတွေ့ကြရင် ညီအစ်ကိုပေါ့ကွယ့်။ ကိုင်း မင်းလဲ လိုက်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

"လူ ၂ယောက်လောက်လည်း အပိုခေါ်ခဲ့ဦးဟေ့"

"ကောင်းပါပြီ ဆရာ"

အဝတ်အစားများလဲလှယ်ပြီးနောက် ကျွန်တော်လည်း ဆေးသေတ္တာကို တပည့်တစ်ယောက်အား ဆွဲခဲ့စေပြီးလျှင် မောင်ထူးနှင့် အခြားတပည့် တစ်ယောက်ကိုပါခေါ်၍ကချင် ၂ယောက်လမ်းပြသည့်အတိုင်း တောအုပ်ကြီးထဲသို့ ဝင်ခဲ့လေ၏။ နံနက်ဝေလီဝေလင်းအချိန်၌ ကျွန်တော်တို့ လူစုသည် အလွန်နက်သောတောကြီးကိုဖြတ်ကာ တစ်ခါတစ်ရံလဲ၍နေသော သစ်ပင်ကြီးများကို ကျော်၍လည်းကောင်း၊ တစ်ခါတစ်ရံ အလွန်ကြီးသော ကျောက်တုံးကြီးများပေါ်မှ ဖြတ်၍လည်းကောင်း ကြမ်းတမ်းစွာ သွားကြရကုန်၏။ ထိုအချိန်၌ ကျွန်တော်၏ စိတ်ထဲတွင်ကျေနပ်ခြင်း ၂ခုရှိ၏။ ပထမကျေနပ်ခြင်းမှာ သကြန်အတွက်ကိုယ်တိုင် ပြုလုပ်သော "ပုံး" ကို ခွဲဖောက်ရခြင်းနှင့် ဒုတိယကျေနပ်ခြင်းမှာ လူမမာကို အသက်မီစေရန် ဆုမွန်တောင်းခြင်းပင် ဖြစ်လေသည်။

နံနက် (၇) နာရီလောက်တွင် ကျွန်တော်တို့သည် သစ်ပင်ဆူးချုံများ အတော်အတန်ရှင်းလင်းသောနေရာတစ်ခုသို့ရောက်လာကြပြီးနောက် ရွက်ထည်တဲကြီးတစ်ခုကိုမြင်ရလေ၏။ ကချင် ၃-၄ ယောက်တို့သည် ရွက်ထည်တဲအတွင်းမှ လည်းကောင်း၊ အနီးရှိ သက်ငယ်တဲမှလည်းကောင်း ထွက်လာကြပြီးလျှင် ကျွန်တော်တို့အား ခရီးဦးကြိုပြုပြီးနောက် ရွက်ထည်တဲကြီးအတွင်းသို့ ခေါ်သွားလေ၏။ တဲအတွင်းရှိ ရွက်ထည်ခေါက်ခုတင်တစ်လုံးပေါ်၌ကား အသက် ၃၀ ခန့်ရှိ လူတစ်ယောက်သည် အလွန်ဖျော့တော့သော အဆင်းရှိသည့် မျက်နှာဖြင့် တွေဝေမိန်းမောကာ ရှိနေ၏။ သူ၏တပည့်များကား ခုတင်နံဘေးတွင်ရပ်ကာ တောင်းပန်သော မျက်နှာဖြင့် ကျွန်တော့်အား ကြည့်ရှု၍နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စမ်းသပ်ကြည့်ရှုသောအခါလူမမာမှာမက်ကလောင်ရောဂါစွဲကပ်ကာ အပြင်းငန်းဖမ်းလျက်ရှိနေကြောင်းသိရ၏။ သို့ဖြစ်၍ကျွန်တော်လည်း သူ၏တပည့်များအားအိပ်ရာကိုကျွန်တော့်သဘောကျပြုပြင်စေပြီးလျှင်ဝမ်းကျွင်းမှသွေးသွန်ခြင်း မဖြစ်စေရန် ဂရုပြုကာ ကျွန်တော်ကိုယ်တိုင် လူမမာကို ရှိမ၍ ဘန့်ရှင်းသောစောင်သစ်များဖြင့် ရစ်ပတ်ပေး၏။ နေရောင်ကိုလည်း နောက်တပ်ကာကွယ်စေရန် အရှေ့ဘက်မှ သက်ငယ်များကို ကာရန်စေ၏။ ထို့နောက် ကျွန်တော်လည်းပြဒါးနှင့် "ကာလိုရိုင်" စပ်ထားသော "ကာလိုမယ်" ခေါ် ပြဒါးဆား (၃)ဂရိမ်ကို ရေနှင့်ရောစပ်တိုက်လိုက်၏။

ကျွန်တော်သည် လူမမာအနီးတွင် (၃)ရက်လုံးလုံး ထိုင်ကာ ၁၅မိနစ်လျှင်တစ်ကြိမ် ရေစက်အနည်းငယ်ကို ပါးစပ်ထဲသို့ သွန်းလောင်းပေး၏။ ဘရန်ဒီနှစ်ကြိမ်အသက်ဆက်၍ပေးခဲ့ရ၏။ သူ၏ နားနားသို့ကပ်ကာ ဒားဖေးစကား ပြောကြား၏။ လေသန့်များရနိုင်ရန်ပြုလုပ်ပေး၏။ အလွန်အေးခြင်း၊ အပူလွန်ခြင်းများကို တဝ်အားသ၍ကာကွယ်ပေးပြီးလျှင် ယခုမှပင်မြင်ဖူးသော်လည်း ညီရင်းအစ်ကိုတမျှ ပြုစုစောင့်ရှောက်လေ၏။ သုံးရက်မြောက်သောဖနေ့ညနေ၌ လူမမာသည် အတန်ငယ်သတိ ရလာပြီးလျှင် ငန်းဖမ်းခြင်း လက္ခဏာများပျောက်သွားလျက် ကျွန်တော့်အား ကျေးဇူးတင်သောမျက်နာဖြင့် ပြုံး၍ကြည့်ရန် အားယူပြီးနောက် တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍သွားလေ၏။ လူမမာကား ကောင်းစွာစိတ်ချရပြီဖြစ်၍ကျွန်တော့်မှာ ဒုက္ခခံရသည့်အတွက် ခံရကျိုးနပ်လေပြီ ဟု ယူဆမိ၏။

ထိုအခါမှ ကျွန်တော်လည်း မောင်ထူးအား လူမမာအနီးတွင် စောင့်ရန် မှာကြားပြီးလျှင် (၃)ရက်နှင့် (၃)ညတိုင်တိုင် အအိပ်ပျက်ခဲ့သည်များကို အတိုးချ၍အိပ်လိုက်ရာ (၁၈)နာရီလုံးလုံး အိပ်ပျော်၍သွားလေ၏။

ကျွန်တော် အိပ်ရာမှနိုးသောအခါ လူမမာကောင်းစွာ စကားပြောနိုင်ပြီဖြစ်၏။ သူ၏အမည်မှာ မောင်ကျော်သောင်းဖြစ်ကြောင်း သိရ၏။ ကိုကျော်သောင်းမှာ ကသာမြို့တွင် မြေပိုင်ရှင်ကျောက်တွင်းပိုင်တစ်ယောက်ဖြစ်၍ သေနတ်ပစ်ဝါသနာပါခဲ့သူတစ်ယောက်ဖြစ်ရာ ဆင်ပစ်လိုင်စင်ကို ရရှိခဲ့ပြီးလျှင် ထိုနှစ်အတွက်





ဆင်ပစ်မှုဆိုးတစ်ယောက်ကိုငှားရမ်းပြီးနောက်ဆင်ဥကောင်မျှပင်ပစ်ခတ်ရရှိ၏။ သို့သော် မုဆိုးမှာ ကျားသစ်ကုတ်သော ဒဏ်ရာဖြင့် ကသာမြို့သို့ ပြန်ပို့လိုက်ရကြောင်းနှင့် သူ၏တပည့်များက ပြောပြသဖြင့် သိရ၏။ စကားပြောနိုင်သည်နှင့်တစ်ပြိုင်နက် ကိုကျော်သောင်းသည် ကျွန်တော်၏လက်ကို ယုယစွာ ဆွဲကိုင်ပြီးနောက် -

"နောင်ကြီးကျေးဇူးတော့ကျွန်တော် ဘယ်တော့မှုမမေ့ဘူးဗျာ။ နောင်ကြီးကျေးဇူးကို ကျွန်တော် တစ်နေ့ကောင်းကောင်းဆပ်မယ်"

"ဒီလိုအကျဉ်းအကျပ်ထဲမှာဆိုရင်ကူညီဖို့ဝတ္တရားလူတိုင်းမှာရှိတာပေါ့ ကိုကျော်သောင်း၊ ဒါတွေပြောမနေပါနဲ့ဗျာ။ ကိုယ့်ကိုယ်ကိုယ်သာ မြန်မြန်မာအောင်ကြိုးစားပါ"

"ကျွန်တော်ဖြင့် အခုတစ်ရက် နှစ်ရက်အတွင်း ကသာတောင် ပြန်ချင်တာပဲ ခင်ဗျာ"

"ဟာ ပြန်လို့ ဘယ်ဖြစ်ဦးမှာလဲဗျ၊ အနည်းဆုံး ခင်ဗျား ဒီနေရာမှာ ဥပုတ်လောက်တော့ နေရဦးမယ်"

ဤသို့နောက် ကျွန်တော်လည်း လူမမာမောပန်းမည်စိုး၍ စကားလက်စဖြတ်ပြီးသော် တဲအပြင်သို့ ထွက်သွား၏။

ဤသို့နှင့်ကိုကျော်သောင်းအားဆေးဝါးများကိုမှန်မှန်တိုက်ကျွေးခြင်း၊ သင့်လျော်သော အာဟာရများကိုပေးခြင်း၊ နေရာထိုင်ခင်းကို ရာသီဥတုနှင့်လိုက်အောင် ပြုပြင်ပေးခြင်းစသည်ဖြင့် ဥပုတ်မျှ အချိန်ကုန်လွန်ခဲ့ရာ လူမမာမှာ အတော်အတန် ထူထူထောင်ထောင်နေနိုင်သော အခြေအနေသို့ရောက်ရှိခဲ့လေသည်။

ထို့နောက် ကျွန်တော်လည်း သူ၏တပည့်များအား ထမ်းစင်တစ်ခု ပြုလုပ်စေပြီးသော် လူ ၄ ယောက်ကို ထမ်းစေ၍ ကိုကျော်သောင်းအားရာသီဥတုပို၍ကောင်းမွန်ရာ ကျွန်တော်၏ စခန်းသို့ ခေါ်ခဲ့၏။

ထိုအခါမှ ကျွန်တော်နှင့် ကိုကျော်သောင်းတို့မှာ ပိုမိုရင်းနှီးလာ၏။ ကိုကျော်သောင်းမှာ ကသာမြို့ပေါ်တွင် ထင်ရှားသော လူကုံထံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာဆင့်ပစ်ခတ်ခြင်းကိုအထူးဝါသနာပါခဲ့သော်လည်းကိုယ်တိုင်စွမ်းဆောင်ရန် မိမိလက်ကို ကောင်းစွာ မယုံကြည်သေးသဖြင့် ကချင်လူမျိုး မုဆိုးတစ်ယောက်အားအခကြေးငွေများစွာပေး၍ငှားရမ်းခေါ်ယူခဲ့၏။မုဆိုးအားလခအပြင်ဆင်စွယ်၏တန်ဖိုးကိုတွက်၍ ရာခိုင်နှုန်း (၂၀)မျှ ဆုအဖြစ်ဖြင့်ပေးရန် ကတိထားခဲ့သေး၏။ ကိုကျော်သောင်းမှာမိမိ၏လယ်ယာမြေများမှလည်းကောင်း၊ ကျောက်တွင်းများမှလည်းကောင်း ဝင်ငွေမှန်မှန်ရှိသူတစ်ယောက်ဖြစ်ရာ ဆင်စွယ်များကို ရောင်းချခြင်းမပြုဘဲ အိမ်၌အလှထားခြင်း၊ အလွန်ချစ်ခင်သော မိတ်ဆွေသူငယ်ချင်းများအား လက်ဆောင်အဖြစ်ပေးကမ်းခြင်းဖြင့်သာ အသုံးချလေသည်။ ကိုကျော်သောင်းမှာ နောက်လိုက်တပည့်များကို ငှားရမ်းရာ၌ပင် အခြားသူများထက် နှစ်ဆနီးပါးမျှပေး၍ငှားရမ်းတတ်သည့်ပြင် မိမိအလိုရှိသော သားကောင်ကို ပစ်ခတ်ပေးနိုင်သူအားလည်း ဆုအဖြစ်ဖြင့် ရက်ရက်ရောရောပေးတတ်သေး၏။ သကြံနံနေ့က ကျွန်တော်ဖောက်ခွဲလိုက်သော "ဒိုင်းနမိုက်" ပေါက်ကွဲသံကိုကြားရသဖြင့် ကျွန်တော့်ထံ အကူအညီတောင်းရန် ခေါင်းဆောင်၍လာသော ကချင်ဒူးဝါး အဘိုးကြီးကိုပင် ကျေးဇူးတင်သည့်အနေဖြင့် ငွေ ၃၀၀ ကို လက်ငင်းပေးလိုက်လေသည်။

၂ပတ်ခန့်ကြာသောအခါကိုကျော်သောင်းမှာကောင်းစွာကျန်းမာလာပြီ ဖြစ်၍ ကျွန်တော့်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားပြောကြားပြီးနောက် သူ၏တဲစခန်းသို့ ပြန်သွားလေ၏။

◈

မိုးကျလာပြီဖြစ်၍ ကျွန်တော်လည်း တပည့်များအား တဲစခန်းကို လုံခြုံထူထဲစွာပြင်ဆင်စေပြီးသော် နေ့စဉ်ဟင်းကျွေးအတွက် သားကောင်ကလေးများနှင့် ငှက်များ၊ ရေဝမ်းဘဲများကို ပစ်ခတ်ကာ ရှိနေခဲ့လေသည်။ ကျွန်တော့်မှာ အခွင့် ၄ လသာရရှိခဲ့သဖြင့် ထိုခွင့်ရက်အားလုံးကို တောထဲ၌ပင် ဖြုန်းတော့မည် ဟူသော စိတ်ကူးဖြင့် ဤသို့ နေထိုင်ခြင်းဖြစ်လေသည်။

တစ်နေ့သော နေ့လယ်ခင်း၌ မိုးအနည်းငယ်ပြတ်လပ်သည်နှင့် ကျွန်တော်သည် မောင်ထူးနှင့် အခြားကချင် ၂ယောက်ကိုပါခေါ်၍ ရွှေလီချောင်း၏





အရှေ့ဘက်ကမ်းသို့ ငှက်နှင့်သားကောင်များပစ်ရန် ထွက်ခဲ့လေ၏။ မောင်ထူးသည်ရိုင်ဖယ်သေနတ်နှင့်ချေတစ်ကောင်ကိုလည်းကောင်း၊ ကချင် ၂ယောက်တို့သည် သာမာန် ၂လုံးပြူးသေနတ်များနှင့် တောဝမ်းဘဲနှင့် ရေကြက်များကိုလည်းကောင်း၊ ပစ်ခတ်ရရှိခဲ့၏။ ကျွန်တော်ကိုယ်တိုင်မှာကား တစ်စုံတစ်ရာ မပစ်ခတ်ရချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ဆင်ပစ်သေနတ်မှာ (ဒဿမ ၄၅၀)အကြီးစား ၂လုံးထိုး သေနတ်ကြီးဖြစ်သဖြင့် ဆင်နှင့်ကျားများ တောဝက်များမှတစ်ပါး အခြားအကောင်အလှောင်ငယ်များကို ပစ်ခတ်ရန် ကြီးလေးလွန်းသဖြင့် မပစ်ရချေ။ သေးဆီးရန်ကာအတွက်ကြောင့်သာ ယူခဲ့ရခြင်း ဖြစ်၏။

ချေကောင်ကိုဖျက်၍ ယူခဲ့ကြပြီးနောက် နေအတော်စောင်းပြီဖြစ်၍ ကျွန်တော်တို့လည်းမြစ်ဆိပ်ရှိရာသို့လာခဲ့ကြ၏။ထိုအချိန်၌ရာသီဥတုမှာညို့မှောင်၍တက်လာသော မိုးသားတိမ်လိပ်များလည်း ကောင်းကင်တစ်ခုလုံးကို အုံ့မှိုင်းစေလျက် ရှိ၏။ ထိုအတွင်းလေပြည်သည် တဖြည်းဖြည်းထန်လာပြန်၏။ မြစ်ဆိပ်သို့ရောက်သော်နေရောင်ပျောက်လုမတတ်ရှိပြီဖြစ်၍ကျွန်တော်တို့လည်း နေ့လယ်က ဆိုက်ထားခဲ့သော လှေငယ်ရှိရာသို့ လာခဲ့ကြရာ လှေကိုမတွေ့ရဘဲ ကြိုးပြတ်သာ တွေ့ရသဖြင့်လှေကလေးမှာ ရေစီးတွင်ကြိုးပြတ်၍မျောပါသွားဟန် လက္ခဏာရှိလေသည်။

ကျွန်တော်တို့မှာ ကြံရာမရ ရှိနေခဲ့ရာ ကျွန်တော်လည်း မတော်တဆ ဖြစ်ရသည့်ကိစ္စကိုအချိန်ကုန်ခံ၍ဝမ်းနည်းနေသော်လည်းမပြီးသဖြင့်မောင်ထူးနှင့် ကချင်တစ်ယောက်အား လှေရှာရန် လွှတ်လိုက်၏။ အဘယ်ကြောင့်ဆိုသော် ထိုဆိပ်ကမ်းအထက် ခရီး(၄)ဖာလုံခန့်တွင် ငါးတဲစုကလေးရှိသဖြင့် တံငါလှေတစ်စင်းရလိုရငြား ငှားရမ်းယူခဲ့ရန် လွှတ်လိုက်ခြင်းဖြစ်လေသည်။

မကြာမီ မောင်ထူးနှင့် ကချင်သည် တံခါးလှေတစ်စင်းနှင့် ပြန်ရောက်လာခဲ့သဖြင့် ကျွန်တော်တို့လည်း လှေပေါ်သို့ တင်စရာရှိသည်များကို တင်ကြပြီးနောက် လှေမှာရေယိုလျက်ရှိသဖြင့် ဤကဲ့သို့ ကြမ်းတမ်းသော ရာသီဥတုတွင် ကူးမည်မကူးမည်ကို စဉ်းစားကာ ခပ်ဆိုင်းဆိုင်းရှိနေကြ၏။ မောင်ထူးနှင့် ကချင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကားကျွန်တော့်အရိပ်အကဲကိုကြည့်ကာကချင်များသည်တီးတိုးပြောဆိုလျက်ရှိကြလေသည်။

ထိုအချိန်၌ နေမှာ လုံးလုံးဝင်ခဲ့ပြီဖြစ်၍ လေအတော်အတန်ပြင်း၍လာလေရာလေပြင်းနှင့်အတူမိုးသက်ကလေးများလည်းပါလာသဖြင့်လှိုင်းသက်လုံးများသည်ကမ်းခြေသို့ တဖျတ်ဖျတ်ရိုက်ခတ်စပြုလာ၏။ ကျွန်တော်တို့မှာ ညစာလည်းမစားရသေးသဖြင့်ဆာလောင်မွတ်သိပ်လှသည့်ပြင် မိုးသက်လေမှာလည်း ရိုးတွင်းခြင်ဆီသို့ ရောက်သွားဘိသကဲ့သို့ အေးချမ်းလှသည် ဖြစ်ရကား ကျွန်တော့်မှာ ထိုအခါမှတဲစခန်းသို့ပြန်၍ရောက်လိုသော ဇောသည် ပိုမိုပြင်းထန်လာ၏။

သို့ဖြစ်၍ မောင်ထူးအကြံပေးချက်အတိုင်း လှေကိုစိတ်မချရခဲ့လျှင် ၄ ယောက်စလုံးတစ်ခါတည်းမကူးဘဲမောင်ထူးနှင့်ကျွန်တော်တို့ကအရင်ကူးနှင့်ပြီး နောက်ကချင် ၂ယောက်ကိုနောက်မှကူးစေမည်ဟု လှေငယ်ပေါ်သို့တက်ကြလေ၏။ မောင်ထူးမှာကျွန်တော့်ကိုကြောက်ရွံ့၍သာ လှေပေါ်သို့တက်ခဲ့ရသော်လည်း များစွာစိတ်ပါဟန်မရှိချေ။ လှေထွက်ပြီးနောက် မကြာမီပင် မိုးသည် ဒလဟော သွန်းချ၍ ရွာသဖြင့် ကျွန်တော်တို့လည်း အလွန်သန်သော ရေစီးကိုဖြတ်ကာ လှော်ခတ်သွားကြကုန်၏။ ရေလယ်သို့ရောက်သောအခါလှေငယ်မှာရေအတော်ဝင်ပြီဖြစ်၍ ကျွန်တော်လည်း ရေကိုတတ်နိုင်သမျှ ခပ်၍ပစ်ချရ၏။ လှေကလေးသည် မိုးရေနှင့် လှိုင်းလုံးများကိုဖြတ်ကာ တလိမ့်လိမ့်သွားလျက်ရှိသည်ဖြစ်ရာ သုံးပုံနှစ်ပုံမျှ ရောက်သောအခါ၌ မိုးသက်လေသည် ယခင်ကထက် ပြင်းထန်လာပြီးလျှင် ရေစီးမှာလည်း ဒလဟော စီးဆင်းလာသည်ဖြစ်၍ ကျွန်တော်တို့မှာ လှေကိုမနိုင်အောင်ရှိစဉ် မြစ်ညာမှ မျောပါလာသော သစ်ပင်တစ်ပင်သည် ကျွန်တော်တို့လှေကို ခါးလယ်မှဖြတ်၍တိုက်လိုက်သဖြင့် လှေကလေးမှာနံဘေး စောင်းပြီးလျှင် တစ်ခါတည်း တိမ်းမှောက်သွားလေ၏။ ထိုအခါမှ ကျွန်တော်လည်း မိမိအသက်ချမ်းသာရန် ကမ်းဆီသို့ ကူးခတ်ရပေ၏။ ကျွန်တော့်မှာ လှေပေါ်သို့တက်စဉ်က ◌ ်င်လေးလံသော ဖိနပ်ကြီးကိုအသင့်ချွတ်ထားသည့်ပြင် ဆင်ပစ်သေနတ်ကိုလည်း လွယ်၍မထားဘဲ နံဘေးသို့ချထားသောကြောင့်





သာ အသက်ချမ်းသာရာရခဲ့လေသည်။ မောင်ထူးကား ကျွန်တော့်ထက် ရေကူးကျင်လည်သဖြင့် ခြေဖျားမထောက်နိုင်မီ ကျွန်တော့်အား တွဲယူနိုင်သည့်ပြင် သူ၏ရိုင်ဖယ်ကိုပင်နောက်ကျောတွင်လွယ်ယူနိုင်ခဲ့သေး၏။ ကျွန်တော်၏ဆင်ပစ်သေနတ်ကြီးကား ရေလယ်တွင် တစ်ခါတည်း ကိစ္စချောခဲ့လေပြီ။

◈

၂လုံးထိုး ဆင်ပစ်သေနတ်ကြီး ဆုံးခဲ့ပြီဖြစ်၍ ကျွန်တော်လည်း ထိုနှစ်မိုးတွင်းအတွက် မျှော်လင့်ရန် အလျှင်းမရှိရကား အောင်ထူးနှင့် တပည့်များ ပစ်ခတ်ပေးသော အကောင်ပလောင်ကလေးများနှင့်ပင် တင်းတိမ်ရောင့်ရဲကာ တောထဲတွင်မိုးခိုလျက်ရှိလေ၏။ ကျွန်တော်၏အကြံမှာ အနည်းငယ်မိုးပါးသည်နှင့် တစ်ပြိုင်နက် "မြစ်ဆုံ"အထိ ဆန်တက်ပြီးလျှင် ထိုမှတစ်ဖန် "သပိတ်ကျင်း"သို့ ကုန်းလမ်းအတိုင်း သွားရောက်ကာ သပိတ်ကျင်းမှ ကသာမြို့သို့ သင်္ဘောဖြင့် သွားရန်ဖြစ်လေသည်။

တစ်နေ့သော ညနေစောင်း၌ ကျွန်တော်တို့လည်းအလွန်အေးချမ်းလှသည်ဖြစ်၍ တဲအတွင်းရှိ မီးဖိုအနီးတွင် ခပ်ကုပ်ကုပ်ထိုင်ကာ အောင်ထူးသည် ကော်ဖီကိုဖျော်လျက် ကျွန်တော်လည်း ဆေးတံကိုခဲကာ ရှိလေ၏။ မိုးပေါက်ကြီးများသည် သစ်ရွက်အုပ်ကြီးများပေါ်သို့ မနားမနေ တဖြောက်ဖြောက် ကျလျက်ရှိလေရာ မိုးသက်လေကလေးများသည်လည်း အသားကိုဖောက်ကာ အရိုးသို့ထိခိုက်လုမတတ် စိမ့်ဝင်၍ သွားသကဲ့သို့ မှတ်ထင်ရ၏။

ထိုခဏ၌ တစ်ကိုယ်လုံး စိုလျက် မိုးကာအင်္ကျီကြီးကိုဝတ်၍ထားသော သူတစ်ယောက်သည်မြစ်ဆိပ်ဖြတ်လမ်းကလေးဘက်ဆီမှ ကျွန်တော်တို့တဲရှိရာသို့ ရေးရှူလာ၍ နေရာအနီးသို့ ရောက်သောအခါမှ ထိုသူမှာ အခြားသူမဟုတ် ကိုကျော်သောင်းပင်ဖြစ်ကြောင်း တွေ့ရလေသည်။ ကိုကျော်သောင်းသည် မိုးကာအင်္ကျီကို ချွတ်၍ အတွင်းဘောင်းဘီကို ကျွန်တော်၏ ဖလန်နယ်လုံချည်နှင့် လဲရင်း -

"ကျွန်တော်ဖြင့် ကိုထွန်းပွင့်ကို တွေ့မှတွေ့ပါမလားလို့ ခင်ဗျာ၊ စိတ်ခပ်လေးလေးပဲ။ ဟိုအရှေ့ဘက်နားက တံငါရွာကလေးကျခါမှ ခင်ဗျားရှိသေးတယ်ဆိုတာ သိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ခင်ဗျား နောက်တစ်ခေါက်ပြန်လာတာလား"

"ဟုတ်တယ် ခင်ဗျား။ ဒီတစ်ခါတော့ အတော်ပဲ ကိုထွန်းပွင့်ရေ၊ ခင်ဗျား ဘာသတင်းမျှ မကြားသေးဘူးလား"

"ဟင့်အင်း မကြားသေးပါဘူးဗျာ၊ ဘာသတင်းများလဲ ကိုကျော်သောင်းရဲ့"

"သိပ်ကြီးတဲ့ ဆင်ကြီးဗျို့။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သူ့ထက်ကြီးတဲ့ အကောင်တစ်ခါမျှမမြင်ဖူးဘူးလို့မုဆိုးတွေကတောင်ပြောကြတယ်ဗျ။ ဒီအကောင်ကြီးကို ကျွန်တော် လိုက်နေတယ်"

"ဘယ်မှာလဲဗျ"

"မြောက်ဘက်နားတင်ပဲ၊ သိပ်မဝေးလှပါဘူး။ ခင်ဗျားတဲကနေပြီး သွားရင် တစ်နေ့ခရီးလောက်ဆိုပါတော့။ ဒီဆင်ကြီးကိုလိုချင်လို့ကျွန်တော်လည်း မိုးတွင်းကြီးတောင် မရှောင်ဘဲ လိုက်နေတာသာ ကြည့်ပေတော့"

"ဆောင်းဦးပေါက်မှ ပစ်ရောပေါ့ ကိုကျော်သောင်းရယ်၊ အလကားဒုက္ခ ရှာလို့"

"ဒုက္ခရှာလို့မလုပ်နဲ့ ဆရာကြီး၊ ဆောင်းဦးပေါက်ကျရင် ဒီအကောင်ကြီး နောက်ကိုလိုက်မယ့်လူ(၆)ယောက်ထက်မနည်းဘူး။ ဒီဟာကြီးမျိုးမှ ကျွန်တော်က ပစ်ချင်တာကိုထွန်းပွင့်ရဲ့။ ရများရရင်လား အစွယ်ကိုရွှေကွပ်ပြီး အိမ်ဦးခန်းမှာ အလှထားလိုက်ဦးမယ်"

"ဘယ်လောက်များကြီးလို့လဲ ကိုကျော်သောင်းရဲ့"

"ဟာ ကြီးတာတော့ မပြောနဲ့တော့ ဆရာရေ။ ကသာနယ်မှာ ဒီလို အကောင်ကြီးမျိုးတစ်ခါမျှမရှိခဲ့ဖူးဘူး။ ဟိုဘက်ကမ်းက ကူးလာတဲ့အကောင်ကြီး ဆိုပဲဗျ။ အစွယ်တစ်ချောင်းတင်ပဲ အနည်းဆုံး ပေါင်(၁၀၀)ကျော်စီးလောက် ရှိသတဲ့ ဆရာ"

ထိုအခါ၌ မောင်ထူးသည် ကျွန်တော်၏ ညွှန်ကြားချက်အတိုင်း ဝီစကီ ပုလင်းနှင့် ဖန်ခွက် ၂လုံးကိုယူခဲ့ရာ ကျွန်တော်တို့လည်း ဝါသနာတူညီသော





သူတို့မည်သည် စကားလက်ဆုံ ကျမြဲ ဖြစ်သည့်အတိုင်း ဆင်ပစ်ခတ်ခြင်း အကြောင်းများကိုပြောရင်း ထိုနေ့ညနေခင်းအချိန်များကို ကုန်လွန်စေ၏။

ညစာ စားသောက်ကြပြီးနောက် ကျွန်တော်တို့လည်း မီးဖိုအနီးတွင် ထိုင်ကာ ဆေးပြင်းလိပ်များကို ကိုယ်စီခဲရင်း ကျွန်တော်က လေ့မှောက်ခဲ့သည့် အကြောင်းများကိုပြန်ပြောင်းပြောဆိုလျက်ရှိစဉ် ကိုကျော်သောင်းက –

"ဟာ ဒါဖြင့် အဆင်သင့်ပဲဗျို့။ ခင်ဗျားပေးဖို့ ၂လုံးထိုး သေနတ်ကြီး တစ်လက် ကျူပ်ဝယ်ထားတယ်။ ပြီးတော့ စည်သွတ်ဘူးတွေ၊ မုန့်သေတ္တာတွေ၊ ခင်ဗျားကြိုက်တဲ့ နေဗီကပ်ဆေးဘူး (၆)ဘူးတောင် ပါတယ်။ နို့ပေမဲ့ ကျွန်တော် တစ်ယောက်တည်းမိုးလင်းလင်းချင်းထွက်လာရတော့ တစ်ခါတည်းကျွန်တော်နဲ့ အတူမယူခဲ့နိုင်သေးဘူးဗျ။ ကသာသဘော်ဆိပ်မှာ အားလုံးပစ်ခဲ့ရတယ်။ ကားလမ်းပေါက်ရင်ပေါက်ချင်း သယ်ယူတာပေါ့ဗျာ"

"အလကားဒုက္ခရှာလို့ ကိုကျော်သောင်းရယ်"

"ဆေးဖိုးဝါးခပေါ့ဗျာ၊ ခင်ဗျားဆေးကုလို့အသက်ရှင်လာတာကျွန်တော် ဖြင့် ဒီကျေးဇူးကို ဘယ်တော့မျှ မမေ့တော့ဘူးဗျာ။ ဪ ဒါထက် ကျွန်တော့်ကို ယမ်းတောင့် ၅၀လောက်တော့ ချေးဦးမှာပဲ"

"ယူပါဗျာရှိပါတယ်။ ကျွန်တော့်မှာသေနတ်ကြီးမရှိတဲ့အတူအသုံးမလို သေးပါဘူး"

အချိန်မှာ အတော်ညဉ့်နက်ပြီဖြစ်၍ မောင်ထူးမှာ အိပ်ပျော်နေပြီဖြစ်ရ ကားကျွန်တော်လည်း ကချင်တပည့်ကလေးအား ဆင်ပစ်သေနတ်ယမ်းတောင့် သေတ္တာထဲမှ ယမ်းတောင့် ၅၀ကို ထုတ်ယူစေပြီးလျှင် ကိုကျော်သောင်းအား ပေးအပ်လေ၏။ နောက်တစ်နေ့နံနက်စောစော၌မိုးရွာလျက်ရှိရာကိုကျော်သောင်း မှာ မိုးစဲအောင်ပင် စောင့်၍မနေတော့ဘဲ ပြန်သွားလေ၏။

ထိုနေ့ ညနေစောင်း၌ ကျွန်တော်သည် မောင်ထူးကိုခေါ်၍ နောက် တစ်နေ့မြစ်ဆိပ်သို့သွားရန်အတွက်ပြင်ဆင်စေ၏။ ဆေးနှင့်မီးခြစ်များကိုအင်းရွာ တရုတ်ကုန်ဆိုင်ကြီးတစ်ဆိုင်မှတစ်လလျှင်တစ်ကြိမ်ကျလာရောက်ပို့ရန် ချိန်းဆို



www.burmeseclassic.com

www.burmeseclassic.com



ထားသောရက်ဖြစ်သည့်အတိုင်းနောက်တစ်နေ့တွင်မြစ်ဆိပ်သို့လှူကြဲ့ကိုကြိုရန်သွားရမည်ဖြစ်လေသည်။

ကျွန်တော်တို့ ဖြတ်သွားရမည့်လမ်းမှာ တစ်ခါတစ်ရံ ဆင်များကို တွေ့တတ်သဖြင့် ကျွန်တော်လည်း ဆင်ပစ်သေနတ်ပင်မရှိစေကာမူ အကာအကွယ်သဘောဖြင့် ရိုင်ဖယ်အပေါ့စားသေနတ်ကို ယူသွားမည်ဖြစ်၏။သို့ဖြစ်၍ မောင်ထူးအား ယမ်းတောင့်များထားသော သေတ္တာထဲမှ ယမ်းဂတောင့် ၂၀ခန့် ယူခဲ့ရန်ပြောရာ မောင်ထူးသည် ရိုင်ဖယ်ယမ်းတောင့်များကိုယူရင်းတစ်စုံတစ်ခုကိုတွေ့ရ၍ အံ့ဩသောလက္ခဏာဖြင့် –

"ဒီအထဲမှာ ဆင်ပစ်သေနတ်ယမ်းတောင့်တွေ အများကြီးလျော့နေပါကလား ဆရာ"

"ဪ ဟုတ်တယ်ဟေ့၊ မင်းကိုမပြောမိသေးဘူး။ မနေ့ညက မင်းအိပ်နေလို့ မနိူးချင်တာနဲ့ ယမ်းတောင့် ၅၀ ကိုကျော်သောင်းကို ငါပေးလိုက်တယ်"

"ဟုတ်ကဲ့"

"ဘာလဲကွယ့်"

"ယမ်းထုတ်ယူထားတဲ့ ယမ်းတောင့်တွေ ပါသွားပြီကော ဆရာ"

"အို ဟုတ်ပါရဲ့ကွယ်၊ ငါလည်း မင်းပြောမှ သတိရတယ်ဟေ့။ ဖြစ်မှဖြစ်ရလေ ဘယ်နှစ်တောင့် ပါသွားသလဲ မောင်ထူး ကြည့်စမ်းပါဦးကွယ်"

(ဗလာယမ်းတောင့်များကိုရွေးချယ်စစ်ဆေးပြီးနောက်) "ဒီမှာ ၉တောင့်ပဲ ကျန်တော့တယ် ဆရာ"

ထိုအခါမှ ကျွန်တော်လည်း သကြံန်အကျနေ့က ဖောက်ခွဲသည့်ဗုံးလုပ်ရာတွင် ယမ်းတောင့် ၂၀မှ ယမ်းမှုန့်များကို ထုတ်ယူခဲ့ရာ ယခု ၉တောင့်ကျန်ရစ်ခဲ့သည်ကိုတွက်လျက် ကိုကျော်သောင်းအား ယမ်းတောင့်၅၀ပေးလိုက်ရာတွင် ယမ်းမှုန့်ထုတ်ပြီး ဗလာယမ်းတောင့် ၁၁တောင့် ပါသွားကြောင်းသိရ၏။

ထိုအခါ ကျွန်တော်လည်း ဖောရွှေးများ ပြန်လာသည့်တိုင်အောင် ကိုကျော်သောင်းမှာ "နှစ်လုံးတိုး" ဆင်ပစ်သေနတ်ကြီးအတွက် ကျွန်တော့်ထံမှ ယူသွားသော ယမ်းတောင့် ၅၀သာရှိသဖြင့် ၎င်းအနက် ယမ်းတောင့်ကောင်းမှာ





၃၉တောင့်ဖြစ်ပြီးလျှင် ဗလာယမ်းတောင့်မှာ ၁၁တောင့်ဖြစ်ရကား၊ အကြီးဆုံး အဆိုးဆုံးဆင်ကြီးကို ပစ်သူမသိရဘဲ ဗလာယမ်းတောင့် ၁၁တောင့်ရောချ၍ ထားသော ယမ်းတောင့် ၅၀ဖြင့် ရင်ဆိုင်တော့မည်ဖြစ်၏။

ဆင်ပစ်မုဆိုးများမှာ သက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသော "သမားရိုးကျ" မုဆိုး ကျွန်တော်တို့ကဲ့သို့ ဝါသနာအလျောက် ပစ်ခတ်နေသော "အပျော်" မုဆိုးဟူ၍ နှစ်မျိုးနှစ်စားကွဲပြားလျက်ရှိရာ ကျင့်သားရပြီးသော သမားရိုးကျများမှာ ဆင်ကိုမိမိနှင့် ၁၀ကိုက်အထိဖြစ်စေ၊ သို့မဟုတ် တတ်နိုင်သလောက်က သေချာသည်ထက်သေချာစေရန် အနီးဆုံး ၇ကိုက်အထိ "ပစား" ပေး၍ ပစ်ခတ်ဝံ့၏။ ကိုကျော်သောင်းမှာ အပျော်တမ်းမုဆိုးတစ်ယောက် ဖြစ်သည်ဟု ဆိုစေကာမူ နှစ်ပေါင်းအတော်ကြာ လေ့ကျင့်ပြီးဖြစ်၍ သက်မွေးဝမ်းကျောင်း ပစ်ခတ်သော သမားရိုးကျမုဆိုးနှင့် မခြားတော့ချေ။ သို့ဖြစ်ရကား အခါအခွင့်သင့်က ကိုကျော်သောင်းသည် ဆင်ကို ၅ကိုက်အဝေးမှနေ၍ ပစ်ခတ်ဝံ့မည်မလွဲတည်း။ သို့သော် ယမ်းတောင့် ၅၀တွင် ၁၁တောင့်မျှသာ ဗလာပါသွာဖြင့် အချိုးအစားနှင့်တွက်ခဲ့သော် ကံကောင်းသေးသည်ဟု ဆိုရပေမည်။ သို့မဟုတ် မတော်တဆ "ကံဆိုးကံကောင်း" အကယ်၍ဗလာယမ်းတောင့်ဖြင့်၅ကိုက်အကွာမှ ပစ်ခတ်၍ လွဲချော်ခဲ့သော် ပစ်သူမှာ သေရမည်မလွဲတည်း။

ထိုအကြောင်းများကို စဉ်းစားရင်း ကျွန်တော်မှာ ကောင်းစွာ အိပ်၍ မပျော်ဘဲ ရှိလေရာ နံနက်လင်းအားကြီးတွင်မှ အိပ်ပျော်သွား၏။ အိပ်ပျော်သည့်အခိုက်၌ပင် ကိုကျော်သောင်းအား ဆင်လိုက်၍နေပုံများကို အိပ်မက်ထဲတွင်မြင်မိသေး၏။

နောက်တစ်နေ့၌ ကျွန်တော်တို့လည်း နံနက်စာ စားသောက်ပြီးနောက် ထွက်ခဲ့ရာ ကချင် ၂ယောက်မှာ ရှေ့မှ သွားနှင့်သဖြင့် ကျွန်တော်နှင့် မောင်ထူးမှာ နောက် (၂) ဖာလုံခန့် ကျန်ရစ်နေခဲ့၏။ ချောင်းငယ်တစ်ခုကို ကျော်ဖြတ်ပြီး နောက် ကျွန်တော်တို့လည်း မြောက်ဘက်သို့ ဆက်လက်လျှောက်သွားကြရာ တောကလေးသည် အတော်အတန်ရှင်းလျက် ကျွန်တော်တို့၏ လက်ဝဲဘက်၌ကား ထူထပ်သော သစ်တောကြီးသည် တောင်ခြေအထိ မျက်စိတစ်ဆုံးတည်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကိုမြင်ရ၏။ ခြေလမ်းကလေးတစ်ခုမှာ တောအုပ်အနီး၌ကပ်၍သွားသဖြင့် ကျွန်တော်တို့လည်း ထိုခြေလမ်းကလေးအတိုင်း လိုက်သွားကြ၏။ ၂ဖာလုံခန့် သွားလတ်သော်မှုဆိုးတစ်ပတ်ခန့်ရှိသစ်ပင်ကြီးတစ်ပင်သည်ခြေလမ်းကလေးကို ကန့်လန့်ဖြတ်၍ လဲနေသဖြင့် မောင်ထူးသည် လက်ထဲတွင်ကိုင်လာသော လှံကိုထောက်ကာသစ်လုံးကြီးပေါ်သို့ခုန်တက်ပြီးနောက်အခြားဘက်သို့ပေါ့ပါးစွာ ခုန်ချလိုက်လေ၏။

ကျွန်တော့်မှာသေနတ်ကိုနောက်ကျောတွင်လွယ်၍ထားရသည့်အပြင် မောင်ထူးကဲ့သို့လည်း မပေါ့ပါးသဖြင့် သူကဲ့သို့ပင် သစ်လုံးပေါ်သို့ ခုန်တက်မည်၊ သို့မဟုတ် တောစပ်ဘက်မှပင် လှည့်၍သွားမည်ကို စဉ်းစားလျက်ရှိစဉ် တစ်စုံ တစ်ယောက်သည် နောက်မှလာ၍ သေနတ်ပြောင်းကိုဆွဲလိုက်သဖြင့် ပထမမှု ကျွန်တော်၏ တပည့်ကချင်တစ်ယောက်လာ၍ အသံမပြုဘဲ သေနတ်ကို နောက်မှဆွဲယူသည်ဟု ထင်လိုက်၏။ သို့သော် နောက်သို့ လှည့်၍ကြည့်လိုက်မိ သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ အသည်းနှလုံးများသည် ရင်ဝသို့ တစ်ခါတည်းလာ၍ ဆောင့်လိုက်ဘိသကဲ့သို့ အောက်မေ့မိ၏။

သေနတ်ကို နှာမောင်းရှည်ကြီးဖြင့် လှမ်း၍ဆွဲနေသော ဆင်ကြီးမှာ ကျွန်တော် မြင်ခဲ့ဖူးသော အကြီးဆုံးဆင်ထက် တစ်တောင်ခန့် ပိုမိုမြင့်လျက် ကိုယ်လုံးကိုယ်ထည်ကြီးမှာလည်း အရပ်အမောင်းနှင့်လိုက်အောင် ကြီးမား ထွားကျိုင်းလှသည့်အပြင် ၎င်း၏ခန့်ထည်ကြီးမားလှသော အစွယ် ၂ချောင်းမှာ လည်းကျွန်တော်၏ကျောနှင့်တောင်ဆုပ်ခန့်သာဝေးတော့၏။ ပထမ၌ကြက်သေ ဖသေလျက်ရှိသော်လည်းကျွန်တော်မှာ တိရစ္ဆာန်ရိုင်းများနှင့်ရင်ဆိုင်ရပေါင်းများခဲ့ လှပြီဖြစ်၍ သေနတ်လွယ်၍ထားသော သားရေပတ်ကြိုးမှလွတ်အောင် ရုန်းထွက် လိုက်ပြီးလျှင် ကိုယ်ကိုမြေပေါ်သို့ လျင်မြန်စွာ လှဲချလိုက်ပြီးနောက် လဲနေသော သစ်ပင်ကြီးအောက်သို့ လိမ့်၍သွားပြီးလျှင် ကိုယ်ကိုသစ်လုံးအောက်သို့ ကပ်နိုင် သမျှ ကပ်၍နေလိုက်ရ၏။

ဆင်ကြီးသည် သေနတ်ကို နှာမောင်းဖျားဖြင့် ရစ်ပတ်ကာ အထက်သို့ တအားမြှောက်၍ မြေပေါ်သို့ချပြီးနောက် ခြေဖြင့်ဆောင့်၍နင်းလိုက်၏။ ထို့နောက်





နှာမောင်းကြီးအား ကျွန်တော်ရှိရာ သစ်လုံးအောက်သို့ ထိုးဝင်စေပြီးလျှင် ကျွန်တော့်အား အပြင်သို့ ဆွဲထုတ်ရန်ကြိုးစားလေရာ ကျွန်တော်လည်း သားရေ ခါးပတ်တွင်အဆင့်သင့်ရှိသောအမဲလိုက်ဓားဖြင့်နှာမောင်းဖျားကိုတအားကုန်လှီး လိုက်လေ၏။ ဆင်များ၏ နှာမောင်းဖျားအာရုံကို ကောင်းစွာခံစားနိုင်သော "အသားနု" အစိတ်အပိုင်းဖြစ်သည့်အတိုင်း ဆင်ကြီးသည် နာကျင်လှုပ်ဟန် နှာမောင်းကိုရုပ်သိမ်း၍ဟစ်အော်ပြီးနောက်နားရွက်ကြီးကိုစွင့်ကာယခင်ကထက် စိတ်ထွက်လာသည့်လက္ခဏာဖြင့် နှာမောင်းဖျားကို ကျွန်တော်ရှိရာသို့ တစ်ဖန်သွင်းပြန်၏။ ကျွန်တော်လည်း ဒုတိယအကြိမ်နှာနကို ဓားဖြင့်ဝိုက်လိုက် ပြန်ရာအကယ်၍သာကျွန်တော်၏ခြေဖျားဘက်မှဆွဲယူခဲ့သော်ကျွန်တော်လည်း ဓားဖြင့်ထိုးရန် လက်လှမ်းမီနိုင်မည် မဟုတ်သဖြင့် မုချပါ၍သွားချေမည်။

ဆင်ကြီးသည် ၂ကြိမ်တိုင်တိုင် နှာမောင်းဖျားကို ဓားဖြင့် ထိုးစိုက်ခြင်း ခံရသဖြင့် ယခုအကြိမ်၌မူ နှာမောင်းဖြင့် လှမ်း၍မဆွဲတော့ဘဲ နောက်သို့ အတန် ငယ်ဆုတ်ကာ ကျွန်တော်၏ဦးခေါင်းရှိရာနေရာကို ချိန်ပြီးလျှင် အစွယ်ဖြင့်တအား ထိုးစိုက်လိုက်၏။ သို့သော် အစွယ် ၂ချောင်းမှာ ခပ်စောင်းစောင်းကျသဖြင့် ပထမ အစွယ်သည် သစ်လုံးအတွင်းသို့ စူးဝင်ပြီးလျှင် ကျွန်တော်၏ဦးခေါင်းနှင့် ၂လက်မ ခန့်သာ လွဲ၍သွား၏။ ဒုတိယအစွယ်မှာကား ကျွန်တော်၏ ကိုယ်အောက် တည့်တည့် မြေကြီးထဲသို့ စူးဝင်သွား၏။

မောင်ထူးသည် ထွက်၍မပြေးဘဲ သစ်ပင်အုပ်ရှိရာဘက်မှ ဆင်ကြီးကို ချဉ်းကပ်ပြီး ရှေ့လက်ပုံကို လှံဖြင့်တအား ထိုးစိုက်လျက်ရှိလေရာ ဆင်သည် ကျွန်တော့်အားလွှတ်၍ထားခဲ့ပြီးလျှင်မောင်ထူးအားကွေ၍လိုက်လေ၏။ သို့သော် မောင်ထူးချဉ်းကပ်သောဘက်မှာ သစ်ပင်များချုံပုတ်များရှိသဖြင့် မောင်ထူးသည် သစ်ပင်များအကြားသို့ လိမ်ကောက်ကွေ့ဝင်ကာ လွတ်မြောက်သွားလေ၏။ ဤသို့ရှိစဉ် သစ်လုံးကြီး၏ အခြားဘက်မှ သေနတ်ဖောက်သံ ၂ချက်နှင့် တကွ ဟစ်အော်ဆူညံသံများကိုကြားလေရာထိုခဏ၌ဆင်ကြီးသည်နှာမောင်းကိုမြှောက် ကာ တစ်ချက်မျှပြင်းစွာ ဟစ်အော်ပြီးနောက် တောင်ခြေနှင့် ဆက်လျက်ရှိသော တောအုပ်ကြီးထဲသို့ တိုးဝင်ကာ ပျောက်ကွယ်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးကြီး၏အခြားဘက်မှကျွန်တော်၏တပည့်ကချင်၂ယောက်နှင့် အခြားသူစိမ်း ကချင် ၂ယောက်တို့သည် လည်းကောင်း၊ မောင်ထူးသည် လည်းကောင်း ရောက်လာကြသဖြင့် ထိုအခါမှ ကျွန်တော်လည်း သစ်လုံးကြီး အောက်မှ ထွက်ခဲ့နိုင်၏။

သူစိမ်းကချင်၂ယောက်အနက်ဆင်မြီးကိုကျစ်၍လည်ပင်း၌ဆွဲထားသူ မှာကိုကျော်သောင်းအသည်းအသန်ဖြစ်စဉ်က ကျွန်တော်တို့စခန်းသို့လာရောက် ခေါ်ငင်သော ကိုကျော်သောင်း၏ ရှေ့ဆောင်တပည့်ကြီးဖြစ်လေသည်။ သူတို့၏ မျက်နှာကိုကြည့်ခြင်းဖြင့် ကိုကျော်သောင်းမှာ တစ်စုံတစ်ခုဖြစ်ပြီဟု အတပ်တွေး လိုက်၏။ ထိုကချင်ဒူးဝါးကြီးသည်ကျွန်တော်၏တပည့်များအားကချင်ဘာသာဖြင့် "ကျုပ်တို့ဆရာတော့ ကိစ္စချောပြီ" ဟု တိုးတိုးပြောသံ ကြားလိုက်ရသဖြင့် ကျွန် တော်တွေးထင်သည့်အတိုင်းလည်း မှန်ကန်ကြောင်း တွေ့လေသည်။

ဒူးဝါးကြီး လမ်းပြသည့်အတိုင်း လိုက်သွားကြရာ နောက် (၃)နာရီခန့် ကြာသောအခါကျွန်တော်တို့လည်းချောင်းကလေးတစ်ချောင်းနံဘေးရှိတောအုပ် ကလေးတစ်ခုအနီး၌ ဆင်ခြေရာများနှင့်တကွ မြင်၍မကောင်းအောင် ကြေမွနေ သော ကိုကျော်သောင်း၏အလောင်းနှင့် အနီးတွင် ကျနေသော ဒသမ (၄၅၀) နှစ်လုံးထိုး ဆင်ပစ်သေနတ်ကြီးကို တွေ့ရ၏။

အလောင်းအနီးတွင် စောင့်၍နေသော ကိုကျော်သောင်းတပည့်က ကိုကျော်သောင်းသည် ဆင်ကြီးကို မည်မျှလောက် နီးနီးကပ်ကပ်တိုက်ခိုက် ကြောင်း ကျွန်တော်အား ငိုယိုကာ ပြန်ပြောသဖြင့် ကျွန်တော်လည်း ကိုကျော် သောင်း၏ သေနတ်ကို ကောက်ယူပြီးလျှင် ယမ်းတောင့် ၂တောင့်ကို ထုတ်ယူ ကြည့်ရှုရာ ပထမယမ်းတောင့်မှာ ကျည်ဆန်သာအပေါ်ရှိ၍ ယမ်းအိမ်တွင် ယမ်းမထည့်ရသေးသော ဗလာယမ်းတောင့်ဖြစ်ကြောင်း အံ့သြစွာ တွေ့ရှိရလေ ၏။ဒုတိယမောင်းကိုမဖြုတ်နိုင်မီဆင်ကြီးသည်ကိုကျော်သောင်းအားတစ်ခါတည်း နင်းသတ်လိုက်ဟန် လက္ခဏာရှိ၏။ ကံဆိုးလေစွ။ ကိုကျော်သောင်းသာ ယမ်း တောင့်အကောင်းတစ်ခုကို ဤနေရာ၌ ထည့်သွင်းမိခဲ့ပါမူ ဤကဲ့သို့အဖြစ်မျိုးကို တွေ့ကြုံကောင်းမှ တွေ့ကြုံပေမည်။ ဒုတိယယမ်းတောင့်ကား ယမ်းတောင့်





ဖြစ်သည်ကို တွေ့ရပြန်၏။ ကိုကျော်သောင်းမှာ အကုသိုလ်ဖန်တီးသဖြင့် ဤကဲ့သို့အသေဆိုးသေရခြင်းမှာဗလာယမ်းတောင့်အတွက်ကြောင့်သာဖြစ်ရာ ထိုဗလာယမ်းတောင့်ကို ဖန်တီးသူမှာလည်း အခြားသူမဟုတ် ကျွန်တော်ပင် ဖြစ်ရကားကျွန်တော်၏ပယောဂကင်းမှကင်းနိုင်ပါမည်လောဟုတွေးတောကာ စိတ်မသန့်ရှင်းမှု ဖြစ်ခဲ့၏။

ကျွန်တော်လည်း တပည့်များအား ထမ်းစင်တစ်ခုပြုလုပ်စေပြီးသော် ကိုကျော်သောင်း၏အလောင်းကို ကျွန်တော်၏ တဲစခန်းသို့ယူ၍ မိတ်ဆွေ တစ်ယောက်အား နောက်ဆုံးပြုစုသည့်အနေဖြင့် ကောင်းစွာ မီးရှို့သင်္ဂြိုဟ်လိုက်ရ ၏။

ကိုကျော်သောင်း၏ သေနတ်ပထမယမ်းတောင့်အိမ်နှင့် ဗလာ ယမ်းတောင့်ထည့်သွင်းထားမိခြင်းအကြောင်းကို ကျွန်တော်နှင့် မောင်ထူး တစ်ယောက်သာသိရာ မောင်ထူးသည် စကားရှည်နေမည် စိုးရိမ်သဖြင့် တပည့် လိမ္မာ ဆရာအာပတ်လွတ်ဆိုသော စကားကဲ့သို့ ဆိုင်ရာပုလိပ်အရာရှိများ လာရောက်စစ်ဆေးခြင်းမပြုမီအခြားပစ်ပြီးအလားတူယမ်းတောင့်တစ်တောင့်ကို ထည့်ထားလိုက်၏။

ကျွန်တော်သည် ယမ်းတောင့် ၂၀မှ ယမ်းများကို ယူပြီးလျှင် လက်လုပ် ဗုံးပြုလုပ်ဖောက်ခွဲစဉ်က ထိုအသံကြောင့်သာ ကိုကျော်သောင်း၏ တပည့်များ သည် ကျွန်တော်ရှိရာသို့လာရောက်နိုင်၏။ ကျွန်တော်ကလိုက်၍ဆေးဝါးကုသခဲ့ ၏။ ကျွန်တော်နှင့် အကျွမ်းတဝင်မိတ်ဆွေဖြစ်ခဲ့၏။ အကြောင်း တိုက်ဆိုင်ပုံမှာ ယခုလည်းထိုယမ်းတောင့်၂၀အနက်၁၁တောင့်သည်ကိုကျော်သောင်းလက်ထဲ သို့ကံအားလျော်စွာရောက်သွား၏။ထိုယမ်းတောင့်၁၁တောင့်အနက်ကံဆိုးသော ယမ်းတောင့်တစ်တောင့်အတွက် ကိုကျော်သောင်းမှာ အသက်ဆုံးရှုံးရရှာ၏။

အရာဝတ္ထုတစ်ခုသည်လူတစ်ယောက်၏အသက်ကိုပင်ကယ်တင်ကာ ကောင်းကျိုးချမ်းသာကို ပေးနိုင်ခဲ့သော်လည်း အကုသိုလ်ကံ ဖိစီးနှိပ်စက်ချိန်နှင့် ကြုံကြိုက်လာသောအခါ ထိုအရာဝတ္ထုပင်လျှင် သူ့အား အသက်ကိုဆုံးရှုံးစေနိုင် ၏။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအမှုမှာ မတော်တဆဖြစ်ခြင်းမျှသာဖြစ်၍ ကျွန်တော်၏ ပယောဂကင်းသည်ဟု ဆိုစေကာမူ ကျွန်တော်သည် ဤအဖြစ်အပျက်များကို တွေးမိတိုင်း စိတ်မကောင်းဘဲ အသက်သေသည့်တိုင်အောင် မေ့နိုင်တော့မည် မဟုတ်ပေ။

ပျော်တော်မူ ရုပ်စုံ၊ အမှတ် (၈)

# ဘယက်မှု

တစ်နေ့သော အင်္ဂလိပ် လဆန်း (၁)ရက်နေ့ ညနေစောင်း (၅)နာရီခွဲ အချိန်လောက်တွင်ဘန်ကောက်လုံချည်ရေညှိရောင်၊ သက္ကလပ်မီးခိုးရောင်အပေါ် အင်္ကျီ၊ မာဆရိုက်ရှပ်အဖြူ လက်ရှည်၊ အညိုရောင် ရှူးဖိနပ်စသည်တို့ဖြင့် သားနား သပ်ရပ်စွာဝတ်ဆင်ထားသောအသက်(၂၅)နှစ်ခန့်ရှိလူလင်ပျိုတစ်ယောက်သည် အတွင်းဝန်များရုံးဆီမှအရှေ့ဘက်သို့ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)အတိုင်း လျှောက်လာခဲ့ပြီးလျှင် ကရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း)ထဲသို့ ဝင်သွားလေ၏။ (၃)ထပ်တိုက်တစ်တိုက်ရှေ့သို့ ရောက်လတ်သော် ယခင်ကထက် လျင်မြန်သောခြေလှမ်းများဖြင့် ပထမထပ်သို့ တက်သွားပြီးနောက် အခန်းတစ်ခန်းမှ တံခါးကို ခေါက်လေ၏။

တံခါးဖွင့်ပေးသောသူမှာ အသက် ၂၀ခန့်ရှိ မိန်းကလေးတစ်ယောက် ဖြစ်ပြီးလျှင်ပန်းနုရောင် ပိုးတွန့်လုံချည်တစ်ပတ်ရစ်၊ ပဒုမ္မာပိတ်ပါးဒိုဘီချအင်္ကျီကို ဝတ်ထား၏။

အခန်းတွင်းသို့ဝင်မိလျှင်တံခါးကိုပြန်၍မျောက်လက်ချလိုက်ပြီးနောက် ယောကျ်ားပျိုသည် မိမိရုပ်အင်္ကျီအိတ်ထဲတွင် အထပ်လိုက်ပါလာသော ၁၀တန် စက္ကူအသစ်များ မိန်းမပျိုအား နှိက်ယူစေရာ ဤသို့နှိက်ယူရင်း မိန်းမပျို၏ဆံပင် နုကလေးများကို ဖယ်ရှား၍ နဖူးဖြူကလေးကို အားပါးတရ မွှေးလိုက်လေ၏။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ရှုံးဝန်ထောက် မောင်သန်းတင်နှင့် မထွေးရီတို့မှာ ကရစ်လမ်းရှိ သုံးထပ်တိုက်တစ်တိုက်တွင် အခန်းကလေးတစ်ခန်းကို လခ ၄၀ဖြင့် ငှားရမ်းပြီး လျှင် အေးချမ်းစွာ နေထိုင်ကြသော လင်မယားဖြစ်ပေသည်။ မောင်သန်းတင်မှာ အသောက်အစားမရှိ၊အဝတ်အစား၌ပလွှားခြင်းလည်းမရှိ၊ ပိရိစွာနေတတ်သူဖြစ်၍ မိမိရသော လစာငွေ ၂၅၀ထဲမှ မထွေးရီအတွက် လက်ဝတ်လက်စားပင် မဆင်နိုင်စေကာမူ လှပဆန်းသစ်သော ပိုးဖဲများကို လစဉ်ဝယ်ပေးနိုင်ခြင်း၊ အစေခံမကလေး တစ်ယောက်ကို လခ ၂၀ပေး၍ ငှားထားနိုင်ခြင်းများအပြင် တစ်လလျှင် ၁၀ ကျော်မျှ ပေးသွင်းရသော ငါးထောင်တန် အသက်အာမခံဖြင့် ငွေစုနိုင်သေး၏။ ဤသို့ မယားတစ်ယောက်ကို ယုယုယယနှင့် လှပစွာထားနိုင်စေကာမူ မထွေးရီမှာ သဘောကောင်းသောယောက်ျားများ၏မယားများညည်းညူလေ့ရှိသည့်အတိုင်း စိန်ရွှေလက်ဝတ်လက်စားများကို အမြဲမျှော်လင့်တောင့်တနေသူဖြစ်လေသည်။ သို့ဖြစ်ရကား မထွေးရီမှာ အခြားစာရေးကတော်များနှင့်တွေ့တိုင်း မည်သည့် မင်းကတော်ဝတ်သော စိန်နားကပ်က ကောင်းသည်၊ မည်သည့်စာရေးကတော် ဝတ်သောစိန်လက်ကောက်ကရိုးသည်စသည့်လက်ဝတ်လက်စားများအကြောင်း ကိုငမ်းငမ်းတက်မျှ ပြောဆိုတတ်လေသည်။ "ကျွန်မတို့တော့ သည့်လောက် လခကလေးနဲ့ ဘယ်တော့မှ စိန်တော့ဝတ်ရမယ် မဟုတ်ပါဘူးရှင်" စသည်ဖြင့် မောင်သန်းတင်မကြားတကြား ညည်းညူတတ်လေသည်။

မောင်သန်းတင်သည်အဝတ်အစားများလဲလှယ်ပြီးနောက်အပေါ်အင်္ကျီ အိတ်တစ်ခုထဲမှ ရွှေပေါင်သတ်ထားသော ကတ်ပြားကလေးတစ်ခုကို ထုတ်ကာ "ရီရေ ဟောဒီမှာ မင်းကြီးက နောက်တနင်္ဂနွေနေ့ကို ဒင်နာပါတီပေးမလို့တဲ့။ ကိုယ်တို့ လင်မယားကို ဖိတ်လိုက်တယ်။ သည့်ပြင်စာရေးကြီးတွေတောင် မဖိတ်ဘူး"

မောင်သန်းတင်သည်ဖိတ်စာကတ်ပြားကလေးကိုမထွေးရီလက်ထဲသို့ ထည့်လိုက်ပြီးနောက် မျက်နှာကို အကဲခတ်လျက်ရှိရာ မထွေးရီမျက်နှာမှာ မသိမသာညှိုး၍သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"သွားကြမယ် မဟုတ်လားရီ"





"သွားတာကတော့အလွယ်လေးပေါ့မောင်ရဲ့နို့ပေမဲ့လက်ဝတ်လက်စား မပြည့်စုံတော့ အခက်သားပဲ"

"နားကပ်အရှိသားပဲ ရီရဲ့ ပြီးတော့ လက်ကောက်က ဟိုဘက်ခန်းက မသိမ်းနဆီမှာ မရဘူးလား"

"ရပါတယ်"

"သည်လောက်ဆို တော်ရောပေါ့ရီရယ်၊ တခြားလူတွေ သည်လောက် တောင် မဝတ်ကြရရှာဘူး"

"မောင်ကဖြင့် ပြောရော့မယ်၊ လက်ဝတ်လက်စားဆိုတာ ဝတ်နိုင်လေ ကောင်းလေ မဟုတ်လား"

"ဒါကတော့ ဟုတ်တာပေါ့ ရီရယ်၊ နို့ပေမဲ့ ကိုယ့်အခြေအနေနဲ့ကိုယ် ကြည့်ပြီး လုပ်ကြံရတာပေါ့"

"ဒီလောက်ကလေးနဲ့သွားလို့ဖြစ်နိုင်ပါ့မလား မောင်ရဲ့"

"ရီက ဘာများ တောင့်တနေသလဲ"

"ရီ ဘယက်တစ်ကုံးလောက် နောက်ထပ်ဆွဲရရင် တော်ပါပြီ"

"ရီကလဲကွယ်၊မရှိတာ အလကား တောင့်တနေတယ်"

"ဪ ရီ သတိရပြီ၊ ကြီးကြီးမြဆီကို မောင်သွားပြီး ယူပေးပါလား မောင်ရယ်"

"ဒုက္ခမရှာပါနဲ့ ရီရယ်၊ သူများပစ္စည်းငှားရတယ်ဆိုတာ အင်မတန် ဝန်လေးပါတယ် ကွယ်"

"ဟင့်အင်း ဟင့်အင်း၊ ရီတော့ စိန်ဘယက်တစ်ကုံး ဆွဲရမှ လိုက်မှာပဲ။ မဆွဲရရင်တော့ မလိုက်ဘူး"

မောင်သန်းတင်သည်နောက်ဖေးခန်းသို့ရေချိုးရန်ထွက်သွားပြီးနောက် ပြန်ရောက်လာသောအခါ -

"ကိုင်း ရီရေ၊ ထမင်းစားကြရအောင်ကွယ် မောင်တော့ ဆာလှပြီ"

"ရီလိုချင်တာ ငှားပေးမယ် မဟုတ်လား မောင် ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်ငှားပေးရတာပေါ့၊ဒီကနေ့ဗုဒ္ဓဟူးနေ့ရှိပါသေးတယ်၊စနေနေ့ကျတော့ သွားယူတာပေါ့"

မထွေးရီသည်ရောက်လာစကမိမိ၏နဖူးပြင်ကိုမွှေးခဲ့သောမောင်သန်းတင်၏ အကြွေးကို အတိုးနှင့် ပြန်၍ ဆပ်လိုက်လေ၏။

◈

ဝန်ထောက်ကတော်ကြီးကြီးမြဆိုသူမှာပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူဖြစ်၍ထန်းတပင်နယ်တွင်လယ်ဇကေ အမြောက်အမြားပိုင်ဆိုင်သူဖြစ်လေသည်။ တစ်နှစ်လျှင် ဝင်ငွေ တစ်သောင်းခန့် ရရှိသူဖြစ်၍ အင်းစိန်တွင် ခြံနှင့် တိုက်အိမ်တစ်လုံးကို ဝယ်ယူပြီးနောက် အစေခံလင်မယား (၂)ယောက်၊ မိမိအားစောင့်ရှောက်သော တူနှင့်တူမ ၂ယောက်နှင့်အတူ အေးချမ်းစွာနေထိုင်လေသည်။ မောင်သန်းတင်၏ဖခင်မှာ ဝန်ထောက်ကြီးနှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်ရကားဝန်ထောက်ကြီးသေဆုံးသွားသောအခါ၌ပင် မောင်သန်းတင်အားအထိုက်အလျောက်ကြည့်ရှုစောင်မခဲ့၏။ မထွေးရီနှင့် လက်ထပ်စဉ်က ငွေ၅၀၀ လက်ဖွဲ့ခဲ့၏။ကြီးကြီးမြမှာအရွယ်ကောင်းစဉ်ကဝတ်စားခဲ့သောစိန်၊ရွှေ၊လက်ဝတ်လက်စားအမြောက်အမြားရှိရာ ဓာတ်သိမင်းကတော်များ အရေးကြီးသော ပွဲလမ်းသဘင်များတွင် ကြီးကြီးမြထံမှ ငှားရမ်းပတ်လေ့ရှိကြလေသည်။ မောင်သန်းတင်မှာ လက်ဝတ်လက်စားနှင့်ပတ်သက်၍ တစ်ကြိမ်မျှမငှားရမ်းဖူးသော်လည်း မိမိအားငြင်းပယ်လိမ့်မည်မဟုတ်သဖြင့် ယုံကြည်သဖြင့် မထွေးရီ၏အလိုကို လိုက်လိုက်ခြင်းဖြစ်၏။

စနေနေ့ညနေတွင် ကြီးကြီးမြထံသို့ ရောက်လေရာ ကြီးကြီးမြလည်း အလွန်ချစ်သော တူတစ်ယောက်အလိုကို မငြင်းပယ်လိုသဖြင့် တောင်းသည့်အတိုင်း "စိန်ဘယက်"ကို ငှားလိုက်လေ၏။

မောင်သန်းတင်အိမ်သို့ပြန်ရောက်သောအခါမီးများပင်ထွန်းခဲ့ပြီဖြစ်၍ ကြီးကြီးမြထံမှယူခဲ့သောဘယက်ကိုမထွေးရီလက်ထဲသို့ထည့်လိုက်သောအခါ မထွေးရီမှာ ကစားစရာအသစ်ကိုရသော ကလေးသူငယ်ကဲ့သို့ မှန်ရှေ့တွင် မိမိလည်ပင်း၌ ကပ်၍ကြည့်ခြင်း၊ လက် ၂ဖက်ဖြင့် ဖျစ်ညှစ်၍သားခြင်း၊ နမ်းရှုပ်ခြင်း





များကိုပြုလုပ်လေ၏။ဘယက်မှာစိန်အလုံးပေါင်း၄၀ရှိ၏။အလယ်တွင်ဒေါင်းရုပ်ပုံပြုလုပ်ထားရာ စိန်များမှာ မီးရောင်တွင် အရောင်တဖိတ်ဖိတ် ထွက်လျက်ရှိလေ၏။စိန်ဘယက်ထည့်သောအိမ်ကလေးမှာ(၆)လက်မခန့်ရှည်၍ကတ္တီပါအနက်ကိုအတွင်းမှ ခံထားလေသည်။ လင်မယား ၂ယောက်သည် စိန်ဘယက်ကို လသာမှန်အိမ်အောက်၌ကတ္တီပါအိတ်ထဲသို့ထည့်လိုက်လေရာ မီးတဖျတ်ဖျတ်ထွက်၍နေသော စိန်များသည် လသာမှန်အိမ်အောက်တွင် ပြိုးပြိုးပြက်ပြက် ရှိနေကုန်၏။ ထိုညဉ့်၌ မထွေးရီမှာ ရှုတ်တရက် အိပ်၍မပျော်နိုင်အောင် ဝမ်းသာလုံးဆို့လျက်ရှိလေ၏။

◈

စိုက်ပျိုးရေးမင်းကြီးဦးအောင်မင်းပေးသောဒင်နာပါတီမှာ ဇနာရီ၂၃ခွဲတွင်ဖြစ်သော်လည်း ၇နာရီကျော်ကျော်လောက်မှစ၍ ဧည့်သည်များသည် ကိုယ်ပိုင်ကားများဖြင့် ရောက်စပြုလျက်ရှိလေသည်။ မောင်သန်းတင်နှင့်မထွေးရီတို့လည်း မိတ်ဆွေတစ်ယောက်၏ ဂျစ်ကားဖြင့် ရောက်လာကြရာ ထမင်းစားပွဲမတိုင်မီစောင့်စားနေရန် မြက်ခင်းများပေါ်တွင် ခင်းထားသော ကုလားထိုင်များပေါ်တွင် အခြားဧည့်သည်များနှင့်အတူ ရောနှောကာ စကားစမြည်ပြောဆိုလျက်ရှိကြလေသည်။

ထမင်းစားပွဲစသောအခါဧည့်သည်များမှာစားပွဲရှည်ကြီးတစ်ခုကိုဝိုင်း၍ထားသော ကုလားထိုင်များပေါ်တွင် မိမိတို့ဖိတ်စာတွင်ပါသည့် နံပါတ်စဉ်အတိုင်းထိုင်လျက်ရှိကြကုန်ရာ အရာရှိများနှင့် အထူးအားဖြင့် အရာရှိကတော်များသည် မထွေးရီ၏ လှပသော ရုပ်အဆင်းထက် အပြာနရောင်အင်္ကျီပေါ်တွင် တဝင်းဝင်းတဖိတ်ဖိတ် အရောင်ထွက်၍နေသော စိန်ဘယက်ကိုကြည့်ရှုလျက် ရှိကြကုန်၏။ အချို့ကလည်းစိန်ဘယက်မှာဆင်မြန်းသူ၏ကြော့ရှင်းသောလည်တိုင်ကလေးနှင့်လိုက်ပါပေသည်ဟု ချီးမွမ်းလျက်ရှိကြကုန်၏။

၉နာရီခွဲလောက်တွင်ပြီးစီး၍ လင်မယားနှစ်ယောက်သည် အငြိမ့်ပွဲကိုဆက်လက်မကြည့်တော့ဘဲ ရေကျော်မှ သူဌေးတစ်ဦး၏ ကားနှင့်ကြုံသဖြင့် ပြန်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်၍ မောင်သန်းတင်သည် တံခါးကို သော့ဖြင့်ဖွင့်နေစဉ် မိမိနောက်မှ "မောင် မရှိတော့ဘူး" ဟု မထွေးရီအော်လိုက်သံကို ရုတ်တရက် ကြားရသဖြင့် မောင်သန်းတင်မှာ ပထမဦး လန့်၍ပင် ခုန်လိုက်မိ၏။

"မရှိတော့ဘူး မောင်"

"ရီကလည်းကွယ် အလန့်တကြား၊ ဘာမရှိတာလဲ"

"စိန်ဘယက် မရှိတော့ဘူး"

"ဟိုက် သေသေချာချာ ကြည့်စမ်းပါဦး ရီရယ်"

"မရှိတော့ပါဘူးရှင်၊ မရှိတော့ပါဘူး။ သေများသေချင်တော့တာပဲမောင်ရယ်"

လင်မယားနှစ်ယောက်တို့သည် ထိပ်ကိုမြွေကိုက်ဘိသကဲ့သို့ တံခါးဝနှင့် လှေကားတွင် ရှာဖွေလျက်ရှိကြကုန်၏။

"ဒီမှာ ကျုမယ်တော့ မထင်ပါဘူး မောင်ရယ်၊ ဦးစိုးမြင့်ကားပေါ်အတက်မှာ သတိလစ်သွားတယ်၊ ရီကိုက မိုက်ပါတယ်"

မထွေးရီသည် သူ၏ ဆံပင်များကို ဆွဲကာ တရှုပ်ရှုပ်ငိုလျက်ရှိလေ၏။

"ခက်တာပဲ မောင်ရယ် ခပေါ့တာပဲ၊ ရီသေသာ သေလိုက်ချင်တယ်"

"ဦးစိုးမြင့် ကားပေါ်များ ကျကျန်ရစ်ခဲ့သလား မပြောတတ်ဘူး၊ ဦးစိုးမြင့် ရရင်တော်ပါရဲ့။ ဒရိုင်ဘာများရရင်တော့ နည်းတယ်တောင် အောက်မေ့လိမ့်ဦးမယ်၊ ဒါဖြင့် မောင် ဦးစိုးမြင့်အိမ်ကို သွားချေဦးမယ်"

မောင်သန်းတင်သည် အပေါ်အင်္ကျီကို ကုလားထိုင်တစ်လုံးပေါ်သို့ ထွေးလုံးပစ်တင်ခဲ့ပြီးလျှင် ဦးစိုးမြင့်အိမ်သို့ ပြေးလေ၏။ သို့သော် ဦးစိုးမြင့်ကိုပြော၍ ဓာတ်မီးများဖြင့် ကားပေါ်တွင်ရှာကြသော်လည်း ဘယက်ကိုမတွေ့ချေ။ ဒရိုင်ဘာမှာ အိပ်ပျော်နေပြီဖြစ်၍ နှိုး၍မေးသော်လည်း တစ်စုံတစ်ရာ မတွေ့ရကြောင်းနှင့် ပြန်ဖြေ၏။ ထိုသူပြောပုံမှာလည်း ရိုးသားဟန်လက္ခဏာရှိလေသည်။

မောင်သန်းတင်သည် အိမ်သို့ပြန်၍ ပြေးခဲ့ပြီးလျှင် လှေကားကိုတစ်ထစ် ကျော်မျှ တက်ပြီးနောက် မတွေ့ကြောင်းပြောလေ၏။ ထို့နောက် လင်မယား ၂ယောက်တို့သည် အငြိမ်မနေနိုင်ဘဲ တက္ကစီတစ်စီးငှား၍ ပြည်လမ်းသို့ လာခဲ့ကြပြီး





လျှင် ပြည်လမ်းပေါ်တွင် သူဌေးဦးစိုးမြင့်၏ ကားပေါ်သို့ တက်သောနေရာနှင့် အနီးအနားကို ရှာကြလေ၏။ သို့သော် စိန်ဘယက်ကိုကား အရိပ်အယောင်မျှ မတွေ့ရတော့ချေ။

◈

ထိုညမိုးစင်စင်လင်းသည့်တိုင်အောင် လင်မယား ၂ယောက်တို့မှာ မအိပ်နိုင်ဘဲ ရှိကြကုန်၏။ နံနက်လင်းသောအခါ မောင်သန်းတင်က "ကိုင်း ဒီလိုနေလို့ မပြီးဘူး ရီရေ့ သူ့စိန်ဘယက် တန်လှရင် ၄၀၀၀ ပေါ့၊ အားမငယ်ပါနဲ့ ရီရယ်၊ မောင်ကြံပါ့မယ်"

"ငွေ ၄၀၀၀ ရအောင် ဘယ့်နယ်လုပ်ပြီး ကြံပါ့မလဲ မောင်ရယ်၊ ရီတို့မှာ လေးထောင်မပြောနဲ့ လေးရာတောင်မရှိတာ"

"မရ ရအောင်ကြံမယ် ရီရေ၊ အခုမှတော့ စိတ်ပူနေလို့ ကိစ္စပြီးမှာ မဟုတ်ဘူး"

အချိန်မှာ ၁၀နာရီထိုးလုပြီဖြစ်၍ မောင်သန်းတင်သည် ရှေးဦးစွာ ၅ရက် ခွင့်စာတစ်စောင်ရေးပြီးလျှင် ၄၅လမ်းမှ မိမိရုံးတွင် အလုပ်လုပ်သော စာရေး တစ်ယောက်ထံသွား၍ ပေးရ၏။ ထို့နောက် မထွေးရီသည် အစေခံမကလေးအား မီးဖိုချောင်ကိုလွှဲခဲ့၍ လင်မယားနှစ်ယောက်တို့သည် လခထဲမှ ငွေ ၂၀၀ကို ယူပြီးလျှင် မဂိုလမ်း (ရွှေဘုံသာလမ်း) သို့ ဆိုက်ကားတစ်စီးဖြင့် ထွက်ခဲ့ကြလေ၏။

မဂိုလမ်းသို့ရောက်၍ဆိုင်၅ဆိုင်မျှဝင်၍ကြည့်ကြသော်လည်း အလားတူ ဘယက်ကိုမတွေ့ကြချေ။ အချို့မှာ ဒေါင်းရုပ်နှင့်တကွ ပုံတူကြသော်လည်း ခန့်မှန်း ခြေအားဖြင့် ရတီချိန်ကြီး၍နေသဖြင့် အခြားဆိုင်တစ်ဆိုင်သို့ ထွက်ခဲ့ကြရပြန်လေ၏။ နောက်ဆုံး ဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ မှန်ဗီရိုထဲတွင် အလှပြ၍ ထားသော စိန်ဘယက်တစ်ကုံးကို မြင်ရသဖြင့် ၂ယောက်စလုံး အံ့အားသင့်ကာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်မိကြ၏။ အဘယ်ကြောင့်ဆိုသော် စိန်ဘယက်မှာ စိန်လုံးရေအရွယ်အစား၊ အရောင်အသွေးပြုလုပ်ပုံ လက်ရာမှစ၍ ကြီးကြီးမြဘယက်နှင့် တစ်သဝေမတိမ်းအောင် တူသောကြောင့်ပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



စိန်ဘာသူက စိန်ဘယက်၏ အမှန်တန်ဖိုးမှာ ၄၀၀၀ဖြစ်သော်လည်း ငွေလိုသည့်အတွက် ယခုယူနိုင်က ၃၅၀၀နှင့် ပေးမည့်အကြောင်း ပြောသဖြင့် မောင်သန်းတင်လည်းဘယက်ကို၅ရက်အတွင်းမည်သူ့ကိုမျှမရောင်းရန် စရန်ငွေ ၂၀၀ ပေးခဲ့ပြီးလျှင် အိမ်သို့ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့၌ မောင်သန်းတင်သည် အသက်အာမခံကုမ္ပဏီမှ ငွေ ၁၅၀၀ချေးယူ၍ရခဲ့၏။ ဝါးနက်ချောင်းသို့ နောက်တစ်နေ့သွားပြီးလျှင် မိမိအစ်ကိုဝမ်းကွဲ ကုန်သည် ကိုတင်ဦးထံမှ ငွေ ၁၀၀၀ကို အော်ဒီမံစာချုပ်နှင့်ချေး၍ နေခဲ့ပြန်၏။တတိယနေ့တွင်မထွေးရီ၏စိန်နားကပ်ကိုသူဌေးဦးစိုးမြင့်ထံ၁၀၀၀နှင့် ပေါင်ရ၏။ ဤသို့ ငွေ ၃၅၀၀ ရှိပြီးသောအခါ စရံငွေ ၂၀၀ကို နှိမ်၍၊ ဘယက်ကို၃၅၀၀နှင့်တစ်ခါတည်းဝယ်ယူလိုက်၏။ ထိုညနေပင်မောင်သန်းတင်လည်း ဘယက်ကိုကတ္တီပါ ဒိတ်ကလေးနှင့် ကျနစွာထည့်ပြီးလျှင် ကြီးကြီးမြထံသို့ သွားရောက်ပေးအပ်လေ၏။

မောင်သန်းတင်က မိမိမှာဖျားနေ၍ ရုံးမှအခွင့် ၅ရက်ပင် ယူရသေးကြောင်း၊ သို့ဖြစ်၍ ယခုမှ လာရောက်နိုင်ကြောင်း ပြောပြရာ ကြီးကြီးမြမှာ မောင်သန်းတင်အား ယုံကြည်ပြီးဖြစ်သည့်အတိုင်း "အေးကွယ် ကိစ္စမရှိပါဘူး။ အဆင်မသင့်တဲ့အခါဒီလိုပေါ့။မင်းတို့ကိုတော့ယုံကြည်ပြီးသားပါ" ဟုဖွင့်ပြသည့်ဘယက်ထည့်သော ကတ္တီပါဒိတ်ကလေးကို တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ပြီးနောက် မီးခံသေတ္တာထဲတွင် သိမ်းထားလိုက်လေ၏။ ထိုအခါမှ မောင်သန်းတင်မှာ ရင်ထဲတွင် အလုံးကျ၍ သွားပြီးလျှင် ကြီးကြီးအား နှုတ်ဆက်၍ပြန်ခဲ့လေ၏။

◈

ထိုနေ့မှစ၍ မောင်သန်းတင်နှင့် မထွေးရီတို့၏ ဇာတ်လမ်းသွားပုံကား တစ်မျိုးတစ်ဖုံ ပြောင်းခဲ့လေ၏။ ကရစ်လမ်း ၄၀ကျပ် ပေးရသော တိုက်ခန်းမှ ရေကျော်ကွက်သစ် ဇီဇဝါလမ်းထဲသို့ ရွှေ့ပြောင်းကာ ၂၀ကျပ်မျှသာပေးရသော အိမ်ခန်းကလေးတစ်ရသို့ ရွှေ့ပြောင်းခဲ့၏။ မောင်သန်းတင်ကလည်း ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် စေ့စပ်ကာ ညနေ၆နာရီမှ ၉နာရီခွဲအထိ ရုပ်ရှင်လက်မှတ်နှင့် စာရင်းများကို တွက်ချက်စစ်ဆေးရသော ညအလုပ်ကို အပိုလုပ်သဖြင့်





ညအလုပ်အတွက် လခ ၇၅ကျပ်ရ၏။ တနင်္ဂနွေနေ့၌ပင် အနားမနေရဘဲ မြင်းပွဲသို့သွား၍ ငွေစာရင်းတာဝန်ခံအလုပ်တစ်ခုကိုလုပ်ရာ တစ်ပတ်လျှင် ၂၀ကျပ်မျှ ရပြန်၏။ မထွေးရီမှာလည်း မိမိ၏ ပ,လွှားမှုအတွက် ဤမျှလောက် မောင်သန်းတင် အပင်ပန်းခံနေသည်ကို မကြည့်ရက်နိုင်တော့ချေ။ အိမ်နီးချင်းပိုက်ဆံချမ်းသာသော မိဘများနှင့် စေ့စပ်ကာ နံနက်ခင်း ညနေခင်းများတွင် ကလေး ၅ယောက်ကိုတစ်လလျှင်၁၀ကျပ်စီနှင့်စာသင်သောအလုပ်တစ်ခုကိုအပိုလုပ်ပြီးလျှင် နေ့ခင်းနေ့လယ်တွင် အိမ်က အပ်ချုပ်စက်ကို အလကားမထားဘဲ အင်္ကျီများကို လက်ခံချုပ်သဖြင့် တစ်လလျှင် စက်ချုပ်ခ ပျမ်းမျှ ၄၀ခန့်ရပြန်၏။ လင်မယား၂ယောက်စလုံးပင်ပွဲလမ်းသဘင်အပျော်အပါးကို ထွက်ရန် အချိန်မရကြတော့ပဲ အချိန်များသည် "အပိုဝင်ငွေ"ဖြစ်၍ လာကြကုန်၏။လင်မယားနှစ်ယောက်၏ အပိုဝင်ငွေမှာ ၂၅၀ကျပ်ခန့်ရှိသဖြင့်မူလ လစာနှင့်ပေါင်းသော် ၅၀၀ထက်မနည်းသော ငွေကိုရကြ၏။ ထိုအနက်မှ လစဉ်စားစရိတ် ၁၀၀မျှနှင့် လောက်အောင်သုံး၏။

ဤနည်းအားဖြင့်အကြွေးငွေ(၃၅၀၀)မှာ ၁နှစ်ခန့်၉လခန့်မျှကြာသောအခါကျေလည်သွား၍၂နှစ်မျှကြာသောအခါလက်ထဲတွင်ငွေပို၁၀၀၀နီးပါးမျှပင် ပိုက်မိကြလေပြီ။

◈

ထိုနေ့မှာ မြန်မာနှစ်ဆန်း ၁ရက်နေ့ဖြစ်သဖြင့် မောင်သန်းတင်တို့လင်မယားသည် မိမိတို့၏ ကျေးဇူးရှင်ကြီးကြီးမြအား ကန်တော့ရန် အဝတ်အစားနှင့်မုန့်ချိုများ၊ သစ်သီးများကိုဝယ်ပြီးလျှင်အင်းစိန်သို့သွားရောက်ကြလေ၏။ ကန်တော့ပြီးသောအခါ ကြီးကြီးမြက "ဟဲ့ မောင်သန်းတင် နင်လည်း ပိန်လှချည်ကလား" ဟု မေးရာ မထွေးရီက အလုပ်ပိုလုပ်ရကြောင်းများကို ပြောပြ၏။

(ကြီး) "ဟုတ်ပါတယ်၊ ငါလည်းကြားပါတယ်။ ထွေးရီကတောင် အိမ်မှာကလေးတွေကို စာသင်ပေးနေတယ်ဆို"

(ရီ) "ဟုတ်ကဲ့ ကြီးကြီး၊ ကျွန်မဘက်ကလည်း တစ်ဖက်တစ်လမ်း ဝင်ငွေရအောင် လုပ်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



(ကြီး) "မှန်မှန်ပြောစမ်း မောင်သန်းတင်၊ ဒီလောက်များ နေ့မအား ညမအား လင်ရောမယားရော အလုပ်လုပ်ကြတာ ဘာဖြစ်ကြလို့လဲ"

ထိုအခါမှ မောင်သန်းတင်လည်း မိမိတို့အဖြစ်အပျက်များကို ဇာတ်လှန်၍ ပြောပြလိုက်ရာ ကြီးကြီးမြကဟက်ဟက်ပက်ပက်ရယ်မောလျက် "မဟုတ်ဘူးဟဲ့ နင်တို့ကို ငါ ငှားလိုက်တဲ့ ဘယက်က အတု နားလည်လား" ဟု ပြောလိုက်ရာ လင်မယားနှစ်ယောက်မျက်လုံးပြူး၍ သွားလေ၏။

ကြီးကြီးမြသည် မီးခံသေတ္တာထဲမှ ဘယက်ကို ထုတ်ခဲ့ပြီးနောက် -

"ဒါဖြင့်မင်းတို့ ဘယက်ပြန်ယူသွားကြ၊ ကြားလား မောင်သန်းတင်"

(တင်) "ဒီလိုဆိုရင် ပျောက်သွား းတဲ့ ဘယက်တန်ဖိုး ၂၅၀ကိုတော့ ကျွန်တော်တို့ ပြန်ပေးဦးမှာပေါ့ ကြီးကြီးရဲ့"

(ကြီး) "မပေးပါနဲ့မောင်၊ သည်လောက်နဲ့ ကြီးကြီးမှာ ကိစ္စမရှိပါဘူး"

(တင်) "အောင်မယ်လေး ကြီးကြီးရယ်။ ကျွန်တော်တို့မှာဖြင့် မစားနိုင် မသောက်နိုင်နဲ့ ၂နှစ်လုံးဒုက္ခခံလိုက်ရတာ အစကတည်းက ပြောပါတော့ ကြီးကြီး ရယ်"

(ကြီး) "နင်လာပို့ကတည်းက ငါသိတယ် နားလည်လား၊ နင်တို့ပျောက် တာလဲ နောက်တစ်နေ့ သတင်းကြားပြီးသား"

(တင်) "ဒါဖြင့်လည်း ဘာပြုလို့ အစကဖွင့်မပြောသလဲ ကြီးကြီးရဲ့"

(ကြီး) "နင်တို့လင်မယားကို သင်ခန်းစာကောင်းကောင်းပေးချင်လို့။ အခုတော့ ငွေ၄၀၀၀လောက် လက်ထဲ ပိုက်မိပြီ မဟုတ်လား"

(တင်) "ဒါတော့ ဟုတ်တာပေါ့ ကြီးကြီးရဲ့"

(ရီ) "ကျေးဇူးတင်ပါတယ် ကြီးကြီးရယ်"

ဂျာနယ်ကျော်၊ ၁၉၄၈ ခု၊ ဇွန်လ။

# ကြုံသေးတယ်

လွန်ခဲ့သော ဖေဖော်ဝါရီလ ၁၀ရက်နေ့က နံနက် ၉နာရီအချိန်လောက်တွင် ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် ၂နယ်စပ်ကြားရှိ ညောင်ကုန်းအနီးတွင် သူပုန် ၄၀ ခန့်နှင့် ပုလိပ်တို့ယှဉ်ပြိုင်တိုက်ခိုက်ရာ သူပုန်ဘက်မှ လယ်ဝေး တပ်နီတပ်မှူး ဗိုလ်သိန်းရွှေမှာ နောက်ပါတပည့် လက်သား ၁၆ ယောက်တို့နှင့်အတူ ကျဆုံးလေသည်။

ဤအကြောင်းများကို သတင်းစာများတွင် တခမ်းတနား ရေးသားဖော်ပြကြစဉ်အချိန်၌ လယ်ဝေးနှင့် ပျဉ်းမနားအကြားတွင် သူပုန်များ ခိုအောင်းရာ အရပ်ဖြစ်သည့်အတိုင်း အစိုးရစစ်တပ်များပင် အကာအကွယ် အထောက်အထားမရှိဘဲ ယှဉ်ပြိုင်ခြင်းဗှာ မငံ့ချေ။

ဗိုလ်သိန်းရွှေ မကျဆုံးမီ ၂လခန့်လောက်က လယ်ဝေးနှင့် ပျဉ်းမနားနယ်စပ်ရှိ ညောင်ကုန်း၊ မဲဒီး၊ မှန်တော၊ ဂျင်လို၊ ကျွန်းတက်၊ ဆည်စုအစရှိသော ရွာငယ်ကလေးများ၌ သူပုန်များသည် အင်အားစုလျက်ရှိကြလေရာ သူပုန်ဗိုလ် ဗိုလ်ထိန်လင်းဆိုသူမှာ ၎င်းတို့အထဲတွင် ခေါင်းဆောင်ဖြစ်လျက် နောက်လိုက်ငယ်သား ၂၀၀ကျော်နှင့် ပျဉ်းမနားနှင့်လယ်ဝေးစပ်ကြားတစ်ခုသော တောတွင် ပုန်းအောင်းလျက် ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ထိန်လင်းမှာ တည်ကြည်သော မျက်နှာထား၊ ခန့်ညားသော ကုန်ကြွေ ရှိသည့်ပြင်ပဟုတ်မှန်မည်ထင်က မည်သူ့မျက်နှာကိုမျှ မထောက်ထားဘဲ ရက်ရက် စက်စက် ပြုလုပ်တတ်သဖြင့် ငယ်သားများမှာ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြရ ကုန်၏။ မျက်နှာမှာ အနည်းငယ်နုပျိုသော်လည်း လပေါင်းအတော်ကြာ မသုတ်သင် ရသေးသော နှုတ်ခမ်းမွေးတို့ဖြင့် ဖုံးအုပ်နေသဖြင့် အသားအရေကို ပိုမိုရင့်ထော် စေ၏။ အထူးအားဖြင့် ဗိုလ်ထိန်လင်း၏ မျက်လုံးများမှာ သိမ်းငှက်၏ မျက်လုံးများနှင့် တူလေရာ တစ်ဦးတစ်ယောက်အား စူးစိုက်၍ ကြည့်လိုက်က အလိုလိုကြောက်ရွံ့ ၍လာရသော တန်ခိုးအာနိသင်နှင့် ပြည့်စုံလေသည်။

ဗိုလ်ထိန်လင်းသည် တောင်ခြေတွင် ၎င်းအတွက် သီးသန့်ဆောက်လုပ် ထားသည့် တဲငယ်တစ်ခု၌နေ၍ တဲငယ်အတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ခွင့်မပြုချေ။ ရိုင်ဖယ်သေနတ်ကိုင် အစောင့် ၄ယောက်တို့သည် ၎င်းအား ကိုက် ၅၀ အကွာမှ နေ့ရောညဉ့်ပါ အလှည့်ကျ စောင့်ရှောက်ကြရလေသည်။

ဗိုလ်ထိန်လင်း၏ဂိုဏ်းမှာ အခြားသာမန် ဓားပြဂိုဏ်းများကဲ့သို့ စည်းမဲ့ ကမ်းမဲ့ တိုက်ခိုက်ခြင်းမရှိဘဲ "မိ" လောက်သော အချက်ရှိမှ "ကိုင်" တတ်ပြီးလျှင် ဆင်းရဲသောသူများထံမှ တိုက်ခိုက်လေ့မရှိခြင်း၊ သားပျို သမီးပျိုများကို မဖျက်ဆီး ခြင်း၊ ဓားစာခံခေါ်လာသူများကို မသတ်ခြင်း၊ ခုခံခြင်းမရှိက အပြစ်မဲ့သူများကို အနာ တရမဖြစ်စေခြင်း အစရှိသော အပြုအမူတို့ကြောင့် သတင်းစာများကပင် ဗိုလ်ထိန် လင်းအား အမျိုးမျိုးချီးကျူးရေးသားကြလေသည်။ သို့ဖြစ်၍ ဗိုလ်ထိန်လင်း၏ နာမည်မှာ တစ်နေ့တခြားလူသိများ၍ လာခဲ့ပြီးလျှင် အတိုက်ခံရသော သူများပင် ဗိုလ်ထိန်လင်းအား ဘေးရန်ကင်းစေရန် မေတ္တာပို့ကြကုန်၏။

ဤသို့အဆိုပါ ရွာများနှင့် အခြားပတ်ဝန်းကျင်ရှိ ရွာများတွင် သူပုန်များ အင်အားစုဆောင်းလျက်ရှိနေသဖြင့် ရွာသူရွာသားများမှာ မိမိတို့ရွာသို့ မည်သည့် အချိန်ရောက်လာပါမည်နည်းဟု ကျီးလန့်စာစား တထိတ်ထိတ် တလန့်လန့်နှင့် ရှိကြရကုန်၏။

ရွာသူရွာသားများမှာ ပစ္စည်းဥစ္စာများထက်ပင် သမီးပျို သားပျိုများကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိကြရလေသည်။ အဘယ်ကြောင့်ဆိုသော် အချို့





ဓားပြများနှင့် သူပုန်တို့မှာ ရွှေငွေပစ္စည်းဘဏ္ဍာထက် သမီးပျို သားပျိုများကိုပို၍ တိုက်ခိုက်လုယူတတ်ကြလေကုန်ရာ အချို့ရွာများ၌ ညအချိန်ကျရောက်သောအခါ မိဘများသည် မိမိတို့ သားသမီးများနှင့်အတူ လုံခြုံမည်ထင်ရသော နေရာများသို့ သွားရောက်ပုန်းအောင်း အိပ်ကြရ၏။ သားတွဲလဲ မြေးတွဲလဲ မိဘတို့မှာလည်း ဤအချိန်မျိုး၌ မည်သူ့မျှ အပေါင်းအဖော်မပြုလုပ်လိုကြသဖြင့် လွတ်ရာ လွတ်ကြောင်း ပြေးလွှားပုန်းအောင်းကြရလေသည်။

စစ်ကြီးပြီးပြီဖြစ်၍ အခြားမြို့နယ်များတွင် ပျော်ပွဲရွှင်ပွဲများဖြင့် ပျော်ရွှင် နေသလောက် ဤနယ်များတွင် "ကာလပျက်" ကို တွေ့ကြုံလျက် ရှိကြရလေ၏။

ဤသို့ရှိနေစဉ်အတွင်း မဲဒီးရွာတွင် မခင်ညိုဆိုသူ (၁၀)အိမ်ခေါင်း၏ သမီးကလေးတစ်ယောက်သည် ရွာထဲတွင် အခြားသူများထက် ရုပ်ရည်အားဖြင့် လည်းကောင်း၊ အပြောအဆို လိမ်မာယဉ်ကျေးမှုဖြင့် လည်းကောင်း ရုပ်လု သလောက် သတ္တိကောင်းသူကလေးအဖြစ် သည့်ပြင် ပျဉ်းမနားသူ ကလေးလည်းဖြစ်သဖြင့် ပျဉ်းမနားမြို့နယ် ပြည်သူ့ရဲဘော်အဖွဲ့ ပြန်ကြားရေးဌာန တွင် အမှုထမ်းလျက်ရှိနေခဲ့လေသည်။

အခြားမိတ်ဆွေ သူငယ်ချင်းများက မခင်ညိုအား ဤမျှလောက် သူပုန် များပေါများလှသည့်နယ်၊ ဤမျှလောက် ဆိုးဝါးသည့်ခေတ်တွင် ရဲမေအဖွဲ့သို့မဝင် ရန် အမျိုးမျိုးဖျက်ကြသော်လည်း မခင်ညိုမှာ တစ်နေ့နေ့တွင် သူပုန်များ၏ရန်ကို ပင် မိမိအစွမ်းဖြင့် တစ်နည်းနည်းဖြို့ခွင်းရန် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ သူဖြစ်သဖြင့် မည်သူ၏ စကားကိုမျှ နားမထောင်ဘဲ ပယ်ရှားခဲ့၏။

မခင်ညိုသည် ရဲမေတပ်ဖွဲ့သို့ မဝင်မီကပင် မောင်စိန်ချောဆိုသူ ရွာသား တစ်ယောက်နှင့် တိုင်းရေးပြည်ရေးမှစ၍ ဆက်ဆံရင်းနှီးခဲ့၏။ မောင်စိန်ချောမှာ ပျဉ်းမနားမြို့တွင် အတန်ကြာနေခဲ့ဖူးသည့်ပြင် ရန်ကုန်၌လည်း အလွတ်ပညာသင် ကျောင်းတစ်ကျောင်း၌ ပညာသင်ကြားခဲ့ဖူးသဖြင့် တိုင်းရေးပြည်မှုများကို အခြား သူများထက် နားရည်ဝလျက် ရှိရကား မခင်ညိုသည် မောင်စိန်ချော၏ နိုင်ငံရေး နားလည်သိရှိမှုကို တစ်နေ့တခြား ကြည်ညိုခဲ့သည့်အလျောက် နောက်ဆုံးတွင် ကလေးချင်းဘာဝ မေတ္တာမျှခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ချောမှာမဲဒီးရွာသားဇာတိမဟုတ်ချေ။အချို့ကလည်းအောက်မြို့ရာဇဝတ်ပြစ်မှုတစ်ခုခုကိုကျူးလွန်ခဲ့သဖြင့်အထက်မြို့ကျေးရွာတွင်လာရောက်ကာ ရုပ်ဖျောက်ပုန်းအောင်းနေခြင်းဖြစ်သည်ဟု ပြောဆိုကြလေသည်။

ဤသို့ ကောလာဟလသတင်းရှိခဲ့သည့်အတွင်း၌လည်း မောင်စိန်ချောမှာ အပြောအဆိုအပေါင်းအသင်း၌ လည်ပတ်လျက် မြို့မှအရာရှိများ၊ အစိုးရစစ်တပ်များရွာသို့ရောက်ရှိလာသောအခါမောင်စိန်ချောနှင့်တိုင်ပင်ကာလူဆိုးများသတင်းကို ထောက်လှမ်းရာဖွေတတ်ကြလေသည်။

တစ်ခါတစ်ရံ မောင်စိန်ချောကိုယ်တိုင် တောနယ်များသို့ သွားရောက်ကာ သူပုန်များအား ထောက်လှမ်းစုံစမ်းနေသဖြင့် ၄ ရက် ၅ရက်မျှ ပျောက်သွားတတ်၏။

မောင်စိန်ချောမှာ ရွာသားများအား တိုင်းရေးပြည်ရေးနှင့်ပတ်သက်၍ အကြံပေးဉာဏ်ပေးစကားများကိုပြောကြားတတ်သည့်ပြင် မဟုတ်လျှင် မခံတတ်ခြင်း၊ရပ်ရွာနှင့်ပတ်သက်၍အရေးအကြောင်းရှိက ကိုယ်တိုင်ရှေ့မှနေ၍ဆောင်ရွက်တတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းစသည်တို့ကြောင့် ရွာ၌လူချစ်လူခင်ပေါများသူ တစ်ယောက်လည်းဖြစ်လေသည်။

မောင်စိန်ချောသည် တပ်နီအဖွဲ့တွင် ဒုတိယတပ်မှူးအဖြစ်ကို လက်ခံလိုက်ရာ ဤကဲ့သို့ လက်ခံလိုက်ခြင်းမှာ ရဲမေတပ်ဖွဲ့ ပြန်ကြားရေးမှူး မခင်ညို၏ စိတ်တိုအထူးထိခိုက်စေ၏။အဘယ်ကြောင့်ဆိုသော်မခင်ညိုသည်မောင်စိန်ချောအား တပ်နီအဖွဲ့သို့ မဝင်စေလိုဘဲ ရဲဘော် တပ်ဖွဲ့တွင်သာ ဝင်စေလိုသောကြောင့်ပေတည်း။

အချိန်ညဉ့်မနက်သေးသော်လည်း တစ်ရွာလုံးတိတ်ဆိတ်လျက်ရှိ၏။ ပိုက်ဆံကြေးငွေ အတော်အတန်ပြည့်စုံ၍ စားနိုင်သောက်နိုင်ရှိသူများနှင့် သားပျို သမီးပျိုရှိသူများမှာ ရွာစွန်ရွာဖျား မထင်ရှားသော တဲစုတ်ကလေးများတွင် ပုန်းအောင်းကာ အိပ်လျက်ရှိကြ၏။ အချို့လည်း မြို့သို့ပြောင်းရွှေ့သွားကြပြီဖြစ်၍ ရွာကလေးမှာ ယခင်ကထက်ပင် တိတ်ဆိတ်လျက်ရှိ၏။





တစ်ခါတစ်ရံ တောနက်များအတွင်းမှ သေနတ်သံ (၃) (၄)ချက်မျှကြားရသောအခါ ရွာသားများမှာ ပုန်းကွယ်ရန်မရှိသလောက်ပင် တုန်လှုပ်ကြ၏။ သို့သော် မဲဒီးရွာကလေးမှာ စိတ်သက်သာရာရမည်ဆိုက ရရန်အချက်တစ်ချက်ရှိ၏။ ထိုအချက်ကား "မဲဒီး" ရွာသို့မည်သည့်သူပုန်ဂိုဏ်းမျှလာရောက်တိုက်ခိုက်ခြင်း မပြုခဲ့ဖူးချေ။အထူးအားဖြင့်ဗိုလ်ထိန်လင်းဂိုဏ်းမှာရွာနှင့်အနီးဆုံး၌ပုန်းအောင်းနေထိုင်သည်ဟု သတင်းရခဲ့သဖြင့် ၎င်းကိုပင်ကြောက်ရွံ့လျက် ရှိကြကုန်၏။ သို့သော် ဗိုလ်ထိန်လင်း၏ဂိုဏ်းမှာ မည်သည့်အခါမျှ မဲဒီးရွာသို့ လာရောက်ခဲ့ဖူးသည်မရှိချေ။

"မဲဒီး" ရွာကို သူပုန်တို့ရှောင်ကွင်းလျက် ရှိခြင်းကာ မောင်စိန်ချောမှာ အစိုးရစစ်တပ်များ၊ ပုလိပ်များနှင့် အပေါင်းအသင်းနာသဖြင့် ဖြစ်တန်ရာ၏။

ညဉ့်ကလေးမှာ လသာသောညဉ့်ဖြစ်သဖြင့် တိတ်ဆိတ်သလောက်ကြည်နူးဖွယ်ကောင်းလှပေ၏။ အဘယ်ကြောင့်ဆိုသော် ရာသီဥတု၏ လှပခြင်းသည် သူပုန်ကိုလည်းကောင်း၊ ဓားပြကိုလည်းကောင်း ပမာမထား မျက်နှာမလိုက်ဘဲ ကြည်လင်အေးမြသော လ,ရောင်သည် ဆောင်းလေဖြင့် မြူးလျက်ရွာကလေး၏ သစ်ပင်သစ်ကိုင်းများကို တိုးဝှေ့ကစားကာ ရှိနေ၏။

မခင်ညိုတို့၏အိမ်နောက်ဖေးဘက်၌ကားကျယ်ဝန်းသောခြံကြီးရှိလေရာ လယ်တောသို့ မရောက်မီအကြားတွင် ဝါးရုံပင်များ ကာခြားလျက်ရှိ၏။

မခင်ညိုသည်မိခင်ကြီးအိပ်ပြီးနောက်ဝါးရုံပင်အောက်တွင်မောင်စိန်ချောနှင့်ထို ညတွေ့ရန် ချိန်းဆိုထားသည့်အတိုင်း လာရောက်ခဲ့၏။

မောင်စိန်ချောမှာ မခင်ညိုထက်စော၍ ချိန်းဆိုထားသော နေရာသို့ရောက်နှင့်ပြီးဖြစ်ရာ ချစ်ခင်သော သမီးရည်းစားနှစ်ယောက်တို့မှာ လရောင်ကိုကျောပေးကာ တုံးတစ်တုံးပေါ်တွင်ထိုင်လျက် လွတ်လပ်စွာစကားပြောဆိုခွင့်ကို ရကြကုန်၏။

မောင်စိန်ချောလည်း မခင်ညို၏ ပျော့ပျောင်းသောလက်ကို ယုယစွာဆွဲလျက် -



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ညို၊ မနေ့ကပဲ တပ်နီအဖွဲ့မှာ မောင်ဒုတိယတပ်မှူး လက်ခံလိုက်တယ်ဆိုတာ ညိုက သဘောမတူဘူးဆို"

နှုတ်ခမ်းစူလျက် – "တူနိုင်ပါမလား၊ ရဲဘော်ထဲကို ဝင်ပါဆိုတာတော့ ပြောလို့မရဘူး"

"ဘာထူးသေးသလဲအညိုရဲ့၊ တပ်နီလည်းတိုင်းပြည်အကျိုးဆောင်ရွက်တာပဲ။ အဖွဲ့အစည်းတွေမှာ ဖွဲ့စည်းတဲ့ စည်းကမ်းစနစ်ချင်း လွဲနေတာပါ။ ရည်ရွယ်ချက်ကတော့ တစ်လမ်းတည်းပဲဆိုပါတော့"

"ဟုတ်တယ်ပဲထားပါတော့၊ညိုကရဲမေ မောင်ကတော့တပ်နီ ဆန့်ကျင်မနေဘူးလား"

"မောင်ပြောမယ်၊အခုမောင်တို့နယ်မှာကြွနေတဲ့သူပုန်တွေဟာ ဘာပြုလို့လဲ"

"ဝတ်လို့ပြတ်လို့ ဆင်းရဲလို့"

"တချို့လည်း ဟုတ်တာပေါ့"

"တချို့ကကော"

"တချို့ကတိုင်းရေးပြည်ရေးအတွက်ရည်ရွယ်ချက်တစ်ခုရှိလို့လုပ်တယ် ညိုရဲ့။ (ဥပမာ) သူတို့မှာဖ–ဆ–ပ–လနဲ့ကွန်မြူနစ်တွေနဲ့ပူးပေါင်းစေချင်တဲ့ဆန္ဒရှိတယ်။ အလံနီနဲ့ပေါင်းစေချင်တဲ့ဆန္ဒရှိတယ်။ တချို့ကတပ်နီနဲ့ရဲဘော်ပေါင်းစေချင်တယ်။ ကျုပ် သဘောအတိုင်းဆိုရင်လည်း ဒီလိုပဲ။ နို့ပေမဲ့ မဖြစ်နိုင်သေးလို့ ကြည့်နေတာ။ ညိုတို့ မောင်တို့ တိုက်ရမယ့်လူက သွေးစုပ်ကောင်တွေပဲ မဟုတ်လား။ မကြာခင် ပေါင်းပြီး အင်အားကောင်းလာတဲ့အခါ ဒီနယ်ချဲ့စနစ်ကို အရင်းအမြစ်ကပါ ဖြုတ်ရုံပေါ့"

"ဪ ဒါထက် ဗိုလ်ထိန်လင်းကို ဆုငွေ ၅၀၀၀ ထုတ်ထားတယ်ဆိုတာ မောင်ကြားပြီလား"

"အကြားသားပဲ၊ ဒါဘာဖြစ်သလဲ"

"ညိုတို့ရဲဘော်တွေလက်နက်ရရင် စစ်တပ်နဲ့ပူးပေါင်းပြီးဗိုလ်ထိန်လင်းကို တိုက်ကြမလို့တဲ့"





"အကောင်းသားပဲ၊ ဆုငွေရရင် ညိုတို့အဖွဲ့မှာ ပွတာပေါ့"

"ညိုလည်း အများသဘောမို့သာ သဘောတူလိုက်ရတယ်။ ဗိုလ်ထိန်လင်းဂိုဏ်းကိုတော့ မဖမ်းချင်ရှိးအမှန်ပဲ။ ဒီအကြောင်းကို ညိုတို့ တပ်မှူးကလည်း ပြောနေတယ်"

"ဘာပြုလို့လဲ"

"တပ်မှူးပြောတာက သူပုန်ဂိုဏ်းထဲမှာတော့ သူသစ္စာအရှိဆုံးပဲတဲ့။ မောင်ကြည့်ပါလား၊ ဘယ်တုန်းက ဗိုလ်ထိန်လင်းဂိုဏ်းဟာ သားပျို သမီးပျို ဖျက်ဆီးသွားတယ်၊ သက်သက်မဲ့လူကို သတ်သွားတာများ ကြားဖူးသလဲ"

"ဟုတ်တော့ ဟုတ်တာပေါ့၊ နို့ပေမဲ့ သူလည်းဆူးငြောင့်ခလုတ်ပဲ။ နိုင်ငံရဲ့လွတ်လပ်ရေးစခန်းမှာ ဆူးငြောင့်ခလုတ်ရှိရင် ဖယ်ကြစတမ်းပေါ့ ညိုရဲ့"

"ဪ မေးရဦးမယ်၊ တစ်နေ့ကခြသေ့်တပ်ခွဲတစ်တပ်နဲ့အမ်းပုလိပ်တွေ ကိုစိန်ချောအိမ်မှာတည်းပြီး ဘာများစုံစမ်းသွားသလဲ"

"ညို အခုပြောနေတဲ့ ဗိုလ်ထိန်လင်းအကြောင်းပေါ့။ သူတို့က ဒီရွာနဲ့ အဆက်အသွယ်ရှိနေတယ်ထင်လို့ ရှင်းပြလိုက်ရသေးတယ်"

"မဟုတ်တာပဲရှင်၊ သူတို့က ဗိုလ်ထိန်လင်းကို ဖမ်းလို့တဲ့လား"

"ဟုတ်တယ်"

"အောင်မယ် ဝေးပါသေးရဲ့ရှင်၊ ဖမ်းဖို့နေနေသာသာ အနားပဲ ကပ်စမ်းပါပါစေ၊ ဘယ်နေရာက ချီ၊ ဘယ်နေရာက တက်၊ ဘယ်နေရာက တိုက်ဆိုတဲ့ အချက်တွေကို ရဲဘော်တွေကမှ သိတာမဟုတ်လားရှင့်။ ရဲဘော်တွေနဲ့ မပေါင်းရင် သူတို့ တိုက်နိုင်ပါ့မလား"

"ညိုပြောတာလည်း ဟုတ်တာပဲ။ ရွာခံရဲဘော် တပ်မပါဘဲ တိုက်ရဖို့ မလွယ်ဘူး"

"ဪ ဒါထက်၊ ကိုစိန်ချောကို သတိပေးရဦးမယ်။ ပုလိပ်တွေ၊ စစ်တပ်တွေ တော်တော်လက်ခံနေ၏။ သူပုန်တွေကြားထဲမှာနေရပြီးကြည့်လည်းနေမှပေါ့၊ မိကျောင်းမင်း ရေခင်းပြတယ်လည်း မအောက်မေ့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အကူအညီတောင်းတော့လည်း အခက်သားကလား ညီရယ်"

"ပြီးတော့အရင်တလောက ဗိုလ်ထိန်လင်းက သူ့ကိုသတင်းပေးတဲ့လူ ခေါင်းဖြတ်မယ်လို့ ကိုစိန်ချောအိမ်ရှေ့မှာ စာကပ်တယ်ဆို"

"ဟုတ်တယ်"

"ဒါဖြင့်လည်း ဒီစစ်တပ်တွေဘာတွေ လက်မခံပါနဲ့လားရှင်၊ ကင်းကင်းရှင်းရှင်းနေရင် မကောင်းဘူးလား"

"ကျုပ် မကြောက်ပါဘူး ညီရယ်၊ ဗိုလ်ထိန်လင်းသော ဘာသော ညာသော ဘယ်သူ့ကိုမျှ ဂရုမစိုက်ပါဘူး။ ကျုပ်အကြောင်းညီအသိသားနဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သို့သော် ကိုစိန်ချော ဘယ်လိုပဲ သတိကောင်းပေမဲ့ ကိုစိန်ချောက တစ်ယောက်တည်း သူတို့က အများ ကိုစိန်ချောရဲ့"

ဤသို့စကားပြော၍ ကောင်းတုန်း၌ပင် မှန်တောရွာဘက်မှ သေနတ်ဖောက်သံ ၄-၅ချက် ကြားရသဖြင့် ချစ်သူ ၂ဦးတို့မှာ မခွဲချင်ခွဲချင် လူချင်းခွဲကြရလေ၏။

◈

နောက်၄-၅ရက်ခန့်ကြာလတ်သော်အရာခံဗိုလ်ကလေးမောင်လွင်နှင့် အရာခံဗိုလ်မောင်ဝင်းတို့ကြီးမှူးသော တပ်သား ၂၀တို့သည် နောက်တစ်နေ့ နံနက်စောစောတွင် ဗိုလ်ထိန်လင်းနေသော စခန်းသို့ နောက်တစ်နေ့လင်းအားကြီး (၄ နာရီ)ခန့်တွင် ချီတက်ရန် တိတ်တဆိတ် ပြင်ဆင်လျက်ရှိကြကုန်၏။

ဤသို့ပြင်ဆင်ခြင်းမှာ အခြားမဟုတ်ပေ။ ဗိုလ်ထိန်လင်းသည် မဲဒီးရွာမှ (၅)မိုင်ကွာသော လမ်းကလေးတစ်ခုမှ ၎င်းနှိုအောင်းရာ တောင်ခြေသို့ နံနက်မိုးသောက်ဝေလီဝေလင်းအချိန်တိုင်းလိုပင် နောက်ပါတပည့် (၄-၅)ယောက်တို့နှင့်အတူ လာတတ်ကြောင်း အတိအကျ လာရောက်သတင်းပေးသူရှိသဖြင့် ၎င်း၏စခန်းသို့ သွားရောက်တိုက်ခိုက်ခြင်းက ခရီးရောက်မည့်အတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့က လျှို့ဝှက်စွာ စီမံထားခြင်း ဖြစ်လေသည်။





ထိုည သက်ကြီးခေါင်းကျအချိန်လောက်၌ တပ်သားကျော်မောင်စိန်၏ တဲရှေ့ကုက္ကိုပင်ကြီးအောက်၌ မောင်စိန်သည် မိန်းကလေးတစ်ယောက်နှင့်အတူ စိတ်အားထက်သန်စွာ စကားပြောလျက်ရှိ၏။ မောင်စိန်မှာ ထိုအခါက အဖျားတက်နေသည်ဖြစ်၍ စောင်ကို ခေါင်းမြီးခြုံထားရသည့်ပြင် မိန်းမပျို၏ မေးခွန်းများပင် တုန်တုန်ယင်ယင်နှင့် ဖြေရရှာ၏။

"ဖြစ်မယ် မထင်ပါဘူး မမရယ်၊ ကိုမောင်ဝင်းသိတာ အရေးမကြီးဘူး အထက်က ဗိုလ်ကြီးသိမှဖြင့် ခက်ကုန်လိမ့်မယ်"

"ကိစ္စမရှိပါဘူးဟဲ့၊ နင်လည်း ဖျားနေတာပဲ မလိုက်နိုင်ပါဘူး"

"သွားရင် ခရီးက သိပ်ကြမ်းတာ မမ"

"မမ လိုက်နိုင်ပါတယ်ကွယ်"

"ပြီးတော့တိုက်ရမှာက ဗိုလ်ထိန်လင်းတပ်ဆိုတော့ မမသိတဲ့အတိုင်းပဲ"

"ငါမကြောက်ပါဘူးဟယ်၊ နင့်သေနတ်သာပေးလိုက်ပါ မမ၊ လိုက်သွားပါ့မယ်"

"ဖြစ်ပါ့မလား မမရယ်"

"ဖြစ်နိုင်ပါတယ် မောင်စိန်ရယ် ညကြီးမင်းကြီးဘယ်သူသိဦးမှာလဲ၊ သွားပါကွယ်၊ သေနတ်သာ ယူချေပါ။ ငါ့မောင်လည်း မလိုက်နိုင်မယ့်အတူတူ မမ လိုက်သွားစမ်းပါရစေ"

"မိသွားရင် မမ တာဝန်ပဲနော်"

"အေး ငါ့တာဝန်ထားလိုက်၊ ကောင်းတာလုပ်တာပဲ ဥမ္မာဒေရှိရှိမရှိရှိ ဘာဖြစ်ရဦးမှာလဲ"

၎င်းနောက် မောင်စိန်သည် ၎င်းနှင့်နမဝမ်းကွဲတော်သူ မခင်ညိုအား ၎င်း၏သေနတ်ပေးလိုက်လေ၏။

"ဘယ်နေရာက နေပြီးသွားကြမှာလဲ"

"တပ်ရုံးကို ၃နာရီထိုးအရောက် သွားရမယ်။ ခရာတွေဘာတွေ မမှုတ်ဘူးနော်၊ ကြားလား မမ"

"အေး မမသွားမယ်၊ နားလည်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက်တစ်နေ့နံနက် ၅နာရီအချိန်ခန့်တွင် ဗိုလ်ထိန်လင်းစခန်းနှင့် (၃)မိုင် ခန့်ဝေးသော အထက်အဆိုပါ လူသွားလမ်းကလေးပေါ်၌ ဓားလွယ်ကြိုးပန်းဖွားစိမ်းသိုင်းလျက် ခါးတွင် (၆)လုံးပြူးထိုးထားသော ရှမ်းဘောင်းဘီအဖြူနှင့် လူတစ်ယောက်သည် နောက်ပါတပည့် (၆)ယောက်နှင့်အတူ စကားတပြောပြောနှင့် ၎င်း၏စခန်းရှိရာသို့ သွားလျက်ရှိ၏။ တပည့်များ၌ ရိုင်ဖယ်ကိုယ်စီ ပါရှိကြလေသည်။

လရောင်ရှိသေးသဖြင့် လူသွားလမ်းကလေးပေါ်တွင် ၎င်းတို့၏အရိပ်များပင် မြင်ရလေရာ ထိုသူများသည် ကျွန်းတောကလေးတစ်ခုသို့ ချဉ်းကပ်လေ၏။ ရှေ့မှ ခေါင်းဆောင်သူမှာ အခြားသူမဟုတ် ဗိုလ်ထိန်လင်းပင် ဖြစ်လေသည်။

ကျွန်းတောစပ်ကို ဝင်သည်နှင့် သေနတ်သံ (၁၀)ချက်ခန့်မျှတစ်ပြိုင်တည်း ထွက်ပေါ်လာပြီးလျှင် ကျွန်းတောအတွင်းမှ (၁၀)နေရာထက်မနည်း မီးပွင့်၍ သွားသည်ကို မြင်ရသည်နှင့်တစ်ပြိုင်နက် ဓားပြ (၃)ယောက်မှာ မြေပေါ်သို့ လဲကျသွားလေ၏။ တစ်ယောက်မှာ ဇက်မောင်းတွင် ထိမှန်လေရာ ဗိုလ်ထိန်လင်းမှာမူကား အခြားသူများထက် လျင်မြန်ဖျတ်လတ်သည့်ပြင် အစဉ်မပြတ်သတိနှင့်နေသူဖြစ်သည့်အတိုင်း ချုံဘေးရှိ လျှိုကလေးထဲသို့ တစ်ခါတည်း ပစ်လှဲလိုက်လေ၏။

သေနတ်မထိမှန်သော ဓားပြ၂ ယောက်မှာ ထွက်ပြေးခဲ့ပြီး ဖြစ်ရကား နောက်ထပ် ကျွန်းတောထဲမှ မီးပွင့်သည်များကို မမြင်ရတော့ချေ။

ကျွန်းတောအတွင်းမှ လူအုပ်သည် ဓားပြနှစ်ယောက် ပြေးရာသို့ ဆက်လက်လိုက်လေရာ (၃)ဖာလုံခန့် လိုက်မိသောအခါ ဓားပြများဘက်မှ မီးပွင့်(၂၀)ခန့်တို့သည် လျှိုများ၊ သစ်ပင်များနောက်မှ ထွက်ပေါ်လာသဖြင့် ရဲဘော်များသည် မြေပေါ်တွင် ဝပ်ကြရလေ၏။ ရဲဘော်ဘက်မှ (၄)ယောက်မျှ ထိမှန်ခဲ့ပြီဖြစ်ရာ လာရောက်တိုက်ခိုက်သူများမှာ ဓားပြစခန်းမှထားသော ကင်းများဖြစ်သည့် လက္ခဏာရှိလေသည်။





ဤသို့ တစ်ဖက်နှင့်တစ်ဖက်အပြင်းအထန်ပစ်ခတ်နေသည့်အတွင်း ဗိုလ်ထိန်လင်းသည် လျှိုထဲမှလျင်မြန်စွာတက်ပြီးနောက် သစ်ပင်ကြီးများကို အကာအကွယ်ယူကာ အရှေ့ဘက်တောင်ကမူများထူထပ်ရာသို့ ပြေးလေ၏။ ရဲဘော်နှစ်ယောက်အား ၎င်းနောက်သို့ လိုက်ရန် အရာခံဗိုလ်ကလေးက အမိန့်ပေးသဖြင့် ရဲဘော်နှစ်ယောက်တို့သည် အပြန်အလှန်ပစ်ခတ်နေသည့်ဘက်သို့ မလိုက်ဘဲ ဗိုလ်ထိန်လင်းနောက်ကို မျက်ခြည်မပြတ် စွတ်၍လိုက်ကြလေ၏။

ဗိုလ်ထိန်လင်းမှာ ထိုအခါက (၆)လုံးပြူးသေနတ်သာ ရှိသည့်ပြင်၊ ယမ်းတောင့်မှာလည်း အနည်းမျှသာ ကျန်ရှိတော့သဖြင့် ရိုင်ဖယ် ၂လက်နှင့် ခပ်လှမ်းလှမ်းမှလိုက်လံပစ်ခတ်သောရဲဘော်၂ယောက်တို့ကိုခုခံရန် ခဲယဉ်းလျက်ရှိနေခဲ့၏။

အချိန်မှာမိုးလင်းလုပြီဖြစ်၍ရဲဘော်၂ယောက်တို့သည်မျက်ခြည်မပြတ် လိုက်ကြ၏။ ဤသို့ တရကြမ်းလိုက်လံတိုက်ခိုက်ကြကုန်ရာ ဗိုလ်ထိန်လင်းမှာမူကား သစ်ပင်နှင့် မြေကမူများကို အကာအကွယ်ယူကာ ပြန်လည်တိုက်ခိုက်ရေးထက် လွတ်မြောက်ရေးကို ကြိုးပမ်းလျက် အလွန်အချက်ကောင်းရသောအခါမှသာ တစ်ချက်တလေ ပြန်လည်ပစ်ခတ်၏။

ဗိုလ်ထိန်လင်းမှာ တပည့်များရှိရာ ကင်းစခန်းဘက်သို့ မပြေးဘဲ ကျောချင်းကပ်ပြေးခဲ့ရာနောက်မှထက်ကြပ်လိုက်လျက်ရှိသောရဲဘော်၂ယောက်နှင့် တစ်ခါတစ်ရံ ပျှမ်းမျှခြင်းအားဖြင့် ကိုက်လေးငါးဆယ်ခန့်အတွင်းသို့ပင် ချဉ်းကပ်၍ လာခဲ့၏။

လင်းရောင်ပြေးလျက် ရှိနေပြီဖြစ်ရကား ထိုအချိန်၌ လူကိုမထင်မရှား မြင်ကြရပြီဖြစ်၍ ရဲဘော် ၂ယောက်တို့သည် ယခင်ကထက် သဲသဲမဲမဲလိုက်လံပစ်ခတ်လျက်ရှိကြကုန်၏။ ထိုနေရာမှာသစ်တောကို လွန်မြောက်ကာ လွင်ပြင်သို့ ရောက်လာခဲ့ပြီဖြစ်၍ လူ၏ကိုယ်လုံးခန့်ရှိ သစ်ပင်ကလေးများနှင့် သေးငယ်သော တောင်ပို့ကလေးများကိုပင် အကာအကွယ်လုပ်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပစ်ခတ်နေရင်း ရှေ့မှလိုက်သော ရဲဘော်သည် အကာအကွယ် မရှိဘဲ ရှေ့လောတကြီးလိုက်လေရာ ဗိုလ်ထိန်လင်းကွယ်၍နေသော သစ်ပင်ကလေးနှင့်ကိုက် (၃၀) ခန့်အနီးသို့ရောက်ရှိလာ၏။ ထိုနေရာမှာ ချောင်းနှင့်ကျယ်ပြန့်သော လွင်ပြင်ကြီးကို နောက်ခံထားကာ ရှိနေသဖြင့် ဗိုလ်ထိန်လင်းသည် ရုတ်တရက် ဆက်လက်၍ချောင်းကိုဖြတ်မပြေးဘဲ ထိုသစ်ပင်ကလေးအကွယ်မှ ပင် စောင့်ဆိုင်းခုခံကာ ရှိနေခဲ့၏။

ရဲဘော် ၂ ယောက်ပစ်လိုက်သောကျည်ဆန်များအနက်အချို့မှာသစ်ပင်မှ လွဲချော်သွား၍ အချို့လည်း အပေါ်သစ်ကိုင်းများကိုဖွာ၍ ကျစေ၏။ ဤသို့အနီးကပ်ဆုံးနေရာသို့ ရောက်ရှိနေစဉ် တပ်သားများသည် မိမိရှေ့ရှိ မြေကမူတစ်ခုသို့ အကူးလိုက်၌သစ်ပင်ကွယ်မှသေနတ်သံတစ်ချက်ထွက်ပေါ်လာပြီးလျှင်တပ်သားကလေးသည် လက်များကို ကောင်းကင်သို့မြှောက်ကာ လက်မှ သေနတ်လွတ်ကျလျက် မြေပေါ်သို့ လဲကျသွားလေ၏။

နောက်မှ ရဲဘော် တစ်ယောက်သည်ကား ထိုနေရာမှ ကိုက် (၃၀) မျှဝေးသေး၏။ ၎င်းသည်မိမိအဖော်လဲကျသွားသည်ကိုမြင်သည်နှင့်ယခင်ကထက်စိတ်အားထက်သန်ကာ ရှေ့သို့ ပြေး၍လာလေ၏။

ဗိုလ်ထိန်လင်းသည်ရဲဘော်တစ်ဦးမိမိလက်ချက်ဖြင့်ကျဆုံးသွားသည်ကို မြင်သည်နှင့် အားတက်၍ လာပြီးလျှင် အကာအကွယ်မရှိဘဲ ပြေးလာသော ရဲဘော်ကိုလှမ်း၍ ပစ်လေ၏။ သို့သော် ကျည်ဆန်ကား မထွက်တော့ချေ။ ကုန်၍နေချေပြီ။

နောက်မှ ပြေးတက်လာသော ရဲဘော်သည် မိမိအဖော် ကျဆုံးသောနေရာသို့ရောက်သောအခါကျဆုံးသောရဲဘော်ကိုထူမရန်ကုန်း၍အကြည့်လိုက်တွင် ခေါင်းမှဦးထုပ်သည် မြေပေါ်သို့ညွှတ်၍နေသော သစ်ကိုင်းတစ်ကိုင်းနှင့်ငြိပြီးလျှင်ကျွတ်ကျသွားလေ၏။ ဗိုလ်ထိန်လင်းမှာထိုအချိန်၌မိမိရှေ့ကိုက် (၂၀) သာသာခန့်မျှသာ ဝေးသောနေရာတွင် ယမ်းကုန်သော သေနတ်ကိုကိုင်ကာ သစ်ပင်ကို မှီ၍ ရပ်နေလေသည်။





ဦးထုပ်ကျွတ်ကျသွားသောတပ်သားသည်ဦးထုပ်ကိုမကောက်နိုင်သေးမီ ဗိုလ်ထိန်လင်းရပ်နေသော နေရာသို့ သေနတ်ဖြင့် ချိန်လေ၏။

"လက်မြှောက်လိုက် ဗိုလ်ထိန်လင်း"

သို့သော် လက်မြှောက်လိုက်ပြောသောအသံသည်ကား ယောကျ်ားသံ မဟုတ်ချေ။ ရဲမေမခင်ညို၏အသံဖြစ်လေသည်။

"ပြောတာ မကြားဘူးလား ပစ်လိုက်မယ်"

မခင်ညိုသည် ဗိုလ်ထိန်လင်းရှိရာသို့ သေနတ်ပြောင်းဝကို တုန်ယင်သောလက်များဖြင့် ချိန်ထား၏။

"ကြည့်ပါလား တကယ်ပစ်မှာ ပြောတာ မကြားဘူးလား"

ဗိုလ်ထိန်လင်းသည်မိမိအားသေနတ်နှင့်ချိန်ထားသူမှာရဲဘော်မဟုတ် ရဲမေတစ်ယောက်ဖြစ်ကြောင်းသိခဲ့လေပြီ။ ၎င်းသည် ပါးစပ်မှတစ်စုံတစ်ရာမပြောဘဲမခင်ညိုအားအံ့အားသင့်သောမျက်လုံးများဖြင့်ကြည့်ကာရှေ့သို့တဖြည်းဖြည်းတိုးခဲ့၏။ ခလုတ်ပေါ်တွင်တင်ထားသော မခင်ညို၏ လက်ချောင်းကလေးများမှာ ယခင်ကထက် တုန်တုန်ယင်ယင် ရှိမနေခဲ့။

"ကြည့်စမ်း၊ ပြောတာ မရဘူးလား ကိုင်း"

"ဒိုင်း" ခနဲ အသံနှင့်အတူမခင်ညို၏ သေနတ်မှ ကျည်ဆန်ထွက်သွားလေ၏။

မခင်ညို၏သေနတ်ကျည်ဆန်သည်ဗိုလ်ထိန်လင်း၏လက်ယာဘက်ပခုံးတစ်ခုလုံးကိုပြုတ်ထွက်သွားစေ၏။ ဗိုလ်ထိန်လင်းမှာ နေရာ၌လဲကျသွားလေတော့သတည်း။

မခင်ညိုသည် ဗိုလ်ထိန်လင်းရှိရာသို့ ပြေးသွားလေ၏။

"မခင်ညို ... ညို ... ညို"

"အလို ဘုရား ဘုရား နေပါဦး ဒီအသံ"

ဗိုလ်ထိန်လင်းသည်အငှားတပ်ထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို သေနတ်မထိသော လက်တစ်ဖက်နှင့်ပင် ဖြုတ်ချလိုက်နိုင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အညို ကျုပ်လေ ကျုပ် ကျုပ် ကိုစိန်ချော။ ဟုတ်တယ် အညို၊ ကျုပ် ကိုစိန်ချောပဲ။ ဗိုလ်ထိန်လင်းဆိုတာ တခြားမဟုတ်ဘူး ကျုပ်ပဲ"

"မှားပြီ ကိုစိန်ချော၊ ကျွန်မမှားပြီ"

မခင်ညိုသည် မိမိကိုယ်ကို ပစ်သတ်မည်ပြုလုပ်ရာ မောင်စိန်ချောက ပြောင်းဝကို မခင်ညိုဘက်မှသူ၏ရင်ဝသို့ ပြန်၍တည်လှည့်ထားလိုက်၏။

ထိုအချိန်၌ (၁)မိုင်ခန့်မျှ ဝေးသောနေရာမှ လူသံများ၊ သေနတ်ပစ်လိုက်သံများ၊ သေနတ်ပစ်လိုက်သံများ ကြားရလေရာ ၎င်းတို့မှာ ဗိုလ်ထိန်လင်း ပြေးသည့်ဘက်သို့ ပြန်၍လိုက်လာသော ရဲဘော်စစ်တပ်ပင် ဖြစ်လေသည်။

"ကျွန်မ မနေဘူး၊ ကျွန်မလည်း သေမယ်"

"အို မဟုတ်တာ အညိုကလည်း အညို့ဝတ္တရားကို အညိုဆောင်ရွက်တာ အပြစ်မရှိတဲ့အပြင် ကိုစိန်ချောက ချီးမွမ်းတောင် ချီးမွမ်းပါသေးတယ်"

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မ မှားတာ၊ ဒီကောင်မကိုက ကမြင်းမိတယ် ကိုစိန်ချောရယ်"

"တိတ်ပါ အညို၊ ကိုစိန်ချောသေရမယ့် အတူတူ၊ သေခါနီးမှာ စိတ်မကောင်းဘဲနဲ့ မသေပါရစေနဲ့"

"ကိုစိန်ချောကိုစိန်ချော၊အညိုဘယ့်နှယ်လုပ်ပြီးဖြေရပ့်မလဲကိုစိန်ချောရယ်"

မခင်ညိုသည်မောင်စိန်ချောအားပွေ့ထူကာမိမိပေါင်ပေါ်တွင်တင်ထားလေရာ တသွင်သွင်ထွက်နေသော သွေးများမှာ ရဲမေယူနီဖောင်းကို ခြင်းခြင်းနီ၍ သွားလေစေ၏။

"အညိုကိုမချစ်နဲ့တော့၊ ဒီအမိုက်မကို ကိုစိန်ချော မချစ်နဲ့တော့"

"ကိုစိန်ချော ရုပ်ဖျောက်နေတာ အညိုမှ မသိဘဲကွယ့်၊ အညို့အပေါ်မှာ အပြစ်မရှိပါဘူး။ အညိုဟာ သက်စွန့်ကြိုးပမ်းအမှုထမ်းပြီးပြည်သူ့ရဲမေတာဝန်ကို ကျေကျေပွန်ပွန် ရွက်ဆောင်ပြီးပြီ အလို အလို"

"စကားမပြောပါနဲ့ ကိုစိန်ချောရယ် မောပါမယ်"

"သွားပြီးနော် အညို၊ ကိုစိန်ချောကို ချစ်ရဲ့လား"





"မေးနေစရာမလိုပါဘူးကိုစိန်ချောရယ်၊ အသက်နဲ့လဲရတောင်အညို လဲဝံ့ပါတယ်"

"ကိုစိန်ချောကို တကယ်ချစ်ရင် ကိုစိန်ချောမှာခဲ့တာတစ်ခု ဆောင်ရွက်ပါနော်"

"ဘာလုပ်ရမလဲ၊ ကိုစိန်ချော ပြောလေ"

"ကိုစိန်ချောဟာ ဗိုလ်ထိန်လင်းဆိုတဲ့ နာမည်နဲ့ ရုပ်ဖျောက်နေတာ ရည်ရွယ်ချက် တစ်ခုရှိတယ် အညို့ရဲ့ အမလေး နာလိုက်တာနော်"

"ဖြည်းဖြည်းပြောပါ ကိုစိန်ချောရယ်၊ မောပါမယ်"

အညိုသည် အနာကို လက်ဝါးဖြင့်ယုယစွာ ဖိထားလိုက်၏။

"ဒီရည်ရွယ်ချက်ဟာ တခြားမဟုတ်ဘူး၊ တပ်နီနဲ့ အခုရဲဘော်တွေ ပေါင်းပြီး လွတ်လပ်ရေးရအောင် ဆောင်ရွက်ဖို့ ကိုစိန်ချောမှာ မူလရည်ရွယ်ချက် ရှိတယ်။ သူပုန်ထနေတဲ့လူတွေလည်း သူတို့လွတ်လပ်ရေးမလိုချင်လို့မဟုတ်ဘူး၊ အခါအခွင့်မသင့်သေးလို့ တောထဲပုန်းပြီး သူပုန်လုပ်နေရတာ။ ဒီဟာတွေကို အတွင်းကျကျ ထောက်လှမ်းပြီး အားလုံးပေါင်းမိဖို့ ကိုစိန်ချောကိုယ်တိုင် တောပုန်းလုပ်ပြီး ကြံခဲ့တယ်။ သူပုန်တွေပြန်ဝင်ဖို့လည်း ကြိုးစားခဲ့တယ်။ ဒါကြောင့် ကိုစိန်ချောမရှိရင် ဒီကိစ္စကြီး အညိုဆက်ပြီး ဆောင်ရွက်ရစ်ပါနော်"

"ကောင်းပါပြီ ကိုစိန်ချောရယ်"

"သေပျော်ပြီ သေပျော်ပြီ ဒီလိုဆိုရင် ဘုရား ဘုရား"

အသံမှာတဖြည်းဖြည်းပျောက်ကာမောင်စိန်ချောသည်ခေါင်းငိုက်စိုက်ကျ၍ သွားလေတော့သတည်း။

ထိုအခါမှ မခင်ညိုမှာ "အမယ်လေး တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီ။ ကိုစိန်ချောရအောင်မယ်လေးတောပုန်းကြီး၊သူပုန်ကြီး၊အခုတော့ကောင်းနိုင်ကြသေးရဲ့လားဟင်၊မြင်ဝံ့ကြသေးရဲ့လား" ဟုအားပါးတရ ဟစ်အော်ငိုလိုက်လေ၏။

အညို၏မျက်ရည်ပေါက်ကြီးများမှာ တပွက်ပွက်ပန်းထွက်နေသော မောင်စိန်ချော၏ဒဏ်ရာမှသွေးများဖြင့်ရောစပ်ကာ တစ်ကိုယ်လုံးကိုခြင်းခြင်းနီ၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကူတပ်များ ရောက်ရှိလာသောအခါ၌ကား ဗိုလ်ထိန်လင်း၏ အလောင်းကို ပွေ့ထားသော မခင်ညိုမှာ သတိမေ့နေသည်ကို အံ့အားသင့်စွာ တွေ့ကြရလေတော့သတည်း။

သတင်းစုံ၊ ၁၉၄၇ ခု၊ အောက်တိုဘာလ။

# သေးသစ်ရှာ

(မြန်မာပြည်အထက်ပိုင်းတွင် နှစ်ပေါင်း ၄၀ နီးပါးမျှ ရာဇဝတ်တရားသူကြီးအဖြစ် လုပ်ခဲ့ဖူးသူ ဦးအုံးမောင် ဘီအေ၊ ဘီအယ်လ်သည် ဤသို့တရားသူကြီးအဖြစ်ဖြင့် ရှိနေစဉ်က ၎င်းထံတွင် ဖြောင့်ချက်ပေးသော အမှုများ၊ ကိုယ်တိုင်စစ်ဆေးစီရင်ခဲ့သောအမှုများကို၎င်း၏ဒိုင်ယာရီတွင်မှတ်ထားခဲ့၏။ ဦးအုံးမောင်မှာ ယခုအခါ ပင်စင်ယူခဲ့ပြီဖြစ်၍ ၎င်းဒိုင်ယာရီမှ ကျွန်ုပ်အား ကူးယူရန် အခွင့်ပြုသည့်အတိုင်း အောက်ပါအထွေထွေတို့မှာ ၎င်းမှ ကူးယူရေးသားခြင်းဖြစ်ပါသည်။

စာရေးသူ

အမှုနံပါတ် (၃)

ထိုအမှုမှာ ကျွန်ုပ်မေမြို့တွင် စစ်ဆေးခဲ့သောအမှုဖြစ်သည်

ထိုအချိန်မှာ စစ်ကြီးမဖြစ်ပွားမီ ၁၉၃၈ ခု (မေ) လတွင်ဖြစ်၍ ရက္ခပေဒပရော်ဖက်ဆာ မစ္စတာဆောင်းဒါးဆိုသူ အင်္ဂလိပ်ကပြားတစ်ယောက်သည် မိမိကိုယ်မိမိ သေနတ်နှင့်ပစ်သတ်လိုက်သော အမှုဖြစ်၍ မည်သည့်အတွက် သေဆုံးရကြောင်းကို ကျွန်ုပ်ရုံး၌ စစ်ဆေးရ၏။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



သေသူ၌ မစိမ်းနုဆိုသူ မိန်းမကျန်ရစ်ခဲ့၏။သို့သော် အမှု၏ အကျိုးအကြောင်း စုံလင်စွာသိသောသက်သေမှာ ၎င်းတို့နှင့် ခြံချင်းကပ်၍နေသော မညိမ်းတင်ဆိုသူဖြစ်၍ ၎င်း၏ ထွက်ချက်များမှာ ပုံဝတ္ထုကလေးတစ်ခုကဲ့သို့ ဖြစ်လေသည်။

(အခြားသက်သေထွက်ချက်များမှာ မညိမ်းတင်ကို ထောက်ခံသော သက်သေများသာဖြစ်ကြောင်း။)

◈

ဒီကိစ္စကိုကျွန်မအစအဆုံးလောက်သိပါတယ်။သေသူမစ္စတာဆောင်းဒါးမှာကျွန်မတို့ခြံနှင့်ခြံချင်းကပ်လျက်ရှိနေရာ၎င်း၏အလုပ်အကိုင်မှာမြန်မာနိုင်ငံထွက် အသီးအနှံများ၊ ပန်းဖူးပန်းပွင့်များ၊ ပိုးကောင်မွှားကောင်များအကြောင်းကို စုဆောင်းရှာဖွေပြီးလျှင် အိန္ဒိယပြည်သို့လည်းကောင်း၊ အင်္ဂလန်သို့လည်းကောင်းတင်ပို့ပါသည်။ ဤအကြောင်းများကိုအရေးပိုင်ထမင်းစားပွဲတစ်ခုတွင် ၎င်းကိုယ်တိုင်ပြော၍ ကျွန်မသိရပါသည်။

၎င်းနေသော ခြံကြီးကို ကုလားသူဌေးထံမှ တစ်လ ၃၀၀ နှင့် ခြံတွင်းရှိ အိမ်ပါငှားပြီးနေထိုင်ပါသည်။ သူ့မှာအရင်က မိန်းမနှစ်ယောက်သေသွားဖူးကြောင်း၎င်းတို့မှာမြန်မာလူမျိုးများဖြစ်ကြောင်း သိရပါသည်။ နောက်ဆုံးမိန်းမမှာ မန္တလေးမြို့မှဖြစ်၍ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်ကြောင်း၊ ၎င်းမိန်းမသေသောအခါ မိန်းမ၏ ရွှေ‚ ငွေ‚ လက်ဝတ်လက်စားများကို ရလိုက်ကြောင်းဖြင့် သိရပါသည်။

၎င်းမှာအခြားခြံနီးပါးချင်းများနှင့်အပေါင်းအဖော်မလုပ်ပါ။ တစ်ခါတစ်ရံ ကျွန်မတို့ဦးလေးကြီးနှင့်သာ မေးတစ်ခွန်း ပြောတစ်ခွန်းလောက် ပြောပါသည်။ ကျွန်မတို့နှင့် များစွာအကျွမ်းမဝင်ပါ။ ၎င်း၏မိန်းမဆုံးပြီးလျှင်ပြီးချင်းဒီအိမ်ကြီးကို ပြောင်းလာသည်ဟု ပြောကြပါသည်။

ခြံကြီးကိုရောက်၍ တစ်လလောက်ကြာသောအခါ ကျွန်မဦးလေးကြီးနှင့် အနည်းငယ်စကားပြောဆိုရာမှ တစ်ခါတစ်ရံ ကျွန်မကို နှုတ်ဆက်ပါသည်။ ကျွန်မကလည်း ရိုးရိုးပဲ ပြန်ပြီးနှုတ်ဆက်ရုံမှလွဲ၍ တစ်စုံတစ်ရာပို၍ မပြောဖူးပါ။





သို့ပေမဲ့ တစ်နေ့မှာ အောက်ပါအတိုင်း ဖြစ်ပေါ်လာပါသည်။

ကျွန်မနှင့် အစ်မတစ်ဝမ်းကွဲတော်စပ်သူ မစိန်းနုသည် ကလောမြို့မှ ရောက်လာပြီးလျှင်ကျွန်မတို့နှင့်အတူနေခဲ့ပါသည်။ ၎င်းလာခြင်း၏အကြောင်းမှာ ၎င်း၏ယောက်ျား (သစ်တောဝန်ထောက်တစ်ဦး) သေဆုံးပြီးနောက်၊ ၃လခန့် အကြာတွင် စိတ်လက်မကောင်းခြင်း ရှိနေခဲ့ရာ ကျွန်မတို့နှင့် လာရောက်နေထိုင်ခြင်းအားဖြင့်စိတ်လက်ပြေပျောက်စေရန် ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ ကျွန်မက "မမနု" ဟု ခေါ်ပါသည်။

မမနုသည်ရောက်လာစကခပ်ရိုးရိုးမှုပင်နေထိုင်သော်လည်း၁၅ရက်မျှကြာသောအခါအရင်ရောက်စကနှင့်မတူဘဲ သနပ်ခါးပေါင်ဒါတို့ဖြင့်တဖြည်းဖြည်း အလှပြုပြင်လာသည်ကို တွေ့ရပါသည်။ ၅ရက်ခန့်ကြာသောအခါ ကျွန်မ ရိပ်မိပါသည်။ တစ်နေ့သောညနေစောင်း၌မမနုသည်ခြံစည်းရိုးတန်းကိုကိုင်ကာ မစ္စတာဆောင်းဒါးနှင့် ရယ်လားမောလား စကားပြောဆိုနေသည်ကို တွေ့ရရုံမျှမက နောက်တစ်နေ့တွင် မစ္စတာဆောင်းဒါး ခြံဘက်သို့ကူး၍ နှင်းဆီအဝါပွင့်ကြီးများကို တစ်ပွေ့တစ်ပိုက်ကြီးခူးပြီးနောက် ကျွန်မတို့ခြံဘက်သို့ ပြန်ဝင်လာသည်ကို မြင်လိုက်ရပါသည်။

မမနုမှာ မစ္စတာဆောင်းဒါးနှင့် အတော်ပင် အကျွမ်းတဝင်ဖြစ်နေခဲ့ပြီ ထင်ပါသည်။

၁၀ ရက်လောက် အချိန်ကုန်လွန်၍ သွားပြန်၏။ မမနုနှင့် မစ္စတာဆောင်းဒါးတို့မှာယခင်ကထက်ပင်ပိုမိုရင်းနှီးလာဟန်လက္ခဏာရှိပါသည်။ မမနုမှာ အသက် ၃၀ ခန့်မျှရှိသော မုဆိုးမတစ်ယောက်ဖြစ်သော်လည်း လှပသောရုပ်ရည်ရှိပါသည်။ မိခင်မှာ ရှမ်းလူမျိုးဖြစ်၍ အသားဖြူပြီးလျှင် မြန်မာနှင့်ရှမ်း ရောစပ်၍ထားသော အချောအလှမျိုးဖြစ်ပါသည်။ ရောက်ခါစတွင် ပြုပြုပြင်ပြင်မရှိစဉ်က တစ်မျိုးလှနေသည်။ ယခုကဲ့သို့ အချောအလှပြုပြင်နေသောအခါ တစ်မျိုးကြည့်ကောင်းသည်ကိုတွေ့ရပါသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်းတောင့်တင်းထည်ဝါသည့်ပြင် မျက်နှာကလည်း ပျိုနုသဖြင့် မြင်ရသူများက ၂၃ နှစ်‚ ၂၄ နှစ်ထက်ပို၍



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းကြမည် မထင်ပါ။ မစ္စတာဆောင်းဒါးမှာကား အသက် ၄၀ ကျော်ခန့် ရှိပါပြီ။

ဤသို့နှင့် နောက်ရက်ပေါင်း ၂၀ ခန့်ကြာသောအခါ ၎င်းတို့မှာအလွန် အကြိုးဖြစ်၍လာကြပါသည်။ တစ်ခါတစ်ရံ မမနုသည် ညဉ့်ဦးအချိန်များ၌ တစ်နာရီခန့်မျှ အိမ်မှ ပျောက်သွားတတ်ပါသည်။

ကျွန်မ ဦးလေးကြီးမှာ အလုပ်အကိုင်ကို ဂရုစိုက်နေသူဖြစ်၍ မမနု အကြောင်းကို တစ်စုံတစ်ရာမသိပါ။ သို့ဖြစ်၍ကျွန်မတို့အပေါ်တွင် တာဝန်မကင်း ရှိမည်စိုး၍ တစ်နေ့တွင် ကျွန်မဖွင့်၍ မေးရပါတော့သည်။

"ဘယ့်နယ်လဲ မမရယ်၊ မမတို့ဥစ္စာက လွန်နေပြီထင်တယ်"

"ဩော် ငါ့ညီမက မေးပြီဟာ ဖွင့်ပြောရတော့မှာပဲကွယ်၊ ဟုတ်တယ် ညီမထင်တဲ့အတိုင်းပဲ။ ငါ့ညီမက သဘောမတူလို့လား"

"သဘောတူတာ မတူတာတော့ထားပါဦး"

"ဒါဖြင့် ဘာဖြစ်သလဲ ညီမရဲ့"

"ဒီမစ္စတာဆောင်းဒါးကြီး ကြည့်ရတာ ညီမဖြင့် သိပ်မသင်္ကာဘူး"

"ဘာကို မသင်္ကာတာလဲ ပြောစမ်းပါဦး"

"ဘာရယ်လို့ကတော့မဟုတ်ပါဘူးမမရယ်၊ သူ့နေပုံထိုင်ပုံသူ့အမူအရာ ကိုကြည့်ရတာ ကျွန်မဖြင့် သိပ်အားမရဘူး။ ပြီးတော့လည်းအရင်မိန်းမ ၂ယောက် စလုံး သူ့လက်ထဲမှာချည်း သေသတဲ့"

"ဟား ဟား အရင်မိန်းမတွေ သေတိုင်းနောက်မိန်းမတွေ သေရမှာတဲ့ လား ညီမရဲ့။ ဒီအယူတွေ ဖျောက်ပစ်လိုက်စမ်းပါ ညီမရယ်"

"အမူတော့ လွန်နေကြပြီ ဟုတ်စ"

"ဟုတ်တယ်"

"သူက ဘယ်လိုပြောသလဲ"

"လူကြီးစုံရာနဲ့ တောင်းရမ်းပြောဆိုဖို့ပေါ့၊ ဗမာထုံးစံအတိုင်း လုပ်ဖို့ မမကပြောတော့ သူကလည်း သဘောတူပါတယ်"





သို့ဖြစ်ရကားနောက် (၁)လခန့်ကြာသောအခါ မစ္စတာဆောင်းဒါးနေ အိမ်၌ပင် မစ်နန်နုနှင့် မစ္စတာဆောင်းဒါးတို့မှာ လက်ထပ်လိုက်ကြပါသည်။ လူကြီး များဖြစ်၍ လက်ထပ်ပွဲကြီးကြီးကျယ်ကျယ် မလုပ်ဘဲ အိမ်နီးချင်းလူကြီး (၄)(၅) ယောက် အသိမိတ်ဆွေ (၁၀)ယောက်ခန့်တို့ကို ဖိတ်ခေါ်ပြီးလျှင် လက်ထပ်ပွဲ ပြီးမြောက်သွားပါသည်။

ကျွန်မ သိသလောက် မမနု၌ စိန်နားကပ်တစ်ရန်၊ စိန်ကြယ်သီးတစ်စုံ၊ ရွှေ၁၀ကျပ်သားခန့်ရှိ လက်ကောက် (၁၀)ရန်၊ မြနှင့်စိန်ခြယ်သော လက်စွပ် တစ်ကွင်းနှင့် ငွေသား ၃၀၀၀ ခန့်ပါပါသည်။

◈

လက်ထပ်ပြီးသည်မှာ (၁)လခန့်မျှရှိသောအခါ ကျွန်မသည် နံနက် စောစော အိပ်ရာမှထ၍ နောက်ဖေးပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ မစ္စတာ ဆောင်းဒါးကို ၎င်း၏ခြံဘက်၌ တွေ့မြင်ရပါသည်။

မစ္စတာဆောင်းဒါးခြံဘက်၌ အလွန်ထူးဆန်းလှပသော ပန်းပင်များရှိ သည့်ပြင် ကျွန်မတို့ခြံစည်းရိုးနှင့် မနီးမဝေး၌ ယုန်ကလေးများကို လှောင်အိမ်ဖြင့် မွေးထားလျက်ရှိရာ ထိုယုန်ကလေးများအား အစာကျွေးနေသည်ကိုမြင်ရပါသည်။ ၎င်းကျွေးသော အစာမှာ ထိုယုန်လှောင်အိမ်နှင့် မနီးမဝေးတွင် စိုက်ထားသော အဝါရောင်ပန်းပွင့်ကလေးများပွင့်နေသသော ပန်းပင်မှ အကိုင်းများကိုချိုး၍ကျွေး နေသည်ကို မြင်ရပါ၏။ ယုန်ကလေးများသည် အရွက်ရောအပွင့်ပါ မြိန်ရှက်စွာ စားသောက်ကြပါသည်။ ကျွန်မသည်တစ်ခဏမျှကြည့်နေပြီးနောက်ပြတင်းပေါက် ကို ပိတ်လိုက်ပါသည်။

ထိုရက်အတောအတွင်း၌မမနုသည်ကျွန်မတို့အိမ်ဘက်သို့(၂)ခါ(၃)ခါ လောက်သာ ကူးလာ၍ ဤသို့ကူးလာသောအခါများ၌ ကျွန်မတို့အရင်ကလောက် စကား ဟဟမပြောဘဲ တစ်ခါတစ်ရံ သုန်သုန်မှုန်မှုန်နေတတ်ပါသည်။ ဤသို့ပြောင်းလဲသွားခြင်းမှာ မစ္စတာဆောင်းဒါးက ၎င်းနှင့်သဘောမတူကြောင်း ကျွန်မက "တိုက်" ပေးသည်ကိုသိသဖြင့် ၎င်းမိန်းမကို ပြောသောကြောင့်ဖြစ်သည် ဟု ကျွန်မ ထင်မိပါသည်။ သို့သော် မမနုကိုဖွင့်၍ မမေးဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်မရည်းစားကိုကျော်အောင် ရန်ကုန်မှ ရောက်လာပါသည်။ ကိုကျော်အောင်မှာ သန်လျင် ဘီအိုစီတွင် လက်ထောက် မာတ်ခွဲအရာရှိအဖြစ် လုပ်ကိုင်နေသူဖြစ်ပါသည်။

ကိုကျော်အောင်လည်း ကျွန်မကို အသက်ပေး၍ချစ်သူတစ်ယောက် ဖြစ်ပြီးလျှင် ကျွန်မအပေါ်တွင် အထူးစောင့်ရှောက်ခဲ့သူ ဖြစ်ပါသည်။ မစ္စတာ ဆောင်းဒါးနှင့် မမနုတို့အကြောင်းကို ကျွန်မက အားလုံး ပြောပြပါသည်။ ကိုကျော်အောင်က သူကိုယ်တိုင်လည်း ရုက္ခဗေဒဘက်တွင် ဝါသနာပါကြောင်း၊ မစ္စတာဆောင်းဒါးနှင့်မိတ်ဖွဲ့ပေးရန်အကြောင်းပြောရာ ကျွန်မက အခွင့်ကြုံသော နေ့တစ်နေ့တွင် မိတ်ဖွဲ့ပေးပါမည်ဟု ဝန်ခံလိုက်ပါသည်။

◈

နောက် ၃ရက်မျှကြာသောအခါ မမနုသည် ကျွန်မတို့အိမ်ဘက်သို့ကူး လာ၍ ထိုည ညစာကို ၎င်းနှင့်အတူ လာရောက်စားရန်အကြောင်း၊ မစ္စတာ ဆောင်းဒါး၏ မွေးနေ့ဖြစ်၍ ထိုညစာမှာ "အထူးညစာ"ဖြစ်ကြောင်းဖြင့် ပြောဆိုပြီးလျှင် ပြန်သွားပါသည်။

ထိုည ၇နာရီအချိန် ချိန်းဆိုသည့်အတိုင်းကျွန်မသွားရာ မွေးနေ့ညစာဟု ဆိုသော်လည်း အခြားဧည့်သည် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရဘဲ ၎င်းတို့ လင်မယားသာ တွေ့ရပါသည်။

ထမင်းစားခန်း၌ အဖြူရောင်နှင်းဆီပွင့်အနီကြီးများဖော်ထား သော စားပွဲခင်းပေါ်တွင် ပန်းကန်ခွက်ယောက်၊ ဖန်ဘူးဖန်ခွက်များမှာ ဓာတ်မီးရောင် တွင် အရောင်ထွက်နေပါသည်။ ဖန်တကောင်း၌ စိုက်ထိုးထားသော နှင်းဆီအဝါ ပွင့်ကြီးများမှာလည်း လွန်စွာပင် ကျက်သရေရှိပါသည်။

ထို့နောက် ကျွန်မတို့ ညစာကို စားကြပါသည်။ စွပ်ပြုတ်ကို သောက်၍ အပြီးတွင် တစ်ပေပတ်လည်ခန့်ရှိ ဘဲဥပုံပန်းကန်ပြားထဲ၌ ယုန်တစ်ကောင်လုံးကို ရှိ(စ)လုပ်၍ထားသော ယုန်ကောင်လုံးကြော် ရောက်လာ၍ မစ္စတာဆောင်းဒါးက မမနုအား "စားပါအချစ်ရဲ့ မောင်ကိုယ်တိုင် ကြည့်ပြီးကြော်တဲ့ ရှိ(စ)ပါ၊ ယုန်သား ဆိုတာ အရင်က အချစ်မစားဖူးဘူး။ ဘယ်လောက်အရသာရှိသလဲဆိုတာ





ကြည့်ပါ"ဟု ယုယကြင်နာသော အမူအရာဖြင့် ပြောရာ မမနုမှာ ပထမ မစားလိုကြောင်းငြင်းဆန်နေသော်လည်း ပေါင်ကလေးတစ်ပေါင်ကိုဖဲ့၍စားလိုက် ပါသည်။

ကျွန်မကိုပေးသောအခါ ကျွန်မက "တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်"ဟု ပြန်ပြောရာ၊ မစ္စတာဆောင်းဒါးက "ကျေးဇူးတင်ရုံတင်နဲ့ မပြီးသေးဘူးဗျ၊ စားမှပြီး မှာ"

"အို ကျွန်မ မစားရပါစေနဲ့"

"ဘာပြုလို့လဲ"

"အလကားပဲ"

ကျွန်မငြင်းဆန်ခြင်းမှာ အကြောင်းရှိပါသည်။ ကျွန်မတို့နှင့်ခြံချင်းကပ် နေသဖြင့် ထိုနေ့နံနက်ပင် မစ္စတာဆောင်းဒါးကိုယ်တိုင် အစာကျွေး၍နေသော မျက်လုံးပြူးကြောင်ကြောင်ကြည့်နေသည့် အပြစ်ကင်းမဲ့သော ယုန်ကလေးများ ကို ကျွန်မမျက်စိထဲတွင် တရေးရေး မြင်နေခြင်းကြောင့် ဖြစ်ပါသည်။ မစ္စတာ ဆောင်းဒါးက ၎င်းကိုယ်တိုင်စားနှင့်ပေါင်တစ်ပေါင်ကိုဖဲ့၍ ကျွန်မကိုအတင်းပေးရာ ယူထားလိုက်ရပါသည်။

ထိုအချိန်၌ ကျွန်မခြေရင်းတွင် မစ္စတာဆောင်းဒါး၏ ခွေးဖြူကလေး ဘော်ဘီသည် ဝပ်နေရာ ကျွန်မသည် ပထမစားဟန်ပြုပြီးလျှင် မစ္စတာဆောင်းဒါး အလစ်တွင် ယုန်ပေါင်ကို ဘော်ဘီအား ပစ်ပေးလိုက်သည် ဘော်ဘီသည် တစ်ခါ တည်း ဟပ်၍စားလိုက်ပါသည်။

◈

ထိုည (၁၀)နာရီလောက်တွင် အိပ်ရာသို့ ဝင်တော့မည်ပြုရာ အပြင်ခြံ တံခါးဆီမှ ဓာတ်မီးရောင်တစ်ခု ထိုးဝင်လာပြီးလျှင် ကျွန်မနာမည်ကို ခေါ်သံကြား သဖြင့် တံခါးဖွင့်ရာ ကိုကျော်အောင်ကို တွေ့ရပါသည်။ ကိုကျော်အောင်မှာ အငြိမ့် ပွဲတစ်ခုမှအပြန်တွင် ဝင်လာကြောင်း ပြောပါသည်။

ကျွန်မအိပ်သောအခန်းမှာ မစ္စတာဆောင်းဒါးခြံနှင့် အနီးဖြစ်ရာ အိမ်နံ ဘေး ရေကန်သမံတလင်းပေါ်တွင် ခွေးဖြူကလေးတစ်ကောင် လဲနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်အောင် လက်နှိပ်ဓာတ်မီးရောင်ဖြင့်မြင်ရပါသည်။ ကျွန်မတို့သွားရောက်ကြည့်ရှုရာဘော်ဘီကိုတွေ့ပါသည်။ ဘော်ဘီသည်ရေကန်အနီးတွင်လူးနေသည်ကိုတွေ့သဖြင့် ကျွန်မ၏မသင်္ကာစိတ်များသည် တစ်ခါတည်းဖြစ်ပေါ်လာပြီးလျှင် ကျွန်မက ကိုကျော်အောင်အား မစ္စတာဆောင်းဒါးအိမ်တွင် ညစာစားကြောင်း၊ ဘော်ဘီအား ယုန်ပေါင်ကလေးတစ်ခုကို ကျွေးလိုက်မိကြောင်းများကို အားလုံးဖွင့်ပြောလိုက်ပါသည်။

ကိုကျော်အောင်သည် ဆရာဝန်အတတ်ကိုလည်းတစ်နှစ်မျှသင်ခဲ့သူဖြစ်၍ ခွေးကလေးကိုကြည့်ပြီးလျှင် အဆိပ်မိကြောင်းတစ်ခါတည်းဆုံးဖြတ်လိုက်ပါသည်။

ထို့နောက် ကျွန်မတို့လည်း မစ္စတာဆောင်းဒါးအိမ်ဘက်သို့ကူးခဲ့ကြပြီးလျှင် ကျွန်မက "မမနု မမနု" ဟု ၂ကြိမ် ၃ကြိမ် အော်၍ခေါ်ပါသည်။ ခွေးကလေးကို ကိုကျော်အောင်က ပိုက်ယူခဲ့ပါသည်။

အိမ်အတွင်းမှ တစ်စုံတစ်ရာ အသံမကြားပါ။ တစ်အိမ်လုံး ဆိတ်ငြိမ်နေပါသည်။ ကျွန်မတို့ နားစွင့်ထောင်နေရာ မမနု ညည်းညူသံကို ခပ်သဲ့သဲ့ကလေး ကြားလိုက်ရပါသည်။

နောက်ထပ် ကျွန်မတို့ခေါ်ပြန်ပါသည်။ ထိုအကြိမ်၌ အိမ်တံခါးပွင့်လာ၍ မစ္စတာဆောင်းဒါးသည် ပြတင်းပေါက်ဝ၌ရပ်ကာ ကျွန်မတို့ကိုကြည့်နေပါသည်။

"ဘယ် သူတွေလဲ"

"ကျွန်မပါ၊ မငြိမ်းတင်လေ"

"ဘာကိစ္စလဲ အချိန်မရှိမှ"

"ဟော ဒီမှာ၊ ဘော်ဘီ ဘာဖြစ်မှန်းမသိဘူး၊ ကျွန်မတို့အိမ်ဘက်လာပြီး ရေကန်နားမှာ လူးနေတာ တွေ့ရတယ်"

"အဲ့ ခွေးကို ဂရုစိုက်စရာ မဟုတ်ပါဘူး။ ပြီးတော့ မင့်မမနုလည်း နေမကောင်းဘူး"

"အဲ့ ဘာဖြစ်သလဲ၊ ထမင်းစားတုန်းက အကောင်းပဲ"

"ဟုတ်တယ်၊ ထမင်းစားတုန်းက ကောင်းတယ်၊ အခုမကောင်းဘူး"





မမနု ညည်းသံ ကြားရပြန်ပါသည်။

"ကျွန်မတို့ မတွေ့ရဘူးလား"

"မတွေ့နိုင်ဘူး ထင်တယ်"

ကိုကျော်အောင်သည် ကျွန်မကို လက်တို့ပြီးလျှင် ခြံထဲမှ ထွက်ခဲ့ကြပါသည်။ ဘော်ဘီကိုလည်း မစ္စတာဆောင်းဒါးခြံထဲမှာ ထားခဲ့ရပါသည်။

ရင်းနောက် ကျွန်မနှင့်တိုင်ပင်ပြီးလျှင် ကိုကျော်အောင်သည် ထွက်သွား၍ မကြာမီရင်းနှင့်အတူ အင်စပက်တော်တစ်ယောက်နှင့် နာမည်ကျော် ဆရာဝန်ကြီး မက်ကောလေးပါ ခေါ်လာပါသည်။

ထို့နောက် ကိုကျော်အောင်တို့ လူစုသည် မစ္စတာဆောင်းဒါးအား တံခါးကို အတင်းဖွင့်စေပြီးလျှင် အိမ်ထဲသို့ဝင်ကြရာ မမနုမှာ အိပ်ရာထဲ၌လူးလိမ့်လျက်ရှိသည်ကို တွေ့ကြရပါသည်။

ဆရာဝန်ကြီးက မမနုအား ဆေးများ တိုက်ပြီးလျှင် ဆေးများထိုးပေးပါသည်။ ကျွန်မကိုယ်တိုင်လည်း အိမ်ကအစေခံမကလေးနှင့်အတူ၊ တစ်ညလုံးပြုစုရာ နံနက်လင်းအားကြီးတွင် သက်သာရာရလာပါသည်။ ဝေလီဝေလင်းအချိန်တွင် အိမ်အပြင်ဘက်မှ သေနတ်သံကြားသဖြင့် ကျွန်မတို့အလန့်တကြားဖြစ်ကာ သွားရောက်ကြည့်ရှုရာ သေနတ်ဒဏ်ရာဖြင့် လဲနေသော မစ္စတာ ဆောင်းဒါးနှင့် ၎င်းအနီးတွင် ခြောက်လုံးပြူး သေနတ်တစ်လက်ကို တွေ့ရပါသည်။

◈

နောက်တစ်နေ့၌ကိုကျော်အောင်သည်ကျွန်မအားဆရာဝန်ကြီးမစ္စတာမက်ကောလေး အိမ်သို့ခေါ်သွားပြီးလျှင် ဆရာဝန်ကြီးနှင့် မိတ်ဆက်ပေးပါသည်။

ဆရာဝန်ကြီး၏စားပွဲပေါ်၌ အဝါပွင့်ကလေးများပွင့်ဖူးနေသော ပန်းပင်ကိုင်းတစ်ကိုင်း အပွင့်ကလေးများနှင့် တွေ့ရပါသည်။ ထိုပန်းပင်မှာ မစ္စတာဆောင်းဒါး မသေမီက ယုန်ကလေးများကို ကျွေးသောအပင်နှင့်တူသည်ဟု ကျွန်မ ထင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးသည် စာအုပ်စင်မှ စာအုပ်ကြီးတစ်အုပ်ကို ယူ၍ ၎င်းညွှန်ပြသော ခဲတံအနီဖြင့် မှတ်ထားသည့်နေရာကို ဖတ်ကြည့်စေရာ မြန်မာဘာသာဖြင့် အောက်ပါအတိုင်း အဓိပ္ပာယ်ရသော စာပိုဒ်ကို ဖတ်ရပါသည်။

◈

## ဘယ်လားဒေါ်နားခေါ် (Belladonna) အဆိပ်ပင်တစ်မျိုး

ဘယ်လားဒေါ်နားခေါ် အပင်တစ်မျိုးမှာ အပင်ပုကလေးမျိုးဖြစ်၍ ပထမ အမေရိကန်မြစ်ဝှမ်း တောနက်ရာ အရပ်များတွင် တွေ့ရှိရ၏။ ၎င်းမှာ အဝါပွင့်ကလေး ပွင့်၍ ယုန်သတ္တဝါများသည် ၎င်းအပင်ကို များစွာကြိုက်နှစ်သက်ကြလေသည်။ ထူးဆန်းပုံမှာ ထိုအပင်ကိုစား၍ ယုန်များမသေသော်လည်း ထိုအပင်ကိုစားပြီးသည့် ယုန်သားကိုစားသော လူများမှာ အဆိပ်သင့်၍ သေတတ်လေသည်။

အထက်ပါအကြောင်းများမှာ သက်သေ မငြိမ်းတင်၏ ကျမ်းကျိန်အစစ်ခံသော ထွက်ချက်များဖြစ်ကြောင်း။

ဂျာနယ်ကျော်၊ ၁၉၄၇ ခုနှစ်၊ မေလ။

## နှစ်ပတ်ရိုက်သူ

အောက်ပါ အတ္ထုပ္ပတ္တိကလေးကို ပြန်ပြောသူသည် ၎င်း၏အမည်ကိုလည်းကောင်း၊ အခြားပါဝင်သူများ၏ အမည်များကိုလည်းကောင်း အမှန်အတိုင်း ရေးသားရန် ခွင့်မပြုသဖြင့် ကျွန်ုပ်သည် ၎င်း၏အလိုအတိုင်း နာမည်များအားလုံးကို ပြောင်းလဲရေးသားလိုက်ခြင်းဖြစ်ပါကြောင်း။

ဒဂုန်ရွှေမျှား

ကျွန်တော်သည် လွန်ခဲ့သော ဧပြီလကောက်က မြို့တစ်မြို့သို့ ကုန်စည် ကူးသန်းရောင်းဝယ်ရန် ညတစ်ညတွင် မီးရထားနှင့် လိုက်ပါလာခဲ့လေသည်။ ထိုအခါက ရထားတိုင်း၌ ဂျပန်စစ်သားများပါသဖြင့် ခရီးသည်များမှာ ၎င်းတို့မစီးသော တွဲစုတ်တွဲဟောင်းများကိုသာ စီးရ၏။ လေယာဉ်ပျံရန်ကို ကြောက်သဖြင့် ဘူတာရုံများမှာမီးကိုအထူးသတိဝီရိယနှင့်ထွန်းရသဖြင့်ခရီးသည်များမှာအတက် အဆင်း၌ လွန်စွာဒုက္ခရောက်ကြရကုန်၏။

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တက်ခဲ့သောတွဲမှာ နောက်ပိုင်းကျ၍ ကုန်တင်သော သံတွဲကြီးတစ်တွဲဖြစ်ရာ ကျွန်တော်လည်း မှောင်သည်ထက်မှောင်သောနေရာတစ်ခုသို့ ရောက်သွား၏။ ထိုခဏ၌ ကျွန်တော်သည် လူတစ်ယောက်၏ခြေထောက်ကိုဝင်၍ တိုက်မိသဖြင့် အတိုက်ခံရသူသည် အောင်မယ်ဟု လန့်၍အော်လိုက်ရာ ကျွန်တော်ကလည်း ခြော်မတော်လို့ပါခင်ဗျာဟု ပြန်၍ပြောလိုက်ရ၏။ တွဲ၏အခြားထောင့်ဆီမှ အခြားခရီးသည် ၂ယောက် ၃ယောက်တို့၏ အသံကိုလည်း ကြားရလေသည်။

ရထားထွက်သောအခါ ကျွန်တော်လည်း ၎င်းအနီး၌ လိုက်ပါလာခဲ့ရရာ ကျွန်တော်လည်း မီးခြစ်ခြစ်၍ ဆေးလိပ်ကို မီးညှိဟန်ဖြင့် ၎င်း၏မျက်နှာကို မသိမသာ အကဲခတ်၏။ ၎င်းမှာ ဟောင်းနွမ်းသောအဝတ်များကို ဝတ်ထားသော်လည်း အတော်အတန် ခန့်ညားသော ရုပ်ရည်ရှိလျက် ကျွန်တော်ကဲ့သို့ပင် ဘလေဇာ အင်္ကျီအနက်ကို ဝတ်ထားလေသည်။

နောက်တစ်ဘူတာ၌ ရထားဆိုက်သောအခါ မုန့်သေတ္တာအခွံတွင် ရေနံဆီစွက်ထွန်းထားသော မီးအိမ်ဖြင့် ယောက်ျားနှစ်ယောက်သည် တွဲအတွင်းသို့ ထိုမှ ဤမှ တိုး၍ပြီးလျှင် တက်လာပြန်၏။ အတန်ကြာသောအခါ အသက် ၂၀ခန့်ဟု ခန့်မှန်းရသော မိန်းကလေးတစ်ယောက် တက်လာပြန်ပြီးလျှင် ပထမလူ ၂ယောက်နှင့် ကျွန်တော်၏ အကြားတွင် နေရာယူပြန်၏။

ကျွန်တော်တို့တွဲမှာ မှောင်နှင့်မည်းမည်းရှိနေရာ နောက်တက်လာသူ ၂ယောက်အနက် တစ်ယောက်သည် မီးခြစ်ကို ၂ကြိမ် ၃ကြိမ်မျှခြစ်၍ ကျွန်တော့်ခြေနှင့် တိုက်မိသူအားကြည့်ရာ ထိုသူလည်း ၎င်း၏မျက်နှာကို မမြင်စေလိုသည့် လက္ခဏာဖြင့် အခြားဘက်သို့သာ လှည့်လျက်ရှိလေ၏။

ထိုသူနှင့် ကျွန်တော်မှာ တစ်ယောက်သွားမည့်နေရာကို တစ်ယောက် မေးခြင်း နေရာဖယ်၍ပေးခြင်း၊ မီးခြစ်တောင်းခြင်းစသည်တို့ဖြင့် တစ်ယောက်နှင့် တစ်ယောက် အတော်အတန်ရင်းနှီးသောအဖြစ်သို့ ရောက်ခဲ့ရာ ထိုသူက –

"ဒါဖြင့် ခင်ဗျားနဲ့ ကျွန်တော်နဲ့အတူတူ သွားကြတာပေါ့၊ အခုနေ ခရီးသွားရတာများ သိပ်ဒုက္ခရောက်တာပဲနော်"





"ဘာဒုက္ခလဲဗျာ၊ စစ်မြေပြင် ထွက်တိုက်နေတဲ့ ရဲဘော်တွေနဲ့ စာရင် ကျုပ်တို့က နို့ဗွာန်ပေါ့"

ထိုသူသည် ကျွန်တော်၏ နားနားသို့ကပ်၍ "ရထားပေါ်မှာပေမဲ့ သတိ ထားနော်၊ အလစ်သမားတွေ ပါတယ်"

"ဟုတ်ကဲ့၊ အခုမှ ခင်ဗျားပြောလို့ ပြောလိုက်ရဦးမယ်၊ ဟိုဘက်က လူတွေ ကျွန်တော်ဖြင့် သိပ်မသင်္ကာဘူး"

"ကျုပ်လည်း ဟိုဘက်က ကောင်မလေး တယ်မသင်္ကာဘူး၊ ဒါထက် အိပ်ရင် တစ်ယောက်စီ စစ်လဲ အိပ်ကြရအောင်ဗျာ"

"အိပ်လေ၊ ခင်ဗျားအရင်အိပ်ပါ။ ကျွန်တော် စောင့်နေပါ့မယ်။ နို့ပေမဲ့ ကျွန်တော်လည်း ညောင်းတယ်ဗျာ၊ ခဏတော့ တုံးလုံးလှဲဦးမယ်"

ထိုအချိန်သည်ကား ပူအိုက်သော ရာသီဖြစ်၍ ကျွန်တော်တို့လည်း ဘလေဇာ အင်္ကျီများကို ချွတ်ပြီးလျှင် ခေါင်းရင်းတွင် အသီးသီးပုံလျက် လွယ်အိတ် များကို ကိုယ်စီခေါင်းအုံးကာ လဲလျောင်းလျက်ရှိကြကုန်၏။

"စိတ်ချသာအိပ်နော်၊ ကျွန်တော် မအိပ်ဘူး စောင့်နေပါ့မယ်"

"ကျေးဇူးပါပဲ မိတ်ဆွေ၊ ကျွန်တော်တစ်မှေးကလေး မှေးလိုက်ပါရစေဦး ဗျာ"

ထိုသူလည်း မကြာမီ အိပ်ပျော်သွားလေ၏။

◈

ရထားသည် တရွေ့ရွေ့သွားလျက်ရှိသဖြင့် ကျွန်တော်လည်း အတန်ကြာ သော် မှေးခနဲဖြစ်၍သွားလေ၏။ သို့သော် တစ်ခုသော အရာဝတ္ထုသည် ကျွန်တော်၏မျက်နှာကိုလာ၍ သိသကဲ့သို့ မှတ်တင်လိုက်ပြီးလျှင် ဖျတ်ခနဲလန့်၍ နိုးလာ၏။ မျက်လုံးများကို ဖွင့်လိုက်လျှင် ဖွင့်လိုက်ချင်း၊ မိန်းမလက်နှင့်တူသော နူးညံ့သော လက်ကလေးတစ်ဖက်သည် ကျွန်တော့်မျက်နှာပေါ်မှကျော်၍ မှောင်ထဲသို့ ရုပ်သိမ်း၍ သွားသည်ကို မြင်လိုက်ရ၏။ ကျွန်တော်သည် အိပ်မက်မက်၍ ခနေခြင်းလော့ဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ လရောင်သည် ရထားတွဲများ အပြင်၌ ထိန်ထိန်လင်းလျက်ရှိသဖြင့် အလင်းရောင်သည် တွဲ၏အလယ်သို့



www.burmeseclassic.com

www.burmeseclassic.com



၂တောင်ခန့်မျှထိုးဝင်၍လာပြီးလျှင် ကျွန်တော်တို့ရှိရာအရပ်၌ပင် အတော်အတန် လင်းလျက်ရှိလေသည်။

ကျွန်တော်သည် ရုတ်တရက်အိပ်ရာမှ ထလေရာ ကျွန်တော်၏အဖော်လည်း လန့်၍နိုးပြီဖြစ်ရကား ကျွန်တော်က အကျိုးအကြောင်းကို တီးတိုးပြောဆိုသောအခါ ၎င်းမှာ ခေါင်းရင်းတွင်ထားသော ဘလေဇာအင်္ကျီကိုလည်းကောင်း၊ အတွင်းအိတ်များကိုလည်းကောင်း စမ်းသပ်ပြီးနောက် အတော်ပင် တုန်လှုပ်လျက်ရှိလေ၏။ ထိုအချိန်၌ ယခင်က တက်လာသူ ယောကျ်ား၂ယောက်မှာ အခြားဘက်၌ ရှိနေ၍ မိန်းမမှာ ကျွန်တော်တို့နှင့် အနီးဆုံးရှိနေရာ ကြားထဲ၌ သေတ္တာတစ်လုံးသာ ခြားလျက်ရှိရကား ကျွန်တော်အိပ်ပျော်လျက်ရှိစဉ် ကျွန်တော့်မျက်နှာပေါ်မှ ကျော်၍ ခေါင်းရင်းမှ ကျွန်တော်၏ဘလေဇာအင်္ကျီ အိတ်ကို စမ်းသပ်ရှာဖွေဟန်ရှိ၏။ ၎င်းတို့မှာ ကျွန်တော့်၌ငွေပါသည်ကိုပင် ရိပ်မိသိရှိကြလေသလော။

နောက်တစ်နေ့နံနက်စောစောတွင် ဘူတာကြီးတစ်ခုသို့ဆိုက်ရောက်လာ၍ ကျွန်တော်တို့၂ယောက်လည်း ထိုဘူတာတွင်နာရီဝက်ခန့်မျှရပ်ထားနေဦးမည့်အကြောင်း သိနေသောအခါ ဘူတာအပြင်သို့ လက်ဖက်ရည်သောက်ရန် ထွက်ခဲ့ကြလေ၏။ ဘူတာအနီး၌ပင် ကုလားလက်ဖက်ရည်ဆိုင်တစ်ဆိုင် တွေ့ရသဖြင့် ကျွန်တော်တို့လည်း လက်ဖက်ရည်နှင့် မုန့်များကို မှာထားပြီးလျှင် မြိန်ရှက်စွာ စားသောက်လျက်ရှိကြကုန်၏။ ထိုအခါမှ ကျွန်တော်လည်း မိတ်ဆွေ၏မျက်နှာကို ကောင်းစွာမြင်ရလေရာ ၎င်းမှာ အဝတ်အစားဟောင်းနွမ်းသော်လည်း စူးရှသော မျက်လုံးနှင့် ပီသပြတ်သားသော မျက်နှာမှာ သာမန်လူတစ်ယောက်မဟုတ်ကြောင်း ထင်ရှားစေ၏။ ၎င်းသည် လက်ဖက်ရည်သောက်နေစဉ်ပင် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြသည့် လက္ခဏာဖြင့် ဂနာမငြိမ်နိုင်အောင်ရှိနေ၏။ ထိုအခါ ကျွန်တော်က ပင်စတင်၍ -

"မုန့်စားပါဦးလေဗျာ၊ နေပါဦး အခုထက်ထိ တစ်ယောက်နာမည် တစ်ယောက် မသိကြရသေးပါဘူး"

"ကျွန်တော့်နာမည် မောင်မောင်လို့ ခေါ်ပါတယ်"





ထိုအခါကျွန်တော်က "ဪ ဟုတ်လား၊ ကျွန်တော့်နာမည်က မောင်စိန်တဲ့။ ကုန်သည်လုပ်ပါတယ်။ ဒါကြောင့် လွယ်အိတ်ထဲမှာ ငွေတွေပါလာလို့ သာပြီး စိုးရိမ်တာပေါ့ ကိုမောင်မောင်ရဲ့"

"ကျွန်တော်က သာပြီးစိုးရိမ်ပါသေးတယ်ဗျာ"

"ခင်ဗျားမှာလဲ ငွေပါလို့လား"

"ကျွန်တော့်မှာပါတာက ငွေထက် အရေးကြီးသေးတယ်"

"ဘာလဲဗျ ပြောစမ်းပါဦး"

"ကျွန်တော်တော့ ခင်ဗျား မျက်နှာမြင်ကတည်းက ယုံကြည်ပါတယ်။ ဒီလိုဗျ။ ဇမာ့တပ်မတော်အကြောင်း နည်းနည်းကလေးမျှ မကြားမိဘူးလား။ သူတို့ချင်းလည်း အပြင်က ပေါင်းပေမဲ့ အတွင်းကတော့ တစ်ယောက်နဲ့ တစ်ယောက်စောင်နေကြထင်ပါရဲ့ဗျာ၊ ကျွန်တော်တို့လည်းတောမှာနေလို့ဒီထက် ပိုမသိဘူး"

"ဒါပေါ့ မိတ်ဆွေ၊ တစ်နေ့နေ့တော့ ဖြစ်ကြမှာပေါ့။ ဖြစ်ဖို့လည်း အချိန်သိပ်မဝေးတော့ပါဘူး။ ဒီတော့ မြို့ကစတဲ့ ကိစ္စဖြစ်လေတော့ တချို့မှသိသေးတဲ့ နေရာကတပ်မိုလ်တွေ၊ နယ်လွန်ပြီးနေတဲ့ လူတွေဆီကို အကြောင်းကြားတဲ့ စာတွေ၊ တိုက်ခိုက်ရမယ့်စနစ်ပုံစံပါတဲ့စာရွက်တွေကို ကျွန်တော်က သွားပို့ရမယ် ကိုမောင်စိန်ရဲ့။ ဒီတော့ ဂျပန်ကို လိုလားတဲ့ လူတစ်စုနဲ့ ကင်ပေက ကျုပ်နောက်ကို ထက်ကြပ်မကွာ လိုက်နေတယ်"

"ဒီစာရွက်တွေ ခင်ဗျားဆီမှာ ပါတယ်ဆိုပါတော့"

"ပါတယ်။ ပြီးတော့ ဟိုလူ၂ယောက်နဲ့ မိန်းမကလေးဟာလည်း သူတို့ လျှို့ဝှက်တဲ့ အသင်းထဲကနဲ့ တူတယ်။ ကောင်မလေးရဲ့အင်္ကျီလက်ကိုခင်ဗျား မြင်လိုက်ရတယ်ဆိုတာ ခင်ဗျားအင်္ကျီကိုနှိုက်တာ ဟုတ်မယ် မထင်ဘူး။ ခင်ဗျားမျက်နှာကိုကျော်ပြီး ကျွန်တော့်အင်္ကျီကို နှိုက်တာပဲ။ သူတို့ဘက်က ပေမဲ့ အတော်ညာဏ်များတယ် ကိုမောင်စိန်၊ မိန်းကလေးတွေတောင် ပါတယ်လို့ ကျွန်တော်တို့ သတင်းရတယ်။ ဒီတော့ ကျွန်တော့်ကို ခင်ဗျားတစ်ဆိတ်မကူညီနိုင်ဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ကူညီရမလဲဗျာ၊ ဘယ်လိုကူညီရမယ်ဆိုတာသာ ပြောပါလေ။ တပ်မတော်အတွက်ဆိုရင် ကျွန်တော် ကူညီဖို့အသင့်ရှိပါတယ်"

"နေဦးဗျ၊ ကျုပ်တို့သွားမယ့်မြို့ကို အခုည ၁၀နာရီ ၁၁နာရီလောက် ရောက်လိမ့်မယ်ထင်တယ်။ ဟိုကျမှ လူချင်းဆုံတာပေါ့။ ကျွန်တော့်အိတ်ထဲက အထုပ်ကလေး ခင်ဗျားဆီ ခဏယူထားစမ်းပါ။ ဒီအထုပ် ကျွန်တော့်လက်ထဲ မတွေ့ရင်ပြီးတာပဲ။ လူကိုမိချင်မိပါစေ အရေးမကြီးပါဘူး"

"ဒါဖြင့်ပေးလေ"

"ပြီးတော့ နောက်တစ်ခုက"

"ဆိုစမ်းပါဦးဗျ"

"ဘူတာကိုမရောက်ခင် ခင်ဗျားစုံစမ်းစေချင်တယ်၊ နေဦး ကျွန်တော် စဉ်းစားမိပြီ၊ ကျွန်တော်တို့ မရောက်ခင် အုတ်တွင်းဘူတာမြောက်ဘက်မှာ ချောင်းကူးတံတားရှိတယ် မဟုတ်လား။ ဒီတံတားကြီး အခုပြင်နေတယ်ဗျ၊ မီးရထား ဒီနေရာရောက်ရင် ဖြည်းဖြည်းခုတ်လိမ့်မယ်။ အဲသည်လိုရထား ဖြည်းဖြည်းချင်းခုတ်တဲ့အခါ ခင်ဗျားခုန်ဆင်းပေတော့။ ဘယ့်နှယ် ကိုယ့်လူ လုပ်ဝံ့ပါ့မလား"

"ခဲယဉ်းတဲ့ အလုပ်မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ဟန်ပြီဗျို့နောက်တစ်နေ့ကျမှ ဈေးနားကမြန်မာလက်ဖက်ရည် ဆိုင်မှာ တွေ့ကြတာပေါ့။ အထုပ်ကိုတော့ ခင်ဗျားအသက်နဲ့အတူစောင့်ရှောက် ပါဗျာ"

"စိတ်ချပါ ကိုမောင်မောင်"

၎င်းနောက် ကိုမောင်မောင်သည် စာရွက်များပါသော အထုပ်တစ်ခုကို ကျွန်တော့်အား ပေးအပ်လေရာ ကျွန်တော်လည်း ရုပ်အင်္ကျီအိတ်ထဲတွင် သိမ်းဆည်းထားလိုက်လေ၏။ ထိုနေ့၌ ကျွန်တော်တို့၏ နောက်စားပွဲမှ လူတစ်ယောက်ထသွားသည်ကို မြင်လိုက်ရလေရာ ၎င်းမှာ မသင်္ကာသော လူ ၂ယောက်အနက် တစ်ယောက်ဖြစ်လေသည်။

◈





နောက်တစ်နေ့တစ်နေ့လုံးလေယာဉ်ပျံလာ၍ရထားပေါ်မှဒုက္ခိမ်ဆင်း ပြေးရသည်မှတစ်ပါးအကြောင်းတစ်စုံတစ်ရာ ထူးခြားခြင်းမရှိချေ။ မသင်္ကာဖွယ် ကောင်းသော ယောကျာ်း ၂ယောက်နှင့် မိန်းမတစ်ယောက်တို့သည် တစ်နေ့လုံး အိပ်စက်လျက် ရှိကြကုန်၏။

ကျွန်တော်တို့လည်း ညနေစောင်းတွင် ဘူတာတစ်ခုသို့ ရထား ရောက်သည်နှင့် တစ်ပြိုင်နက် အခြားတွဲတစ်တွဲသို့ ပြောင်း၍စီးကြလေ၏။ နောက်တစ်ဘူတာသို့ ရထားဆိုက်သောအခါ ထိုလူ ၂ယောက်အနက် တစ်ယောက်သည် ကျွန်တော်တို့တွဲဆီသို့ လမ်းလျှောက်ရင်း ကျွန်တော်တို့အား အသေအချာကြည့်ရှု၍ သွားကြပြန်၏။ ထိုအခါ ၎င်းလူ ၂ယောက်နှင့် မိန်းမတို့မှာ ကိုမောင်မောင်နောက်သို့ ထက်ကြပ်မကွာ လိုက်လျက်ရှိကြောင်း ထင်ရှားသည် ထက် ထင်ရှားလာ၏။

နေဝင်ပြီးနောက် လမင်းသည် ထွက်ပေါ်၍ လာခဲ့၏။ ကျွန်တော်တို့ လည်း မည်သို့မည်ပုံ ကျွန်တော်က ခုန်ဆင်း၍ နောက်တစ်နေ့ နံနက်ကျသော အခါမှ အုတ်တွင်းမြို့ဈေးအနီး လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံကြမည့် အကြောင်းများကို အပြီးသတ်တိုင်ပင်ကြပြီးလျှင် ရထားသည် ထိုချောင်းကူး တံတားအနီးသို့ အရောက်ကိုသာ စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိကြ လေ၏။

နောက်ဆုံး၌ တံတားကြီးကိုမြင်ရ၍ ကျွန်တော်လည်းအားလုံးအသင့် ပြင်ဆင်ပြီးသော် ရထားသည် တဖြည်းဖြည်းအရှိန်သတ်၍ လာသည်နှင့် တစ်ပြိုင် နက်ကိုမောင်မောင်အားနှုတ်ဆက်ပြီးလျှင် တွဲနံဘေးတွင် တစ်ခဏနမျှတွဲလွဲခိုပြီး နောက် အနေးဆုံးခုတ်မောင်းလျက် ရှိသည်ဟု ထင်ရသည်နှင့် မြေပေါ်သို့ ခုန်ချ လိုက်၏။

သို့သော် ရထားပေါ်မှ ခုန်သူမှာ ကျွန်တော်တစ်ယောက်တည်း မဟုတ် ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ရှေ့ ၃တွဲကျော်လောက်မှ လူတစ် ယောက်လည်း ကျွန်တော်ကဲ့သို့ပင် ခုန်ချလိုက်သည်ကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာအနီး၌ကား ဇလီဖားတုံးများ၊ ထင်းများကို ပုံ၍ထားသဖြင့် ကျွန်တော်လည်း ထင်းပုံတစ်ပုံကို ကပ်၍နေလိုက်ပြီးလျှင် မီးရထားသည် ပေါင်းကူးတံတားကိုဖြတ်သွားသည်နှင့်တစ်ပြိုင်နက်နောက်ဘူတာသို့ပြန်၍ပြေးလေ၏။ ထိုသူလည်း ကျွန်တော့်နောက်သို့ ပြေး၍လိုက်လာ၏။

ခရီး၂ဖာလုံခန့်မျှပြေးမိသော် ကျွန်တော်လည်းတံခါးစောင့်တဲကလေး တစ်ခုကိုလွန်၍ဘူတာဆီသို့ပြေးသွားရာ ထိုသူလည်း ကျွန်တော့်အားမျက်ခြည်ပြတ်၍ သွားသကဲ့သို့ ပျောက်ကွယ်၍ သွားလေ၏။ ကျွန်တော်သည် ဗုံးကျ၍ ပျက်စီးနေသော ကုန်ဂိုဒေါင်ကြီးတစ်ခုဆီသို့ဖြတ်၍ပြေးခဲ့ပြီးလျှင် ဗုံးကျင်းတစ်ခု အတွင်း၌ နာရီဝက်ခန့်မျှ ပုန်းအောင်းနေ၏။

ၡင်းနောက် အပြင်တွင် လူရိပ်လူစမတွေ့ရသည်နှင့် ကျွန်တော်လည်း နောက်ဖေးဘက်မှလှည့်၍ ကုက္ကိုပင်ကြီးများအရိပ်ကို ခိုပြီးလျှင် ရွာလမ်းဆီသို့ ကူးခဲ့ရာ သစ်ပင်တစ်ပင်နောက်မှသန်စွမ်းသောလက်ကြီး၂ဖက်သည်ရုတ်တရက် ထွက်လာ၍ကျွန်တော့်လည်မျိုကို ကုပ်လေ၏၊ ထိုခဏ၌ အခြားသူတစ်ယောက်လည်းအခြားသစ်ပင်တစ်ပင်နောက်မှထွက်လာ၍ကျွန်တော့်အားခြောက်လုံးပြူးနှင့် ချိန်လေ၏။

"ဟေ့ သတိထားကိုင်၊ ဒီကောင် မလွတ်စေနဲ့"

"မလွတ်စေရပါဘူး ဆရာ"

"ဟေ့ကောင်၊ ဘယ်မှာလဲ မင်းအိတ်ထဲက အထုပ်"

ဆရာလုပ်သူသည် တွဲပေါ်၌ကျွန်တော်တို့ မသင်္ကာခဲ့သော လူ၂ယောက်အနက် တစ်ယောက်ဖြစ်လေသည်။

ဤသို့ ပြောပြောဆိုဆိုနှင့်ပင် တပည့်လုပ်သူသည် ကျွန်တော့်လွယ်အိတ်ထဲမှ ငွေများကိုလည်းကောင်း၊ အင်္ကျီအိတ်ထဲမှ ငွေများကိုလည်းကောင်း တစ်စုံတစ်ရာကို မထိမကိုင်ဘဲ ကိုမောင်မောင်အပ်ထားသော စက္ကူထုပ်ကိုသာ အတွင်းအိတ်ထဲမှ အတင်းယူပြီးလျှင် ၎င်း၏ဆရာလက်သို့ ပေးလိုက်လေ၏။ ဆရာဖြစ်သူသည်အိတ်ထဲမှဖယောင်းတိုင်တိုကလေးတစ်ခုကို လျင်မြန်စွာထုတ်ယူ၍ စက္ကူထုပ်ကိုဖွင့်ပြီးလျှင် မီးခြစ်၍ကြည့်ပြီးနောက် –





"ဟေ့ကောင်"

"ဘာလဲ ဆရာ"

"ဒီအကောင် လွှတ်လိုက်တော့ဟေ့။ အထုပ်ထဲမှာ ဘာမျှမပါဘူး၊ သတင်းစာစက္ကူချည်းပဲ"

"ဒါဖြင့် ဟိုအကောင် ကျွန်တော်တို့ကို တစ်ပတ်ရိုက်သွားတာပေါ့"

"တစ်ပတ်မကပါဘူးကွာ ၂ပတ် ရိုက်သွားတာပါ"

ထိုသူ၂ယောက်လည်းသစ်ပင်ရိပ်များအောက်တွင်လျင်မြန်စွာပျောက်သွားလေရာ ပြောက်ကျားတပ်မှ အရေးကြီးသောစာရွက်များကို ယူလာဟန်ရှိသော ကိုမောင်မောင်ဆိုသူသည်ကင်ပေစုံထောက်များကိုသာမက ကျွန်တော့်ကိုပါတစ်ပတ်ရိုက်၍သွားသောကြောင့်ဗိုလ်လုပ်သူပြောသည့်အတိုင်း ၂ပတ်ရိုက်၍သွားသည်ဆိုခြင်းမှာ ကျွန်တော့်အတွက် ပို၍မှန်ကန်လေသည်။

လက်ရုံးဂျာနယ်၊ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်၊

www.burmeseclassic.com

www.burmeseclassic.com

# မယ်ပိုတစ်ဆုပ်

"အမေ ဆန်ကုန်နေပြီ"

"ဟေ ဟုတ်လား၊ မနက်က ညည်းဘာဖြစ်လို့ မပြောသလဲ"

"မေ့နေလို့ပါ အမေ၊ ကျွန်မ ပြောမလို့ပဲ"

"အဲဒီလိုကြပ်ကြပ်မေ့၊ ဝေ်မယ်။ တစ်နေ့လုံးအချိန်တွေရှိလျက်သားနဲ့ တော်အခုမှပြောရသတဲ့။ အခု ဘယ်နှစ်နာရီရှိနေပြီလဲ၊ ငါးနာရီထိုးနေပြီ။ ဆိုင်က လေးနာရီခွဲလောက်ပိတ်တာ၊ ကဲ ဘယ့်နှယ်လုပ်မလဲတော်တော်ကြာညည်းအဖေ အလုပ်က ပြန်လာတော့မယ်"

"ကျွန်မအပြစ်ပါပဲ အမေရယ်၊ ဟိုဘက်အိမ်က ဒေါ်ဒေါ်ပု (စကားမဆုံးမိခင်ဖြစ်သူက) "ဟိုဘက်အိမ် ကျုပ်ကဘာဖြစ်လို့ ခဏယယ်ချေးရမှာဘဲ မညိုရဲ့ ဒီမိန်းမအကြောင်းညည်းမသိဘူးလား၊ ဆန်တွေကို မရရအောင် ပိုထုတ်၊ ပြတ်တဲ့အခါ ရွာထဲမှာ ၂ကျပ်နဲ့ သူကရောင်း၊ နို့ဆီဆို နို့ဆီမို့၊ အထည်ဆိုအထည်မို့၊ ကိုယ့်အချင်းချင်းဈေးတင်ရောင်း၊ ဒီဟာနဲ့ စီးပွားရှာနေတဲ့မိန်းမ၊ ဒီအိမ်ကို ငါက အောက်ကျခံပြီး ဘာဖြစ်လို့ ချေးရမှာလဲ။ လျှာပြတ်ကျပါစေ မချေးဟူးဟေ့ မချေးဘူး"





မယ်ညိုသည် မီးဖိုခန်းအတွင်းရှိ ဆန်အိုးနံဘေးတွင်ထိုင်ကာ တရှုပ်ရှုပ်ငိုကြွေးလျက်ရှိလေ၏။ မိမိ၏ပေါ့လျော့မှုကို နောင်တရ၍နေမိ၏။ ဆန်အိုးအတွင်း၌ကား ဆန်တစ်စေ့မျှမရှိတော့ချေ။

"ပေါက်ရဲကြား" ရွာကလေးမှာ ပုတီးကုန်းမြို့နှင့် ၃ဖာလုံမျှသာဝေး၍ အကယ်၍ ပုတီးကုန်းသာ မြို့ကြီးတစ်မြို့ဖြစ်ပါက ဆင်ခြေဖုံး ရပ်ကွက်ကလေးတစ်ခုမျှသာဖြစ်ပေမည်။ ရွာသားများမှာ အများအားဖြင့် လယ်ယာလုပ်ကိုင်စားသောက်သူများဖြစ်၍ အချို့လည်း ပုတီးကုန်းဈေးထဲတွင် ဆိုင်များတည်ခင်းရောင်းချသူများဖြစ်၏။ အချို့လည်း မြို့သို့သွားရောက်ကာ ပန်းထိမ်အလုပ်၊ လက်သမားအလုပ်များကို လုပ်ကိုင်ကြ၏။ မယ်ညို၏ဖခင်မှာ လက်သမားဆရာကြီးတစ်ယောက်ဖြစ်လေသည်။

လက်သမားဆရာကြီး ဦးဖိုးဆောင်မှာ ပုတီးကုန်းမြို့ပေါ်တွင် နာမည်ရသူတစ်ယောက်ဖြစ်၏။ အလုပ်လုပ်ကိုင်ရာ၌ စေ့စပ်သေချာပြီးလျှင် တပည့်လက်သားများအပေါ်၌ ညှာတာထောက်ထားတတ်သူတစ်ယောက်ဖြစ်၏။ ပုတ်ပြတ်အလုပ်များတွင် တစ်ခါတစ်ရံနှစ်ရက်သုံးရက် အလုပ်လုပ်ရုံမျှနှင့် မိမိအတွက် ၅၀၊ ၆၀ စီရတတ်၏။ ဤအခါမျိုး၌ ဦးဖိုးဆောင်သည် ရသောငွေများကို မိမိချည်းတစ်ယောက်တည်းမယူဘဲ ငယ်သားများအားဆုလာဘ်အဖြစ်ထိုက်တန်သလောက် ဝေငှပေးတတ်သေး၏။ ထို့ကြောင့်လည်း ငယ်သားများသည် ဦးဖိုးဆောင်အပေါ်တွင်ချစ်ကြောက်ရိုသေကြလေသည်။ သာရေးနာရေးရပ်မှုရွာမှုကိစ္စများတွင် ရွာထဲ၌ ဦးဖိုးဆောင်မပါလျှင် မပြီးသလောက်ဖြစ်၍ လူအများ၏လေးစားကြည်ညိုခြင်းကို ခံရသူဖြစ်လေသည်။

ဦးဖိုးဆောင်နှင့် ဇနီးဒေါ်အုန်းညွန့်တို့တွင် သမီး၂ယောက်ထွန်းရာ မယ်ညိုမှာ အသက် ၁၄နှစ်မျှ ရှိပြီဖြစ်၍ အိမ်၏ဝေယျာဝစ္စများကို ဆောင်ရွက်လုပ်ကိုင်ထိန်းသိမ်းရသူဖြစ်၏။ သမီးအငယ်မယ်ပိုမှာ ၁၂နှစ်မျှသာရှိသေး၍ ၅တန်းကျောင်းသူတစ်ယောက်ဖြစ်လေသည်။

သမီးအငယ်ဖြစ်သူ မယ်ပိုမှာ မယ်ညိုနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သူဖြစ်လေသည်။ အသက် ၁၂နှစ်မျှသာရှိသေးသော်လည်း သတင်းစာကို နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်သူဖြစ်သဖြင့် တိုင်းပြည်၏အဖြစ်အပျက်များသာမက ကမ္ဘာ့သတင်းများကိုပါ အတော်အတန်သိသူဖြစ်၏။ သတင်းစာဖတ်ရန် အလွန်ဝါသနာပါသည့်အတိုင်း ဆရာဘုန်းတော်ကြီးထံမှ သတင်းစာများကို ညဥ့်မိုးချုပ်ချိန်တွင် အရင်စတင်ဖတ်လေ့ရှိ၏။ မြန်မာပြည်မည်သည့်အရပ်ဒေတွင် မည်ကဲ့သို့ဖြစ်ပျက်နေသည်၊ မည်သည့်ကုန်ပစ္စည်းများပေါ်၍ မည်သည့်ကုန်ပစ္စည်းများရှားပါးသည် စသည်တို့ကိုဖြန်းဖြန်းကွဲပြောဆိုနိုင်သူဖြစ်၏။ နိုင်ငံရေးနှင့်ပတ်သက်၍ "ရှေ့သို့" ဂျာနယ်နှင့် "လမ်းစဉ်" သတင်းများကိုပင် ငှားရမ်းဖတ်ရှုလေ့ရှိသဖြင့် အစိုးရ၏ဝါဒတရားနှင့် ပါတီရေးရာများကိုပင် အတော်အသင့် နားလည်လေသည်။ သို့ဖြစ်၍လည်း မယ်ပိုအား အရွယ်နှင့်မလိုက်အောင် ဗဟုသုတနှင့်ပြည့်စုံသည်ဟု ရပ်ရွာထဲမှ အသိအမှတ်ပြုခြင်းကို ခံရလေသည်။ သို့သော် မယ်ပို၏အကျင့်တစ်ခုမှာ ကျောင်းစာများနှင့် သတင်းစာကိုဖတ်ရန် ဝါသနာပါသည်မှတစ်ပါး အခြားအိမ်မှုကိစ္စများကို လုံးဝပြန်၍မကြည့်တတ်ခြင်း ဖြစ်လေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ မိခင်ဖြစ်သူက အမြဲလိုလို မြည်တွန်တောက်တီးလျက်ရှိလေရာ ဦးဖိုးဆောင်ကမူ သမီးငယ်ဘက်မှနေ၍ "သူစာနဲ့သူနေပါစေကွယ် သူ့ကိုပြောမနေပါနဲ့၊ သူက ပညာဗဟုသုတဘက်လိုက်စားတဲ့ သမီးပါ၊ ကြီးရင် ဒီလိုသမီးမျိုးမှ တို့အားကိုးရမှာကွယ့်" ဟု သမီးအငယ်ဘက်မှ ကာဆီး၍အတိုက်အခံပြောတတ်လေသည်။

မယ်ညိုမှာ ၇တန်း စာမေးပွဲတွင် ၂နှစ်မျှ ဆက်၍ကျရှုံးခဲ့သဖြင့် တစ်ကြောင်း၊ စာပေဘက်တွင် ဝါသနာမထုံဘဲ အလွန်ညံ့ဖျင်းသဖြင့်တစ်ကြောင်း အိမ်၌မိခင်ကြီးနှင့်အတူ အဖော်အလျော်ရစေရန် ကျောင်းမှနုတ်လိုက်၏။ မယ်ညိုမှာစာပေတွင်ဝါသနာမပါဘဲ စာနယ်ဇင်းဖတ်ခြင်းအလုပ်တို့မှာ သက်သက်အချိန်ကုန်သောအလုပ်များဟူ၍ မသိနားမလည်သူများ၏ပြောဆိုသံများကို နားစွန်နားဖျားကြားကာ နားလည်ထားသူဖြစ်၏။ သို့ဖြစ်၍ မယ်ညိုသည် လောကကြီး၏ အကြောင်းကိုလည်းကောင်းကောင်းမသိဘဲ ရပ်ရွာထဲကိစ္စများကိုပင်သူနှင့်မဆိုင်သကဲ့သို့ ထင်မှတ်လေသည်။ ကျောင်းတွင်ရှိစဉ်ကလည်း မယ်ညိုသည် ကျောင်းစာမှလွဲ၍ အခြားမည်သည့်စာပေကိုမျှ လေ့လာခြင်းမရှိခဲ့သည့်ပြင်





ယခုကျောင်းမှထွက်၍ အိမ်မှုကိစ္စများကို ဆောင်ရွက်နေရပြန်သောအခါ ယခင်ကထက်ပင် စာပေနှင့် တစ်နေ့တခြားဝေးခဲ့ရလေပြီ။

ထိုအချိန်၌ဦးဖိုးဆောင်သည်ပုတီးကုန်းမြို့ထဲမှအလုပ်လုပ်ပြီး၍အိမ်ပြန်ရောက်လာရာ ဆန်အိုးအနီးတွင် တရှုပ်ရှုပ်ငိုကြွေးနေသော မယ်ညိုအားလည်းကောင်း၊ ပါးစပ်မှ တဖျစ်တောက်တောက် မြည်တွန်တောက်တီးလျက်ရှိသော ဇနီးသည် ဒေါ်အုန်းညွန့်ကိုလည်းကောင်းတွေ့ရသဖြင့် အဝတ်အစားများကိုမျှ မလဲနိုင်သေးဘဲ –

"ဟေ့ မအုန်းညွန့် ဘာဖြစ်ပြန်ပြီလဲကွာ၊ ပြောစမ်းပါဦး ကောင်မလေးကလဲ တရှုပ်ရှုပ်နဲ့ ငိုလို့ပါကလား"

"တော့်သမီးလေ၊ ဆန်မရှိတာကို အချိန်ရှိတုန်းက မပြောဘူးတော်ရေ၊ အခုတော့ ၄နာရီခွဲနေပြီ အိုးထဲမှာ ဆန်တစ်စေ့မျှ မရှိဘူး"

"မရှိရင်လည်းဒီလိုကြံဖန်ပြီး ချေးရငှားရတာပေါ့ကွယ်၊ ရွာထဲက မရရင်လည်းပုတီးကုန်းသွားပြီးဦးဖိုးသစ်တို့ဆီပြောရင်တစ်ပြည်တစ်ခွက်တော့ရနိုင်စရာရှိပါတယ်"

ဦးဖိုးဆောင်မှာလူအေးကြီးတစ်ယောက်ဖြစ်သည့်အတိုင်းမယ်ညိုအား မိခင်ဖြစ်သူက ဆက်လက်မြည်တွန်တောက်တီးမည်စိုးသဖြင့် စကားလက်စသိမ်းအောင် ပြောလိုက်လေသည်။

"ဒါလောက်ထိအောင်များ သတိမေ့ရသတဲ့တော် အဲ့ပါရဲ့ မနက်ကသာပြောရင် ဒီလိုဖြစ်မလား။ ဒီကနေ့ ဆန်ထုတ်ရမယ့်နေ့တော့၊ နေ့လယ်ကသွားရင် ရတာပေါ့။ အခု အချိန်မရှိမှပြောလို့ ဘာတတ်နိုင်ဦးမှာလဲ"

ဆောင် – "ဖြည်းဖြည်းသက်သာ ပြောပါကွယ်၊ ငါသွားယူလိုက်ပါ့မယ်၊ နေပါဦး ဆန်က ဒီကနေ့ ဘာ့ဖြစ်လို့ ကုန်ရတာလဲ၊ ဒီကနေ့ အင်္ဂါနေ့ပဲ ရှိသေးတယ်၊ ခါတိုင်းဆိုရင် ဗုဒ္ဓဟူးနေ့မှ ကုန်တယ်၊ သေသေချာချာ ပြက္ခဒိန်ပေါ်မှာ ငါမှတ်ထားတာပဲ"

"တော်ကလည်း မေ့လိုက်တာတော်၊ သာရွှန်းတို့လင်မယား တစ်ညတည်းသွားလို့ ကျွေးလိုက်ရတယ် မဟုတ်လားတော့၊ လင်မယားနှစ်ယောက်နဲ့ဆိဘူး ၂လုံးလောက် စားသွားတာ၊ ကျုပ်ကလည်း ဒီဟာ အခုမှ သတိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ဟေ့၊ ငါလုံးလုံး မေ့နေတယ်ကွယ်၊ ဒါကြောင့်ကိုး"

"ဟုတ်တာပေါ့တော့၊ ဆန်ရှားရတဲ့အထဲ ဒီလင်မယားက ထမင်းဆိုင် သွားဝယ်မစားဘဲ အားမနာလျှာမကျိုး တစ်နပ်စားသွားသေးတယ်"

"ပြောမနေပါနဲ့ကွယ်၊ တို့ဗမာလူမျိုးတွေဟာ ဒီလိုနေရာမျိုးမှာ ဘယ်အခါ မဆို ရက်ရောပါတယ်။ အိမ်ကိုရောက်လာတဲ့ ဧည့်သည်ကို ထမင်းကျွေးတာဟာ တို့ဗမာယဉ်ကျေးမှုပဲ မဟုတ်လားကွယ့်၊ ဒါကြောင့် တို့ဗမာမှာ "အိမ်သာဧည့်လာ" ဆိုတဲ့ စကားပုံရှိတာပေါ့၊ ကဲ ငါ ကိုဖိုးသစ်တို့ဆီ သွားဦးမယ်"

"မထင်ပါနဲ့တော်၊ ရှင့်ဦးဖိုးသစ်က မနေ့ရှင်စိတ်ဓါင်နေတော့ မိန်းကလည်း မာနကြီးတစ်ခွဲ သားနဲ့၊ အလကားအောက်ကျနောက်ကျခံပြီး သွားမပြော နဲ့၊ ဒွေးလေးချယ်တို့အိမ် သွားတာက ရချင်ရဦးမယ်"

"ပိုက်ဆံရှိတဲ့လူမို့ ပြောရတာဟေ့၊ သူတို့က ဆန်ကို အိတ်လိုက်ဝယ်စား တာကွ"

"အိတ်လိုက်ပဲ ဝယ်စားစား၊ ဂိုဒေါင်တစ်ခုလုံးပဲ ဝယ်ထားထား၊ တော့် ကိုနို့ဆီဘူးတစ်လုံးတောင်ပေးမှာ မဟုတ်ဘူး။ ပိုက်ဆံရှိပေမဲ့ စေတနာက ရှိသေး တယ်။ ကျုပ်တို့ကတော့ သူစိမ်းဖြစ်ဖြစ် ဆွေမျိုးဖြစ်ဖြစ် မရှိရင် ပေးချင်ကမ်းချင် တယ်၊ မျှမျှတတလုပ်ချင်တဲ့ စိတ်ရှိတယ်။ သူတို့ကတော့ ရှင့်ကို အဖက်လုပ်ပြီး စကားပြောမှာတောင် မဟုတ်ဘူး၊ သူတို့အကြောင်း တော်အသိသားနဲ့"

"အင်းမင်းပြောတာလဲ ဟုတ်တာဘဲ၊ ကိုဖိုးသစ်က ပေးချင်ဦး သူ့မယား မိစိန်မျက်နှာကို ကြည့်ရဦးမယ်၊ အေးလေ ဒွေးလေးချယ်တို့ဆီပဲ သွားပါတော့ မယ်"

"ဒွေးလေးချယ်တို့က ပိုက်ဆံမရှိပေမဲ့ စိတ်ကောင်းရှိတယ်တော့၊ အရင်တစ်ခါ ငွေအစိတ်သွားလှည့်တုန်းက အတိုးတစ်ပြားမျှ မယူလိုက်ဘူး။ အတိုး စားရမယ့်လူ မဟုတ်ဘူးဆိုပြီး ပြောလိုက်တယ်"

"အေးကွယ်၊ ဒါဖြင့်လည်း ဒွေးလေးချယ်တို့ဆီပဲသွားပြီး နို့ဆီ ၂လုံးစာ လောက်တော့ ချေးဦးမှပဲ၊ ကဲ ငါသွားမယ်ဟေ့"





"တော်မသွားနဲ့၊ ဒီကောင်မပဲ လွှတ်ရမယ်။ ဒီလောက်သတိမေ့တဲ့ ကောင်မ သူ့အပြစ်နဲ့သူ သွားယူပါစေ"

ဦးဖိုးဆောင်သည် ဆန်ဝယ်နေကျဖြစ်သော ဂျုံအိတ်ကလေးတစ်လုံးကို ဆွဲယူကာ အိမ်ပေါ်ထပ်မှဆင်းတော့မည်ပြုရာမှ ဒေါ်အုန်းညွန့်စကားကြောင့် အိတ် ကလေးကို အသာချထားလိုက်ရ၏။

ထိုအချိန်၌ မယ်ပိုသည် ကျောင်းမှပြန်ရောက်လာရာ တရှုပ်ရှုပ်ငိုလျက် ရှိသော မယ်ညိုကိုလည်းကောင်း၊ ပါးစပ်မှ တဖျစ်တောက်တောက် မြည်တမ်းလျက် ရှိသော မိခင်ကြီးကိုလည်းကောင်း၊ အပြင်သို့ထွက်မည်ဟန်ပြင်နေသော ဖခင်ကြီး ကိုလည်းကောင်း တွေ့ရသဖြင့် မယ်ပိုက -

"ဘာဖြစ်လို့ အစ်မ ငိုနေတာလဲဟင်"

ညွန့် - "ညည်းကတော့ ဘယ်သိမလဲ အိမ်ဦးခန်းထိုင်ပြီး သတင်းစာ ဖတ်နေတဲ့ မိန်းမ၊ အိမ်မှုကိစ္စဆို နည်းနည်းကလေးမျှ ဂရုစိုက်တာ မဟုတ်ဘူး။ အိမ်မှာ အခု ဆန်တစ်စေ့မျှ မရှိဘူးတော်ရေ့"

"ဟာ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ရမလဲ ကုန်နေလို့ပေါ့၊ မနက်က မပြောဘူး။ နေ့လယ်နေ့ခင်း ကလည်း မပြောဘူး။ အခုတော့ ဆိုင်ပိတ်ပြီ ဘာချက်မလဲ"

လူအေးကြီး ဦးဖိုးဆောင်သည် ကွပ်ပျစ်ပေါ်တွင် လှဲလိုက်ကာ ဆေးပေါ့ လိပ်တိုကို ဖွာလျက်ရှိလေ၏။

မယ်ပိုသည် ကျောင်းလွယ်အိတ်ကလေးကို သူစာကျက်နေသော စားပွဲ ပေါ်တွင် ပစ်ချလိုက်ပြီးနောက် "အမေက ကျွန်မလည်း ဆူတာပဲ"

"ဆူမှာပေါ့၊ ညည်းလည်း အိမ်မှုကိစ္စကို ဘာမျှသိတတ်တာမျှ မဟုတ် ဘဲ"

"နေဦး နေဦး၊ ကျွန်မ လုပ်ပြမယ်"

"ဘာလုပ်ပြမှာလဲ"

"ဆန်မရှိတာကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်မရှိတာညည်းဘာတတ်နိုင်ဦးမှာလဲ၊ ဆိုင်လဲပိတ်ပြီ။ ဘယ်သူ့ဆီမှ ချေးငှားလို့ရမှာ မဟုတ်ဘူး"

"ကျွန်မ တတ်နိုင်ပါတယ် အမေရဲ့"

"အမယ် ညည်းက ဘာများတတ်နိုင်လို့လဲ"

"ကျွန်မ မျက်လှည့်ပြလိုက်ရင် ဆန်ဖြစ်နိုင်တယ် အမေ"

"ကောင်မလေးက နောက်တီးနောက်တောက်နဲ့ လူကြီးတွေစိတ်ညစ်ရတဲ့အထဲ"

"ဟုတ်တယ်အမေ၊ နောက်တီနောက်တောက်နဲ့ လူကြီးတွေစိတ်ညစ်ရတဲ့အထဲ"

"ဟုတ်တယ် အမေ၊ ကျွန်မ ဥုံဖွဆိုပြီး မန်းလိုက်ရင် ဆန်ဖြစ်တယ်"

ထိုအခါ ဦးဖိုးဆောင်က ကြားဖြတ်၍ –

"ကောင်မလေးကလည်း မဟုတ်တာတွေ လျှောက်ပြောနေပြန်ပါပြီ၊ တိတ်စမ်း"

"ကြည့်နေ ကျွန်မ လုပ်ပြမယ်"

ဟု ပါးစပ်မှရေရွတ်ကာ မယ်ပိုသည် သူတို့ညီအစ်မအိပ်သော အခန်းကလေးထဲသို့ ပြေးဝင်သွားပြီးနောက် တစ်ခဏမျှအကြာတွင် လက်ထဲ၌ အဝတ်နက်တစ်ခုဖြင့် ရစ်ပတ်ထားသော အထုပ်တစ်ထုပ်ကိုယူ၍ ထွက်လာလေသည်။

မယ်ပိုသည်အဝတ်နက်ပတ်ထားသောအထုပ်ကိုလင်ပန်းတစ်ချပ်ပေါ်တွင်တင်၍ ဒေါ်အုံးညွန့်ရှေ့၌ချကာ မျက်လှည့်ဆရာတစ်ယောက်ကဲ့သို့ လက်ကလေးများကိုဘယ်ညာဝှေ့ယမ်းကာ "ဥုံဖွဥုံဖွ" ဟုပါးစပ်မှရွတ်ဆိုပြီးနောက်အပေါ်မှ အဝတ်နက်ကို ဟန်ပါးပါးဖယ်ရှားလိုက်လေသည်။ အဝတ်နက်အောက်၌ကားပိတ်ဖြူအိတ်ကလေးတစ်လုံးပေါ်လာ၍မယ်ပိုသည် အိတ်ကလေးကိုလင်ပန်းပေါ်သို့သွန်ချလိုက်လေသည်။ နို့ဆီဘူး ၃ – ၄ လုံးစာခန့်မျှရှိမည်ထင်ရသောကြွဲဆန်များမှာ ကြေးလင်ပန်းပေါ်တွင် ပုံလျက်သားရှိနေ၏။

"ဟာ ဆန်တွေပါလား"





ဒေါ်အုန်းညွန့်သည် တအံ့တသြဟစ်အော်လိုက်၏။ မယ်ညိုသည် မျက်ရည်များကို အင်္ကျီလက်များဖြင့်ပွတ်ကာ ရယ်နိုင်ပြုံးနိုင်ဖြစ်လာ၏။ ဦးဖိုးဆောင်မှာ သမီးငယ်အား ချီးကျူးသည့်ဟန်ဖြင့် တပြုံးပြုံးရှိနေလေသည်။

ဆောင် – "သမီး သမီး၊ ဘယ်ကရလာတာလဲ သမီး၊ ဒီဆန်တွေ"

ပို – "အဲဒါ မျက်လှည့်ပေါ့အဖေ၊ ကျွန်မ တိတ်တိတ်စုထားလေ။ ထမင်းတစ်ခါချက်ရင်အစ်မမသိအောင်လက်တစ်ဆုပ်ယူပြီးစုလိုက်ရင်ဘာကြာသေးလဲ အရင်တစ်ပတ်ကမှစပြီးစုတာ အခု အတော်ရနေပြီ"

ဆောင် – "ဟုတ်လိုက်လေ သမီးရယ်၊ ဒါမှ ငါ့သမီးဟေ့"

ဦးဖိုးဆောင်သည် သမီးငယ်၏အပြုအမူကို ဝင့်ကြွားလိုသည့်ဟန်ဖြင့် ဇနီးသည် ဒေါ်အုံးညွန့်ဘက်သို့ တည့်တည့်ကြီးလှည့်၍ ကြည့်လိုက်၏။

ထို့နောက် ဆက်လက်၍ –

"ပြောပါဦး သမီးရယ်၊ ဘယ်လိုများ ဉာဏ်ရလာပြီး အခုမှလုပ်တာလဲ"

"သတင်းစာထဲမှာ နေ့တိုင်းပါနေတာပဲ အဖေရဲ့၊ ကျွန်မတို့ ဗမာပြည်က ထွက်တဲ့ဆန်တွေ နိုင်ငံခြားကို ဘယ်လောက်ရောင်းတယ်၊ ကျွန်မတို့နိုင်ငံမှာစားဖို့ ဘယ်လောက်ကျန်တယ်ဆိုတာ သတင်းစာတွေထဲမှာ သေသေချာချာတွက်ပြထားတယ်။ ဒီအတိုင်းဆိုရင် တိုင်းသူပြည်သားတွေစားဖို့ ကောင်းကောင်းကြီးလုံလောက်တယ်တဲ့၊ နို့ပေမဲ့ အရင်ကလို ဗုံးပေါလအောချက်၊ မကုန်နိုင် နောက်ဖေးလမ်းကြားသွန်ပစ်၊ ခွေးတွေအလျှုံပယ်ကျွေးပစ်၊ ဒီလိုလုပ်ဖို့ မကောင်းဘူးတဲ့။ ကျွန်မတို့အိမ်လို ၄ယောက်ရှိရင် ၄ယောက်စာချက်၊ ၃ယောက်ရှိရင် ၃ယောက်စာချက် တိတိကျကျလုပ်သွားရင် ကျွန်မတို့တိုင်းပြည်မှာ ဘာမှုဆန်အတွက် ပူစရာမလိုတဲ့အကြောင်း သေသေချာချာ တွက်ပြထားတယ်လေ။ ဒီနောက် စာရေးဆရာတစ်ယောက်က ဆန်ကို ချွေချွေတာတာသုံးကြဖို့အကြောင်း၊ တစ်နေ့ကို တစ်အိမ် လက်တစ်ဆုပ်ချွေတာရင် လူပေါင်း ၂၄ သန်းရှိတဲ့တိုင်းပြည်မှာ ဆန်တွေ ဘယ်လောက် ပိုထွက်လာမယ်ဆိုတာ ဆန်ကိုချွေချွေတာတာသုံးဖို့ ဆောင်းပါးတစ်ခု ကျွန်မ ဖတ်ရတယ်။ ဒါ့ကြောင့် ကျွန်မ ဉာဏ်ရပြီး ထမင်းချက်ခါနီးတိုင်း အစ်မမသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆန်အိုးထဲက လက်တစ်ဆုပ် စုထားတယ် အဖေ၊ ဟော အခုတော့ ရပြီ မဟုတ်လား"

"လိမ်မာလိုက်လေ သမီးရယ်"

ညွန့် – "ဒီလိုဆိုတော့ မိပိုက ဉာဏ်အားကောင်းသားပဲ"

ညို – "ညီမလေးက တော်တယ်ဟေ့၊ သိပ်ဉာဏ်ကောင်းတာပဲ"

ဆောင် – "ငါ့သမီးက တစ်နေ့တစ်ဆုပ်စုပေးလို့ မယ်တစ်ဆုပ်လို့ ခေါ်ရမယ်ဟေ့"

ပို – "အို အဖေကလည်း ရှက်စရာကြီး"

ညို – "ဟင့်အင်း နားမလည်ဘူး ခေါ်မှာပဲ"

ညွန့် – "ကိုင်းလေ၊ သားအဖတွေ စကားရှည်မနေစမ်းပါနဲ့၊ ထမင်းအိုးတည်မှာသာ တည်စမ်းပါ။ မိုးချုပ်လှပြီ"

ထိုအကြောင်းမှာ မကြာမီ ရွာထဲတွင် ပျံ့နှံ့သွားရာ ရွာသူရွာသားများက ဦးဖိုးဆောင်သမီးအငယ် မယ်ပိုအား "မယ်ပိုတစ်ဆုပ်" ဟု ချစ်စနိုးကင်ပွန်းတပ်၍ ခေါ်ကြလေတော့၏။

ရှုသို့စာစောင်၊ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ၊

## ဒီကိုးရာမဲ့လို့လား

ထိုအချိန်မှာ ဂျပန်ခေတ်ဖြစ်၍ မြို့ကြီးရွာကြီး၌သာမဟုတ်၊ မီးရထားလမ်းရှိရွာငယ်ကလေးများ၌ပင် လေယာဉ်ပျံ၏ဘေးရန်ကို ကြောက်ရွံ့နေရသော အချိန်ဖြစ်လေသည်။

ပုတီးကုန်းမြို့ကလေးမှာ ပေါင်းတည်ခရိုင်စတြိတ်တွင်ရှိ၍ သာ မန်ယာယီဂါတ်ကလေးမျှသာရှိသော ရွာကလေးတစ်ရွာဖြစ်ရာ နေထိုင်သော ရွာသူရွာသားများမှာလည်း နေ့စဉ်လိုပင် မီးရထားသံလမ်းတစ်ဝိုက်ကို လာရောက်ပစ်ခတ်သော မဟာမိတ်လေယာဉ်ပျံ ၂စင်းကို အမြဲမျှော်လျက်ရှိကြရလေသည်။

ဘူတာရုံလမ်းရှိတိုက်ခံအိမ်တစ်အိမ်၌ မြေပိုင်ရှင်ဦးထွန်းလူနှင့် ဒေါ်မြိုင်တို့၌ အသက် ၂၀ရွယ်ရှိ သမီးပျိုတစ်ယောက်ရှိရာ အမည်မှာ မခင်သန်းကြည်ဖြစ်လေသည်။ ခင်သန်းကြည်မှာ ပုတီးကုန်းမြို့ကလေး၌ အချောအလှတွင် ထိပ်သီးဖြစ်လျက် ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသူ၏သမီးဖြစ်သဖြင့် တစ်ကြောင်း၊ အာရုလှငယ်များအသင်း မိန်းကလေးများ ကိုယ်လက်ကြံ့ခိုင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အသင်းမှစ၍ မိန်းမအသင်းများတွင် ခေါင်းဆောင်ဖြစ်သဖြင့် တစ်ကြောင်းနာမည်ကျော်ကြားသူ တစ်ယောက်ဖြစ်လေသည်။

ရပ်ရွာပေါ်ရှိ ကာလသားများမှာ ခင်သန်းကြည်အား အောင်သွယ်ဖြင့်လည်းကောင်း၊ တိုက်ရိုက်အားဖြင့် ၎င်းဆက်သွယ်ရန် ကြံစည်ကြသော်လည်း ခင်သန်းကြည်၏ ဂုဏ်သတင်းနှင့်တကွ တည်ကြည်သောမျက်နှာ ဣန္ဒြေတို့ကို တွေ့ရသောအခါထင်သလောက်မလွယ်ကူဘဲနောက်ဆုံးတွင်အကြံကိုလျှော့ကြရလေသည်။ သို့သော် ခင်သန်းကြည်က အတော်အတန် မျက်နှာပေးခြင်း ခံရသူ တစ်ယောက်မှာ လမ်းပိုလ်ကလေး မောင်မြင့်မောင် ဆိုသူ ဖြစ်လေသည်။

မောင်မြင့်မောင်သည်ရွာပေါ်တွင်ရပ်မှုရွာမှုအတွက်ဦးစီးခေါင်းဆောင်အဖြစ် ဆောင်ရွက်တတ်သူတစ်ယောက်ဖြစ်ရာ ဂျပန်များက ချွေးတပ်အတွက် ရွာထဲမှလူ၁၅ယောက် တောင်းသောအခါမပေးလျှင်မဖြစ်နိုင်သောအခြေအနေ အထိရွာသူကြီးနှင့်မြို့ပိုင်တို့ကအကျပ်ကိုင်လျက်ရှိရကားမောင်မြင့်မောင်သည်မိမိ၏တပည့်လက်သားထဲမှ ကျန်းမာသန်စွမ်းသော လူ၁၅ယောက်ကို စုဆောင်းပြီးလျှင်မိမိကိုယ်တိုင်လည်းစခန်းမှူးအလုပ်ကိုလက်ခံလိုက်ကာမိမိတပည့်များအား အခြားသူများကဲ့သို့ လမ်းမှထွက်၍ မပြေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်စွာနေရန်အထပ်ထပ်မှာကြား၍အမြန်ဆုံးပို့လိုက်ပြီးနောက်တစ်ပတ်ခန့်မျှကြာသော အခါ မိမိကိုယ်တိုင် သံဖြူဇရပ်သို့ လိုက်ပါသွားခဲ့လေသည်။

မောင်မြင့်မောင် သံဖြူဇရပ် ချွေးတပ်စခန်းရောက်ခဲ့သည်မှာ ၈လခန့်မျှကြာခဲ့လေပြီ။ ရာသီဥတု ပြင်းထန်သည့် အပြင်အစားအသောက်အနေအထိုင်ယုတ်ညံ့ဆိုးရွားကာ ကျန်းမာရေးနှင့် များစွာဆန့်ကျင်သောကြောင့် မိမိ၏တပည့် ၁၅ယောက်အနက်၃ယောက်သေခဲ့လေပြီ။အိမ်သို့မရောက်သည်မှာ ၈လကျော်မျှကြာမြင့်ပြီဖြစ်၍ မောင်မြင့်မောင်သည် မိမိ၏အထက်အရာရှိထံ ရက်သတ္တ ၂ပတ်ခန့်မျှ အခွင့်ယူရာ နောက်ဆုံး၌ အခွင့် ၅ရက်မျှ အနိုင်နိုင် ရရှိခဲ့လေသည်။

မောင်မြင့်မောင်သည် ရွာတွင် (၃)ရက်မျှ အချိန်ကိုကုန်လွန်စေပြီးနောက်နောက်ဆုံးနေ့၌ခင်သန်းကြည်ထံသို့သွား၍မိမိ၏အချစ်ကိုဖွင့်ဟပြောဆိုပါတော့မည်ဟုသန္နိဋ္ဌာန်ချထားသောနေ့ဖြစ်သည့်အလျောက်ညစာစားသောက်ပြီး





အချိန်တွင် အဝတ်အစားကို ကောင်းမွန်စွာ ဝတ်ပြီးသော် ခင်သန်းကြည်တို့အိမ်သို့ သွားလေ၏။

ခင်သန်းကြည်သည်အိမ်ရှေ့ခန်း၌ မောင်မြင့်မောင်အား ဧည့်ခံစကားပြောဆိုလျက်ယမန်နေ့ကပြောခဲ့သောစကားများကိုဆက်ပြီးလျှင်သံဖြူဇရပ်တွင် တွေ့ကြုံဖြစ်ပျက်ခဲ့သော ဗဟုသုတများကိုမေးမြန်းရင်းအချိန်ကိုကုန်လွန်စေ၏။ ဦးထွန်းလူနှင့် ဒေါ်ဖြူတို့မှာ မောင်မြင့်မောင်အား ကျေနပ်ပြီးဖြစ်သည့်အတိုင်း အိမ်ပေါ်ထပ်တွင် ငြိမ်သက်စွာ ရှိနေကြလေသည်။

"နေပါဦး ကိုမြင့်မောင်ရဲ့ တစ်နေ့က ကိုမြင့်မောင်ပြောတဲ့စကားထဲမှာ ရှင်တို့ ချွေးတပ်သားတွေကတောင် တော်လှန်ရေးထဲ ပါမလိုလိုဆိုတော့ ကိုမြင့်မောင်တို့မှာ ဘာလက်နက်များ ရှိလို့လဲ"

"အို မသန်းကြည်ကလည်း လက်နက်ဆိုတာ လူကဖြစ်တာပေါ့ မသန်းကြည်ရဲ့။ သူတို့ဆီက လက်နက်ဟာ ကျုပ်တို့လက်နက်ပေါ့။ ကိုင်း ဘာလိုသေးသလဲ"

"အဟုတ်ပြောတာလား ကိုမြင့်မောင်"

"အို အဟုတ်ပြောတာပေါ့၊ ဒါကြောင့် မြို့နဲ့မနီးမဝေးမှာ အကြောင်းရှိရင် သွားနေဖို့ နေရာထိုင်ခင်းကလေးများကြည့်ထားလို့ မသန်းကြည်ကို ပြောတယ် မဟုတ်လား"

"ဂျပန်လူမျိုးဟာ သိပ်ပြီးအကင်းပါးတဲ့လူမျိုးနော်၊ သူတို့ကို ယီးတီးယားတား မလုပ်နဲ့"

"ဟင် ကြည်က ဂျပန်များ သိပ်အထင်ကြီးနေတာပဲကို"

"အထင်အမြင်ကြီးဆို သူတို့လုပ်တာကိုင်တာတွေ မျက်စိအောက်မှာ အမြင်သားပဲ ကိုမြင့်မောင်ရဲ့"

ယခုအကြိမ်စကားပြောနေသော ခင်သန်းကြည်၏မျက်နှာတွင် နူးညံ့သိမ်မွေ့သော အမူအရာဟူ၍မတွေ့မြင်ရဘဲ တည်ကြည်ရင့်ကျက်သော ဣန္ဒြေရှိသည့် မျက်နှာကိုသာ တွေ့မြင်ရလေရာ မောင်မြင့်မောင်မှာ ခင်သန်းကြည်၏ အတော်အတန်ပြောင်းလဲလျက်ရှိသော အမူအရာကိုမြင်ရသဖြင့် မိမိပြောမည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုပင် မပြောနိုင်ဘဲ မျိုသိပ်နေတော့မည်ဟု ပထမအောက်မေ့မိ၏။ သို့သော် မိမိသွားရောက်အလုပ်လုပ်ရမည့် လမ်းမှာ များစွာသော ဘေးဥပဒ်အန္တရာယ်တို့ဖြင့် အသက်ဆံဖျားစွန့်စား သွားရောက်မည့် နေရာဖြစ်ရကား အကယ်၍မတော်တဆ သေပင်သေရစေကာမူ မိမိ၏အချစ်ကို မသေမီစင်သန်းကြည်အား ဖွင့်လှစ်ပြောခဲ့မည် ဟူ၍လည်းကောင်း၊ မသန်းကြည်ထံမှလည်း မေတ္တာရှိမရှိကို ထိုညတွင် အတိအလင်း ဖွင့်လှစ်မေးတော့မည်ဟူ၍ လည်းကောင်း စိတ်ကိုပိုင်းဖြတ်လိုက်၏။ အချိန်မှာ အတော်ညဥ့်နက်၍ နေလေပြီ။

"နက်ဖြန်ခါပြန်ရတော့မယ်ဗျ မသန်းကြည်"

"ဟုတ်ကဲ့"

"မပြန်ခင်တော့ စကားတစ်ခွန်း ပြောခဲ့ချင်တယ်ဗျာ"

"ပြောပါလား၊ အခုလည်း စကားပြောနေတာပဲ"

"နို့ပေမဲ့ကိုမြင့်မောင်ပြောမယ့်စကားက ခုထက်ထူးခြားတဲ့စကားမို့ပြောတာပေါ့၊ ဟိုမှာသွားပြီးအလုပ်လုပ်ရတယ်ဆိုတာ အဖျားအနာရောဂါဘယက တစ်မျိုး၊ လေယာဉ်ပျံဗုံးကတစ်မျိုးနဲ့ ဘယ်နေ့ငါသေမလဲဆိုတာ စောင့်နေရတဲ့ အလုပ်မျိုးဆိုတော့ ကျုပ်သေချင်လည်း သေမယ်၊ ဒီတော့ ကျုပ်မသေခင် မသန်းကြည်ကို စကားတစ်ခွန်း ဖွင့်ပြောခဲ့ချင်တယ်ဗျာ"

"ပြောပါ ပြော၊ ရပါတယ် ကိုမြင့်မောင်"

"မသန်းကြည်ကိုကျုပ်ဟာအာရုလူငယ်အသင်းမှာအတူတူစပြီးအလုပ်လုပ်ကတည်းကနမကလေးအရင်းလိုအောက်မေ့ပြီးအရာရာစောင့်ရှောက်ခဲ့တာ မသန်းကြည်အသိပဲ မဟုတ်လား"

"အသိသားပဲ၊ ဘာဖြစ်လို့လဲ"

"အခုအခွင့်ယူပြန်ခဲ့တာမသန်းကြည်မျက်နှာကလေးကိုမသေခင်မြင်မှ မြင်ရစေတော့ဆိုပြီး ကျုပ်လာခဲ့တယ်။ ကျုပ်ဟာ မသန်းကြည်ကို ချစ်နေပြီး ကျုပ်မသွားခင် မသန်းကြည်ပါးစပ်နဲ့ မေတ္တာရှိရင်လည်း ရှိတယ်၊ မရှိရင်လည်း မရှိဘူးဆိုတာ" စကားမဆုံးမီ –





"သိပါပြီကိုမြင့်မောင်၊ သည်လောက်ပြောရင်သိရောပေါ့။ နို့ပေမဲ့ကိုမြင့်မောင်ဟာ (အလာကောင်းသော်လည်း အခါနှောင်း) ဆိုသလိုဖြစ်ပြီကော ကိုမြင့်မောင်"

"အဟုတ်ပြောတာလား မသန်းကြည်"

"တကယ် ပြောတာပါ"

"ဘယ်သူနဲ့လဲဗျ၊ ပြောစမ်းပါဦး"

"ပြောလို့လည်းအပိုပါဘဲ။ ကိုမြင့်မောင်သိမှာလည်းမဟုတ်ဘူး။ တွေ့မှာလည်း မဟုတ်ဘူး"

"ဘယ်သူမို့လဲ မသန်းကြည်ရဲ့"

"ဂျပန်စစ်ဗိုလ်ကလေးတစ်ယောက် ကိုမြင့်မောင်ရဲ့၊ ကျွန်မတော့ ဘယ်သူပဲ ကဲ့ရဲ့ချင် ကဲ့ရဲ့ပါစေ ကျွန်မအချစ်ကို လုံးလုံးပုံလိုက်မိပြီ"

"ဖြစ်မှဖြစ်ရလေ ကြည်ရယ်၊ ဘယ်လိုများ ဖြစ်ရတာလဲဗျာ"

"အို ဒီဟာတော့ ဘယ်လိုစပြီးဖြစ်ပျက်ကြတယ်ဆိုတာ ဇာတ်ကြောင်း ပြန်မနေပါရစေနဲ့တော့။ နဖူးစာပဲထင်ပါရဲ့ ကိုမြင့်မောင်ရယ်၊ ၂ယောက်သဘောတူ ဗိုလ်တဲမှာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိခဲ့ကြတာပါပဲ"

"ဪ ဪ တော်ပြီ မသန်းကြည် သိပါပြီ"

နှစ်ယောက်သား အတော်ကြာ ဆိတ်ငြိမ်သွားပြီးနောက် –

"မသန်းကြည်"

"ရှင်"

"ခုလိုကွဲကွဲပြားပြားသိရတော့ ကျေနပ်ပါပြီ မသန်းကြည်။ ဒါနောက်ဆုံး တွေ့ခြင်းဖြစ်ချင်လည်း ဖြစ်မှာပဲ"

◈

ယိုးဒယား–မြန်မာမီးရထားလမ်းရှိ "ဘုရားသုံးဆူ" နှင့် ခရီးဂုမိုင်ခန့်ဝေးသော ချွေးတပ်စခန်းတစ်ခု၌ ချွေးတပ်သား ၂၀ခန့်တို့သည် ရထားလမ်းနှင့် ကိုက် ၁၀၀မျှဝေးသောနေရာတစ်ခုတွင် သစ်မြစ်ကြီးတစ်ခုကို တူးဖော် ရွှေ့ယူလျက်ရှိလေ၏။ ချွေးတပ်သားအားလုံးတို့မှာ လူဟူသော သတ္တဝါနှင့်မတူ ကြေးညှော်



www.burmeseclassic.com

www.burmeseclassic.com



အလိမ်းလိမ်းကပ်ကာ စုတ်ပြတ်ပေရေသော အဝတ်များကိုဝတ်၍ထားသော "အရိုးစု"များသာ ဖြစ်နေကြကုန်၏။ သို့သော် ၎င်းတို့ စိတ်ဓာတ်များအား သံမဏိကဲ့သို့ မာကျောကုန်၏။

ထိုရွှေးတပ်သား ၂၀ခန့်ကို ဂျပန် ၂ယောက် စောင့်ရှောက်လျက်ရှိ၏။ တစ်ယောက်မှာ လှံစွပ်တပ်ထားသော ဂျပန်ရိုင်ဖယ်တစ်လက်ကို ကိုင်ထား၍ အခြားတစ်ယောက်မှာ လက်၌ တုတ်တစ်ချောင်းသာရှိလေသည်။

ဤသို့ အလုပ်လုပ်နေစဉ် ခပ်ဝေးဝေး မီးရထားလမ်းဆီမှ ကာကီဘောင်းဘီတိုကို ဝတ်၍ထားသော မြန်မာတစ်ယောက်သည် ၎င်းတို့ရှိရာသို့ ရှေးရှုလာနေရာ အုပ်ထိန်းနေသော ဂျပန်စစ်ဗိုလ်သည် အနီးရှိအလုပ်သမားတစ်ယောက်အား "ဟိုကလာတာ စခန်းမှူးမဟုတ်လား" ဟု လှမ်း၍မေးရာ ထိုသူလည်း "ဟုတ်တယ် မာစတာ" ဟု လျင်မြန်စွာ ပြန်၍ဖြေလိုက်လေသည်။

ထိုသူမှာ မောင်မြင့်မောင်ပင်ဖြစ်၍ မောင်မြင့်မောင်သည် ပထမဂျပန်စစ်ဗိုလ်ကို အရိုအသေပြုရာ ဂျပန်ကလည်း မောင်မြင့်မောင်ကို ပြန်၍ဦးခေါင်းကို ညိတ်လိုက်၏။ ထို့နောက် မောင်မြင့်မောင်သည် ဂျပန်အား စီးကရက်တစ်လိပ်ကို မိမိကိုယ်တိုင် မီးညှိ၍ သောက်လေ၏။

မောင်မြင့်မောင်က ပြုံးရွှင်သောမျက်နှာဖြင့် "ဘယ့်နှယ်လဲ နကာမူရာ၊ ခင်ဗျားဗမာတစ်ယောက်နဲ့ ပြိုင်ပြီး နပန်းလုံးဝံ့တယ်ဆိုဗျ"

"ဘယ်သူနဲ့လဲ ခင်ဗျားနဲ့လား"

"ကျုပ်ကတော့ နပန်းမကျင်လည်ပါဘူးဗျာ"

"ဒါဖြင့် ခင်ဗျားလူတွေထဲကလား"

"ဟုတ်တယ်"

"စိန်လိုက်ဗျာ၊ ဒီအကောင်တွေထဲကဆိုရင် ဘယ်သူနဲ့ပဲ ဖြစ်ဖြစ်လုံးမယ်"

"ဟေ့ စိန်မောင် ထစမ်းဟေ့"

ထိုအခါ ပိန်ပိန်အရပ်မြင့်မြင့် လူတစ်ယောက်သည် ပေါက်တူးကိုချခဲ့ပြီး နောက် မောင်မြင့်မောင်တို့ရှိရာသို့ လျှောက်လာခဲ့လေ၏။





"မင်း နကာမူရာနဲ့ နပန်းလုံးဝံ့တယ်ဆို"

"ဆရာခိုင်းရင် လုံးရတာပေါ့ ဆရာ"

မောင်မြင့်မောင်သည် ဂျပန်ဘက်သို့လှည့်၍ "ကိုင်း ခင်ဗျားအကျီသာ ချွတ်ပေတော့၊ ပေးလေ ခင်ဗျားသေနတ် ကျုပ်ယူထားပါ့မယ်"

"သေနတ်ကိုတော့ တစ်ဆိတ်ဂရုစိုက်ပြီးယူထားပါဗျာ၊ သေနတ်ထဲမှာ ကျည်ဆန်လည်း အသင့်ထည့်ထားတယ်နော် သိလား"

"ပေးပါဗျာ၊ ကျုပ်နားလည်ပါတယ်။ ခင်ဗျားက ကျုပ်ကိုတောင်မယုံတော့ဘူးလား"

"ယုံပါတယ် မိတ်ဆွေ၊ ကျုပ်က ဝတ္တရားရှိလို့ ပြောရတာပါ"

၎င်းနောက် ၂ဦးသားတို့သည် အနီးရှိ ကွင်းလပ်တစ်ခုကို ရွေးချယ်ပါကာ နပန်းလုံးပွဲကို စကြလေ၏။ ရွှေးတပ်သားများသည် မိမိတို့၏ တူးရွှင်းပေါက်ပြားများကို ပစ်ချပြီးလျှင် နပန်းပွဲကိုကြည့်ရန် ပြင်ဆင်လျက်ရှိကြကုန်၏။

စိန်မောင်သည် ဂျပန်နှင့် ပူးမိသည်နှင့်တစ်ပြိုင်နက် ဂျပန်၏ ပခုံးပေါ်မှ ကျော်၍ ခြေနစ်ဖက်ကို ကိုင်ဆုပ်လိုက်ရာ ဂျပန်က မည်သို့ပြန်၍ လုပ်လိုက်သည် မသိ "အောင်မယ်လေး သေပါပြီခင်ဗျာ" ဟု ဟစ်အော်ကာ မြေပေါ်မှ မထနိုင်သဖြင့် အပြင်သို့ထမ်း၍ ထုတ်သွားရလေ၏။

မောင်မြင့်မောင်သည် မျက်နှာများနီးမြန်း၍ လာပြီးလျှင် သိပ်ပြီးအသုံးမကျတဲ့အကောင် "ဟေ့ သူတော်ထွက်ခဲ့စမ်းကွာ၊ ဒီဂျပန်ကိုနိုင်အောင် ကိုင်စမ်းဟေ့"

သူတော်သည် လက်ကိုမချောစေရန် မြေမှုန့်အနည်းငယ်ကိုကောက်ယူပြီးလျှင် ဒူးကို ခပ်ကွကွ၊ ခါးကို ခပ်ကုန်းကုန်း ပြုလုပ်လျက်ရှိရာ ဂျပန်ကလည်း စိန်မောင်ကဲ့သို့ အလွယ်တကူ "ကိုင်" ၍ မရမှန်းသိသည့် အတိုင်း သတိဝီရိယဖြင့် စောင့်ဆိုင်းခါ ရှိနေလေသည်။

ဂျပန်သည် လက်နှစ်ဖက်ကိုပွတ်သပ်၍ ပေါင်ကိုပုတ်ကာ ရှေ့သို့အနည်းငယ်တိုး၍ လာရာ။ သူတော်သည် နောက်သို့ အနည်းငယ်ဆုတ်လျက် သူတော်က ရှေ့သို့ တိုး၍လိုက်သောအခါ၌လည်း ဂျပန်သည် "ဂျူ ဂျစ် စု" နည်းမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တစ်လှည့် ညာတစ်လှည့် ခြေများကို ဒီဂရီ ၃၀ခန့် သိုင်းကွက်ကျအောင် နင်းကာ ရွေ့သွား၏။

နောက်တစ်ကြိမ်သူတော်သည် ရှေ့သို့ တစ်လှမ်းတိုးပြီးမှ နောက်သို့ ဆုတ်မယောင်ပြုလုပ်လိုက်ရာဂျပန်သည်အနည်းငယ်ခြေလှမ်းပျက်သွားလေ၏။ ထိုခဏ၌ သူတော်သည် ရှေ့သို့ တစ်လှမ်းတိုးကာ (လူချင်းပူး၍နပန်းမသတ်ဘဲ) ညာဘက်လက်သီးဖြင့် ဂျပန်၏လက်ဝဲဘက် မေးရိုးဆီသို့ တအားကျုံးလိုက်ရာ "ခေါက်" ခနဲ မြည်သံကြားလိုက်ရပြီးနောက် ဂျပန်စစ်ဗိုလ်သည် မြေပေါ်သို့ ပက်လက်လန်ကာ ကားခနဲကျသွားလေ၏။

ထိုခဏ၌မောင်မြင့်မောင်သည် လုံ့စွပ်ဖြင့် ဂျပန်၏ရင်ဝကို တအားထိုးနှစ်လိုက်ရာ ဂျပန်မှာ တုတ်တုတ်မျှမအော်နိုင်ဘဲ သွေးများသည် ရင်ဝမှ ပန်းထွက်လာလေ၏။

ပထမဂျပန်ကိုမောင်မြင့်မောင်က လုံ့စွပ်ဖြင့်ထိုးလိုက်သည်နှင့်တစ်ပြိုင်နက် ဒုတိယဂျပန်မှာလည်း ခေါင်းတခြားဖြစ်၍ သွားခဲ့လေ၏။

◈

နေဝင်လုနီးပါးဖြစ်ရကားမောင်မြင့်မောင်တို့လူစုမှာဂျပန်တို့၏အဝတ်အစားများကိုချွတ်ယူကာဂျပန်အလောင်းများကိုမြှုပ်နှံလိုက်ကြပြီးနောက်မကြာမီ တောတောင်ရိပ်များအောက်တွင် ပျောက်ကွယ်သွားခဲ့လေ၏။

ခရီး ၆မိုင်မျှ ပေါက်ရောက်ခဲ့ပြီးနောက် ကရင်ရွာတစ်ရွာသို့ ရောက်ခဲ့သောအခါ ကရင်များလည်း မောင်မြင့်မောင်တို့လူစုအား ကောင်းစွာ ချက်ပြုတ်ကျွေးမွေးကြလေသည်။ လေယာဉ်ပျံဘေးရန်နှင့် ဝေးသောနေရာဖြစ်သဖြင့် မောင်မြင့်မောင်တို့လူစုမှာ မီးဖိုကြီးများဖိုကာ အမောအပန်းဖြေလျက် ရှိကြကုန်၏။

ငယ်သားများအိပ်ကုန်ပြီဖြစ်၍မောင်မြင့်မောင်လည်းမိမိရှေ့တွင်ပြုလုပ်ရမည့်အလုပ်များကိုလည်းကောင်း၊ သွားရမည့်ခရီးစဉ်ကိုလည်းကောင်းစဉ်းစားကာဂျပန်အိတ်ထဲတွင်တွေ့ရသောစီးကရက်ဘူးမှစီးကရက်တစ်လိပ်ကိုသောက်လျက် ရှိကြကုန်၏။





ဤသို့ရှေးဟောင်းနှောင်းဖြစ်များကိုစဉ်းစားလျက်ရှိစဉ်ဂျပန်၏ခါးပတ်၌ဝင်းတို့ထုံးစံအတိုင်းအမြဲတန်းထားသည့်အိတ်ကလေးကိုအမှတ်မဲ့ထုတ်ယူကြည့်လေ၏။အိတ်ကလေးမှာ၂လုံးရှိ၍တစ်လုံး၌ဘုရားပုံနှင့်အင်းများပါရှိပြီးလျှင် ဒုတိယအိတ်၌ ၂လက်မပတ်လည်ခန့်ရှိ မိန်းမဓာတ်ပုံတစ်ပုံကို တွေ့လိုက်ရရာ မောင်မြင့်မောင်မှာ အလွန်အံ့ဩသွားမိလေတော့၏။

ထိုဓာတ်ပုံမှာ အခြားသူ၏ဓာတ်ပုံမဟုတ်၊ ခင်သန်းကြည်၏ဓာတ်ပုံဖြစ်ရာ ဓာတ်ပုံ၏ကျောဘက်၌ကား –

"ကျွန်မ၏ အချစ်ဆုံး စစ်ဗိုလ်ကလေး နကာမူရာသို့၊ မခင်သန်းကြည် ပုတီးကုန်း" ဟု ပါရှိလေသည်။

မောင်မြင့်မောင်သည်ဓာတ်ပုံကိုစိုက်၍ကြည့်ကာမျက်ရည်များလည်းမတတ်ဖြစ်၍လာသော်လည်းစိတ်ကိုချုပ်တည်းပြီးနောက် ဓာတ်ပုံကိုဆုတ်ဖြဲခြေမွလိုက်ပြီးလျှင် "အင်းမိန်းမ မိန်းမ" ဟု တစ်ကိုယ်တည်း တီးတိုးရေရွတ်ကာ ဓာတ်ပုံကို မီးပုံထဲသို့ ထည့်လိုက်လေသတည်း။

ဂျာနယ်ကျော်၊ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်။

www.burmeseclassic.com

www.burmeseclassic.com

# သူဘယ်သူလဲ

တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက် လကလေးသည် ရန်ကုန် - အင်းစိန်လမ်းရှိ တောတန်းကလေး တစ်ခုအနီး၌ မထင်မရှားကျရောက်လျက်ရှိလေရာ အင်းစိန်ထောင်ကြီးမှ ၂မိုင်ခန့်ဝေးသော နေရာတစ်ခု၌ ဖို့ဒ်အမျိုးအစား ဘတ်စ်ကားတစ်စီးသည် လမ်းဘေးတွင် ရပ်လျက်ရှိ၏။

အသက် ၃၀ခန့်ရှိဒရိုင်ဘာနှင့်တူသော သူတစ်ယောက်သည်ကားပေါ်မှ ဆင်းလာပြီးလျှင်စက်ဖုံးကိုဖွင့်၍စက်ကိရိယာများကိုလက်နှိပ်ဓာတ်မီးဖြင့်စမ်းသပ်ကြည့်ရှုလျက်ရှိစဉ်ကာကီယူနီဖောင်းများကိုဝတ်၍ထားသောလူ ၂ယောက်သည် ကားအနီးသို့ ချဉ်းကပ်လာလေ၏။ တစ်ယောက်မှာ သာမန်ပုလိပ်တစ်ယောက်မှဖြစ်၍ ရိုင်ဖယ်သေနတ်ကိုထမ်းလျက် အခြားတစ်ယောက်မှာကာကီယူနီဖောင်းများကိုဝတ်ဆင်ထားပြီးလျှင် ခါး၌ (၆)လုံးပြူးသေနတ်ကိုထိုး၍ထား၏။ လက်နက်များအပြင် ၅တောင့်ထိုး လက်နှိပ်ဓာတ်မီးတစ်လက်လည်း ပါသေး၏။

ကားသမားသည် အကွက်မျှမပေါ်သော ချည်လုံချည်အနွမ်းကိုလည်းကောင်း၊ဆေးဆိုး၍ထားသောရှပ်အင်္ကျီလက်တိုအစုတ်တစ်ထည်ကိုလည်း





ကောင်းဝတ်ဆင်ထား၏။ မျက်နှာနှင့် လက်များပေါ်တွင် ဆီချေးများအလိမ်းလိမ်းကပ်လျက်ရှိလေသည်။

ပုလိပ်များသည် ထိုသူအားမသင်္ကာသောမျက်လုံးများဖြင့်အတန်ကြာစိုက်ကြည့်နေပြီးနောက် -

"ဟေ့လူ ကားဘာဖြစ်လို့လဲ"

"တိုက်ကြီးကို အော်ဒါလိုက်အလာမှာ ကားပျက်သွားလို့ခင်ဗျ"

"မင်း ဘယ်ကလဲ"

"ကျွန်တော် မော်ဘီက"

ကားသမားသည် လိုင်စင်ကို ထုတ်၍ပြရာ ရာဇဝတ်အုပ်သည် လက်နှိပ်ဓာတ်မီးဖြင့် သေချာစွာကြည့်ရှုစစ်ဆေးလေ၏။

"မင်းနာမည် ဘသစ်တဲ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ကားကို ဘယ်နည်းနဲ့မျှ ပြင်လို့မရတော့ဘူးလား"

"ဝေးပါသေးတယ် ခင်ဗျာ၊ ဒီကနေ့မဟုတ် နက်ဖြန်ညအထိပြင်တောင် ရမယ် မဟုတ်ဘူး"

"ဒါဖြင့် မင်းဘယ့်နှယ်လုပ်မလဲ"

"ကျွန်တော်ကတော့ ဘယ့်နှယ်မျှမလုပ်တတ်ဘူး၊ ဒီကနေ့ည ကားပေါ် အိပ်ရုံပဲရှိတော့တယ်"

"တစ်ခုတော့ သတိပေးလိုက်မယ် ဟေ့၊ ဒီအနီးအနားတစ်ဝိုက် သတိထားနော်"

"ဘာပြုလို့လဲ ဆရာ"

"ကျားကြီးဆိုတဲ့ နစ်ကြီးသမားတစ်ယောက် မနေ့ကပဲ အင်းစိန်ထောင်က လွတ်ပြေးတယ်"

"ဩော် ဟုတ်လား၊ ဒါဖြင့် ဆရာတို့က အဲဒီထောင်ပြေးကိုလိုက်ရှာနေတာလား"

"အေး ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြင့်ဒီကားကြီးပေါ်မှာတစ်ယောက်တည်းကျွန်တော်မအိပ်ဝံ့တော့ဘူးဆရာ၊ အနီးအနားမှာလဲ"

စကားမဆုံးမီ ဘသစ်သည် ကြောက်ရွံ့သည့်ဟန်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုလျက် ရှိလေ၏။ ရာဇဝတ်အုပ်သည် ကားသမားအပေါ်တွင် ပထမသကာ်မကင်းဖြစ်မိသော်လည်း ၎င်း၏ရိုးသားဖြောင့်မတ်သော စကားအပြောအဆိုကို ကြားရသောအခါအနည်းငယ်ကရုဏာသက်၍လာသဖြင့်တစ်ခဏမျှစဉ်းစားနေပြီးနောက် "ဟိုရွာကလေးနဲ့ဒီဘက်တစ်ဖာလုံလောက်မှာတော့ဦးတေနောင်ဆိုတဲ့လူကြီးတစ်ယောက်နေတယ်။ တယောထိုးတော့ ပထမတန်းပဲ။ နို့ပေမဲ့ ခများက မျက်စိမမြင်ရာဘူး။ ပင်စင်စားအဘိုးကြီး၊ သူ့ဝင်းသူ့ခြံကလေးနဲ့မြို့ပေါ်မှာမနေချင်လို့ ဒီမှာလာနေတယ်။ အဲဒီအိမ်သွားပြီး အိပ်ပါလား၊ သဘောလဲ၊ ကောင်းရာပါတယ်"

"ခက်တာပဲ ဆရာ၊ ကျွန်တော်တို့နဲ့လည်း တစ်ခါမျှမသိဖူးဘူး"

"သိတော့ဘယ်သိမလဲကွယ်၊ဒီလိုပဲအကျိုးအကြောင်းပြောပြ၊ တစ်ညလောက် တည်းခိုဖို့တော့ ကိုယ့်ဗမာအချင်းချင်း ဒီလောက်ခဲယဉ်းမယ် မဟုတ်ပါဘူး"

ဘသစ်သည်ရာဇဝတ်အုပ်ညွှန်ပြသောနေရာသို့ကြည့်လိုက်ရာဆီးနှင်းများအကြားမှ ထွင်းဖောက်၍လာသော မီးရောင်ကလေး တလက်လက်ကို တွေ့မြင်ရလေ၏။

ပုလိပ်များထွက်သွားသောအခါဘသစ်သည်မိမိ၏ပစ္စည်းကလေးများပါသော အထုပ်တစ်ထုပ်ကိုယူပြီးလျှင် မီးရောင်မြင်ရာအရပ်သို့ ထွက်လာခဲ့လေ၏။

မော်တော်ကားဒရိုင်ဘာဘသစ်သည်မီးရောင်လက်လက်မြင်ရသောနေရာသို့ လာခဲ့ရာ အတော်အတန် ကျယ်ဝန်းသော ခြံကလေးတစ်ခြံအတွင်းရှိအိမ်ကလေးတစ်ဆောင်ကဲ့သို့သပ်ရပ်စွာဆောက်ထားသောတဲတစ်တဲသို့ရောက်ခဲ့လေ၏။ ထိုအချိန်၌ကား ဆီးနှင်းများသည် ယခင်ကထက် ပို၍ကျလာပြီးလျှင် မှေးမှိန်သော လရောင်ကိုကွယ်လုမတတ်ပင် ရှိနေခဲ့လေသည်။





"ဒီအိမ်က အိမ်ရှင်များ ခင်ဗျာ"

အတွင်းမှ အသံတစ်စုံတစ်ရာ မကြားရချေ။

"အိမ်ရှင်တို့ ခင်ဗျား"

"ဟေ့ ပြင်ဘက်က ဘယ်သူလဲ"

"ကျွန်တော်က ကားမောင်းသမားပါ ခင်ဗျာ၊ ကားပျက်နေလို့"

ထိုအခါ တံခါးသည် ရုတ်တရက်ပွင့်လာ၍ လက်ယာဘက်လက်မရှိသော အစေခံနှင့်တူသော သူတစ်ယောက်သည် မီးခွက်တစ်ခွက်ကိုကိုင်ကာ တဲပြင်သို့ ခေါင်းပြူ၍ ကြည့်လေ၏။

ထိုသူသည် ဘသစ်အား သင်္ကာမကင်းသော မျက်လုံးများဖြင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ "ဘာဖြစ်တယ်"

"ကျွန်တော့်ကား ဟိုအနားကလေးတင်ပျက်နေလို့ တစ်ညလောက်"

စကားမဆုံးမီ တဲအတွင်းမှ "ဟေ့ မောင်နက်. စကားရှည်မနေစမ်းပါနဲ့ကွယ်၊ ဒီသူငယ်အိမ်ထဲသွင်းလိုက်ပါ" ဟု အမိန့်ပေးသံတစ်သံ ကြားရပြီးနောက် လက်တစ်ဖက်မရှိသောသူသည် ကားသမားအား အိမ်တွင်းသို့ ခေါ်သွားလေ၏။ အိမ်တွင်း၌ကား တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်သည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက်ရှိ၏။ ၎င်းမှာ ရာဇဝတ်အုပ် ပြောလိုက်သည့်အတိုင်း တယောထိုးကောင်းသည်ဆိုသောအိမ်ရှင်ဦးတေနောင်ပင်ဖြစ်ဟန်လက္ခဏာရှိ၍ မျက်မှန်အမည်းကြီးကို တပ်ထားပြီးလျှင် ဦးခေါင်းတွင်လည်းအဝတ်ဖြူတစ်ခုဖြင့် သပ်ရပ်စွာ ပတ်တီးစီးထား၏။

"ထိုင်ပါ ထိုင်ပါ မောင်"

"မောင်ဘသစ်ပါတဲ့ ခင်ဗျာ"

"ထိုင်ပါ မောင်ဘသစ်၊ ကားပျက်လို့ ဟုတ်စ"

"မှန်ပါတယ် ခင်ဗျာ၊ ဒါကြောင့် အနီးအနားမှာ အိမ်ခြေရာခြေလည်း မမြင်တာနဲ့ မီးရောင်ကလေးရှိတဲ့နေရာ မှန်းပြီးလာခဲ့ရပါတယ်"

"ဒီလိုပေါ့လေ၊ ကိုယ့်ဗမာအချင်းချင်း တစ်ယောက်အကြောင်းရှိတဲ့အခါ တစ်ယောက်ကူညီကြစတမ်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ပထမတော့ ကားပေါ်မှာအိပ်မယ်လို့ပါပဲ ခင်ဗျာ။ နို့ပေမဲ့ ပုလိပ်တွေက မနေ့ကပဲအင်းစိန်ထောင်က နာမည်ကြီးလူဆိုးတစ်ယောက်လွတ်ပြေးတာဒီအနီးအနားတစ်ဝိုက်မှာပဲ ရှိလိမ့်ဦးမယ်လို့ပြောတော့ ကျွန်တော်လည်း အမှန်ပြောရမှာ ဖြင့်ကြောက်ကြောက်ရှိတာနဲ့ ဒီကိုတန်းလာခဲ့တာပဲ ခင်ဗျာ"

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး။ ကျုပ်အိမ်အမိုးအောက်ရောက်ရင် ဘာမျှ ကြောက်စရာမရှိတော့ပါဘူး။ ကျုပ်လို အေးအေးဆေးဆေးနေတဲ့ အကန်းကြီး အိမ်ကိုလည်း ဘယ်လူဆိုးမျှလာပြီး နှောင့်ယှက်မယ် မဟုတ်ပါဘူး မောင်ဘသစ် ရယ်"

"မှန်ပါတယ် ခင်ဗျ၊ အခုတော့ ကြောက်စရာ မလိုတော့ပါဘူး၊ ဩော် ဒါထက် ဦးမင်းခေါင်းမှာ ပတ်တီးစီးထားရတာက ဘာဖြစ်လို့ပါလဲ ခင်ဗျ"

"အို မပြောချင်ပါဘူး မောင်ဘသစ်ရယ်၊ မနေ့ကဘဲ ကုလားထိုင်နဲ့ တိုက်လဲလို့ နည်းနည်းခေါင်းပေါက်သွားတယ်။ တယ်ချည်းမများလှပါဘူး"

"ဖြစ်မှဖြစ်ရလေ ခင်ဗျာ"

"ကျုပ်တို့လို မျက်စိမမြင်တဲ့လူမျိုးတော့ ဒါမျိုးဟာ အဆန်းမဟုတ်တော့ ဘူး မောင်ဘသစ်ရေ့ ဩော် ဒါနဲ့ ညစာမစားခင်ကလေး လက်ဖက်ရည်တစ်ခွက် စီသောက်ကြရအောင်၊ ဟေ့ မောင်နက် လက်ဖက်ရည်နှစ်ခွက်လောက် လုပ်လေ ကွယ်"

ထိုအခါ မောင်နက်ဆိုသူက လက်ဖက်ရည်ထဲတွင် သကြားထည့်ရဦး မလားဟု ပြန်၍မေးရာ ဦးတေနောင်က ကြိမ်းဝါးသံကြားရ၏။ ၎င်းနောက် မောင် ဘသစ်က "ဒါထက် ဦးဟာ တယောထိုးအင်မတန်ကောင်းတယ်လို့ကြားပါတယ်။ တယောသံကလေးများကြားရရင်တော့"

(စကားမဆုံးမီ) "ဒီကနေ့ညတော့ မထိုးပါရစေနဲ့ မောင်ဘသစ်ရယ်"

၎င်းနောက် မောင်နက်ယူလာသော လက်ဖက်ရည်များကိုသောက် လျက် ရှိကြကုန်၏။

ထိုအချိန်၌ စကားလက်စအနည်းငယ်ပြတ်သွား၍ မောင်ဘသစ်သည် လက်ဖက်ရည်သောက်ပြီးနောက် အိမ်ရှေ့ခြံထဲသို့ ထွက်ခဲ့လေ၏။ ခြံအတွင်း၌





ကား သစ်ပင်ကလေးများမှာ လူ၏ယုယခြင်းဖြင့် ဝေးလျက်ရှိနေသည့်ဟန်ဖြင့် ညှိုးနွမ်းကာရှိနေလေရာ ပန်းခင်းကွက်လပ်တစ်ခု၌ကား မကြာမီက တူးဆွထားသောဟန်ရှိသော အလျား ၆ပေ၊ အနံ ၃ပေခန့် မြေတစ်ကွက်ကို တွေ့ရ၏။ မကြာမီ မောင်ဘသစ်သည် အိမ်ထဲသို့ ပြန်ဝင်ခဲ့ရာ ဦးတေနောင်မှာ ပက်လက်ကုလားထိုင်ကြီးပေါ်၌ပင် အေးချမ်းစွာရှိနေသည်ကို တွေ့ရ၏။ မောင်နက်မှာ မီးဖိုခန်း၌ အလုပ်များနေ၏။

◈

တစ်ခဏမျှကြာသော်အပြင်မှ တံခါးခေါက်သံနှင့်အတူ "ဟေ့ တံခါးခဏ ဖွင့်စမ်း" ဟု ခပ်မာမာအသံတစ်ခုကို ကြားရလေရာ မောင်နက်သည် မီးဖိုခန်းမှ မီးတစ်ခွက်ဖြင့် တံခါးဆီသို့သွားလေ၏။

"ဟေ့ တံခါးဖွင့်ဆိုတာ မကြားဘူးလား"

"ဘယ်သူလဲ"

"တို့ ပုလိပ်"

ဦးတေနောင်သည် မောင်နက်အား "ဟေ့ ပုလိပ်တွေထင်ပါရဲ့ကွယ်၊ ဖွင့်သာပေးလိုက်ပါ" ဟု ပြောသဖြင့် မောင်နက်သည် အတွင်းမှ မင်းတုပ်ကိုဖြုတ် ၍ ပေးလိုက်ရာ မောင်ဘသစ်အား လမ်းညွှန်လိုက်သော ရာဇဝတ်အုပ်နှင့် ပုလိပ် သား တစ်ယောက်ပင် အိမ်ကလေးအတွင်းသို့ ဝင်လာကြလေ၏။ ရာဇဝတ်အုပ် သည် မောင်ဘသစ်အား အနည်းငယ်ပြုံး၍ နှုတ်ဆက်ပြီး ဦးတေနောင်ဘက်သို့ လှည့်၍ "ဦးတေနောင်ဆိုတာ ခင်ဗျားပဲ မဟုတ်လား"

"ဟုတ်ပါတယ် မောင်"

"ကျွန်တော်က ရာဇဝတ်အုပ်ပဲ၊ ခင်ဗျားအိမ်မှာ ရှာချင်တယ်"

"ဘာရှာချင်တာလဲ မောင်၊ တစ်ဆိတ်ပြောပါဦး"

"ကျားကြီးဆိုတဲ့ လူဆိုးတစ်ယောက် အင်းစိန်ထောင်က မနေ့ကပဲ လွတ်ပြေးတယ်ဗျ။ ဒီကောင်ဝေးဝေး မပြေးနိုင်သေးဘူး။ ဒီအနားတစ်ဝိုက်မှာပဲ ရှိရဦးမယ်၊ ဒါကိုရှာမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှာပါမောင်ရှာပါ။ ဒီမှာ ဦးရယ်၊ ထမင်းချက်တဲ့ မောင်နက်ရယ် ဟောဒီ ဧည့်သည်မောင်ဘသစ်ဆိုတဲ့လူရယ် ဒီသုံးယောက်ပဲ ရှိပါတယ် မောင်ရယ်၊ သည့်ပြင်ဘယ်သူမှ မရှိပါဘူး"

"ခင်ဗျားက မြို့ကပြောင်းလာတဲ့ တယောထိုးတတ်တဲ့ ဦးတေနောင် ဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ် မောင်"

"ဟုတ်တယ် လူကိုသာ မမြင်ဖူးတယ်၊ ခင်ဗျားအကြောင်းတော့ ကြားဖူးပါရဲ့။ နို့ပေမဲ့ ကျုပ်တို့ဝတ္တရားက ရှိနေတယ် ရှာရမှာပဲ"

"ရှာပါ မောင်၊ ရှာပါ သဘောရှိသလို ရှာနိုင်ပါတယ်"

ရာဇဝတ်အုပ်သည် (၆) လုံးပြူးကို ထုတ်၍ကိုင်ပြီးလျှင် အိမ်ပေါ်ထပ်သို့ တက်သွားရာ ပုလိပ်သားလည်း နောက်မှ သေနတ်ကြီးကိုထမ်းကာ လိုက်ပါသွားလေ၏။

အပေါ်သို့ တက်သော လှေကားကလေးမှာ လူ ၂ ယောက်၏အရှိန်ဖြင့် ယိမ်းယိုင်၍သွားလေရာ ကြမ်းပြင်မှာလည်း ဝါးကြမ်းဖြစ်သဖြင့် တကျွီကျွီမြည်သော ပုလိပ်များခြေသံသည် တစ်အိမ်လုံး တုန်လှုပ်၍သွားစေ၏။

ထိုအချိန်၌ ဦးတေနောင်သည် ပက်လက်ကုလားထိုင်ပေါ်မှ တဖြည်းဖြည်းစမ်းသပ်လာခဲ့ပြီးနောက်၊ ဧည့်ခန်းအလယ်တွင်ထားသော မီးလင်းဖို၏အနီးတွင် ရပ်လျက်ရှိ၏။ မောင်ဘသစ်သည် မီးဖိုမှထင်းစတစ်ချောင်းကို အမှတ်မဲ့ခြေဖြင့် ဝင်၍တိုက်မိရာ မီးစသည် ဦးတေနောင်၏ ခြေဖမိုးပေါ်သို့ တည့်တည့်ကျသွားသော်လည်း ဦးတေနောင်သည် မျက်စိမြင်သောသူကဲ့သို့ လျင်မြန်စွာနံဘေးသို့ တိမ်းရှောင်လိုက်သဖြင့်သာ သက်သာရလေသည်။ အပေါ်ထပ်ရှိ ရာဇဝတ်အုပ်နှင့် ပုလိပ်သားသည်လည်း ချောင်ကြိုချောင်ကြားမကျန် အိမ်ထောင်ပရိဘောဂများကိုပါ လှန်လှောရှာဖွေပြီးနောက် တစ်စုံတစ်ရာမတွေ့ရသည်နှင့် မြည်တွန်တောက်တီးကာ အောက်ထပ်သို့ ဆင်းလာခဲ့ကြလေ၏။

ဂုင်းနောက် ပုလိပ်များသည် အောက်ထပ်တွင် နောက်ဖေးမီးဖိုးမှစ၍ ရေချိုးခန်း အိမ်သာပါမကျန် ရှာဖွေကြပြီးနောက် ဧည့်ခန်းသို့ပြန်၍ လာရောက်ကြ





သောအခါ ဦးတေနောင်သည် ပုလိပ်များအသံကြားရာအက်သို့ ဦးခေါင်းကို ယဉ်ကျေးစွာညွှတ်၍ "ဘယ့်နှယ်လဲ မောင်တို့၊ ကျေနပ်ကြပါပြီလား"

"ကျေနပ်ပါပြီ ခင်ဗျာ၊ လူကြီးလူကောင်းတစ်ယောက်နေတဲ့ အိမ်မှန်းသိပေမဲ့ ကျွန်တော်တို့မှာ ဝတ္တရားအတိုင်းမို့ ရှာရခြင်းဖြစ်ပါတယ်။ သည့်အတွက် ဦးမင်းကျေနပ်ဖို့ နောက်ဆုံး ကျွန်တော်တို့ တောင်းပန်ပါတယ်"

"ကျေနပ်ပါတယ် မောင်၊ ကျေနပ်ပါတယ်"

ပုလိပ်များသည် တံခါးဆီသို့ လှည့်၍ထွက်ကြမည်ပြုသောအခါ မောင်ဘသစ်သည် ရာဇဝတ်၏လက်ကို ညင်သာစွာဆွဲပြီးနောက် "ဩော် ဒါထက် ရာဇဝတ်အုပ်မင်းကို သွားခါနီး နှောင့်ယှက်တယ်လည်း မအောက်မေ့ပါနဲ့ ခင်ဗျာ၊ ကျောင်းမှာတုန်းက "ဖတ် (စ) အိတ်" ဆိုတဲ့ ဒဏ်ရာရတဲ့လူကို ချက်ချင်းသက်သာရာရအောင် ပြုစုနည်းတွေ သင်ခဲ့ရတယ် မဟုတ်လား ခင်ဗျာ"

"သင်ခဲ့ရတာပေါ့ဗျ၊ ခင်ဗျားကလည်း မဆီမဆိုင်ဘာတွေမေးနေတာလည်း နေပါဦး သင်ခဲ့ရတော့ ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

"အရေးတော့ မကြီးလှပါဘူး ခင်ဗျာ၊ ဟောဒီက ကျွန်တော်တို့အိမ်ရှင် ဦးတေနောင် ခေါင်းကဒဏ်ရာကို တစ်ဆိတ်လောက် ကြည့်ခဲ့စေချင်လို့ပါ"

ထိုအခါ ဦးတေနောင်သည် လက်သီးတစ်ဖက်ကို လက်ဝါးပြင်ပေါ်သို့ ရိုက်ခတ်ကာ "အို ကြည့်ဖို့ မလိုပါဘူး ဒီလူက ကိုယ့်အလုပ်မဟုတ်ပဲနဲ့ ဘာဝင်ရှုပ်တာလဲ"

"ဒါဖြင့် ခေါင်းမှာ ပတ်တီးစီးထားတာ ဒဏ်ရာမရှိဘဲနဲ့ ခေါင်းတုံးပြောင်ပြောင် လူမြင်မှာစိုးလို့ဆိုပါတော့"

ထိုခဏ၌ ဦးတေနောင်သည် ကျားကဲ့သို့ မောင်ဘသစ်အား ခုန်၍အုပ်လိုက်ပြီးလျှင် လည်မျိုကိုဖျစ်ညှစ်လေရာ ရာဇဝတ်အုပ်နှင့် ပုလိပ်သားပါမနည်းပင် အားထုတ်ဖျန်ဖြေရလေသည်။

ဘသစ်သည် ကြမ်းပေါ်မှ လူးလိမ့်၍ ထပြီးသော် –

"အင်း ရာဇဝတ်အုပ်များ ကယ်ပေလို့ဗျို့၊ ကျုပ်တစ်ယောက်တည်းဖြင့် ဒီအကောင် အတော်ကိုင်ရမယ်၊ ကျေးဇူးတင်တယ်ဗျာ ခင်ဗျားတို့ကို"



www.burmeseclassic.com

www.burmeseclassic.com



ဘသစ်သည်ခါးကြားထဲမှငွေရောင်ပစ္စတိုကာလေးတစ်ခုကိုလျှင်မြန်စွာဆွဲထုတ်လိုက်ပြီးနောက် လက်ယာဘက်လက်ဖြင့် ဦးတေနောင်၏ ခေါင်းတွင်သပ်ရပ်စွာစည်းနှောင်ထားသော အဝတ်ဖြူစကြီးကို ဖြေချလိုက်ပြီးလျှင် မျက်မှန်အနက်ကြီးကိုလည်း ဖြုတ်ချလိုက်ရာ ခေါင်းတုံးပြောင်နှင့်လူတစ်ယောက်၏ပုံပေါ်လာလေ၏။

"ဖမ်းလေဗျာ၊ ဒီအကောင်ပေါ့ဗျ၊ ကျားကြီးဆိုတာ"

◈

ကျားကြီးမှာတစ်ခဏမျှသာရုန်းကန်နိုင်သော်လည်း (၃)စက္ကန့်အတွင်း၌ပင် ကျင်လည်သော ရာဇဝတ်အုပ်၏လက်၌ လက်ထိတ်ခတ်ပြီးဖြစ်လေသည်။ ထိုခဏ၌မီးဖိုခန်းဆီမှလူတစ်ယောက်သည်တံခါးရှိရာသို့ပြေးထွက်လာရာပုလိပ်သားသည် လည်မျိုကိုဖမ်း၍ နောက်သို့တစ်ချက်တွန်းလိုက်ရာ ကြမ်းပေါ်သို့ ဖင်ထိုင်ကျသွားလေ၏။ ၎င်းမှာ လက်တစ်ဖက်မရှိသော ကျားကြီး၏တပည့် မောင်နက်ပင် ဖြစ်လေသည်။

ရာဇဝတ်အုပ်သည်မောင်ဘသစ်အားအံ့သြစွာကြည့်ရှုလျက် "နေပါဦး ခင်ဗျားက ဘယ်သူလဲ"

ဘသစ်သည် စကားမပြောဘဲ လိုင်စင်စာအုပ်ကြားထဲတွင် ညှပ်ထားသော လက်မှတ်တစ်စောင်ဖြင့် မိမိနာမည်ရင်းပါသော ကတ်ကလေးကို ထုတ်၍ပြလေ၏။

"ဩော် လက်စသတ်တော့ ဆရာက အရပ်သားအပျော်စုံထောက်ကိုး။ ကြားဖူးတယ် ဆရာ၊ ကျွန်တော် ဆရာ့နာမည်ကို ကြားဖူးတယ်"

"အင်း ကြားဖူးရင်လည်း ပြီးရောပေါ့ဗျာ"

"ဒါဖြင့် ဒီအကောင်တွေ ကျွန်တော်တို့ ခေါ်သွားတော့မယ်နော်"

"ဘယ်ကိုလဲ"

"အင်းစိန်ကို"

"ဒါဖြင့် ကျုပ်ကားနဲ့ လိုက်ခဲ့ရုံပေါ့ဗျ"

"နို့ဆရာ ကားပျက်နေတယ်ဆို"





"အို တယ်လည်း ရှော်တဲ့လူပဲ။ စုံထောက်ဆိုတာ ဒီလိုပဲ ပြောရတောပေါ့။ လာ လိုက်ခဲ့ကြ"

ကားပေါ်သို့ ရောက်ကြသောအခါနောက်ပိုင်းတွင် ကျားကြီးနှင့် ၎င်း၏တပည့်ငနက်အား ပုလိပ်သားက စောင့်ရှောက်စေပြီးလျှင် ဘသစ်သည် ကားကိုမောင်း၍သွားလေရာ ရာဇဝတ်အုပ်က ဘသစ်၏နံဘေးမှထိုင်၍ လိုက်ပါသွားလေ၏။

"ဆရာနဲ့မှ ကြုံကြုံဖန်ဖန်လာပြီးတွေ့တာတ်ပလေ ဆရာရယ်။ ကျွန်တော်တို့က လူပုံစံကို သေသေချာချာ မရခဲ့ဘူးဆရာရဲ့။ လူခပ်တုတ်တုတ် ဗလကောင်းကောင်းဆိုတာပဲ သိတယ်။ နေပါဦး၊ ဆရာက ဘယ်သူ့အတွက် ဆောင်ရွက်တာလဲ"

"စုံထောက်မင်းကြီးက တတ်နိုင်ရင်လုပ်ပေးပါဦးဆိုပြီး နားပူတာနဲ့ မော်တော်ဗီဟီကယ်က ဖမ်းထားတဲ့ ဘတ်စ်ကားတစ်စီး ကျုပ်ယူလာခဲ့တယ်"

"ဆရာက ကျားကြီးကို အရင်က မြင်ဖူးလို့လား"

"ဘယ်ကလာပြီးမြင်ဖူးရမှာလဲဗျ၊ နို့ပေမဲ့ ကံကောင်းချင်တော့ ဒီအိမ်ကို ခင်ဗျားကပဲ ညွှန်မိလျက်သားဖြစ်နေတာကိုးဗျ။ ဒီတော့ ခင်ဗျားက ဦးတေနောင်တယောထိုး အင်မတန်ကောင်းတယ်လို့ ပြောတယ် မဟုတ်လား။ ကျုပ်က သူနဲ့လက်ဖက်ရည်သောက်တုန်း သူ့လက်ကို မသိမသာ ထိစမ်းတယ်။ ကြမ်းလိုက်တဲ့လက်ဗျာ၊ တယောထိုးတဲ့လူ့ သည်လိုဘယ်ကြမ်းလိမ့်မလဲ။ ဒါကြောင့်အလုပ်ကြမ်းလုပ်တဲ့လူရဲ့လက်ဆိုတာ ချက်ချင်း ကျုပ်သိတယ်"

"ခေါင်းမှာ စည်းထားတဲ့ပတ်တီးအကြောင်းကကော ဆရာရဲ့"

"မျက်စိ ၂လုံး၊ လက် ၂ဖက်နဲ့လူတောင် သည့်လောက်သေသပ်အောင် မစည်းနိုင်ဘူးဗျို့။ သူ့တပည့်ကလည်း ညာဘက်လက်မရှိဘူးဆိုတော့ ဒီလူဟာ ဧကန္တ မျက်စိကောင်းရမယ်လို့ ကျုပ်တွက်တယ်"

"မှန်လိုက်လေ ဆရာရယ်"

"ပြီးတော့ ခင်ဗျားတစ်ခုပြောရဦးမယ်၊ သူ့တပည့်ငနက်က လက်ဖက်ရည်အချိုဖျော်တာမှာ သကြားထည့်ရဦးမလားလို့ မီးဖိုကလှမ်းမေးလိုက်လို့ကျား



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ကြိမ်းလိုက်သေးတယ်ဗျ။ နှစ်ရှည်လများ အခြေခံလုပ်လာတဲ့ လူတစ်ယောက်က ဒီမေးခွန်းမျိုးမေးတာ မထူးဆန်းဘူးလား"

"သူတို့စကားပြော မှုမမှန်တာ ပြတာပေါ့ဆရာရဲ့"

"ဒါပေါ့ဗျာ၊ပြီးတော့ ကျုပ်က သူမျက်စိကောင်းမကောင်း သေချာသည် ထက်သေချာအောင်မီးလင်းဖိုက ထင်းတစ်ချောင်းသူ့ခြေထောက်ပေါ်အမှတ်တမဲ့ လိုလိုနဲ့ ကန်ချကြည့်လိုက်တော့ ဖျတ်ခနဲ သူ့ခြေထောက်ရှောင်လိုက်တာ တွေ့ရ တာကိုဗျ။ သည်တော့မှ သူဟာ မျက်စိကောင်းလျက်သားနဲ့ ကန်းချင်ယောင်ဆောင် ပြီး ဦးတေနောင်နေရာမှာ လာနေတယ်ဆိုတာ တပ်အပ်သိရတာပဲဗျို့"

"ဪ ဒါထက် ဦးတေနောင်အစစ်ကကော ဘယ်ရောက်သွားသလဲ ဆရာရဲ့"

"သူ့ခြံထဲမှာ မကြာခင်က တူးဆွထားတဲ့ အလျား (၆) ပေ၊ အနံ (၃) ပေ လောက်ရှိတဲ့ မြေကွက်ကလေးတစ်ကွက် ခင်ဗျားတို့သွားရှာရင် တွေ့လိမ့်မယ်။ အမှန်တော့ မပြောနိုင်ဘူးပေါ့ဗျာ။ သို့သော် ကျုပ်စိတ်ထင်ဖြင့် ဦးတေနောင်ဟာ အဲဒီ မြေကွက်အောက်မှာ ရှိကောင်း ရှိမလားမပြောတတ်ဘူး"

"အလိုဘုရားရေ ဒီအကောင် လူသတ်မှုတစ်ခုကိုထပ်ပြီး ကျူးလွန်ပြန်ပြီ ပေါ့။ ဆရာပြောရင် လွဲမယ်မဟုတ်ပါဘူး ဆရာ"

(နောက်တစ်နေ့တွင် ထိုမြေကွက်ကလေးကို ဆိုင်ရာမှ မသင်္ကာသဖြင့် တူးဖော်ကြည့်ရာ ဦးတေနောင်၏အလောင်းကို ဒဏ်ရာများဖြင့် တွေ့ရှိရကြောင်း သိရလေသည်။)

"ဒါနဲ့များ ဆရာက ကျွန်တော်တို့ကို ဘသစ်လို့ပြောပြီး ကားသမားလို လုပ်နေတာ သိပ်ပြီးယုတ္တိရှိတာပဲ၊ နောက်လည်း အရေးအကြောင်းရှိ အားကိုးပါရစေ ဆရာ"

"အားတော့ ကိုးတာပေါ့လေ၊ နို့ပေမဲ့ ကျုပ်က အပျော်တမ်းသမားဆို တော့ စိတ်ရမှလည်း လုပ်တဲ့အကောင်"

ဂျာနယ်ကျော်၊ ၁၉၄၆ ခုနှစ်၊ ဧပြီလ၊

# ဘိန်း ဘိန်း ဘိန်း

ရန်ကုန်မြို့ လတ္တာလမ်း (လသာလမ်း) ပုလိပ်အရာရှိများသည် တရုတ် တန်းရပ်ကွက်ရှိ ကစားဝိုင်းများကို ဖမ်းဆီးအရေးယူနေပြီဟူသော သတင်းနှင့် တကွ ရန်ကုန်မြို့ပေါ်ရှိ မြောက်မြားစွာသော ဘိန်းခန်းများအကြောင်းကို ကြားရ ဖူးရာ တရုတ်လူမျိုးတို့သည် ဘိန်းအတွက် လူမျိုးတစ်မျိုးလုံး မည်မျှအောက်ကျ နောက်ကျဖြစ်ခဲ့ရသော ရာဇဝင်ကြောင်းများကို ပြန်လည်အမှတ်ရစေရန်အခါ အခွင့်အားလျော်စွာ ကျွန်ုပ်တို့ ရေးသားဖော်ပြရပေမည်။

တရုတ်ပြည်ကြီးတွင်ဂျပန်တို့သည်တရုတ်လူမျိုးများအားဘိန်းစားခြင်း၊ ဘိန်းရှူခြင်းအလေ့အထများကိုရစေရန် စနစ်တကျဖန်တီးခဲ့ကြရာ နောက်ဆုံး၌ သန်းပေါင်း ၃၀မျှသော တရုတ်တို့ ထိုအလေ့ကြီးကို တွန်းလှန်လွန်ဆန်ခြင်းငှာ မတတ်နိုင်ဘဲ တဖြည်းဖြည်း လူဖြစ်ရှုံးသောအခြေအနေသို့ဆိုက်ရောက်ခဲ့ကြလေ သည်။

ဟစ်တလာ၏ လူသတ်ဝါဒကြီးကို ယခုပြီးခဲ့သော စစ်ပွဲအဆုံး၌ သက်ဆိုင်ရာ အာဏာပိုင်များအား သေဒဏ်၊ ထောင်ဒဏ်၊ ပြည်နှင်ဒဏ်ခတ်လျက် နှိမ်နင်းခဲ့၏။ တရုတ်တို့အပေါ်တွင် ဂျပန်တို့က ဘိန်းစွဲအောင် ပြုလုပ်ခဲ့သော


www.burmeseclassic.com

www.burmeseclassic.com



ဝါဒကြီးသည်ကား ဟစ်တာလ၏ လူသတ်ဝါဒကြီးထက်ပင် ကြောက်မက်ဖွယ်ကောင်းကြောင်းနှင့် တကွ တရုတ်ပြည်တွင် ထိုဝါဒကြီးအမြစ်တွယ်ပုံ၊ တရုတ်အမျိုးသားတို့ ခံစားရပုံတို့ကို ချူကင်းမြို့ရှိ လီဒါမဂ္ဂဇင်းအထူးသတင်းထောက်က ခရေစေ့တွင်းကျ ရေးသားထားလေသည်။

ဟစ်တလာ၏ လူသတ်ဝါဒမှာ ဝါဒဖြန့်မှုများ၊ ဗုံးများ၊ စက်သေနတ်များ၊ ကျည်ဆန်များကိုသုံး၍ လွန်စွာ ကြမ်းကြုတ်၏။ သို့သော် ဂျပန်သည် တရုတ်အမျိုးသားတို့အား ဘိန်းစွဲစေခဲ့သော "အနုဝါဒ" မှာ ဟစ်တလာ၏ ရက်စက်ကြမ်းကြုတ်သော လူသတ်ဝါဒထက်ပင် ကြောက်မယ်ဖွယ် ကောင်းလေသည်။

ဂျပန်သည် ဗုံးနှင့်စက်သေနတ်များအစား ဘိန်းခန်းများ၊ ဘိန်းပြောင်းများ၊ မာဖီယာများ၊ ဘိန်းဆီပါသော ဆေးလုံးချိုများ၊ စီးကရက်များဖြင့် တရုတ်အမျိုးသားတို့၏ စိတ်ဓာတ်ကို ပျော့ပျောင်း နုံးညံ့စေလျက် အောက်သို့တဖြည်းဖြည်းကျစေ၏။

ဟစ်တလာသည် လူသတ်ဝါဒအတွက် အလောင်းများကို မီးရှို့ဖျောက်ဖျက်ရန် ဓာတ်ခန်းများ၊ ခေါင်းတိုင်များ၊ ဓာတ်ခွဲကိရိယာများကို သုံးသကဲ့သို့ ဂျပန်သည်လည်း တရုတ်အမျိုးသားတို့ ပျက်စီးစေရန် ဘိန်းခန်းများ၊ မိန်းမရှင်အိမ်များ၊ ဖိမ်ခံဟိုတယ်နှင့် ရိပ်သာများကို တရုတ်ပြည်တွင် ပိုက်ကွန်သဖွယ် ဖြန့်လျက် တရုတ်လူမျိုးတို့၏ တက်ကြွသောစိတ်ဓာတ်ကို ဖမ်းယူဆွဲနှိမ်ဖျက်ဆီးခဲ့လေသည်။

တရုတ်ပြည်သို့ဘိန်းအဖလှအထရောက်ခဲ့ခြင်းမှာအမှန်အားဖြင့် "ကပ်" ဆိုက်၍ လာခြင်းဖြစ်လေသည်။ ဘိန်းကိုရှေးဦးစွာ ၈၀၀ ပြည့်နှစ်အချိန်လောက်က အရှေ့ပိုင်းတရုတ်ပြည်သို့ ယူလာခဲ့သော်လည်း နောက်နှစ်ပေါင်း တစ်ထောင်ခန့်ရှိသောအခါ ဘိန်းကိုစွဲမြဲ၍လာလေသည်။

တရုတ်အမျိုးသားများ၏ ဘိန်းအစွဲဆုံးသော နောက်ဆုံးချိန်မှာ ၁၉၃၅ ခုနှစ်ကဖြစ်၍ ထိုအခါက ဂျင်နရယ်လိုက်စီမိုးချန်ကေရှိတ်သည် ဘိန်းစွဲခြင်းနှိမ်နင်းရေးကော်မရှင်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ အတော်ပင် အထမြောက်အောင်မြင်စွာ နှိမ်နင်းခဲ့ဖူး၏။





(၄)နှစ်အတွင်း၌ပင် ဘိန်းပင်များစိုက်ပျိုးသော မြေမှာ ဧက ၆သိန်းမှ ဧက ၂၀၀၀မျှသာရှိတော့လျက် ဘိန်းစွဲသည့်လူဦးရေမှာလည်း မှတ်ပုံတင်ပြီး (၄) သန်းမှတစ်သန်းနှင့်ငါးသောင်းအထိလျော့ကျသွားလေသည်။ ဇိဝမ်နယ်ရှိဘိန်းရှူသမား၂သန်းမှာလည်း ၇၀၀၀အထိ ကျသွားလေသည်။

၁၉၄၀ ပြည့်နှစ် နွေဦးပေါက်ရာသီတွင် ဘိန်းရှူသမား ၂၄၀၀၀တို့ကို လစဉ်ပင် ဆေးဝါးကုသပေးရကြောင်း၊ နယ် ၄နယ်၌ ပထမကြိုးပမ်းမှုအတွင်းတွင် ဘိန်းစွဲသူ ၂၀၀၀ ခန့်ကို သေဒဏ်အပြစ်ပေးလိုက်လေသည်။ ကျန် ၆၇၀၀၀ ကျော်တို့အား ထောင်ဒဏ် ၁နှစ်မှ တစ်သက်တစ်ကျွန်းအထိ အမိန့်ပေးခဲ့၏။ ထိုအခါက အစိုးရသည် ထိုအတွက် ဆေးဝါးကုသရန် ဆေးရုံပေါင်း ၂၃၀၀မျှ ဖွင့်လှစ်ထားပြီးလျှင် ထိုဆေးရုံများမှ ဘိန်းစွဲသူပေါင်း ၁,၂၀၂,၀၀၀တို့ကို တစ်ခါတည်း ကုသချွတ်ပစ်လိုက်လေသည်။

သို့သော်၁၉၄၁ခုနှစ်သို့ရောက်သောအခါ ချန်ကေရှိတ်၏၆နှစ်စီမံကိန်းမှာတဖြည်းဖြည်းအားလျော့၍လာခဲ့၏။ အဘယ်ကြောင့်ဆိုသော် တရုတ်တို့သည် ဂျပန်စစ်အတွက်လူအားငွေအားလုံးပန်းရသဖြင့် ဘိန်းအရောင်းအဝယ်နှင့်အသုံးအနှုန်းတို့ကို ယခင်ကကဲ့သို့ကောင်းစွာ မပိတ်ပင်မတားဆီးနိုင်တော့ဘဲ လျစ်လျူရှုထားရလေသည်။

ဂျပန်ရာဇဝင်အရအားဖြင့်ကြည့်လျှင် ၁၉၃၁ ခုနှစ်က မု(က)ဒင်မြို့တွင် ရုတ်တရက် ရှောင်တခင်ဖြစ်ပျက်ခဲ့ခြင်း၌ ၎င်းတို့၏ စစ်အာဏာပိုင်များသည် ကျည်ဆန်များကိုမသုံးဘဲ နစ်ကော့တင်းခေါ်မူးယစ်စေတတ်သော ဆေးဆီများကို စီးကရက်များ၊ သကြားလုံးများ၊ ဆေးလုံးများ၊ ယိုများထဲတွင်ထည့်ကာ တရုတ်ပြည်ကြီးကို စစ်နိုင်အောင် ကြံဆောင်ခဲ့လေသည်။ ၎င်းတို့သည် ထိုကုန်ပစ္စည်းများကို သတင်းစာများထဲတွင်အနှံ့အပြားကြော်ငြာ၍ကလေးသူငယ်များအားဒလန်ပွဲစားလုပ်စေပြီးလျှင် ဝယ်သူများအား သွေးဆောင်ဆွဲငင်ကြလေသည်။

ထိုအတွင်း ဂျပန်များသည် တဖြည်းဖြည်းစစ်နိုင်၍ လာခဲ့ပြီးလျှင် ထိုမူးယစ်စေတတ်သော ဘိန်းဘင်းကဖော်လော်စာ ကုတ်ကင်းရောင်းချမှုများသည်လည်း တိုးတက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အစိုးရဆေးရုံများအပြင် သူနာပြုဆိုင်များ၊ လမ်းဘေးဆိုင်ကလေးများ၊ ရွာရှိဆိုင်ငယ်ကလေးများ၊ ထမင်းဆိုင်များ၊ ဟိုတယ်များတွင်လည်း ထိုဆေးနီလုံးကလေးများနှင့်ပေါင်ဒါမှုန့်အဖြူများကိုအနှံ့အပြားရောင်းချစေ၏။ ဂျပန်များ(၃)နှစ်မင်းမူသည့်အတွင်း၌မန်ချူးရီးယားပြည်တွင် ဘိန်းပင်စိုက်ပျိုးသော မြေဧကပေါင်း ၃၀၀၀၀ကျော်၍လာ၏။ နောက်(၄)နှစ်ခန့်တွင် "ဂျီဟို" တစ်နယ်ထဲ၌ပင်ဧကပေါင်း ၁၆၀၀၀ရှိလျက် အခွန်တော် ဒေါ်လာပေါင်း ၃၀၀၀၀၀၀ (သုံးသန်း)မန်ချူးကို အစိုးရသို့ ထမ်းဆောင်ရလေသည်။

၁၉၃၉ ခုနှစ်၊ ဥရောပတိုက် စစ်စ၍ဖြစ်စဉ်က "မန်ချူးကိုး" တွင် ဂျပန်အစိုးရ၏ ခန့်မှန်းခြေ စာရင်းအရ ဘိန်းစွဲသူပေါင်း (၁၃)သန်းရှိရာ ၎င်းမှာ အရှေ့မြောက်တရုတ်နယ်ရှိ လူဦးရေသုံးပုံတစ်ပုံဖြစ်လေသည်။

(၁၀)သန်းမျှသော တရုတ်အမျိုးသားများကို ဤအဆိပ်ဆေးပေးသွင်းရန်အလို့ငှာ "တေယူရန်" ၏မြောက်ဘက်နယ်များကိုဘိန်းပင်များများမစိုက်မနေရ အမိန့်ထုတ်ပြီးလျှင်မသိနားမလည်သောလယ်သမားများအား၎င်းတို့၏ချည်များ၊ ဆန်များ၊ အဝတ်များ၊ ဝက်သားခြောက်များ၊ ဆီများ၊ မီးသွေးများကိုပ ဘိန်းပါသော ဆေးနီလုံးများဖြင့် လဲလှယ်ယူရန် သွေးဆောင်ကြကုန်၏။

ယခုလက်ရှိ တရုတ်အစိုးရတွေ့၍နေရသော ပြဿနာတစ်ရပ်မှာ ကြွင်းကျန်နေသော ဘိန်းဆိုင်များ၊ ဘိန်းခန်းများဖြစ်၍ နန်ကင်းမြို့တွင် ဘိန်းဆိုင် ၃၀ ရှိ၍ ဘိန်းခန်းပေါင်း ၁၇၅ ခန်းရှိလေသည်။

၎င်းဝို့ကို ဂျပန်အား စစ်နိုင်သောနေ့ ကျင်းပပြီးနောက် တရုတ်ပြည် တစ်ပြည်လုံးရှိ ဘိန်းဆိုင်ဘိန်းခန်းမှန်သမျှကို ပိုက်စိပ်တိုက်၍ ရှာဖွေစစ်ဆေးပြီးလျှင် နှိပ်ကွပ်ရန် ကော်မရှင်အဖွဲ့များကို သူ့နယ်နှင့်သူ ခန့်ထားပြီးဖြစ်လေသည်။

ထိုမျှသာမကသေး နန်ကင်းမြို့သို့ မြို့တော်ပြန်၍ရွှေ့ခဲ့ပြီးနောက် စစ်ပြီးငြိမ်းချမ်းရေး ကြေညာပြီးသည့်အခါမှစ၍ အစိုးရသည် ထိုအလေ့အကျင့်ကြီးကို ပပျောက်စေရန် လူထုအစည်းအဝေးပွဲများပြုလုပ်ခြင်း၊ အသံလွှင့်ခြင်း၊ ပညာရေးသက်ဆိုင်ရာအစီအစဉ်များပြုလုပ်ခြင်း၊ တရားဟောပွဲများပြုလုပ်ခြင်း၊ အသံလွှင့်





ခြင်း၊ ပြဇာတ်များ ထိုးဇာတ်များပြခြင်း၊ ရုပ်ရှင်ပြခြင်း အစရှိသော အမျိုးမျိုးသော ဝါဒဖြန့်မှုများကို အပူတပြင်း စိုင်းပြင်းစီစဉ်လျက်ရှိရလေသည်။

ထို့ပြင် ဘိန်းရောင်းသူများကိုလည်း သင့်လျော်ရာ အလုပ်အကိုင်များ ပေး၍ဘိန်းဖြတ်ဆေးများကိုလူသိများအောင်ကြေညာလျက်ဘိန်းစွဲသမားများကို ချုပ်ရလေသည်။ ထို့နောက် ဘိန်းစွဲသမားများကို သင့်လျော်သော ဆေးများ၊ အစားအစာများပေး၍ ကိုယ်လက်လှုပ်ရှား ကစားစေခြင်းဖြင့် လူချင်းတူအောင် ဖန်တီး၍ပေးရလေသည်။

(၆)လမျှ ဤသို့စောင့်ဆိုင်းပြီးနောက် မစ္စတာဝမ်သည် အစိုးရအား ဘိန်းပင်စိုက်သူ၊ ဘိန်းရောင်းသူ၊ ဘိန်းစားသူ၊ ဘိန်းရှူသူအားလုံးကိုပင်အာဏာကို ဖီဆန်ကသေဒဏ်အပြစ်ပေးရန် သတိပေးတိုက်တွန်းထားကြောင်းနှင့်ထိုသတင်း ထောက်က ရေးသားထားကြောင်း။

သို့ဖြစ်ရကားကျွန်ုပ်တို့နိုင်ငံ၌လည်းအာဏာလွှဲပြောင်းပြီးသည့်နောက် ဘိန်းစွဲသည့် အလေ့အထသည် လူ၏ ကာယဗလ၊ ဉာဏဗလ ၂ခုစလုံးကိုပင် တဖြည်းဖြည်းချို့တဲ့စေမှုကို ဖန်တီးကြောင်း သိရှိပြီးဖြစ်သည့်အတိုင်း အစိုးရသည် ဤမလေ့ဆိုးကြီးကိုလည်း လျစ်လျူရှု၍ မထားဘဲ စောနိုင်သမျှစောစွာ နှိမ်နင်းသုတ်သင်အပ်ကြောင်း၊ ဤကိစ္စကိုမြန်မာပြည်ရှိတရုတ်ခေါင်းဆောင်ကြီးများပါကူညီထိုက်ကြောင်း ယခုကပင် ကြိုတင် သတိပေးအပ်ပါကြောင်း။

သတင်းစုံ။

www.burmeseclassic.com

www.burmeseclassic.com

# အချိန်ခရီးသွား

ဦးစိတ္တသည် (၇)ထပ် အဆောက်အအုံကြီးတစ်ခု အပေါ်ဆုံးထပ်ရှိ အခန်းတစ်ခန်းထဲမှ ဝရန်တာသို့ ထွက်ခဲ့ပြီးလျှင် ဓာတ်လှေကား ရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။

အဆောက်အအုံ၏အလယ်တွင်ကိုယ်တိုင်မောင်းနှင်ရသောဓာတ်လှေကားရှိ၍ ဦးစိတ္တသည် ထိုဓာတ်လှေကားဖြင့် မြေညီထပ်သို့ ဆင်းခဲ့၏။ ထို့နောက် သူသည်အဆောက်အအုံနှင့်လမ်းမကြီးစပ်ကြားတွင်ရှိသောလူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့ရာ မိမိ၏မျက်နှာချင်းဆိုင်ဘက်မှ လာနေသော မိန်းမပျို တစ်ယောက်ဆောင်းထားသည့် ထီးအစွန်းကို မတော်တဆ ဝင်၍တိုက်မိသဖြင့် –

"ဗြော် မတော်လို့ပါ၊ စိတ်မရှိပါနဲ့ ဝူမကြီး" ဟု တောင်းပန်လိုက်၏။

ထိုအခါ မိန်းကလေးကလည်း –

"ကိစ္စမရှိပါဘူး၊ မတော်လို့ တိုက်မိတာပဲ"





ဟု နှုတ်ကပင် မပြောသော်လည်း ခွင့်လွှတ်သည့်အမူအရာဖြင့် ဦးစိတ္တအား ခပ်ပြုံးပြုံးကြည့်ကာ အဆောက်အအုံဘက်သို့ ဆက်လက်လျှောက်သွားလေသည်။

ဦးစိတ္တသည် ဘေးဘီကိုပင် ကောင်းစွာမကြည့်နိုင်ဘဲ လမ်းမကြီးပေါ်သို့ ရောက်အောင်သာ အပြေးအလွှားလျှောက်သွားလေ၏။ သူသည် (၇)ထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ်အခန်းတစ်ခန်းထဲတွင် ဒေါက်တာမိုးသီးဆိုသူအား စားနှင့်ထိုး၍သတ်ဖြတ်သဖြင့် ထိုနေရာမှ ဝေးနိုင်သမျှ အဝေးဆုံးရောက်အောင် အပြေးအလွှား လာခဲ့ခြင်းဖြစ်လေသည်။

စားပွဲပေါ်သို့ကျကာ အလျားမှောက် သေဆုံးလျက်ရှိသော ဒေါက်တာဦးမိုးသီး၏ အလောင်းကိုလည်းကောင်း၊ ဓားဒဏ်ရာမှ ပန်းထွက်သည့် သွေးစသွေးနများ စွန်းထင်းနေသော စာအိတ်နှင့် စာများကိုလည်းကောင်း မျက်စိထဲတွင် မြင်ယောင်နေမိ၏။

"ငါလွတ်အောင် ပြေးမှပဲ၊ ဘယ်နည်းနဲ့မဆို ငါလွတ်ရမယ်။ နို့ပေမဲ့ တစ်ခု ရှိတာက စာတွေကို ငါမယူခဲ့မိတာက ခက်တယ်။ ဒီစာတွေကိုကြည့်ပြီး ရဲဘက်က ငါ့ကိုခြေရာခံလိုက်နိုင်တယ်။ အေးလေ ဘာပဲဖြစ်ဖြစ် အခုလိုလွတ်လာတာ တော်သေးရဲ့" ဟု လှုပ်ပြက်နေဘိသကဲ့သို့ စိတ်ထဲမှ အကြိမ်ကြိမ် စဉ်းစားမိ၏။

ထိုခေတ်၌ လူသတ်မှုအတွက် "သေစား သေစေ" အပြစ်ဒဏ်ကား မရှိတော့ချေ။ သို့သော် "တစ်သက်တစ်ကျွန်း" အပြစ်ဒဏ်မှာ ဆက်လက်တည်ရှိ၍ ထောင်ထဲတွင် နှစ်ပေါင်း(၄၀) ကျခံရမည်ဖြစ်၏။ ဦးစိတ္တသည် ထိုအကြောင်းများကို စဉ်းစားလိုက်သောအခါ ယခင်ကထက်ပင်ပို၍ တုန်လှုပ်မိ၏။ ခြေလှမ်းများမမှားရန်ကိုပင် အတော်ဂရုစိုက်၍ လျှောက်နေရ၏။

ဦးစိတ္တသည် စားပွဲပေါ်တွင် ကျန်ရစ်ခဲ့သော မိမိလက်ရေးဖြင့် ဦးမိုးသီးသို့ ပေးသည့်စာများကိုပြန်၍ယူဦးမည်ဟု စဉ်းစားမိသေး၏။ သို့သော် နောက်ကျခဲ့လေပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ဦးစိတ္တမှာ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသူ တစ်ယောက်ဖြစ်ခဲ့၏။ သို့သော် သူ့ထက်အသက်ကြီးသော ဇနီးဖြစ်သူမှာ နာတာ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရောဂါသည်ကြီးတစ်ဦးဖြစ်၍ နှစ်ပေါင်းအတော်ကြာမျှ အိပ်ရာထဲမှ မထနိုင်အောင် ရှိခဲ့၏။

ထိုအချိန်များအတွင်း၌ဦးစိတ္တသည် သူ၏အလုပ်တိုက်မှ လက်နှိပ်စက်စာရေးမကလေးတစ်ယောက်နှင့်တိတ်တဆိတ်အကျွမ်းဝင်ခဲ့၏။ ဤကဲ့သို့အကျွမ်းဝင်ခဲ့ရာမှ တစ်နှစ်ခန့်ကြာသောအခါ အမျိုးသမီးမှာ မဖုံးမဖိနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့လေသည်။

ဤတွင် ဦးစိတ္တသည် မိမိအားနှစ်ပေါင်းအတော်ကြာမျှဒုက္ခပေးခဲ့သည့် ဇနီးဟောင်းအား တစ်ခါတည်း ရှင်းလင်းပစ်ရန် စိတ်ကူးပေါက်၍လာမိ၏။ သို့နှင့် သူသည် ဒေါက်တာမိုးထံသို့ ချဉ်းကပ်ခဲ့လေသည်။ ဒေါက်တာမိုးအမည်ခံ ဦးမိုးသီးမှာနိုင်ငံခြားတွင်(၁၀)နှစ်ကျော်ကျော်မျှဆေးပညာရပ်များကိုလိုက်စားခဲ့သူ ဆရာဝန်ကြီးတစ်ဦးဖြစ်၍ သာမန်အိပ်ဆေးနှင့် အဆိပ်ဆေးများအပြင် ထူးခြားဆန်းကြယ်သည့် အဆိပ်အမျိုးမျိုးအကြောင်းကို ကောင်းစွာလေ့လာလိုက်စားခဲ့သူ တစ်ဦးလည်းဖြစ်သည့်အတိုင်း အဆိပ်ဆေးဘက်တွင် ပါရဂူတစ်ဦးဖြစ်လေသည်။

တစ်နေ့တွင် ဦးစိတ္တသည် ဦးမိုးသီးထံ လာရောက်၍ နာတာရှည်ရောဂါသည်ကြီးဖြစ်သော မိမိ၏ဇနီးအားသေပြီးသည့်အချိန်၌ပင် အဆိပ်၏လက္ခဏာကို မတွေ့နိုင်သည့်အဆိပ်မျိုးဖြင့် သုတ်သင်ပေးရန် တိတ်တဆိတ်တိုင်ပင်လေသည်။ ထိုအချိန်က ဒေါက်တာမိုးမှာ အလွန်ငွေကြေးကျပ်တည်းနေသည့်ပြင် မိမိအပေါ်၌ အပူမပေးနိုင်သော မည်သည့်ရာဇဝတ်မှုမျိုးကိုမဆို ကျူးလွန်ဝံ့သူတစ်ဦးဖြစ်သောကြောင့် နောက်ဆုံးတွင် ငွေငါးထောင်ဖြင့် ဈေးတည့်ခဲ့ကြ၏။

ဒေါက်တာမိုး၏ဆေးမှာ လက်သန်းဖျားခန့်သာရှိသော နာပုလင်းကလေးတစ်လုံးနှင့် အိမ်မြှောင်ဥအရွယ်ရှိသော ပန်းနုရောင် အိပ်ဆေးကလေးတစ်လုံးသာဖြစ်၏။ လူမမာအား ပထမနာကို ရှူစေပြီးလျှင် နောက်တစ်နာရီခန့်အကြာ အိပ်ရာဝင်ချိန်၌ ထိုအိပ်ဆေးကလေးကို တိုက်ကျွေးရန် ဖြစ်လေသည်။

ဇနီးဖြစ်သူသေဆုံး၍အားလုံးကိစ္စများ ချောမောအောင်မြင်ပြီးနောက် ထိုလျှို့ဝှက်ချက်မှာ မည်သည့်နည်းနှင့်မျှမပေါက်ကြားဘဲ အေးချမ်းလုံခြုံစွာ ရှိနေခဲ့၏။





သို့သော်နောက်ငါးနှစ်ခန့်ကြာသောအခါ ဒေါက်တာမိုးထံမှ ဦးစိတ္တထံသို့ ငွေညှစ်သောစာတစ်စောင် မမျှော်လင့်ဘဲ ရောက်ရှိလာ၏။ ထိုစာ၏အဆိုမှာ ယင်းကိစ္စလုံခြုံမှုအတွက် မိမိအားတစ်လလျှင်ငွေ၃၀၀ကျပ်လစဉ်မှန်မှန်ပေးရမည် ဖြစ်ကြောင်း ပါရှိလေသည်။

သို့နှင့် ဦးစိတ္တသည် ဒေါက်တာမိုးအား ထိုငွေများကို လစဉ်မှန်မှန်ပေးရလေရာ ထိုနေ့က ယင်းလျှို့ဝှက်သည့်ကိစ္စကို တစ်ခါတည်းငွေ၅၀၀၀နှင့် ကျေအေးပါမည့်အကြောင်း ပြောဆိုရန် ဒေါက်တာမိုးထံ လာရောက်ခဲ့ခြင်းဖြစ်၏။ သို့သော် ဒေါက်တာမိုးမှာ အလွန်လောဘကြီးသူတစ်ယောက်ဖြစ်သည့်အတိုင်း ငွေတစ်သောင်းရမှသာ ကျေနပ်မည်ဟု ငြင်းပယ်လျက်ရှိသဖြင့် တစ်ယောက်နှင့် တစ်ယောက် အချေအတင်ပြောဆိုငြင်းခုံကြပြီးနောက် နောက်ဆုံးတွင် ဦးစိတ္တသည် ဆက်လက်သည်းမခံနိုင်တော့ဘဲ ဒေါက်တာမိုးအား ကိစ္စတုံးနှုတ်ပိတ်လိုက်ခြင်းဖြစ်လေသည်။

◈

ယင်းအဖြစ်အပျက်များ ဖြစ်ပျက်နေသည့် အချိန်သည် ကား ၂၁၃၅ ခုနှစ်ဖြစ်၍ လူတို့၏သက်တမ်းမှာလည်း နှစ်ပေါင်း ၂၅၀မျှ အသက်ရှည်နိုင်သည့် အချိန်ဖြစ်၏။ နှစ်ဆယ်ရာစုနှစ်မှစ၍ သိပ္ပံပညာနှင့် ဆေးဘက်ဆိုင်ရာ အတတ်ပညာတို့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာခဲ့ရာ ယခု ၂၂နှစ်ရာစုနှစ်သို့ ရောက်သောအခါ မြန်မာပြည် လူဦးရေ၏ ၅၀ရာခိုင်နှုန်းမှာ အသက် ၁၀၀ကျော်မျှရှည်၍ ၂၀ရာခိုင်နှုန်းမှာ ၂၀၀နီးပါးမျှ အသက်ရှည်လျက်ရှိကြလေပြီ။ ထိုအချိန်၌ အစာအိမ်ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျား၊ ပန်းနာ၊ ကျောက်ကြီးရောဂါတို့မှာ မရှိသလောက် ရှားပါး၍ ကင်ဆာရောဂါကိုပင် နိုင်နင်းစွာ ကုသနိုင်ခဲ့လေပြီ။

စက်ရုံနှင့် အလုပ်ရုံကြီးများသည်လည်း နိုင်ငံခြားနှင့် ပခုံးချင်းယှဉ်ပြိုင်လျက်ရှိပြီးလျှင် လုပ်သားပြည်သူများ၏စားဝတ်နေရေးသည်လည်း တစ်စုံတစ်ရာ ပူပင်သောက ဖြစ်စရာမရှိ၊ အစားအသောက်နှင့်တကွ အဝတ်အထည်များပါ သင့်လျော်သည့်ဈေးနှုန်းဖြင့် လိုသလောက်ရ၍ နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကလာပမြို့ကြီးကား အလွန့်အလွန် စည်ကားလျက်ရှိနေ၏။

ဦးစိတ္တလျှောက်လာခဲ့သောလမ်းမှာ ဥက္ကလာပမြို့ကြီး၏ ဗဟိုလမ်းမကြီးတစ်ခုဖြစ်၍ သူဆင်းလာခဲ့သော ဂုထပ်တိုက်နှင့် မျက်နှာချင်းဆိုင်ဘက် ကိုက် ၂၀၀ခန့်ဝေးသောနေရာတွင် (၈)ထပ်တိုက် အဆောက်အအုံကြီးတစ်ခုရှိ၏။ ထို (၈)ထပ်တိုက်ကြီးသို့ရောက်ရန် ဦးစိတ္တသည် လမ်းကိုဖြတ်၍ ကူးရပေဦးမည်။

ကျယ်ပြန့်သောလမ်းမကြီးပေါ်၌ကား ကားများသည် လက်ယာမောင်းစနစ်ဖြင့် ဥဒဟိုပြေးလျက်ရှိရာ၊ ဘတ်(စ်)ကားများထက် ကိုယ်ပိုင်များက ပို၍များ၏။ ကားပုံစံများမှာလည်း လေးထောင့်ပုံ၊ ဘဲဥပုံ၊ တော်ပီဒိုပုံစသည်ဖြင့် အလွန်ထွေထူးဆန်းပြားလှပေသည်။

လမ်းမကြီးပေါ်၌ကားများသည်အနည်းဆုံးတစ်နာရီလျှင်မိုင်၆၀နှုန်းဖြင့် ပြေးလွှားလျက်ရှိရာ ဦးစိတ္တသည် ကားများကိုရှောင်ရှားကာ အခြားဘက်သို့ လျင်မြန်စွာ ကူးသွားလေသည်။ သို့သော် အခြားဘက်သို့ရောက်အောင် မကူးနိုင်သေးဘဲ လမ်းအလယ်ရှိအဖြူမျဉ်းကြောင်းပေါ်တွင် ခေတ္တမျှရပ်နားနေလေ၏။ အခြားဘက်တွင် ကားများအဆက်မပြတ်ရှိနေသည်ကို တစ်ခဏမျှစောင့်ကြည့်နေရ၏။

ဦးစိတ္တသည် ကားများအဆက်ပြတ်သည်နှင့်တစ်ပြိုင်နက် လမ်းကိုဖြတ်၍အခြားဘက်သို့ လျင်မြန်စွာ ကူးသွားလေရာ လူသွားစင်္ကြံပေါ်တွင် လမ်းလျှောက်လာသော လူငယ်တစ်စုကိုမြင်ရ၏။

၎င်းပဉ္စမှာ အသက် ၁၅နှစ်မှ ၂၀အရွယ်အတွင်းရှိ လူငယ်များဖြစ်၍ အဝတ်အစား ပေါင်းနွမ်းစုတ်ပြတ်လျက် ပေါသီချင်းများ ဟစ်အော်သီဆို၍ လာကြ၏။

လမ်းမပေါ်မှ လူသွားစင်္ကြံပေါ်သို့ မရောက်မီ ၃–၄ပေခန့် အကွာသို့ အရောက်တွင်အရှိန်ပြင်းစွာဖြင့်မောင်းလာသောကားသံနှင့်အတူအဆက်မပြတ် ခပ်ရှည်ရှည်ဆွဲ၍လာသော ဘက်ထရီဟွန်းသံတစ်ခုကိုလည်း ဦးစိတ္တနားထဲ၌ကြားလိုက်ရ၏။





"ဟာ"

ဟူသောအသံနှင့်အတူ လူငယ်များထဲမှ သူငယ်တစ်ယောက်ဦးစိတ္တ၏ လက်တစ်ဖက်ကိုလျင်မြန်စွာဆောင့်၍ဆွဲလိုက်သဖြင့်ဦးစိတ္တမှာစင်္ကြံသမံတလင်းပေါ်သို့ လဲကျသွားတော့မည်ကဲ့သို့ပင် ဖြစ်သွား၏။ သို့သော် အခြားလူငယ်နှစ်ယောက်က ဖေးမ,ထားသဖြင့်သာ ဦးစိတ္တမှာ လူသွားစင်္ကြံပေါ်သို့မှောက်လျက်လဲမသွားခဲ့ချေ။

လူသွားစင်္ကြံကိုကပ်၍ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသောကားမှာ တစ်နာရီလျှင် မိုင်၁၀၀နှုန်းဖြင့် အရှိန်ပြင်းစွာ မောင်းနှင်လာသော ရဲကားဖြစ်လေသည်။

"ဟာ နည်းနည်းကလေး လိုတော့တယ်"

"ဒီလူကြီး ကံကောင်းလို့ပေါ့"

လူငယ်များသည်ဦးစိတ္တအားကားမတိုက်မိဘဲလွတ်မြောက်သွားသည်ကို တအံ့တသြကြည့်ကာ တစ်ယောက်တစ်ပေါက် ပြောဆို၍ သွားကြလေသည်။

ဦးစိတ္တသည် ထိုလူသွားစင်္ကြံအတိုင်း ကိုက် ၂၀၀ခန့်မျှ ဆက်လက်သွားလေရာ (၈)ထပ်တိုက်ကြီးရှေ့သို့ရောက်ရှိလာလေ၏။ တိုက်ကြီးမှာမြေညီထပ်မှစ၍ အပေါ်ဆုံးထပ်အထိ တစ်ထပ်လျှင် ၁၀ ခန်းမျှရှိ၏။ တိုက်၏လက်ဝဲဘက်အစွန်ဆုံး အခန်းတစ်ခန်းမှာ နှစ်ခန်းတွဲယူထားသဖြင့် အခြားအခန်းများထက် ကျယ်ပြန့်ပြီးလျှင် မျက်နှာစာအဆင်အပြင်မှစ၍ အခြားအခန်းများထက် သာ်ရပ်၍ခန့်ညားထည်ဝါလှပေ၏။ အခန်း၏အလယ်တွင်၆ပေခန့်ရှိသည့်အနက်ရောင် ပျဉ်တစ်ချပ်ပေါ်တွင် အနီရောင်နီယွန်မီးချောင်းဖြင့် "ကာလယန္တရား" ဟု ဆိုင်းဘုတ်တပ်ထားသည်ကို တွေ့ရ၏။

ဦးစိတ္တသည် အခန်းရှေ့တွင် ခေတ္တမျှရပ်နေပြီးနောက် ဆင်နားရွက်တံခါးကလေးကိုဖွင့်ကာ အတွင်းသို့ ဝင်သွားလေသည်။

အခန်းတွင်း၌ကား ကျောက်ဖြူပြားများ ခင်းထား၍ ဘေးတစ်ဖက်ရှိ စားပွဲတစ်လုံးတွင် အသက် ၄၀ခန့်ရှိ လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိတ္တ ဝင်လာသည်ကိုမြင်လျှင် ထိုသူသည် စားပွဲမှထ၍လာပြီးနောက် ဦးစိတ္တအား ကြိုဆိုနှုတ်ဆက်သည့် အမူအရာဖြင့် -

"ဘာကိစ္စပါလဲ ခင်ဗျာ၊ ထိုင်ပါ"

"ကိစ္စကတော့ ခရီးသွားဖို့ ကိစ္စပါပဲ"

"ကျွန်တော်တို့ ကာလယန္တရားနဲ့ သွားဖို့လား ခင်ဗျာ"

"ဟုတ်ပါတယ်"

ဦးစိတ္တသည် သူညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီးနောက် သက်ပြင်းတစ်ချက်ချ၍ အဖြေပေးလိုက်၏။ ထိုအခန်းမှာ စိတ္တဗေဒပညာရှင် ပါရဂူကြီးတစ်ဦးက တီထွင်လုပ်ကိုင်ထားသည့် "အချိန်ခရီးသွားစက်" (ကာလယန္တရား)ဖြင့် အဖိုးစားနားပေးပြီးလျှင် ခရီးသွားနိုင်ကြ၏။

ထိုခေတ်မှာ သိပ္ပံပညာများအလွန်တိုးတက်လျက်ရှိသော ခေတ်ဖြစ်၍ ရုပ်မြင်သံကြားတယ်လီဖုန်းဖြင့် စကားပြောနိုင်သောအခန်းများ၊ ကာလယန္တရားဖြင့် ခရီးသွားနိုင်သော အခန်းများကိုပင် ဖွင့်လှစ်ထားနိုင်ခဲ့လေပြီ။

ကာလယန္တရားစက်ဖြင့် ခရီးသွားလိုသူများအား အဖိုးစားနားယူ၍ လက်ခံသောစာရေးသည် ဦးစိတ္တအား စီးကရက်များနှင့် ဧည့်ခံပြီးလျှင် -

"ဘယ်ကို ပို့ဆောင်ပေးရမလဲ ခင်ဗျာ၊ အတိတ်ကိုလား အနာဂတ်ကိုလား"

"ကျုပ်သွားချင်တာက အတိတ်ကို ပြန်သွားချင်တာပါ"

"ဟုတ်ကဲ့ ရပါတယ်၊ အဖိုးစားနားကတော့ အနာဂတ်ကို သွားတာလောက် ဈေးမများလှပါဘူး၊ အချိန်ဘယ်လောက်ကြာကြာ လိုချင်ပါသလဲ"

"တစ်နာရီလောက်ဆိုရင် တော်လောက်ပါပြီ"

"အသွားနာရီဝက် အပြန်နာရီဝက်ဆိုပါတော့"

"ဟုတ်ပါတယ်"

"တစ်နာရီကို ၃၀၀၀ ပေးရလိမ့်မယ် ခင်ဗျ"

"ကဲလေ ပေးရတာပေါ့၊ ကျုပ်ကြည့်ချင်တာကလေးတွေ တစ်ခုနှစ်ခု ကြည့်ပြီး ပြန်ဖို့ပါပဲ"





"ဟုတ်ပါတယ်၊ အတိတ်ကအချိန်တွေမှာ ဖြစ်ခဲ့ပျက်ခဲ့တာတွေ ဦးမင်း မြင်တွေ့ရမှာပါ ခင်ဗျာ၊ တစ်နာရီနဲ့ ပြန်ရောက်အောင်ဆိုတော့ နာရီဝက်အချိန် စေ့တဲ့ အခါ အခုထဲမှာ မီးနီကလေး ပြလိမ့်မယ် ခင်ဗျ။ ဒီအခါ ဦးမင်းက မီးကလေးအောက်တည့်တည့်မှာရှိတဲ့ ခလုတ်ကို နှိပ်လိုက်ရင် အပြန်ခရီးလမ်းပေါ်ကို အလိုအလျောက် ပြောင်းသွားတာပါပဲ။ ဒီအချက်တွေက အထူးဂရုစိုက်ရလိမ့်မယ် ခင်ဗျ၊ ကျန်အချက်တွေတော့ ဆရာကြီးက ပြောပြပါလိမ့်မယ်"

ဦးစိတ္တသည် အိတ်ထဲတွင်ပါလာသော ငွေစက္ကူများကိုထုတ်၍ ငွေ၃၀၀၀ ရေတွက်ပြီးလျှင် စာရေးဖြစ်သူက ဦးစိတ္တ၏ လိပ်စာအပြည့်အစုံကို မေးပြီးနောက် ကာလယန္တရားဖြင့် အတိတ်သို့အသွားအပြန် တစ်နာရီသွားမည့်အတွက် ငွေ၃၀၀၀ ရရှိကြောင်း ပြေစာလက်မှတ်ရေးထိုးပေးလေသည်။

"ကဲ ...ကြွပါ ခင်ဗျာ၊ အခန်းထဲကို"

စာရေးသည် ဦးစိတ္တအားအတွင်းဘက်သို့ ခေါ်သွားလေ၏။ အတွင်းဘက်ရှိအခန်းမှာ အိမ်ရှေ့ဧည့်ခန်းထက် သပ်ရပ်၍ အစိမ်းနုရောင်တိုက်နံရံများတွင် နံရံကပ် ဗီရိုကြီးများအတွင်း၌လည်း စာအုပ်ကြီးများဖြင့် ပြည့်နှက်လျက်ရှိ၏။ မျက်နှာကြက်တွင် မြှုပ်နှံထားသည့် မီးချောင်းများဖြင့် အခန်းပတ်ဝန်းကျင်ကို အလင်းရောင် ပေးထား၏။ အခန်း၏ အလယ်၌ကား ဂုပေခန့်အမြင့်ရှိသည့် ဒုံးပျံထိပ်ဖူးသဏ္ဌာန် ဖန်ပေါင်းချောင်ကြီး တစ်ခုရှိရာ တစ်ဖက်တွင် လူတစ်ယောက် ဝင်သာရုံမျှ တံခါးပေါက်တစ်ခုရှိသည်ကို မြင်ရ၏။ ဖန်ပေါင်းချောင် တစ်ခုဟု ဆိုရသော်လည်း နို့နှစ်ရောင်အဆင်းရှိပြီးလျှင် အလွန်ထူထဲသော မှန်ချပ်များဖြင့် ပြုလုပ်ထားသောကြောင့် အပြင်မှ အတွင်းသို့လည်းကောင်း၊ အတွင်းမှ အပြင်သို့လည်းကောင်း မမြင်နိုင်ချေ။ ပေါင်းချောင်၏ထိပ်ဖျားမှာ လျှပ်စစ်ကြိုးများဖြင့် အတွင်းခန်းဘက်သို့ ဆက်သွယ်ထားသည်ကိုလည်း တွေ့ရ၏။

အခန်းကြီး၏ လက်ယာဘက်တစ်နေရာတွင် မှန်စားပွဲတစ်ခုရှိရာ စားပွဲ၏နောက်ကုလားထိုင်တွင် ဆံပင်များဆွတ်ဆွတ်ဖြူလျက်ရှိသော အသက် ၇၀ ခန့်ရှိ လူကြီးတစ်ယောက် ထိုင်နေသည်ကိုမြင်ရ၏။ ထိုလူကြီးမှာ ထူထဲသောမျက်မှန်ဝိုင်းကြီးကို တပ်ထား၍ အသားအရေမှာ အတန်ငယ် တွန့်လိပ်နေပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



လည်း ထင်ဖေါ်သောနာတံနှင့် နိုင်ခန့်သောမေးရိုးတို့မှာ အလွန်ခန့်ညားသော အသွင်ကိုဆောင်လျက်ရှိ၏။ စာရေးကလေးက ညွှန်ပြသည့်အတိုင်း ဦးစိတ္တသည် မှန်စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်၏။ ထိုလူကြီးသည် ဦးစိတ္တအား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် စာရေးကလေးဘက်သို့ လှည့်လျက် –

"ဒီကမိတ်ဆွေက ခရီးသွားမယ့်လူလား မောင်ဖိုးလုံ"

"မှန်ပါတယ် ဆရာကြီး"

"ရှေ့ကိုလား၊ နောက်ကိုလား"

"နောက်ကိုပြန်သွားမယ့် ခရီးသည်ပါ ဆရာကြီး"

"အတိတ်ကို ဟုတ်လား။ ပြေစာကော ပေးပြီးပြီလား"

"ပေးပြီးပါပြီ ဆရာကြီး"

သို့နှင့် စာရေးကလေးသည် စာရွက်တစ်ရွက်ကို ဆရာကြီးအား လှမ်း၍ ပေးလိုက်၏။

"ခက်အကြောင်းကော နည်းနည်းပါးပါး ပြောပြပြီးပလား"

"ဟုတ်ကဲ့၊ အတော်အသင့်တော့ ကျွန်တော် ပြောပြီးပါပြီ"

"ကောင်းပြီ၊ မင်းသွားနိုင်ပြီ မောင်ဖိုးလုံ"

အခန်းထဲမှ စာရေးကလေးထွက်သွားပြီးနောက် ဆရာကြီးသည် ဦးစိတ္တဘက်သို့ ကုန္နြေကြီးစွာဖြင့် လှည့်လိုက်ပြီး လျှင်ပြုံးသည်ဆိုရုံမျှ ပြုံးလိုက်၏။

"နာမည်က ဦးစိတ္တတဲ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"သွားလိုတဲ့ အချိန်က တစ်နာရီ ဟုတ်စ"

"မှန်ပါတယ်"

"တစ်နာရီဆိုတာက အသွားနာရီဝက်၊ အပြန်နာရီဝက်ဆိုတာ သိထားရမယ်"

"စာရေးကလေး ပြောလို့ သိထားပြီးပါပြီ ခင်ဗျာ"





"အင်း အချိန်ခရီးသည်ဆိုတာ လဟာပြင်သွားနေတဲ့ ခရီးသည်လို မဟုတ်ဘူး။ စိတ်ကိုတည်ငြိမ်နိုင်သလောက် တည်ငြိမ်အောင်ထားပြီး ခရီးသွားနေတဲ့အတွင်း ဘာကိုမျှဂရုမပြုရဘူးဆိုတာ ပထမဆုံးနားလည်ထားရမယ်။ ကဲ ဟော ဒီကတ်ပြားကလေးပေါ်က အချိန်ခရီးသည်များလိုက်နာရမယ့် စည်းကမ်းချက်တွေကို ဖတ်ကြည့်ပေတော့"

ဆရာကြီးသည် စားပွဲအံဆွဲထဲမှ ကတ်ပြားကလေးတစ်ခုကို ထုတ်ပေးရာ ဦးစိတ္တလည်း ကတ်ပြားကလေးပေါ်တွင် ပုံနှိပ်ထားသည့် စာများကို ဖတ်ကြည့်လေသည်။ ကတ်ပြားပေါ်တွင် ပါရှိသော စာမှ အောက်ပါအတိုင်း ဖြစ်၏။

အချိန်ခရီးသည်များ ဂရုပြုရန် အချက်ကြီးများ

၁။ သမာဓိဖြင့် မိမိစိတ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ထားရမည်။

၂။ မီးနီပြသောအခါ အောက်ဘက်ရှိ ခလုတ်ကိုနှိပ်လိုက်ရန်။

၃။ အတိတ်ကာလတွင် မိမိတွေ့မြင်ရသော အရာများကို မည်သည့်နည်းနှင့်မျှ အနှောင့်အယှက် မပြုရ။

၄။ မိမိနှင့် သိကျွမ်းဖူးသူများက တွေ့လျှင်လည်း ၎င်းတို့အား နှုတ်ဆက်ခြင်း၊ စကားပြောဆိုခြင်း၊ ဟစ်အော်ခေါ်ငင်ခြင်း မပြုရ။

ဦးစိတ္တသည် ကတ်ပြားကလေးပေါ်ရှိ စာများကို အပြန်ပြန်အလှန်လှန် ဖတ်လျက်ရှိနေ၏။ ဆရာကြီးက ဦးစိတ္တအား –

"နံပါတ် ၃ အချက်နဲ့ ပတ်သက်ပြီး ဦးစိတ္တကို နည်းနည်းပါးပါး ပြောချင်တယ်။ ဒါက ဘာလဲဆိုတော့ အဲဒီလို အတိတ်ကို ခရီးသွားနေတုန်း လမ်းခရီးမှာ ကိုယ်လိုချင်တဲ့အရာတွေ၊ ကိုယ်တွေ့ချင်တဲ့လူတွေ၊ အင်မတန်ဆန်းကြယ်တာတွေ တွေ့ချင်တွေ့ပေမို့မယ်။ ဒီအခါ ဦးစိတ္တဟာ ဒီဟာတွေကိုသွားပြီး ဘယ်နည်းနဲ့မျှ ကိုင်လားတွယ်လား မလုပ်ရဘူး။ လူဆိုရင်လည်း ပြောလားဆိုလား မလုပ်ရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဥပမာတစ်ခုပြောရရင် လမ်းမှာရွှေဒင်္ဂါးတစ်ပြားကျနေတာ တွေ့ပါစေ ကောက်ပြီး မယူရဘူး။ ဒီအချက်ဟာ အရေးအကြီးဆုံး အချက်ပဲ"

"ကျွန်တော် ကောင်းကောင်း နားမရှင်းသေးပါဘူး ဆရာကြီး"

"ဒီလိုဗျာ ဦးစိတ္တ၊ သွားမယ့်လမ်းခရီးမှာ ဘယ်လောက်ပဲ ဦးစိတ္တစိတ်ကို ဆွဲဆောင်နိုင်ယ့် အရာပဲတွေ့တွေ့ နှုတ်ကလည်း မပြောရဘူး၊ လက်နဲ့လည်း မထိမကိုင်ရဘူး။ အဲဒါ အဓိကအရေးအကြီးဆုံးအချက်ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုပြောလိုက်ဆိုလိုက် ကိုင်လိုက်တွယ်လိုက်ရင် ပထမအချိန်ရေစီးကြောင်းထဲကနေပြီး တခြားအချိန်ရေစီးကြောင်းထဲကို လမ်းချော်ပြီး ရောက်သွားနိုင်တယ်။ တခြားကမ္ဘာတစ်ခုပဲ ဆိုပါတော့ဗျာ၊ ဒါဟာ အန္တရာယ်ရှိတယ်နော်။ အဲဒါကြပ်ကြပ်ကြီး သတိပြုဖို့ပါပဲ ဦးစိတ္တ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် နားလည်ပါပြီ"

ဆရာကြီးသည် မှန်စားပွဲအောက်ရှိခလုတ်တစ်ခုကို နှိပ်လိုက်ရာ စာရေးကလေးချက်ချင်းရောက်လာ၍ ဆရာကြီးက စာရေးကလေးအား -

"ကဲ မောင်ဖိုးလုံ၊ ဦးစိတ္တကို ခေါ်သွားပေတော့။ အချိန်ခရီးသွားဝတ်ရုံ ဝတ်ပေးလိုက်ပါ။ ဆရာအခုပဲ လာခဲ့မယ်။ ဦးစိတ္တလည်း မောင်ဖိုးလုံနောက်ကို တစ်ဆိတ်လိုက်သွားပါ"

သို့နှင့် ဦးစိတ္တသည် မောင်ဖိုးလုံနောက်သို့ လိုက်ပါသွားရလေသည်။ ဒိုးပျံသဏ္ဍာန်ဖန်ပေါင်းချောင်ကြီး၏လက်ဝဲဘက်တွင် အခန်းကလေးတန်ခန်းရှိ၍ မောင်ဖိုးလုံသည် ဦးစိတ္တအား ထိုအခန်းကလေးအတွင်းသို့ ခေါ်သွား၏။ ထို့နောက် ဦးစိတ္တအား မောင်ဖိုးလုံသည် ဝတ်ရုံကြီးတစ်ခုကို ဝတ်ပေးလေသည်။ ဝတ်ရုံကြီးမှာ အလွန်ပျော့ပျောင်းသော ရော်ဘာအဝတ်ဖြင့် ချုပ်လုပ်ထား၍ ဦးခေါင်းစွပ်ကြီးမှာအတွင်းမှ သံပြားများဖြင့် ခံထားပြီးလျှင် မျက်လုံးပေါက်နေရာများ၌ အပြာနရောင်မှန်များတပ်ဆင်ထား၏။ နားရွက်နှစ်ဖက်နေရာတွင် အတွင်းမှအလွန်ပါးလွှာသော သံဆန်ခါကလေးများ တပ်ထားသဖြင့် အပြင်မှအသံများကို ကောင်းစွာကြားနိုင်ရန် ပြုလုပ်ထားသည်နှင့်တူ၏။ ဝတ်ရုံကြီးကိုဝတ်၍ ရှေ့မှ ကြယ်သီးများ





ကို တပ်ဆင်လိုက်သောအခါ ရေအောက်သို့ ဆင်းမည့်ရေငုပ်သမားတစ်ယောက်နှင့် တူနေတော့၏။

ထို့နောက် မောင်ဖိုးလုံသည် ဦးစိတ္တအား တွဲဆောင်ခေါ်ယူခဲ့ပြီးလျှင် ဖန်အိမ်တံခါးကလေးကိုဖွင့်၍ အထဲသို့သွင်းလိုက်၏။ ထို့နောက် ဦးစိတ္တအား ဖန်အိမ်အတွင်းရှိ သံကုလားထိုင်ပေါ်၌ ထိုင်စေ၏။

"ဆရာကြီး အခုပဲ လာပါလိမ့်မယ် ခင်ဗျာ၊ ခဏသည်းခံပါ"

မကြာမီ ဆရာကြီးရောက်လာ၍ ဦးစိတ္တအား နေသားတကျရှိမရှိကို စေ့စေ့ကြည့်ပြီးနောက် -

"ကဲ ဦးစိတ္တတို့သွားဖို့ပြင်ပေတော့၊ အခု ၆နာရီထိုးဖို့ တစ်မိနစ်ပဲလိုတော့တယ်၊ ခရီးမထွက်ခင် အခုမှာလိုက်တဲ့ စကားတွေကို သတိကြီးကြီးထားပြီး မှတ်သားပါ၊ ၆နာရီခွဲတိတိမှာ အထဲက မီးလုံးအနီးရောင်ပြတဲ့အခါ၊ လက်ယာဘက်က ခလုတ်ကြီးကို နှိပ်လိုက်ရမယ်။ ဒါဟာ ဦးစိတ္တကို အပြန်ခရီးလမ်းကြောင်းပေါ်တင်ပေးတာပဲ။ ဒုတိယအချက်က ခရီးလမ်းကြောင်းမှာ တွေ့သမျှမြင်သမျှအရာတွေကို တစ်စုံတစ်ရာ ဘာမျှမနှောင့်ယှက်ရဘူး။ အခုပြောတဲ့အချက်ဟာ အင်မတန် အရေးကြီးတဲ့အချက်ပဲ။ ဒီအချက်ကို ကျူးလွန်ဖောက်ဖျက်မိရင် "အချိန်ခရီး" လမ်းကြောင်း ပြောင်းသွားနိုင်တယ်။ ဘေးအန္တရာယ်နဲ့ တွေ့နိုင်တယ်။ ကဲ အချိန်စေ့ပြီ ခရီးသွားခလုတ်ကို နှိပ်တော့မယ်"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဝင်ပေါက်တံခါးပိတ်သွားလေသည်။ ဖန်အိမ်အတွင်း မျက်နှာကြက်မှ အစိမ်းရောင်မီးလုံးကလေး ပွင့်လာရာ ဖန်အိမ်အတွင်းတွင် အစိမ်းနုရောင်ဖြင့် လင်းလျက်ရှိ၏။ မိမိမျက်နှာရှေ့တည့်တည့်၌ လက်မပတ်လည် သတ္တုပြားတစ်ပြားရှိရာ မှန်တစ်ချပ်ကဲ့သို့ ပြောင်လက်လျက်ရှိသော်လည်း အရိပ်မထွက်ချေ။

အစိမ်းရောင်မီးလုံးလင်းသည်နှင့်တစ်ပြိုင်နက် တဝီဝီမြည်သော အသံများကို ကြားလိုက်ရပြီးလျှင် အသံများသည် ခပ်ကျယ်ကျယ်မြည်လျက်ရှိရာမှ တဖြည်းဖြည်း တိုး၍တိုး၍ သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသံများမှာ အဆက်မပြတ် ဆက်လက်မြည်လျက်ရှိလေသည်။ ဦးစိတ္တသည် မိမိ၏ကိုယ်ကို လျှပ်စစ်ဓာတ်ဖြင့် မနာမကျင်တို့လိုက်ဘိသကဲ့သို့လည်းကောင်း၊ သံလိုက်ဖြင့်အပြင်မှ ဆွဲယူလိုက်သကဲ့သို့လည်းကောင်း၊ တစ်ကိုယ်လုံး တုန်လှုပ်ကာ စိမ့်၍သွားသည်ဟု ထင်မှတ်ရပြီးလျှင် လေထဲတွင် လွင့်စဉ်၍ ပါသွားသကဲ့သို့လည်း ခံစားရ၏။ ထိုအခါ မိမိရှေ့ရှိ သတ္တုပြားပေါ်တွင် အရိပ်အရောင်များ ပေါ်လာသည်ကို မြင်ရလေသည်။

ပထမတွင် ပြာလဲ့လဲ့မှိုးကောင်းကင်အောက်၌ မကွဲမပြား လှုပ်ရှားသွားလာနေသည့် အရိပ်များပေါ်လာ၏။ အရိပ်များသည် ကောင်းစွာထင်ရှားပြတ်သားခြင်းမရှိသော်လည်း တစ်ခဏမျှ ကြာသောအခါ အတော်အတန်သဲကွဲပြတ်သားစွာမြင်လာရ၏။ မိမိ၏ကိုယ်သည်လေယာဉ်တစ်စင်းပေါ်၌လိုက်ပါသွားရသကဲ့သို့လည်းကောင်း၊ ကောင်းကင်တွင် ငှက်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာပျံသန်းနေသကဲ့သို့လည်းကောင်း စိတ်ထဲတွင် ထင်မိ၏။

ပြာလဲ့သောမိုးကောင်းကင်မြင်နေရာမှ တဖြည်းဖြည်းမှိန်၍သွားပြီးလျှင် ဉက္ကလာပမြို့ကြီးကို လေယာဉ်ပျံပေါ်မှစီး၍မြင်ရသကဲ့သို့မြင်ရ၏။ ထိုနောက် ဗဟိုလမ်းမကြီးနှင့်တကွ ဒေါက်တာမိုးနေသော (၇) ထပ်တိုက်ကြီးကိုပါ တွေ့မြင်လာရလေသည်။

"ဟာ နေရာကျပြီ၊ ငါ မယူခဲ့မိတဲ့စာတွေ အခုအသွားမှာ ယူသွားမှပဲ၊ အပြန်ကျရင် ဒီလမ်းက ပြန်ချင်မှပြန်မှာ။ ဒီနေရာကိုလည်း ရောက်ချင်မှရောက်မှာ၊ ဟုတ်ပြီ၊ ဟုတ်ပြီ ငါ တက်ယူဦးမှပဲ"

သို့စိတ်ကူးပြီးနောက် ဦးစိတ္တသည် တိုက်ပေါ်သို့ တက်သွားပြီးလျှင် ဒေါက်တာမိုး၏အခန်းထဲသို့ ဝင်သွားလေ၏။ အခန်းတွင်း၌ကား ဒေါက်တာမိုး၏ အလောင်းမှာ မိမိသတ်ထားသည့်အတိုင်းပင် ရှိနေ၏။ စားပွဲပေါ်၌ တင်ထားသည့် စာသုံးစောင်မှာ ယခင်ကအတိုင်းပင် ရှိနေသေး၍ ဦးစိတ္တသည် မိမိအပေါ်သို့ အမှုပတ်နိုင်သော ယင်းစာသုံးစောင်ကို လျင်မြန်စွာဆွဲယူပြီးလျှင် အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ဓာတ်လှေကားရှိရာ မသွားတော့ဘဲ လှေကားထစ်များအတိုင်း အောက်သို့ပြေးဆင်းလာခဲ့လေသည်။





တိုက်မှထွက်၍ လမ်းမသို့သွားသော လူသွားလမ်းကလေးပေါ်တွင် မိန်းမပျိုကလေးတစ်ယောက် လျှောက်လာသည်ကို တွေ့ရ၏။ တိုက်ဆိုင်သို့ ခပ်သုတ်သုတ်လျှောက်လာရာ မိမိနှင့် လူချင်းဝင်၍ တိုက်မိမည်ကဲ့သို့ ဖြစ်သွား၏။ အနီးသို့ကပ်၍မြင်ရသောအခါ ၎င်း၏မျက်နှာမှာ ယခင်က ထီးဆောင်းလာသော မိန်းမပျိုကလေး၏ မျက်နှာပင်ဖြစ်ကြောင်း ကောင်းစွာမှတ်မိ၏။ သို့သော် ၎င်းထံတွင် ထီးမပါချေ။

ဦးစိတ္တသည် ထိုအကြောင်းကို စဉ်းစားသောအခါ အတန်ငယ်အံ့အားသင့်သွားမိ၏။

"ဆရာကြီးပြောလိုက်တဲ့အတိုင်း ငါဟာ "အချိန်ရေစီးကြောင်း" များ ချော်ပြီးသွားပလားမသိဘူး။ ဒီလိုဆိုရင်အန္တရာယ်ရှိတယ်လို့ဆရာကြီးပြောလိုက်တယ်။ ကဲ ဒီတော့ ငါ ရှေ့ဆက်မသွားတော့ဘူး၊ မြန်မြန် ပြန်မှဖြစ်မယ်" ဟု စဉ်းစားမိ၏။ သို့နှင့် ဦးစိတ္တသည် လမ်းမဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ ကျယ်ပြန့်သော ဗဟိုလမ်းမကြီးပေါ်၌ကား ကားများသည် အလွန်လျင်မြန်သော မိုင်နှုန်းဖြင့် ဥဒဟို ပြေးနေ၏။ သို့နှင့် သူသည်ကားများကို ရှောင်ရှားက လျင်မြန်စွာကူးသွားလေ၏။ သို့သော် အခြားဘက်သို့ ရောက်အောင်မကူးနိုင်သေးဘဲ လမ်းအလယ်ရှိအဖြူမျဉ်းကြောင်းပေါ်တွင်ခေတ္တမျှရပ်နားနေလိုက်ရသေး၏။ ထို့နောက် ကားများ အတန်ငယ်ရှင်းသွားသောအခါမှ ဖြတ်ကူးသွားလေ၏။ အခြား စကြံဘက်တွင် အသက် ၁၅နှစ်မှ ၂၀အရွယ်အတွင်းရှိ လူငယ်တစ်စုကို မြင်ရလေရာ ၎င်းတို့မှာ ဝတ်ကောင်းစားလှဖြင့် တည်ငြိမ်အေးချမ်းစွာ လျှောက်၍လာကြလေသည်။

ထိုလူငယ်တစ်စုသည် ဦးစိတ္တဖြတ်ကူးသောနေရာနှင့် တည့်တည့်သို့ ရောက်လာကြရာ ထိုအချိန်အတွင်း အရှိန်ပြင်းစွာမောင်းနှင်လာသော ကားတစ်စင်းအသံနှင့်အတူ ခပ်ရှည်ရှည်ဆွဲ၍လာသော ဘက်ထရီပွန်းသံကိုလည်း နားထဲ၌ကြားလိုက်ရ၏။ ထိုအချိန်၌ ဦးစိတ္တမှာ ပလက်ဖောင်းနှင့် ၃-၄ပေခန့်သာ ဝေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ" ဟူသောအသံနှင့်အတူ လူငယ်များထဲမှ လူငယ်တစ်ယောက်သည် မိမိ၏လက်တစ်ဖက်ကို လျင်မြန်စွာဆောင့်၍ဆွဲလိုက်၏။ သို့သော် နောက်ကျခဲ့လေပြီ။

တစ်နာရီလျှင် မိုင် ၁၀၀နှုန်းဖြင့် မောင်းနှင်လာသော ဝါယာလက်ရဲကားကြီးတစ်စင်းသည် ဦးစိတ္တ၏နောက်ပိုင်းကို ဖြတ်၍တိုက်သွားရာ ဦးစိတ္တ၏ကိုယ်သည် ကားအရှိန်ဖြင့် ပေ ၃၀ခန့်အကွာတွင် သွား၍ကျပြီးနောက် စကြံသမံတလင်းပေါ်၌ အလျားမှောက်လျက်ရှိနေသည်ကို ဦးစိတ္တကိုယ်တိုင် တွေ့မြင်နေရသည်။

မိမိ၏ကိုယ်ကြီးသည် မိမိမျက်စိအောက်၌ပင် ကားတိုက်ခံရသဖြင့် မရှုမလှဆုံးသွားရသည်ကိုမြင်လိုက်ရသည်နှင့်ဦးစိတ္တမှာအပြင်းအထန် တုန်လှုပ်သွားမိတော့သည်။

တိုက်ပေါ်သို့တက်၍စာများကိုယူမိခြင်း၊အောက်ထပ်သို့ဆင်းပြီးနောက်ပြန်၍ထွက်အလာတွင် မိန်းကလေးတစ်ယောက်နှင့် လမ်း၌တွေ့ရသဖြင့် ၎င်းအားခေတ္တမျှရပ်၍ကြည့်နေမိခြင်း၊ လမ်းပေါ်သို့ ရောက်သောအခါ၌လည်း လူသွားစကြံသမံတလင်းပေါ်တွင် ခေတ္တရပ်ကာ လမ်းမပေါ်မှ ကားများကို ခေတ္တစောင့်ဆိုင်းနေရခြင်း၊လမ်းကိုဖြတ်၍ကူးသွားသောအခါ၌လည်းအခြားဘက်မှလာသောကားများရှုပ်နေသဖြင့် အလယ်မျဉ်းကြောင်းအဖြူပေါ်၌ ခေတ္တရပ်နေခြင်း၊ ထို့နောက် အတန်ငယ်ကြာမှ ကားများရှင်းသဖြင့် တခြားဘက်သို့ ကူးသွားရခြင်းစသည်တို့မှာ မိမိမျှော်လင့်သော အချိန်ထက် ပို၍ကြာခဲ့၏။

ဦးစိတ္တသည် မိမိအလောင်းကို မြင်လိုက်ရသည့်အချိန်၌ပင် ရှေ့မှ မီးနီကလေးပွင့်လာသည်ကို မြင်လိုက်ရသဖြင့် မီးနီအောက်မှခလုတ်ကို နှိပ်ချလိုက်လေသည်။ ထိုအခါတစီစီမြည်သောအသံများသည် ယခင်ကထက် ကျယ်လောင်၍လာပြီးလျှင် အတန်ကြာမှ တဖြည်းဖြည်းတိုး၍တိုး၍ သွားသည်ကို ကြားရ၏။ ထို့နောက်အချိန်မည်မျှကြာသည်မသိ။ မျက်စိထဲတွင်မည်သည့်အရာကိုမျှမမြင်ရဘဲ မှောင်ကျသွားပြီးနောက် မေ့ခနဲ အိပ်ပျော်သွားသကဲ့သို့ ဖြစ်လာလေသည်။

ထို့နောက်တံခါးဖွင့်သံကြားရပြီးလျှင်တံခါးပွင့်သွား၍မောင်ဖိုးလုံသည် မိမိအား တွဲလျက်အပြင်သို့ ထုတ်လာသည်ကို သိလိုက်၏။ ထို့နောက် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်သည်ကိုလည်း နောက်ဆုံး သိလိုက်၏။





မောင်ဖိုးလုံသည်ဦးစိတ္တအား "အချိန်ခရီးသွားယာဉ်" ဖန်ပေါင်းချောင်ကြီးအတွင်းမှ ဖေးမတွဲယူ၍ထုတ်လာရာ ဦးစိတ္တသည် မောင်ဖိုးလုံ၏ ကိုယ်ကိုအားပြုကာ ဒယီးဒယိုင် လိုက်ပါလာခဲ့လေသည်။ ထို့နောက် မောင်ဖိုးလုံသည် ဦးစိတ္တကိုယ်ပေါ်မှ ဝတ်ရုံကြီးကို ချွတ်ပေးလျက်ရှိ၏။ လည်ပင်းမှ ခလုတ်တစ်ခုကို ဦးခေါင်းစွပ်ကြီးကို မ၍ချွတ်လိုက်၏။

ဦးစိတ္တသည် အိပ်ပျော်နေရာမှ နိုးလာသောသူတစ်ယောက်ကဲ့သို့ မျက်စိများကိုတဖြည်းဖြည်းဖွင့်ကာ တောင်မြောက်လေးပါးကိုတအံ့တသြကြည့်ရှုလျက်ရှိနေ၏။

"ဘယ့်နှယ်လဲ ဦးစိတ္တ နေသာထိုင်သာရှိရဲ့လားခင်ဗျာ"

ဦးစိတ္တသည် မောင်ဖိုးလုံမေးသော စကားများကို ကြားဟန်မတူဘဲ တံခါးပေါက်ဆီသို့သာ ပြူးကြောင်သော မျက်လုံးများဖြင့် ကြည့်ရှုနေသည်ကို တွေ့ရ၏။

ဦးစိတ္တသည် စက်ရုပ်တစ်ရုပ်ကို သော့ပေးလိုက်သကဲ့သို့ သူနေရာမှ ထကာ တံခါးပေါက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေ၏။ အပြင်ဧည့်ခန်းသို့ ရောက်သောအခါ ဆင်နားရွက်တံခါးကလေးကိုဖွင့်၍ထွက်ခဲ့ပြီးနောက် အပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လမ်းမဘက်သို့ ခပ်သုတ်သုတ်လျှောက်သွားလေသည်။

◈

မောင်ဖိုးလုံသည် တံခါးအနီးတွင်ရပ်ကာ ဦးစိတ္တ၏ အပြုအမူများကို တအံ့တသြ ကြည့်ရှုလျက်ရှိနေ၏။

အချိန်မှာ ညဉ့် ၇နာရီ ၅မိနစ်ခန့်ရှိပြီဖြစ်၍ လမ်းဘေးတစ်ချက်မှ မာကြူရီ မီးချောင်းများသည် နေရောင်ကဲ့သို့အလင်းရောင်ပေးလျက်ရှိ၏။ လမ်းမကြီးပေါ်၌ကားများသည် ရှုတ်ယှက်ခတ်နေ၏။ ဝဲယာနှစ်ဘက်မှ မီးမောင်းများထိုး၍လာသောကားများလည်း လူသွားစကြံနှစ်ဖက်ကို ထိလုနီးပါးပွတ်သပ်ကာ လျင်မြန်သော အဟုန်ဖြင့် ပြေးသွားလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိတ္တလည်းလူသွားစင်္ကြံသမံတလင်းအစွန်းတွင်မရပ်ဘဲလမ်းပေါ်သို့ ခြေနစ်လှမ်းမျှ ချလိုက်သည်နှင့်တစ်ပြိုင်နက် သူ၏လက်ဝဲဘက်မှ ဥဩဆွဲလျက် တစ်နာရီလျှင် မိုင် ၁၀၀နှုန်းဖြင့် မောင်းနှင်လာသော ဝါယာလက်ကားတစ်စီးသည် ဦးစိတ္တ၏လက်ဝဲဘက်နံစောင်းကိုတစ်ခါတည်းဝင်ရောက်တိုက်လိုက်ရာဦးစိတ္တ၏ ကိုယ်ကြီးသည် နံဘေးမှဆောင့်၍ တွန်းလိုက်သကဲ့သို့ လျှင်မြန်လှသော ကား၏ အရှိန်ကြောင့်ဓုပဥဝခန့်လွင့်စင်သွားပြီးနောက်လူသွားစင်္ကြံအတွင်းမှောက်လျက် သား လဲကျသွားလေတော့၏။

ရဲကားသည် ချက်ချင်းရပ်တန့်လိုက်၍ ကားပေါ်မှ ရဲအရာရှိတစ်ယောက် နှင့် ရဲသားသုံးယောက် ဆင်းလာပြီးလျှင် ဦးစိတ္တအား ကြည့်ရှုကြရာ ထိုအချိန်၌ လမ်းသွားလမ်းလာများသည်လည်း ဦးစိတ္တအား ကြည့်ရှုရန် ဝိုင်းအုံ၍လာကြ၏။ ဦးစိတ္တကား အသက်မရှိတော့ချေ။

ဒေါက်တာမိုးအား သူ၏အခန်းထဲတွင် အသတ်ခံရကြောင်းကို ၎င်းနှင့် ကပ်လျက်ရှိသောအခန်းမှ တယ်လီဖုန်းဖြင့် သတင်းပေးသဖြင့် ရဲဘက်မှ ချက်ချင်း လိုပင် လာရောက်ကြည့်ရှု၏။ သေဆုံးပုံအခြေနေနှင့်တကွ စားပွဲပေါ်တွင် တွေ့ရှိ သော စာများကို ကြည့်ရှု စုံစမ်းထောက်လှမ်းခြင်းအားဖြင့် ဒေါက်တာမိုးသည် နှစ်ပေါင်းများစွာ ငွေညှစ်ခြင်းခံရသူ ဦးစိတ္တဆိုသူနှင့် အဆက်အသွယ်ရှိကြောင်း တွေ့ရ၏။ သို့ဖြစ်၍ ထိုအမှုတွင် ဦးစိတ္တဆိုသူအပေါ်တွင် အများဆုံးသံသယဖြစ်ရန် အကြောင်းပေါ်ပေါက်လာလေသည်။

သို့နှင့် ဦးစိတ္တဆိုသူအား ခြေရာခံ၍လိုက်ရာတွင် ဓထပ်တိုက်ကြီးရှေ့ ၌ကားတိုက်သေဆုံးသွားသူမှာလည်းဦးစိတ္တဆိုသူပင်ဖြစ်ကြောင်းခြေရာခံမိတော့ ၏။ ရဲဘက်မှ ဆက်လက်စုံစမ်းရာ ကားတိုက်ခံရသဖြင့် သေဆုံးသူ ဦးစိတ္တမှာ ဒေါက်တာမိုးနှင့် အဆက်အသွယ်ရှိခဲ့ကြောင်း ပေါ်ပေါက်လာလေသည်။ သို့နှင့် ဒေါက်တာမိုးအား သတ်သွားသူမှာ ကားတိုက်၍သေဆုံးသူ ဦးစိတ္တပင်ဖြစ်ရ မည်ဟု ရဲဘက်မှ ထင်ရှားစွာတွေ့ရှိရသော်လည်း တရားခံမှာ ဆုံးသွားပြီဖြစ်သဖြင့် မည်သို့မျှ မတတ်နိုင်ဘဲ "တရားခံသေဆုံး" ဟူသော မှတ်ချက်ဖြင့် ဒေါက်တာမိုး အသတ်ခံရသောအမှုကိုတစ်ခါတည်း ပိတ်လိုက်ရလေသည်။





ဦးစိတ္တကား အချိန်အနည်းငယ်အတွင်း ရဲတို့၏လက်မှ လွတ်မြောက် အောင် တစ်မျိုးတစ်ဖုံ ကြံဆောင်နိုင်ခဲ့သော်လည်း သူ၏သွေးစွန်းသောဘဝမှာ ထူးဆန်းစွာ နိဂုံးချုပ်၍ သွားခဲ့တော့၏။

စုံထောက်မဂ္ဂဇင်း၊ အမှတ် ၂၈၊ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ငါးမျိုး

တောင်ငူဒိစတြိတ်၊ ဖြူးမြို့ ရွှေကျင်တောင်ကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကထိန်သင်္ကန်းကပ်ပွဲသည် ယခုနှစ်တန်ဆောင်မုန်းလတွင် ကျင်းပလေရာ မြို့ပေါ်ရှိ လူကြီးလူကောင်းများနှင့်တကွ အနီးအနားရှိ ရွာပေါင်း ၂၀ကျော်ကိုလည်းဖိတ်ကြားသဖြင့်လွန်စွာပင်လူစည်ကားလျက်ရှိလေ၏။နံနက်(၁၀)နာရီကျော်ကျော်ခန့်ရှိလေလျှင် လူစုအတော်ကွဲလျက် တစ်ခုသောဇရပ်ဟောင်းတစ်ခုတွင်လက်ဖက်ရည်ကြမ်းဝိုင်းတစ်ခု၌အသက်၆၀–၇၀ခန့်ရှိလူကြီး၄–၅ယောက်တို့သည် ဝိုင်းဖွဲ့ကာ စကားပြောဆိုလျက် ရှိသဖြင့် ကျွန်တော်လည်း၎င်းတို့ပြောဆိုသော စကားများကို သွားရောက်ကာ နားထောင်လျက် ရှိလေရာ ၎င်းတို့ငြင်းခုံပြောဆိုလျက်ရှိသောအကြောင်းများမှာ ယခုလောကတွင်အင်္ဂရိတ်ထိုး၍ ရွှေဖြစ်ငွေဖြစ် လမ်းကိုရှာဖွေခြင်း။ အင်းအိုင်ဘက်သို့လည်းကောင်း၊ ဆေးဘက်သို့လည်းကောင်း၊ဂါထာမန္တရားဘက်သို့လည်းကောင်းလိုက်စား၍သံနှင့်ပြဒါးစသော ဓာတ်သတ္တုတို့ကိုပြာဖြစ်အောင်ပြုလုပ်ပြီးလျှင် ရွှေဖြစ်ငွေဖြစ်နှင့်တကွ ထွက်ရပ်





လမ်းများကို ရှာဖွေကြခြင်းသည် မှားသည်မှန်သည် စသည်ဖြင့် အချေအတင်ငြင်းခုံပြောဆိုလျက် ရှိကုန်၏။

ဤကဲ့သို့ငြင်းခုံပြောဆိုလျက်ရှိကြရာအသက်၇၀ကျော်ခန့်ရှိဦးရိုးဆိုသူ အဘိုးကြီးတစ်ယောက်သည် ရွှေဖြစ်ငွေဖြစ်ကို လုပ်ကြံရာလမ်းများ၌ နည်းအမျိုးမျိုးရှိသည့်ပြင်ပြဒါးအစရှိသောအလွန်လျှင်မြန်ပေ့ပါးသောသတ္တိရှိသောဓာတ်မျိုးကို နည်းတစ်မျိုးဖြင့် ခဲအောင်ပြုလုပ်နိုင်ကြောင်း၊ ၎င်းပြာဖြစ်အောင် ပြုလုပ်ပြီးနောက် ၎င်းပြာသည် မည်မျှလောက်သတ္တိရှိပါသနည်းဆိုမူ ပိဿာချိန်တစ်ရာခန့်မျှရှိသော ခဲနှင့်ကြေးနီကြေးဝါတို့ကို ရွှေစစ်စစ်ဖြစ်အောင်ပြုလုပ်နိုင်သော သတ္တိရှိသည့်ပြင် ၎င်းပြာဖြင့် သစ်ရွက်တစ်မျိုးကို ရောကြိတ်ဖော်စပ်သောအခါ အသက် ၁၀၀၀ – ၂၀၀၀ပင် ရှည်လျားကြာမြင့်စွာ အသက်ကိုရှည်စေနိုင်သော တန်ခိုးသတ္တိရှိကြောင်း၊ ယခုလူများမှာ နည်းကောင်းလမ်းမှန်ကို မလိုက်မိဘဲ မှားသောလမ်းများကို လိုက်မိကြ၍သာ အချိန်ကုန်လူပန်းဖြစ်ပြီးလျှင် နောက်ဆုံး၌ လက်လျှော့ရကြောင်းဖြင့် ပြောပြလေရာ လက်ဖက်ရည်ဝိုင်းရှိလူများလည်း ထိုအကြောင်းနှင့်ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုးပေးလျက် ရှိကြကုန်၏။

ထိုအခါ ဦးရိုးသည် ပန်းကန်တွင်ကျန်ရှိသော လက်ဖက်ရည်အနည်းငယ်ကို သွန်၍ပစ်လိုက်ပြီးနောက် ငါးမျိုးသောအခါအဘယ်အရာဖြင့်မျိုးသနည်းဟုမဆိုင်သောမေးခွန်းထုတ်လိုက်ရာကျွန်ုပ်တို့လည်းငါးမျိုးချိတ်ဖြင့်မျိုးကြောင်းကိုတစ်ပြိုင်နက်ပြောဆိုကြလေ၏။၎င်းနောက်ဦးရိုးကငါးမျိုးချိတ်ဖြင့်ငါးမျိုးသောအခါငါးမျိုးချိတ်တွင် မည်သည့်ငါးစာတပ်သနည်းဟု မေးပြန်ရာ ငါးမျိုးချိတ်တွင် တီကောင်၊ပိုးကောင်မှစ၍ငါးများကြိုက်တတ်သောအခြားအစာများကိုတပ်၍မျိုးရကြောင်းများကိုဖြေဆိုကြပြန်ကုန်၏။အကယ်၍ငါးမျိုးချိတ်တွင်အစာမတပ်ဘဲမျိုးလျှင် ငါးရနိုင်မည်လော ထပ်၍မေးပြန်ရာ ကျွန်ုပ်တို့သည် မရနိုင်ကြောင်းဖြင့် ပြန်လှန်ပြောဆိုရလေ၏။ ထိုအခါ ဦးရိုးက "ဓာတ်ငါးမျိုး" ဆိုသည်ကို ကြားဖူးပါသလားဟု မေးသဖြင့် ကျွန်ုပ်တို့က မကြားဖူးပါကြောင်းဖြင့် ပြောဆိုသောအခါ ဦးရိုးက "ဓာတ်ငါးမျိုးဆိုသည်မှာပြဒါးကိုဓာတ်တစ်မျိုးဖြင့်အခဲဖြစ်အောင်ပြုလုပ်စီမံပြီးလျှင် ငါးမျိုးချိတ်သဖွယ် ပြုလုပ်၍ ထားကြောင်း၊ ဤငါးမျိုးချိတ်များကို



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင်များရှိစဉ်အခါက စစ်ဗိုလ်များအသုံးပြု၍ မြန်မာစစ်တပ်များသည် အလွန်တောတောင်ထူထပ်၍ လူသူဝေးသောအရပ်များသို့ ရောက်ပြီးလျှင် စားရေရိက္ခာမရှိသော အခါများ၌ ရေကန်၊ အင်းအိုင်စသော နေရာများတွင် ၎င်း "ဓာတ်ငါးမျှား" ဖြင့် မျှားလိုက်သောအခါ ၎င်းဓာတ်ငါးမျှားတွင် ငါးစာဟုဆိုအပ်သောပိုးကောင်၊ တီကောင်များပင်မတပ်သော်လည်း လူ ၂၀၊ ၃၀ မျှစားရန်ငါးများကို တစ်ခဏချင်း၌ပင် ထိုဓာတ်ငါးမျှား၏ သတ္တိဖြင့် လုံလောက်စွာ ရနိုင်ကြောင်း၊ ပြဒါးဟူသည်မှာ အပူဟူသော ဥဏှဓာတ်နှင့် မသင့်မြတ်သည်ဖြစ်၍ အေးသောဓာတ်နှင့် စီရင်မှသာလျှင် နိုင်နင်းနိုင်သည်ဖြစ်ရာ ဤဓာတ်မျိုးကို နိဗ္ဗာနဓာတ်ဟုခေါ်၍ မြန်မာလိုအားဖြင့်အေးသောဓာတ်ဖြစ်ကြောင်း၊ ပုဂံမင်းလက်ထက်၌ကချင်လူမျိုးတစ်ယောက်သည် ၎င်းဓာတ်မျှားကို စီရင်၍ ရှမ်းစော်ဘွားတစ်ဦးထံ ဆက်သရာ ၎င်းမှသည် တစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်လာကြောင်း၊ ဤအကြောင်းနှင့် ပတ်သက်၍၎င်း၏သူငယ်ချင်း "ဦးနိုင်" ဆိုသူသည်လွန်ခဲ့သောနှစ်ပေါင်းများစွာကအထက်မြန်မာနိုင်ငံတွင် တွေ့ကြုံဖြစ်ပျက်ခဲ့သော အကြောင်းအရာအထွေထွေတို့များမှာ ယခုပြောဆိုသော အကြောင်းအရာများနှင့် များစွာတိုက်ဆိုင်သည့်ပြင် လွန်စွာပင် ထူးဆန်းလှသည်ဖြစ်ကြောင်းဖြင့် ပြောဆိုပြီးလျှင် လက်ဖက်ရည်ကို ကရားမှငှဲ့ပြီးလျှင် ဆက်လက်၍ သောက်လျက်ရှိလေ၏။

ထိုအခါ ကျွန်တော်တို့မှာ ဦးရိုးပြောဆိုသည့်အတိုင်း ၎င်း၏သူငယ်ချင်း "ဦးနိုင်" ကိုယ်တိုင် တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ပြောဆိုရန် တောင်းပန်သဖြင့် ဦးရိုးလည်း အောက်ပါအတိုင်း ပြန်ပြောလေ၏။

(သို့ဖြစ်၍ ဦးနိုင်၏အထွေထွေတို့များကို နှုတ်ဖြင့်ပြောဆိုသည် မဟုတ်ဘဲ၊ စာအားဖြင့် ရေးသားဖော်ပြပေအံ့။)

မြန်မာသက္ကရာဇ် ၁၂၄၃ ခုနှစ်တွင် ကျွန်ုပ်တို့အရှင် သီပေါမင်းသည် ခမည်းတော်မင်းတုန်းမင်းကြီး၏ ထီးမွေနန်းမွေကို ဆက်ခံစိုးစံတော်မူသည်ဖြစ်ရာ ၎င်းဘုရင် နန်းတက်ပြီးသည်နောက် (၃) နှစ်ခန့်မျှကြာရှိသည့်အခါကာလတွင်ကျွန်ုပ်ဦးနိုင်သည် ထိုစဉ်အခါက လူတို့သွားလာရောက်ပေါက်ခြင်းနည်းပါးလှသေးသော မဲဇာချောင်း၊ ရွှေလီချောင်း အစရှိသော မြစ်ငယ်ချောင်းငယ်တို့၌ လှေ





လှောင်းတို့ဖြင့် သွားလာစုန်ဆန်ပြီးလျှင် ချောင်းရိုးတစ်လျှောက်၌ရှိသော ရွာငယ်ဇနပုဒ်တို့၌ ကုန်စည်အထည် အလိပ်တို့ကို ရောင်းချခြင်းဖြင့် စီးပွားဥစ္စာရှာဖွေခြင်းကို ပြုခဲ့ဖူးလေသည်။ ဤကဲ့သို့ ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်လျက်ရှိစဉ် ကျွန်ုပ်နှင့် ငယ်စဉ်အခါက ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ဖြစ်သော မောင်ဘိုးရွဲဆိုသူနှင့် ရွှေလီမြစ်ဝတွင် တွေ့ဆုံမိ၍ ထိုသူသည် အောက်ပြည်အောက်ရွာ၌ စီးပွားဥစ္စာအတော်အတန် ခိုင်လုံသူတစ်ယောက်ဖြစ်ပါလျက် ဤအထက်ကျေးရွာ လူသူအရောက်အပေါက်နည်းပါးရာအရပ်သို့ မည်သည့်ကိစ္စနှင့် လာရောက်ကြောင်းကို မေးမြန်းရာတွင် မောင်ဘိုးရွဲက ဤလောကတွင် လူသူမရောက်သော တောကြီးတောင်ကြီးထဲများ၌ ရွှေငွေဖြစ်အောင် တတ်စွမ်းနိုင်သောသူများရှိသည်၏အဖြစ်ကိုလည်းကောင်း၊ အတိုင်းမသိသော ရွှေငွေဘဏ္ဍာတို့ကို စောင့်ထိန်းလျက်ရှိကုန်သော ဥစ္စာစောင့်မတို့သည် လူ၏အဆင်းမျှမက နတ်တို့၏ အဆင်းကဲ့သို့ လှပစွာဖန်တီးလျက် နာနာဘာဝစသော ဖုတ်၊ ပြိတ္တာတို့ကို တစ်ခါတစ်ရံမျှ ကိုယ်တိုင်မတွေ့ဖူးသည်တစ်ကြောင်း နဂိုကပင် အယုံအကြည်လည်း မရှိသောကြောင့် မယုံကြည်ကြောင်းဖြင့် ပြောဆိုလေ၏။

ထိုအခါမောင်ဘိုးရွဲကတစ်ဖန်ပြဒါးလုံး၊ သံလုံးအစရှိသောဓာတ်လုံးများအကြောင်းနှင့်ပတ်သက်၍ထူးဆန်းသောအစွမ်းသတ္တိများကိုယုံကြည်ပါသလောဟု မေးပြန်ရာ ကျွန်ုပ်တို့က ဤအကြောင်းအရာများကိုလည်း မယုံကြည်ကြောင်းဖြင့်ပြန်၍ဖြေဆိုရပြန်လေ၏။ ကျွန်ုပ်မှာ ဤလောက၌စုန်း၊ နတ်၊ တစ္ဆေ၊ သူရဲ၊ ဖုတ်၊ ပြိတ္တာဟူ၍အလျှင်းမရှိ။ ရွှေ၊ ငွေအဖြစ်ပြဒါးလုံး၊ သံလုံးစသော "လုပ်ရပ်" လမ်းတို့မှာလည်း လိမ်လည်ခြင်းမျှသာဖြစ်သည်ဟု ထထစ်ချ မှတ်ယူခဲ့ရာ မောင်ဘိုးရွဲသည် ခါးပိုက်ထဲမှ မန်ကျည်းစေ့ခန့်မျှရှိသော အလုံးကလေးတစ်လုံးကို ထုတ်ယူပြီးလျှင် ကျွန်ုပ်အားပြရာ ထိုအလုံးကလေးမှာ အရွယ်အစားနှင့် ၎လိုက်အောင် လွန်စွာပင်လေးလံလျက် အရောင်မှာအနည်းငယ် ဝါကြန့်ကြန့်အရောင်ထွက်ပြီးလျှင် မိုးကြိုးသတ္တုနှင့် ခပ်ဆင်ဆင်တူလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း မောင်ဘိုးရွှဲအား ၎င်းဓာတ်လုံး၏ အကျိုးအကြောင်းကို မေးမြန်းလေရာ မောင်ဘိုးရွှဲသည် ပျားရည်တစ်ပုလင်းကို ယူခဲ့လေ၍ ပျားရည်ကို ပန်းကန်တစ်ခုထဲသို့ လောင်းထည့်ပြီးလျှင် ကျွန်ုပ်အား အမြည်းခိုင်းလေရာ ကျွန်ုပ်လည်း ချိုသောအရသာကို တွေ့ရသည့်အတိုင်း ပြောဆိုလေ၏။ ထိုနောက် မောင်ဘိုးရွှဲသည် ဓာတ်လုံးကို ပျားရည်ပန်းကန်ထဲသို့ တစ်ခဏမျှစိမ်လိုက်ပြီး နောက်ကျွန်ုပ်ကို အမြည်းခိုင်းပြန်ရာ ကျွန်ုပ်လည်း လျှာနှင့်ထိသည်နှင့် တစ်ပြိုင်နက် ရှုံ့မဲ့၍သွားရလေ၏။ အဘယ့်ကြောင့်နည်းဟူမူ ယခင်ဆိုအပ်ခဲ့ပြီးသော ချိုမြိန်လှစွာသော အရသာရှိသော ပျားရည်သည် ရှောက်ရည်၊ သံပုရာရည်ကို ဖျော်၍ထားသည့်အလား အလွန်ချဉ်သော အရသာရှိကြောင်းကို တွေ့ရလေ၏။ ကျွန်ုပ်မှာ ထိုဓာတ်လုံး၏တန်ခိုးဖြင့် တစ်ခဏချင်း၌ပင် ပျား၏အရသာသည် ရှောက်သံပုရာ၏ အရသာသို့ ထူးဆန်းစွာ ပြောင်းလွဲ၍ သွားသည်အဖြစ်ကို မယုံကြည်နိုင်လောက်အောင်ပင် ရှိချေ၏။

၎င်းနောက်မောင်ဘိုးရွှဲသည် သူ၏ဓာတ်လုံးတွင် ထိုထက်ပင်ထူးကဲလှသော တန်ခိုးသတ္တိများရှိသေးကြောင်းကို ပြောကာ ကျွန်ုပ်အား တောစပ်တစ်ခုသို့ ခေါ်၍ သွားသဖြင့် ကျွန်ုပ်လည်း လိုက်ပါသွားရလေ၏။ တောစပ်တစ်ခုသို့ ရောက်လျှင် မောင်ဘိုးရွှဲသည် သစ်ပင်ပေါ်သို့တက်၍ "ခါချဉ်" ကောင်များရှိသော သစ်ကိုင်းတစ်ကိုင်းကို ရွေးချယ်၍ ခုတ်ယူခဲ့ပြီးသော "ခါချဉ်ထုပ်" ကို ကျွန်ုပ်၏ရှေ့၌ချကာ ဤအတွင်းသို့ လက်နှိုက်ဝံ့ပါမည်လောဟု မေးမြန်းရာ ကျွန်ုပ်လည်း ဦးခေါင်းကို ယမ်း၍ပြသည့်တွင် မောင်ဘိုးရွှဲလည်း ဓာတ်လုံးကို လက်ဖြင့်ဆုပ်ကာ ခါချဉ်ထုပ်တွင်းသို့ လက်ကိုသွင်းလိုက်လေရာ ခါချဉ်ကောင်များသည် အဆိပ်အတောက်မရှိသော ယင်ကောင်များကဲ့သို့ မောင်ဘိုးရွှဲအား မကိုက်ဘဲ လက်ကိုသာ တရွရွတက်လျက် ရှိကုန်၏။ ၎င်းနောက် မောင်ဘိုးရွှဲလည်း ဤနည်းအတိုင်း ပျားအုံတစ်အုံသို့ သွားရောက်ကာ စမ်းသပ်၍ပြပြန်ရာ ပျားတို့သည်လည်း ဓာတ်လုံး၏တန်ခိုးဖြင့် မောင်ဘိုးရွှဲအား အနည်းငယ်မျှ မကိုက်မခဲဘဲနေသည်ကို တွေ့ရသောအခါ ကျွန်ုပ်မှာ ဤဓာတ်လုံးတွင် ထူးကဲသောသတ္တိများ အမှန်ရှိပါပေသည်ဟု ၎င်းအား ဝန်ခံရလေ၏။





ထိုအခါကျွန်ုပ်က ကျွန်ုပ်မေးသောမေးခွန်းကို မဖြေဆိုနိုင်သေးသည်နှင့် မောင်ဘိုးရွှဲအား ပြောဆိုမေးမြန်းလျက်ရှိလေရာ မောင်ဘိုးရွှဲသည် ဤနေရာသို့ မည်သည့်ကိစ္စနှင့် လာရောက်ကြောင်းများကို အောက်ပါအတ္ထုပ္ပတ္တိအားဖြင့် အကျဉ်းချုပ်မျှ ပြောပြလေ၏။

မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ်၌ မောင်ဘိုးရွှဲသည် အရှင်မင်းတုန်းမင်းဘုရင့်ထံ ရွှေးလက်ဝဲဗိုလ်အဖြစ်ဖြင့် အမှုတော်ကို ထမ်းဆောင်လျက်ရှိလေရာ မောင်ဘိုးရွှဲမှာ ဇာတိအားဖြင့် ရွှေဘိုမြို့သားဖြစ်၍ အထက်အညာရပ်များသို့ ကြိမ်ဖန်များစွာရောက်ဖူးခဲ့သည့်ပြင် သူ့ရသတ္တိနှင့်လည်း များစွာပြည့်စုံသူဖြစ်သည်နှင့် အရှင့်အမှုတော်ကို လက်ရုံးရည်၊ နှလုံးရည်ဖြင့် စောင့်ရှောက်ထိန်းသိမ်းလျက်ရှိစဉ် အထက်ချင်းတွင်းနယ်၏ အနောက်တောင်ဘက်၊ မြန်မာပြည်နှင့် မဏိပူရနယ်ကြားမှ ကချင်လူမျိုးတစ်ယောက်သည် အလွန်ကောင်းသော အရည်အချင်းရှိ၍ အဖိုးတစ်သိန်းခန့်မျှ ထိုက်တန်သော ပတ္တမြားတစ်လုံးကို ရရှိသဖြင့် ၎င်းနယ်ရှိ အကြီးအမှူးဖြစ်သော "စော်ကဲ" တစ်ပါးအား ဆက်သလေရာ ၎င်းစော်ကဲသည် ဤမျှလောက် အဖိုးထိုက်တန်သော ပတ္တမြားတို့မည်သည် ငါတို့အရှိန်းအစိုင်းနှင့် မထိုက်တန်၊ ဘုရင်မင်းများနှင့်သာ ထိုက်တန်ပေသည်ဟု ဘုရင်မင်းမြတ်ထံ လာရောက်ဆက်သလေ၏။

၎င်းပတ္တမြားတွေ့ရှိသော ကချင်လူမျိုးကိုလည်း နန်းတော်သို့ ခေါ်ဆောင်ခဲ့၏။ မည်သို့မည်ပုံတွေ့ရှိသည့် အကြောင်းများကို စုံစမ်းမေးမြန်းစေရာ ကချင်လူမျိုးက မိမိသည် ကျားများပေါသော တောင်တစ်ခုတွင် အမဲလိုက်လျက်ရှိစဉ် ညဥ့်နေဝင်အချိန်၌ လရောင်တွင် မီးကဲ့သို့ တောက်ပလျက်ရှိသော အရာတစ်ခုကို တွေ့မြင်ရသည်နှင့် သွား၍ကောက်ယူကြည့်ရှုရာ ၎င်းပတ္တမြားကို တွေ့ရှိရကြောင်း၊ ထိုအရပ်ဒေသတွင် ၎င်းကျောက်မျိုးများကို နောက်ထပ် လိုက်လံရှာဖွေမည်ဆိုက ရနိုင်ရန်ရှိကြောင်း၊ ထိုတောင်၏ အခြားဘက်တွင် တောင်နှင့်မြောက် ဖြတ်သန်းလျက် အလွန်ရှည်လျားသော တောင်တန်းကြီး တစ်ခုလည်း ရှိ‌လေရာ လွန်ခဲ့သော တစ်နှစ်လောက်က မိမိသည် ထိုတောင်ရိုးလျှောက်၍ မျောက်များကို လိုက်လံပစ်ခတ်လျက်ရှိစဉ် ခရီးလွန်၍သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



၃ညဉ့်အိပ်မျှ ပေါက်ရောက်ခဲ့ပြီးနောက် ထိုတောင်တန်းကြီး၏ အရှေ့ဘက် တစ်ခုသော ချောက်ထဲတွင် "ဘော်တွင်း" တစ်တွင်းကို ကံအားလျော်စွာ တွေ့မြင်ခဲ့ရကြောင်း၊ မိမိမှာ ထိုအရပ်များ၌ အတော်ပင် တောကျွမ်းကျင်၍ ရွှေနန်းတော်ကြီးကအထောက်တော်များစေလွှတ်ပါက မိမိကိုယ်တိုင်ပင်လိုက်လံ ပြသမည်ဖြစ်ပါကြောင်းနှင့် တောလိုက်မုဆိုးက လျှောက်ထားလေ၏။

ထိုအခါဘုရင်မင်းမြတ်ကြီးသည် ကချင်မုဆိုး၏လျှောက်ထားချက်ကို များစွာနှစ်သိမ့်အားရတော်မူလျက် ဤအရပ်သို့ မည်သူအား စေလွှတ်ရန် သင့်လျော်မည့်အကြောင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်လေရာ ရွှေးလက်ဝဲဗိုလ် မောင်ဘိုးရွဲမှာ ရဲရင့်သော သူရသတ္တိနှင့်ပြည့်စုံသော ယောကျ်ားတစ်ယောက် ဖြစ်သည့်ပြင်အထက်အရပ်ဒေသများကိုငယ်စဉ်ကအကြိမ်ပေါင်းများစွာရောက်ဖူး ပေါက်ဖူးခဲ့သဖြင့် မောင်ဘိုးရွဲအား ထိုအရပ်သို့ သွားရောက်စုံစမ်းရန် ရွေးချယ်ခြင်း ကို ခံခဲ့ရလေ၏။

မောင်ဘိုးရွဲသည်ရဲရင့်တည်ကြည်၍ကြံ့ခိုင်တောင့်တင်းသောလူပေါင်း ၂၀ မျှရွေးယူခေါ်ဆောင်ခဲ့၍ကချင်မုဆိုးနှင့်အတူထွက်ခဲ့ကြရာ ထိုအခါက လူများ ရောက်ဖူးပေါက်ဖူးခြင်း နည်းပါးလှသော မဲဇာ၊ ရွှေလီ၏ အနောက်မြောက်ဘက်၊ မိုင်ပေါင်း ၃၀ ကျော်ခန့်ကွာဝေးသော ဗန်းမောက်ရွာသို့ ကောင်းမွန်စွာဆိုက် ရောက်ခဲ့ကြလေ၏။ ထိုရွာတွင် တစ်ရက်မျှ နားနေပြီးနောက် အနောက်စူးစူးသို့ ၅ရက်ခန့်မျှခရီးပြင်းသွားကျရာ ကချင်များနေသောရွာငယ်တစ်ခုသို့ဆိုက်ရောက် ပြန်လေ၏။ ထိုရွာငယ်မှာ မြန်မာမင်းတို့ပိုင် အနောက်ဘက်နယ်သတ်ပေါ်တွင် တည်ရှိ၍ အစွန်ဆုံးကျသောနေရာတစ်ခုဖြစ်လေရာ ကချင်မုဆိုးလည်း ရှေ့သို့ သွားရမည့်ခရီးမှာမြင်းများဖြင့်စီးနင်းသွားလာရန် မတတ်နိုင်သည့်အကြောင်းကို ပြောသဖြင့် မောင်ဘိုးရွဲလည်းမြင်းများကို ထိုရွာငယ်၌ပင် အစောင့်တစ်ယောက် ဖြင့် ထားခဲ့ စေပြီးလျှင် နောက်တစ်နေ့နံနက်စောစော၌ မြောက်စူးစူးသို့ ခြေကျင်ထွက်ခဲ့ကြကုန်၏။

ယင်းကဲ့သို့ မြောက်စူးစူးသို့ ဆက်လက်၍ ခရီးသွားကြရာ လမ်းခရီး၌ ကျားများ၊ တောဆင်ရိုင်းများ၊ ဝက်ဝံများ၏ဘေးဖြင့်လည်းကောင်း၊ ငှက်ဖျားရောဂါ





၏ဘေးဖြင့်လည်းကောင်း၊ လူပေါင်း ၄ယောက်မျှ သေဆုံးခဲ့ပြီးနောက် ရက်ပေါင်း ၂၀ကျော်ခန့်မျှ တောနက်ကြီးများထဲသို့ ဖြတ်သန်း၍လည်းကောင်း၊ အလွန်မြင့် သော တောင်များကို ကျော်နင်း၍လည်းကောင်း၊ ပင်ပန်းကြီးစွာ သွားရပြီးနောက် တောင်တန်းကြီးတစ်ခုသို့ ရောက်လေလျှင် ထိုတောင်တန်းကြီးမှာ ကချင်မုဆိုး ပြောသည့်တောင်တန်းကြီးပင်ဖြစ်ကြောင်းတွေ့ရှိရလေ၏။ မောင်ဘိုးရွဲတို့လူစုမှာ ကချင်ရွာမှ ထွက်လာခဲ့စဉ်အခါက စားရေရိက္ခာများကို ရက်ပေါင်း ၂၀စာလောက် မျှသာ ယူငင်ခဲ့ကြသဖြင့် ရိက္ခာသည် ကုန်လုနီးပါးရှိလေရာ တောကောင်အနည်း ငယ်ကိုပစ်ခတ်ရရှိသဖြင့်သာ အသက်ကိုချမ်းသာရာရခဲ့ကြရကုန်၏။ နောက်တစ် နေ့၌နောက်ကို ၅ရက်ခရီးမျှသွားရန်ကျန်သေးကြောင်းဖြင့် ပြောလေရာ ထိုအခါ၌ စားသောက်ရန် အစာရေစာများမှာ (၁)ရက်စာမျှ ကျန်ရှိတော့သဖြင့် မောင်ဘိုးရွဲ ၏ ငယ်သားများမှာ ရှေ့သို့တိုးတက်၍ သွားလိုသောဆန္ဒ မရှိကြသော်လည်း မောင်ဘိုးရွဲမှာ ရှေးမဆွကပင် မိမိ၏လူစုသည် လမ်းမှား၍ လာကြောင်းကို သိနှင့် ပြီးဖြစ်သော်လည်း ဤအကြောင်းကို ငယ်သားများသိပါက မိမိအား အရှိအသေ ပျက်မည်စိုးသဖြင့်တစ်ကြောင်း၊ မိမိတို့အလုပ်ဝတ္တရားလည်း ပျက်ကွက်ပြီးလျှင် လိုရာသို့မရောက်မည်ကိုစိုးရိမ်သဖြင့် ဤအကြောင်းများကိုအရိပ်အမြွက်မျှမသိ စေဘဲငါတို့သည် မတွေ့လျှင်မနေ၊ သေလျှင်လည်းပြီးစေတော့ဟူသောအမူအရာ ဖြင့် အိပ်ရာမှထသောအခါလည်း သူများထက်ဦးစွာထလျက် စခန်းချသောအခါ များ၌ သူများ၏ နောက်မှနားပြီးလျှင် မိမိ၏ငယ်သားများအား စိတ်မပျက်ရန် အမျိုးမျိုးအားပေးလျက် ရှိလေ၏။ ငယ်သားများမှာလည်း ၎င်း၏မျက်နှာကို ကြည့်ခြင်းအားဖြင့် အားတင်းသောအဖြစ်သို့ ရောက်ကြရလေ၏။ ရံဖန်ရံခါ ၎င်း၏ ငယ်သားအချို့တို့သည်ပြန်လိုကြောင်း ပြောသောသောအခါ စစ်ဗိုလ်မောင်ဘိုးရွဲ သည်ကြေးငွေရာထူးဌာနန္တရဖြင့် ချော့မော့၍လည်းကောင်း၊ ဓားဖြင့်ခြိမ်းခြောက်၍ လည်းကောင်း၊ မိမိ၏အလိုဆန္ဒသို့ပါအောင် ဆွဲငင်တတ်သောကြောင့် ၎င်း၏ ငယ်သားများမှာ မောင်ဘိုးရွဲအား ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ကြပြီး လျှင်သေအတူ ရှင်အတူဟူ၍သဘောထားသည့်လက္ခဏာဖြင့်လိုက်ပါရှာကြလေ ၏။



www.burmeseclassic.com

www.burmeseclassic.com

စားရေရိက္ခာများကုန်၍သွားပြီးနောက် ဒုတိယမြောက်သောနေ့၌ မောင်ဘိုးရွှဲတို့သည် မည်သည့်အစာအာဟာရကိုမျှမမှီဝဲရဘဲရှိလေ၏။ ငယ်သားများမှာလည်း ခြေကုန်လက်ပန်းကျလျက် ရှေ့သို့တိုးတက်၍ မသွားနိုင်တော့ဘဲ လက်လျှော့ရမည်ကဲ့သို့ရှိကုန်၏။ ထိုနေ့ညနေစောင်း၌ကချင်မုဆိုးဖမ်းဆီးရမိခဲ့သော လိပ်ကြီးတစ်ကောင်ကို တောထဲတွင် မီးဖိုပြီးလျှင် ထိုလိပ်သားကို ဖုတ်ကင်ဝေငှစားသောက်ခြင်းဖြင့်သာလျှင်အသက်ဆက်ကြရလေ၏။ ငယ်သားများသည် ရှေ့သို့ဆက်လက်၍မသွားနိုင်တော့သည့်အကြောင်းကို သိသောအခါ မောင်ဘိုးရွှဲသည်အကယ်၍နောက်တစ်နေ့ကုန်မှ ရှာဖွေမတွေ့လျှင် နောက်သို့ပြန်၍ဆုတ်ရန် ကတိထားပြီးလျှင် ထိုည၌စခန်းချကြလေ၏။

မောင်ဘိုးရွှဲတို့စခန်းချရာ အရပ်သည်ကား ယခင်က တွေ့ကြုံဖူးသော တောနက်များကဲ့သို့ မဟုတ်ဘဲ သားကောင်များ လွန်စွာပင်ရှားပါးလျက်ရှိလေရာ ဤကဲ့သို့ထူးဆန်းသောတော၏အခြေအနေကိုအံ့ဩလျက်ရှိလေ၏။ လွန်ခဲ့သော ရက်များက မိမိဖြတ်သန်း၍လာခဲ့သော တောများမှာ ယခု စခန်းချလျက်ရှိသော တောလောက်မျှပင် မနက်သော်လည်း နေဝင်ချိန်ကျသည်နှင့်တစ်ပြိုင်နက် ကျားဟိန်းသံများကိုလည်းကောင်း၊ ချေဟောက်သံများကိုလည်းကောင်း၊ ဝက်ဝံနှင့် အခြားသစ်ရဲတို့ အော်မြည်သံကိုလည်းကောင်း၊ အိပ်တန်းတက်ကြကုန်သော တောငှက်တို့၏တွန်ကျူးသံကိုလည်းကောင်းကြားရစမြဲဖြစ်ရာ ယခုတော၌မူကား ဤကဲ့သို့အသံမျိုးကို အလျှင်းမကြားရဘဲ လွန်စွာပင်တိတ်ဆိတ်လျက်ရှိကြောင်းကိုတွေ့ရလေ၏။ ကချင်မုဆိုးသည်ပင်လျှင် ဤအကြောင်းကို သင်္ကာမကင်းလျက်ရှိလေ၏။ သို့သော်လည်း စစ်ဗိုလ်မောင်ဘိုးရွှဲသည် ဤအကြောင်းများကို ငယ်သားများအား မသိစေမူ၍ ကြံ့ခိုင်တည်ကြည်သော မျက်နှာဖြင့် အားပေးလျက်ရှိလေရာ ငယ်သားတို့မှာ အတော်အတန်ရိပ်မိကြသည်ဖြစ်သော်လည်း မည်သို့မျှ မြွက်ဟပြောဆိုခြင်းကို မပြုဘဲ မိမိတို့၏စစ်ဗိုလ်အရိပ်အကဲနှင့် အပြုအမူကိုမြင်ကာနှင့်ပင် အားမာန်တင်းလျက် ရှိကြရကုန်၏။

ထိုည၌ တစ်လှည့်လျှင် လူ(၄)ယောက်ကျ စား. လုံ. လေး. မြားအစ ရှိသော လက်နက်တို့ကို ပြည့်စုံစွာစွဲကိုင်လျက် ကင်းစောင့်စေရာ သန်းခေါင်ကျော်





အချိန်တိုင်ရောက်လတ်သော် ညဥ့်သည်လွန်စွာပင် တိတ်ဆိတ်လျက် အိပ်ပျော်နေသော သူတို့၏ဟောက်သံများမှတစ်ပါး မည်သည့်အသံကိုမျှမကြားရဘဲရှိလေ၏။ မောင်ဘိုးရွှဲမှာ တောတောင်၏ အခြေအနေကို ကြည့်ရှုစဉ်းစားလျက်ရှိသည်နှင့် အတော်ညဥ့်နက်သည့်တိုင်အောင် အိပ်၍မပျော်သေးဘဲရှိလေရာ သန်းခေါင်ကျော်သည်နှင့်တစ်ပြိုင်နက် အလွန်ထူးဆန်းသော အသံများကိုကြားရသည်နှင့် နားစွင့်လျက်ရှိလေ၏။ ထိုအသံများသည်ကား လူများဟစ်အော်လိုက်သော အသံများကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံလည်းမောင်းထောင်း၍နေသောအသံများကဲ့ သို့လည်းကောင်း ကြားရသဖြင့် ကင်းစောင့်သမား (၄)ယောက်တို့သည် ကျောချင်းကပ်ကာ နားထောင်လျက်ရှိကြကုန်၏။ အလှည့်ကျ၍ကင်းစောင့်သမားအသစ်များလဲသောအခါလည်းယခင်ကနည်းတူပင် ထူးဆန်းသောအသံများကြားရပြန်သဖြင့် ကင်းသမားများမှာ ကြောက်ရွံ့တုန်လှုပ်ကြသည်မှန်သော်လည်း ကြောက်ရွံ့ခြင်းအလျှင်းကင်းမဲ့သော စစ်ဗိုလ်၏အားပေးပြောဆိုသံများကိုကြားရသောအခါ တစ်မျိုးအားတက်လျက်ရှိကြရပြန်ကုန်၏။

ထိုကဲ့သို့ (၄)ယောက်တစ်တွဲ အလှည့်ကျကင်းစောင့်လျက် ညဥ့်(၃) ချက်တီးကျော်မျှရှိလေလျှင် မြောက်စူးစူးမှ အလွန်ပြင်းထန်သော အသံကြီး တစ်ခုသည် မိုးချုန်းသံကဲ့သို့ ပထမကြားရပြီးနောက် တဖြည်းဖြည်း နီးကပ်၍လာလေရာ မောင်ဘိုးရွှဲတို့လူစုမှာ အလွန်ပြင်းထန်သော လေမုန်တိုင်းကြီးတိုက်ခတ်လာလေပြီဟု အားလုံးပင် အိပ်ရာမှနိုးလျက် လေမုန်တိုင်းကျ၍လာသောအရပ်သို့ ကျောခိုင်းကာ မြေပေါ်တွင် ပြားပြားဝပ်လျက်ရှိကြကုန်၏။ ထိုအခါ ငါတို့သည် ဤတောနက်ကြီးထဲ၌ သားရဲတိရစ္ဆာန်တို့၏ဘေးဖြင့် မသေမူ၍ ယခုလေကြီးကျသဖြင့် သစ်ပင်သစ်ကိုင်းများပိ၍ သေရချေတော့အံ့ဟု လေတိုက်ရာမြောက်ဘက်သို့ မျက်နှာမူ၍ကြည့်လိုက်လေရာ သစ်ပင်ရှိသစ်ရွက်တို့မှာ အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိဘဲ ပကတိဆိတ်ငြိမ်လျက်ရှိသည့်ပြင် လေဟူ၍ကြက်မွေးကလေးကိုပင် လွင့်စဉ်၍သွားအောင် မတိုက်နိုင်ကြောင်းကို တွေ့ရလေ၏။ ယင်းကဲ့သို့ အံ့ဩကာ တွေဝေကြည့်ရှုလျက်ရှိကြစဉ် တဝုန်းဝုန်း တဂျုန်းဂျုန်းမြည်သော အသံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်မြောက်ဘက်သို့တဖြည်းဖြည်းပြန်၍သွားဘိသကဲ့သို့ထင်မှတ်ရပြီးလျှင် အလွန်ဝေးသော အရပ်တွင် တဖြည်းဖြည်းပျောက်ကွယ်၍ သွားလေ၏။

နောက်တစ်နေ့ နံနက်စောစော၌ မောင်ဘိုးရွှေသည် တောတောင်၏ ထူးဆန်းပုံကိုအံ့သြလျက်ရှေ့သို့တိုးတက်သွားရန်တစ်ယောက်တည်းထွက်ခဲ့လေ၏။ ထိုနေရာ၌ တောင်နာမောင်းသည် အရှေ့ဘက်သို့ တဖြည်းဖြည်း နိမ့်၍ လာလေရာ မိမိရှေ့မှလှမ်းမကမ်းတွင် သမင်ကြီးတစ်ကောင်သည် ဦးခေါင်းကို မော့လျက် ချောက်ကမ်းပါးတစ်ခုတွင် ရပ်လျက်နေသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ၌မောင်ဘိုးရွှေမှာလက်တွင်ကိုင်၍ထားသောဓားလွှတ်အပြင်နောက်ကျော ထက်၌လည်း လေးနှင့်မြားကျည်တောက်ကို လွယ်လျက်ရှိလေရာလေးကို လျင်မြန်စွာယူ၍ တင်ပြီးလျှင် မြားကို သမင်၏ဦးခေါင်းရှိရာသို့တည့်တည့် ချိန်ရွယ်၍ လွှတ်လိုက်လေ၏။ လွှတ်လိုက်သောမြားသည် လျင်မြန်လှစွာသော အဟုန်ဖြင့် သမင်၏ဦးခေါင်းကို စိုက်လျက်ရှိလေရာ သမင်ကြီးသည် ချောက်ထဲသို့ ကျွမ်းပြန်၍ကျသွားလေ၏။ မောင်ဘိုးရွှေသည် ငါတို့သည် ယနေ့အဖို့စားသောက်ရန်လုံလောက်ချေပြီဟုသေသောသမင်ကိုကောက်ယူရန် ချောက်ထဲသို့ဆင်းပြီးလျှင် ရှာဖွေလျက်ရှိရာ မည်သည့်အရာဝတ္ထုကိုမျှ မတွေ့ရသည်နှင့် အတန်ကြာအောင် တွေ့ဝေစဉ်းစားလျက် ရှိလေ၏။ ထို့နောက်သမင်သည်သေလောက်သောဒဏ်ရာမရသဖြင့်အခြားတောင်ကမ်းပါး ပေါ်သို့တက်၍ပြေးတန်ရာ၏ဟုတစ်ဖက်သောတောင်သို့တက်လေရာတောင်ပေါ် သို့ရောက်လျှင် သမင်ခြေရာများကို တွေ့ရပြန်သည်နှင့် ခြေရာကို ခံပြီးလျှင် လိုက်၍သွားပြန်လေ၏။ ထိုအခါ၌ကား မောင်ဘိုးရွှေမှာ စခန်းချရာအရပ်နှင့် လွန်စွာဝေးလံခဲ့ပြီဖြစ်ရာ အချိန်မှာလည်း မွန်းတည့်ချိန်သို့ ရောက်ရှိပြီ ဖြစ်လေ၏။

မောင်ဘိုးရွှေမှာ မည်သည့်အာဟာရကိုမျှ မမှီဝဲရသည့်ပြင် ရေလည်း အလွန်ငတ်လှသည်ဖြစ်၍တောင်ချောက်များကြားထဲ၌ရေအိုင်များတွေ့လိမ့်မည် အထင်နှင့် တောင်၏အခြားဘက် ချောက်တစ်ခုထဲသို့ ဆင်းခဲ့ပြန်ရာ အောက်သို့ ရောက်လျှင်မိမိထင်မြင်သည့်အတိုင်းမတွေ့ရသည်နှင့်ချောက်ကြားတစ်လျှောက်





သို့လျှောက်ကာ ရေအိုင်ကိုလိုက်လံရှာဖွေလျက် ရှိလေ၏။ပူပြင်းလှသော နေမင်းသည် မောင်ဘိုးရွှေအား မညှာတာဘဲ မိမိ၏ရောင်ခြည်များကို အားကုန်လွှတ်ဘိ သကဲ့သို့ရှိလေရာ သစ်ပင်တစ်ပင်၏အရိပ်အောက်တွင်တစ်ခဏမျှအမောဖြေရန် လှဲလိုက်ပြီးနောက် အစာငတ်မွတ်ခြင်း၊ ရေဆာလောင်မွတ်သိပ်ခြင်း၊ နေမင်း၏ ပူပြင်းခြင်းစသည်တို့သည် စုပေါင်း၍လာသည်ဖြစ်ရကား အလွန်မောပန်း၍ လာပြီးလျှင် တစ်ခဏမျှ အိပ်ပျော်၍သွားလေ၏။

အိပ်ရာမှနိုးလတ်သော်ညနေစောင်းပြီဖြစ်၍မောင်ဘိုးရွှေ၌ကားရေငတ် သောဘေးသည် မခံမရပ်နိုင်အောင်ပင် ရှိသည်နှင့် ရေအိုင်ကို ဆက်လက်ရှာဖွေ ပြန်ရာ တောင်ပူစာ ၂ခုအလယ်တွင် ကြည်လင်သော ရေအိုင်ကလေးတစ်ခုကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ပြေး၍သွားပြီးလျှင် ရေများကို လက်ခုပ်ဖြင့်ယူကာ သောက်လေ၏။ မျက်နှာနှင့် ဦးခေါင်းများကို အားရအောင် ဆေးကြောပြီးသော် အစာပင်မစားသော်လည်းရေငတ်ပြေ၍သွားရကားတစ်မျိုးအားတက်၍ လာပြန် လေ၏။အေးမြကြည်လင်သောရေကိုဝအောင်သောက်ပြီးသော်မောင်ဘိုးရွှေသည် တစ်စုံတစ်ခုကို သတိရသည်နှင့် မိမိ၏အိတ်ထဲတွင် စမ်းသပ်ရှာဖွေရာ ကံအား လျော်စွာအသင့်ထည့်၍ထားသောငါးများချိတ်တစ်ချောင်း၊ကြိုးခွေကလေးတစ်ခု ကိုတွေ့ရသည်နှင့်ထိုရေအိုင်တွင်ငါးများကိုစမ်းသပ်ကာမျှားစပြုလေ၏။ သို့သော် လည်း ဤအရပ်၌ ငါးများသည် အလွန်ရှားပါးသည့်ဟန်ဖြင့် အချိန်အတော်ကြာ အောင်ပင်မျှားသော်လည်းငါးတစ်ကောင်မျှလာရောက်၍ဟပ်မျိုခြင်းကိုမပြုချေ။ ထိုအခါမောင်ဘိုးရွှေသည်များစွာစိတ်ပျက်လျက်ငါသည်ဤလူသူမနီးတောကြီးထဲ တွင် မျက်စိလယ် လမ်းမှားလျက် သားရဲတိရစ္ဆာန်တို့၏ဘေးဖြင့်လည်းကောင်း၊ အစာရေစာ ငတ်မွတ်သော ဘေးဖြင့်လည်းကောင်း သေရတော့အံ့။ ငါ၏ဆိုးဝါး သော ကံကြမ္မာကို မည်သူတစ်ဦးတစ်ယောက်မျှ သိမည်မဟုတ်ချေ။ သို့သော် ငါသည် မသေဘဲ နေရသော် အရှင်၏ကျေးဇူးသစ္စာတော်ကို စောင့်ထိန်းသည့် အတိုင်းမတွေ့လျှင်မနေ ရှာဖွေတော့အံ့။ ကချင်မှဆိုးသည်လည်း လိမ်လည်လှည့် ဖြား၍ ပြောဟန်လက္ခဏာမရှိချေ။ ထိုဘော်တွင်းကို တွေ့ရှိခဲ့ပါမူ ငါတို့မြန်မာနိုင်ငံ တွင် ကြွယ်ဝချမ်းသာတော့အံ့စသည်ဖြင့် တွေးတောလျက်ရှိစဉ် သာယာလှစွာ



www.burmeseclassic.com

www.burmeseclassic.com



တီးမှုတ်လိုက်သော အသံတစ်ခုကို ကြားရသည်နှင့် ဤတောတောင်ကြီးထဲတွင် မည်သူလာ၍ တီးမှုတ်ခြင်းအမှုကို ပြုနိုင်ပါမည်နည်းဟု အသံကြားရာအရပ်သို့ နားစွင့်လျက်ရှိလေ။ ထိုအသံသည်ကား လူတို့တီးမှုတ်သော စောင်းညှင်းပတ်သားတူရိယာမျှမက လွန်စွာပင်သာယာနာပျော်ဖွယ်ကောင်းလှသည်ဖြစ်ရာအသံသည် ပထမ၌ မြောက်အရပ်မှသော်လည်းကောင်း၊ တောင်အရပ်မှသော်လည်းကောင်း၊ ထိုနည်းအတူအရှေ့ဘက်၊ အနောက်ဘက်မှသော်လည်းကောင်း၊ ကောင်းကင်မှသော်လည်းကောင်း၊ မြေကြီးထဲမှဖောက်ခွဲ၍ လာဘိသကဲ့သို့လည်းကောင်း ထင်မှတ်ရလေ၏။ ထိုအသံသည် တဖြည်းဖြည်း ဝေးသွားပြီးလျှင် ပျောက်ကွယ်၍သွားလေသော် အရှေ့ဘက် တောင်ကလပ်တစ်ခုပေါ်တွင် လှုပ်ရှားလျက်ရှိသော အရာများကို မြင်ရသဖြင့် မောင်ဘိုးရွဲသည် မိမိ၏မျက်စိများကိုပင် မယုံကြည်လာက်အောင်ရှိသဖြင့် မျက်စိများကိုပွတ်ပြီးလျှင် တစ်ဖန်ကြည့်ရှုသော အခါ အရှေ့လောကဓာတ်မှထွက်ပေါ်လျက်ရှိသော လရောင်တွင် ခပ်ရေးရေးမျှ မြင်ရသောအရာများမှာ လွန်စွာပင်ထူးဆန်းလှချေ၏။ အကြောင်းတစ်ခုကို ဆိုသော် အရိုးမျှသာရှိသော လူ ၇ ယောက်တို့သည် လက်ခြေများကို ပြိုင်တူ မြှောက်ကာလမ်းလျှောက်၍နေဘိသကဲ့သို့ရှိပြီးလျှင် ၎င်းတို့၏ရှေ့၌မှုမိန်းမကဲ့သို့ အဆင်းရှိသော ပုံသဏ္ဍာန်တစ်ခုသည် လုံတံကိုကိုင်ကာ ထိုမှဤမှ သွားလာလှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်ဘိုးရွဲမှာ ကြောက်ရွံ့ခြင်းထက် အံ့သြခြင်းက ပိုမိုလျက်ရှိရကား ထိုအရာများသည် ကောင်းကင်မှ တိမ်များနှင့်ရောစပ်ကာ တဖြည်းဖြည်း ပျောက်ကွယ်၍ သွားသည်တိုင်အောင် ငေး၍ကြည့်ရှုနေလေ၏။ တစ်ခဏမျှကြာသော် နောက်မှနေ၍ တစ်စုံတစ်ယောက်သောသူသည် မိမိ၏ပခုံးကို ပုတ်လိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာ ယခင်ဆိုအပ်ခဲ့ပြီးသော တောင်ကလပ်ပေါ်တွင် ခပ်ရေးရေးမျှမြင်ရသောမိန်းမသည် မိမိအနီးတွင် ရပ်နေကြောင်းကို တွေ့ရလေ၏။

"မကြောက်ပါနဲ့ မောင်ရယ် မကြောက်ပါနဲ့၊ မောင့်ကို ကျုပ်ကယ်ဆယ်ရအောင် လာတာပါ မောင်ရဲ့"





"ဒီလိုဖြင့် ကောင်းပါလေရဲ့ဗျာ၊ တစ်ဆိတ်လမ်းကလေး ပြပါ ခင်ဗျာ၊ ကျွန်တော်လည်း မျက်စိလည်လမ်းမှားပြီး ဒီတောင်ကြီး ၂ လုံးစပ်ကြားရောက်နေပါတယ် ခင်ဗျာ၊ နေပါဦး တောကြီးတောင်ကြီးထဲမှာ မိန်းမသားကလေးတစ်ယောက်တည်း"

"အိုဘာကြောက်စရာရှိသလဲ၊ ကြောက်တယ်ဆိုတာ ရန်သူရှိမှ ကြောက်ရတာကလား မောင်ရဲ့၊ ကျုပ်မှာတော့ ရန်သူမှမရှိပဲ ဘယ်ဟာကို ကြောက်ရမှာလဲ၊ ဒီတောထဲက သတ္တဝါကောင်တွေ၊ မကောင်းဆိုးဝါးတွေ၊ ဝိဉာဉ်တွေမှန်သမျှ ကျုပ်သြဇာပေးသမျှ နာခံကြရတာပဲ။ သည်ဟာတွေ ထားလိုက်ပါဦး မောင်ရယ်၊ မောင်တို့ဘုရင်မင်းမြတ်က ကျုပ်တောတောင်က ပတ္တမြားတွင်းတွေ၊ ဘော်တွင်းတွေကို မတွေ့တွေ့အောင်ရှာဖို့ ယခု မောင်လာခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒါနဲ့ ဒီအကြောင်းတွေ ခင်ဗျားဘယ့်နှယ်သိလဲ"

"ကျုပ်အတတ်နဲ့ကြည့်လို့ သိတာပေါ့ မောင်ရယ်၊ ဩော် ဘုရင်မင်းမြတ် ဘုရင်မင်းမြတ် တိုင်းပြည်နိုင်ငံကို အုပ်ချုပ်ပြီး မင်းလုပ်နေပေမဲ့ လောဘက မသတ်နိုင်သေးဘဲကိုး၊ သူ့တိုင်းပြည်နိုင်ငံကို သူအစိုးရပေမဲ့ ကျုပ်နယ်ကို သူပိုင်တာ မဟုတ်ဘူး မောင်ရဲ့၊ ကျုပ်တစ်ယောက်ပဲ ပိုင်တယ်၊ နားလည်ရဲ့လား"

"မှန်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်တို့လို လူသားပဲလား"

"လူသားစင်စစ်တော့ မဟုတ်ဘူးပေါ့ မောင်ရယ်၊ နို့ပေမဲ့ ကျုပ်ဟာ ဘာလဲလို့ မောင့်ကိုပြောဖို့ ဝတ္တရားမရှိပေဘူး။ မောင်အခုအစာပြတ်လို့ ဒီရေအိုင်မှာ ငါးမျှားနေတာ ငါးတော်တော်ရရဲ့လား"

"တစ်ကောင်မျှ မရသေးပါဘူးဗျာ။ သည်လောက်တောင် ရှားပါးတဲ့ ရေကန်၊ တစ်ခါမျှ မတွေ့ဖူးပါဘူး။ အစာမစားရတာလဲ တစ်ရက်နဲ့ တစ်မွန်းတည့် ရှိပါပြီဗျာ။ သနားသဖြင့် ကြည့်ရှုပါဗျာ"

"စားရပါစေ့မယ်၊ စားရပါစေ့မယ်၊ စိတ်ချပါ ကျုပ်နေရာရောက်တော့ စားချင်တဲ့အစာ စားရရောပေါ့။ ကျုပ်နေတဲ့နေရာလည်း တယ်ပြီး မဝေးလှပါဘူး၊ မသွားခင် ကျုပ်အတတ်ကလေး နည်းနည်းပြခဲ့ပါရစေဦး။ ပေးစမ်း မောင့်ငါးမျှားချိတ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမသည်မောင်ဘိုးရွှဲ၏လက်မှငါးမျှားချိတ်ကိုကိုင်လျက် "လောကမှာအဖိုးမတန်တဲ့အရာကိုအဖိုးတန်အောင်၊ ခဲကြေးစတဲ့အသုံးမကျတဲ့သတ္တုတွေကို ရွှေငွေအစရှိတဲ့ အဖိုးထိုက်တန်တဲ့ ရတနာဖြစ်အောင်၊ အသက်တိုတဲ့လူကို အသက်ရှည်အောင်၊ အသက်ရှည်တဲ့လူကို တိုအောင်၊ လူတစ်ယောက်ကို ချက်ချင်းသေသွားအောင်၊ သေပြီးသားလူကို တစ်ဖန်ပြန်ပြီးရှင်လာအောင် လုပ်နိုင်တဲ့နည်းတွေ အများကြီးရှိတယ်ဆိုတာ မောင်ယုံကြည်ရဲ့လား"

"ကြားတော့ ကြားဖူးပါရဲ့ဗျာ၊ နို့ပေမဲ့ တစ်ခါမျှ ကိုယ်တိုင်ဒိဋ္ဌဆိုသလို မတွေ့ဖူးလေတော့ အယုံအကြည်မရှိခဲ့ပေဘူး"

"သြော် လူများလူများ၊ ကိုယ်မသိတဲ့ပညာ၊ ကိုယ်မမီတဲ့ပညာဆိုတော့ မယုံကြည်နိုင်ကြပေဘူးနော်။ ကိုင်း ကိုင်း ပြရဦးမှာပေါ့ မောင်ရယ်" ဟုပြောကာ လက်ထဲတွင်ပါလာသော သေးငယ်သော အလုံးကလေးတစ်လုံးကို မြေပေါ်သို့ ပစ်ချလိုက်ပြီးနောက် ၎င်းဆေးလုံးကျရာအရပ်သို့ လက်တွင်ကိုင်လျက်ရှိသော လှံတံဖြင့် ငွေ့ယမ်းလျက်ရှိလေရာ ဆေးလုံးကျသောနေရာမှ အလွန်ဖြူသော အရောင်ရှိသော မီးတောက်တစ်ခုသည် တစ်ခဏချင်း၌ပင်ဖြစ်ပေါ်၍လာပြီးလျှင် လူ၏တစ်ရပ်ခန့်မျှ ဟုန်းဟုန်းတောက်လျက် ရှိလေ၏။ ယင်းအခါ မိန်းမပျိုသည် လက်ကိုဆန့်တန်းကာ ငါးမျှားချိတ်ကို မီးတောက်ထဲသို့ ထိုးသွင်းလိုက်လေရာ ဖယောင်းတိုင်တစ်သောင်းအားမျှမကာ ထွန်းလင်းကြည်လင်ပြီးလျှင်ဖြူစင်လှစွာသောအရောင်ရှိသောမီးတောက်သည်မိန်းမပျို၏လက်ကိုလည်းကောင်း၊ အဝတ်အစားကိုလည်းကောင်းမလောင်ဘဲရှိလေ၏။ ထိုအခါမောင်ဘိုးရွှဲသည်မိန်းမပျို၏အဆင်းကို မီးရောင်တွင် မြင်ရသဖြင့် ရွှေ၏အဆင်းကဲ့သို့ လှပသောကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့်ပြည့်စုံသောအဖြစ်ကိုတွေ့မြင်ရလေရာမိန်းမပျို၏လှပပုံကို စာအားဖြင့် ရေးသား၍မကုန်နိုင်အောင်ပင် ရှိချေ၏။

တစ်ခဏမျှကြာလျှင် ငါးမျှားချိတ်ကို မောင်ဘိုးရွှဲအားပြန်၍ပေးသဖြင့် မောင်ဘိုးရွှဲသည်အတန်ကြာအောင်တွေဝေကြည့်ရှုလျက်ရှိလေ၏။ အကြောင်းကိုဆိုသော် မာကျောလှစွာသော သံကိုပြုလုပ်၍ထားသော ငါးမျှားချိတ်သည် ရွှေအဆင်းကဲ့သို့ နီဝင်း၍လာပြီးလျှင် လွန်စွာပျော့ပြောင်းလျက်ရှိသည်ကို





တွေ့ရလေ၏။ ၎င်းနောက် မောင်ဘိုးရွှဲအား ထိုငါးမျှားချိတ်တွင် ငါးစာကိုမျှ မတပ်ဘဲ ငါးမျှားစေရာ ငါးများ၊ ပုစွန်များ၊ လိပ်များ၊ ရေမြွေနှင့်ရေအိုင်တွင် ရှိသမျှသော သတ္တဝါမှန်သမျှတို့သည် သူထက်ငါ လုယက်၍ ဟပ်မျိုကြကုန်၏။ ၎င်းနောက်မိန်းမပျိုသည် ဓာတ်ငါးများကို ယူပြီးလျှင် လက်ဖြင့် လုံးလိုက်ရာ ရွှံ့များ၊ ဖယောင်းများကို လုံးဘိသကဲ့သို့ အလုံးကလေးတစ်ခုဖြစ်၍ သွားလေ၏။

"ကိုင်း ကိုင်း တော်လောက်ပြီ၊ တော်လောက်ပြီ။ သည်ဟာတွေသိရဲ့လား၊ မျက်လှည့်မဟုတ်ဘူးနော်၊ ပညာခေါ်တယ်။ ကြားလား၊ နို့ပေမဲ့ မတတ်တဲ့လူများမှာတော့ ခက်တာပေါ့မောင်ရယ်၊ ကျုပ်တို့မှာတော့ မထူးလှပါဘူး။ သြော် စကားပြောပြီး ကောင်းနေလိုက်တာ ခုမှပဲ သတိရတယ်။ မောင်ဆာလှပြီမှတ်တယ်၊ တစ်နေ့လုံး ဘာမျှမစားရသေးဘူးဆို မဟုတ်လား။ လာ လာ ကျုပ်နေရာကို လိုက်ခဲ့ပေတော့။ တယ်ပြီးမဝေးလှပါဘူး မောင်ရယ်" ဟု ပြောပြီးနောက် မိန်းပျိုသည် တစ်စုံတစ်ခုကို သတိရသည့် လက္ခဏာဖြင့် –

"တစ်ခုတော့ရှိတယ်နော်။ ကျုပ်အမိန့်အတိုင်းကို လိုက်နာရလိမ့်မယ်၊ လိုက်နာနိုင်ပါ့မလား"

"ဘယ်လို လိုက်နာရမှာလဲဗျာ"

"ကျုပ်နေရာကို လိုက်တဲ့အခါမှာ မောင့်မျက်စိကို အဝတ်စည်းခဲ့ရလိမ့်မယ်"

"ကောင်းပါပြီဗျာ"

ရှည်သောအတ္ထုပ္ပတ္တိကိုတိုအောင်အကျဉ်းချုပ်အားဖြင့်ရေးသားဖော်ပြရမည်ဆိုသော် ထိုမိန်းမသည် မောင်ဘိုးရွှဲအား တောင်ကြားထဲမှ ဖြတ်ပြီးလျှင် ကျောက်ကို ဖောက်ထွင်း၍ထားသော ဂူများထဲမှခေါ်၍ သွားပြီးလျှင် သဲတောင်တစ်ခုပေါ်သို့ တက်ပြီးနောက် အလွန်မြင့်သော တောင်ကြီးတစ်ခု၏ နံဘေးမှ ခေါ်သွားလေ၏။ နောက်ဆုံး၌သစ်ပင်ကြီးတစ်ပင်၏အကိုင်းပေါ်မှလျှောက်ပြီးလျှင် ဂူတစ်ခုသို့ရောက်၍သွားသောအခါ ထိုနေရာ၌အလွန်မြိန်ရှက်သောအရသာနှင့်ပြည့်စုံသည့် သစ်သီးအမျိုးမျိုးကို ကျွေးမွေးလေ၏။ ထိုအခါ မောင်ဘိုးရွှဲမှာ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဖုံးအုပ်၍ထားသော အဝတ်ကို ဖြုတ်လိုက်ပြီဖြစ်၍ နေရာ၏အခြေအနေကို ကြည့်လိုက်သောအခါ ဂူ၏အတွင်း၌မူ လူများနေထိုင်သည့်အိမ်သဖွယ် လှပစွာ ခင်းကျင်း၍ထားသည်ကိုလည်းကောင်း၊ ကျောက်ဖြူဖြင့် ပြီးသော နံရံတို့မှာလည်း ဆန်းကြယ်လှစွာသော အရုပ်တို့ဖြင့် ထုလုပ်ကာ တန်ဆာဆင်လျက် ဂူ၏အတွင်း ဘက်၌မူ အခြားသေးငယ်သော ဂူငယ်တစ်ခုလည်းရှိလေရာ ထိုဂူအတွင်းမှ လာသော မီးရောင်မှာ အခန်းတစ်ခန်းလုံးကို ထိန်လင်းစေလျက်ရှိလေ၏။

မောင်ဘိုးရွဲမှာ လွန်စွာဆောင်လောင်မွတ်သိပ်၍နေစဉ် ထူးကဲမြိန်ရှက်သောအရသာရှိသည့်သစ်သီးများကိုစားရသည်တစ်ကြောင်း၊ တစ်နေ့လုံးခရီးပန်းလျက်ရှိသည်တစ်ကြောင်း သားမွေးတို့ဖြင့် နူးညံ့စွာခင်းလျက်ထားသော ညောင်စောင်းတစ်ခုပေါ်တွင် ဦးခေါင်းကိုချလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။ မောင်ဘိုးရွဲမှာ ထူးဆန်းသောမိန်းမပျို၏ အရေးတယူဂရုစိုက်လျက်ပြုစုခြင်းကို ခံရလေရာ ထိုမိန်းမပျို၏အကြောင်းကို အနည်းငယ်မျှ မေးမြန်းစုံစမ်းခြင်းကို မပြုမူ၍ သစ်ကျား၊ ဝက်ဝံစသော တောကောင်တို့၏ ဘေးမှလည်းကောင်း၊ ငတ်မွတ်ဆာလောင်ခြင်းဘေးမှလည်းကောင်း လွတ်ကင်းပြီးလျှင် အချမ်းအပူမျှတ၍ နူးညံ့သိမ်မွေ့လှသောနေရာတွင် အိပ်စက်ရလေရာ ကြောက်ရွံ့ခြင်းအလျှင်းကင်းမဲ့လျက်ငါ၏အသက်သည်ယခုတိုင်မသေပျောက်လျှင်တော်ပေပြီ။ ရှေ့အဖို့၌မူ ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်နှလုံးကို တုံးတုံးချလျက် နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းသို့ ရောက်သွားခြင်းဖြစ်လာသည်။

အိပ်ရာမှနိုးသည်နှင့်တစ်ပြိုင်နက် မျက်လုံးများကိုဖွင့်၍ကြည့်လိုက်ရာ မိမိသည်အလွန်ရေစီးသန်လှသော ချောင်းငယ်တစ်ခု၏ နံဘေးသစ်ပင်တစ်ပင် အောက်ရှိကျောက်တုံးတစ်ခုကို ခေါင်းအုံးလျက်အိပ်နေကြောင်းကိုတွေ့ရလေရာ မိန်းမပျိုသည်လည်း လုံတံကိုကိုင်ကာ ကျောက်တုံးကြီးတစ်လုံးပေါ်တွင် ထိုင်လျက် မိမိအား ကြည့်ရှုနေသည်ကို တွေ့ရလေ၏။ ထိုအချိန်သည်ကား နေသည် ထန်းတစ်ဖျားခန့်မျှ ရှိပြီဖြစ်၍ ရွှေအဆင်းနှင့်တူသော မိန်းမပျို၏အသားမှာ နေရောင်တွင်ဟပ်လျက် နှင်းပွင့်ကဲ့သို့ ဖြူဆွတ်လှစွာသော အင်္ကျီရှည်ကြီးမှာ လွန်စွာပင် ပျော့ပျောင်းနူးညံ့သည့်လက္ခဏာဖြင့် ဝင်းထိန်သောအသားကိုပင်





ဖောက်၍မြင်ရနိုင်းပါးရှိလေရာ အဆစ်အမြစ်ပြေပြစ်ကျန၍ လှပစွာသော လက်ခြေ မှစ၍ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှာ ယောကျ်ားတို့၏ စိတ်အာရုံကို အစွမ်းကုန် ဆွဲငင်ရစ်ကျော့၍ ယူဘိသကဲ့သို့ရှိပြီး၊ လည်ပင်းတွင်လည်းကောင်း၊ လက်တွင် လည်းကောင်း၊ ရင်တွင်လည်းကောင်း ဆင်မြန်း၍ထားသော လှပစွာသော ကျောက်မျက်ရွဲတို့မှာ နေရောင်တွင် တဖိတ်ဖိတ်တောက်လျက် ရှိကုန်၏။

ထိုအခါမောင်ဘိုးရွဲသည်မိန်းမပျိုကိုကြည့်လျက်မိမိအားအဘယ်အရပ် သို့အဘယ်အကြံအစည်ဖြင့်ယူဆောင်၍လာပါသနည်းဟု မေးမြန်းလေရာ မိန်းမ ပျိုသည်မတ်တတ်ရပ်ကာ ချောင်းနံဘေးတွင်ဝါးများကိုဖောင်ကဲ့သို့ဖွဲ့စည်း၍ထား သော ဖောင်ငယ်တစ်ခုကို လုံတံဖြင့် ညွှန်ပြီးလျှင် "ဒီဖောင်ကလေးဟာ မောင့် အတွက် ကျူပ်ပြုလုပ်ပြီးထားတဲ့ ဖောင်ကလေးပေါ့၊ ဒီဖောင်နဲ့မျှောပြီး ဟိုရှေ့က ညို့ညို့မှိုင်းမှိုင်းမြင်ရတဲ့တောင်ကြီး ၂လုံးကို ကျော်သွားမိရင် ရှင်တို့နေထိုင်တဲ့ မြန်မာပြည်တော့မဟုတ်ဘူးလူမျိုးတစ်မျိုးနေထိုင်တဲ့တိုင်းပြည်ရောက်သွားလိမ့် မယ်။ ပြီးတော့ သည်ကဲ့သို့ လူသူမရောက်တဲ့ ကျူပ်နေထိုင်တဲ့နေရာကို မောင်တစ်ယောက်တည်း မျက်စိလည်လမ်းမှားပြီး စွတ်စွတ်ရွတ်ရွတ်ရောက် လာတဲ့အတွက် ဟောဒီကျောက် ၂လုံးကို ပေးလိုက်မယ်၊ အရင်ညက ဓာတ်လုံး ကလေးကိုလည်း ကောင်းကောင်းသိမ်းပြီးထား၊ တစ်နေ့နေ့တော့ အင်မတန် အသုံးကျလိမ့်မယ်နော်၊ မောင်တို့တိုင်းပြည်ကို ပြန်ရောက်တဲ့အခါကျတော့ ဘုရင်မင်းမြတ်ကိုလည်း ပစ္စည်းဥစ္စာရတနာရွှေငွေဆိုတာ ရေ၊ မြေကိုအစိုးရတဲ့ ဘုရင်မင်းမြတ်ပင်ဖြစ်သော်လည်း မိမိနှင့် ထိုက်တန်တဲ့ ဥစ္စာမှ ရကြပါတယ်။ နောင်ကိုလည်း ဒီလိုစွန့်စားပြီးမစေလွှတ်ပါနဲ့ ဒုက္ခရောက်ပြီး ကုန်ကြပါလိမ့် မယ်ဆိုတဲ့အကြောင်း ဆက်ဆက်သံတော်ဦးတင်ပါနော်။ ကိုင်း ကိုင်း သွားပေ တော့၊ သွားပေတော့။ ညနေစောင်းကျရင်ဖြင့် ရောက်လောက်ပါရဲ့" ဟု ပြောလေရာ မောင်ဘိုးရွဲမှာ မိန်းမပျို၏ရုပါရုံငါးများတွင်မိသော ငါး၏ဘဝသို့ ရောက်ရှိခဲ့ပြီဖြစ်၍ မိမိမှာ တိုင်းပြည်နိုင်ငံသို့ပင် မပြန်လိုကြောင်း၊ မည်ကဲ့သို့ပင် ဖြစ်စေကာမူ အသင့်ထံတွင် အလုပ်အကျွေးအဖြစ်ဖြင့် သက်ဆုံးတိုင်နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရန် အခွင့်ပြုပါက နေထိုင်ပါမည့်အကြောင်းဖြင့် တောင်းပန်ပြောဆိုလေရာ ထိုမိန်းမသည် ဟက်ဟက်ပက်ပက်ရယ်မောလျက် -

"ဩော် လူသား လူသား၊ ကာမဂုဏ်များမြင်မှုဖြင့် တယ်ပြီး တပ်မက်တဲ့ ဝါသနာရှိတာကပဲ နော်။ သည်းခံသည်းခံ၊ ကျုပ်ဟာ မောင့်အတွက်မဟုတ်ပေဘူး မောင်ရဲ့"

"ဒါဖြင့် နာမည်ကလေးတစ်ဆိတ် သိပါရစေဗျာ"

"မသိချင်ပါနဲ့မောင်ရယ်၊ နာမည်သိလို့ ဘာအကျိုးရှိဦးမှာတုံး၊ ကျုပ်ပြောတဲ့စကားတစ်ခုတော့ မြဲမြဲမှတ်ထားနော်၊ နောက်များ ကျုပ်နေတဲ့နေရာကို ရှာလားဖွေလားနဲ့ လိုက်ပြီးလာဖို့စိတ်မကူးနဲ့။ ကျုပ်ပေးလိုက်တဲ့ကျောက် ၂လုံးကဖြင့် မောင့်တစ်သက်မှာ စားနိုင်လောက်အောင် ပစ္စည်းရပါလိမ့်မယ်။ ကိုင်း ကိုင်း သွားပေတော့"

ထိုအခါမောင်ဘိုးရွှဲမှာမသွားလိုကြောင်းဖြင့်ထပ်မံပြောဆိုလျက်ရှိလေရာထိုမိန်းမပျိုသည်အနည်းငယ်စိတ်ဆိုးသည့်လက္ခဏာဖြင့် "စကားရှည်မနေပါနဲ့ မောင်ရယ်၊ သွားဆိုတာ အေးအေးသာသွားပါ၊ ကြာရင် ဒုက္ခရောက်ကုန်ပါလိမ့်မယ်။ ကျုပ်ရုပ်အဆင်းကလေးကိုမြင်ရလို့မောင်ဟာကျုပ်ကိုတပ်မက်ပြီးနေတာ၊ မမြင်သည့်လောက်ဖြစ်မှာ မဟုတ်ပါဘူး။ ကိုင်း ကြည့်စမ်းပါဦး၊ အခု မြင်သေးရဲ့လား" ဟုပြောသဖြင့်အသံကြားရာအရပ်သို့ကြည့်လိုက်ရာ မိန်းမပျိုသည်ပျောက်ကွယ်လျက်သွားသည်ကို တွေ့ရလေ၏။ မောင်ဘိုးရွှဲမူကား လွန်စွာပင် ခက်ထန်ကြမ်းကြုတ်သော စိတ်နှလုံးရှိသူပင်ဖြစ်သော်လည်းမျက်စိမှမျက်ရည်ပေါက်ကြီးများကျလျက် ဖောင်ပေါ်သို့ တက်ပြီးလျှင် ဝါးတစ်လုံးဖြင့် ထိုးခတ်လျက် ရေစီးအတိုင်း ချောင်းကလေးကို စုန်ဆင်းလာခဲ့လေ၏။ မိမိရှေ့တွင် ညို့ညို့မှိုင်းမှိုင်းမြင်ရသောတောင်ကြီးသည်တဖြည်းဖြည်းနီးကပ်၍လာပြီးလျှင်ဂင်းတောင်နှစ်လုံးကြားသို့ချောင်းငယ်သည်ကွေ့ကောက်၍ဝင်သွားပြီးနောက်ညနေစောင်းအချိန်သို့ကျရောက်လတ်သော် ရွာငယ်ကလေးတစ်ရွာသို့ ဆိုက်ရောက်လေရာ ထိုရွာကလေးမှာ တိဗက်ရှိ ရွာကလေးတစ်ရွာဖြစ်ကြောင်းကို မောင်ဘိုးရွှဲသည် နောက်မှသိရှိရလေသည်။





နောက် တစ်နှစ်ခန့်မျှကြာရှိသောအခါ မြန်မာပြည်သို့ပြန်၍ ဆိုက်ရောက်ခဲ့လေရာမောင်ဘိုးရွှဲမှာအောက်ပြည်အောက်ရွာသို့ရုပ်ဖျက်ထွက်ခဲ့ပြီးနောက် လယ်ယာချောင်းမြောင်းများကို ဝယ်ခြမ်းပြီးလျှင် ကုန်သည်တို့ဘာဝ လုပ်ကိုင်စားသောက်လျက်ရှိလေ၏။ ဤကဲ့သို့ရှိစဉ်ယခင်ကတွေ့ကြုံဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်များကို မေ့လျော့နိုင်သည် မရှိဘဲ အစဉ်သဖြင့် သတိရလျက်ရှိလေရာ အဓိကရဒိပ်မက်များကိုလည်း မကြာမကြာပင်မြင်မက်သဖြင့် အသက်ပင်သေလျှင်သေစေတော့ဟုသဘောပိုက်ကာထိုမိန်းမနှင့်တွေ့ဆုံရန်စွန့်စားသွားရောက်မည့်အကြံနှင့် ထိုအခါ လာရောက်ခြင်းဖြစ်လေသည်။

အထက်ပါ မိမိ၏အတ္ထုပ္ပတ္တိကို ပြောပြပြီးနောက် မောင်ဘိုးရွှဲသည် ကျွန်ုပ်အား - "ကိုင်း ဒီဟာ ကျုပ်အဖြစ်အပျက်ပဲဗျာ၊ ပြောလို့တောင် ယုံတဲ့လူမှ ယုံမယ်။ နို့ပေမဲ့ မနေနိုင်ဘူး ကိုနိုင်ရေ၊ သွားရလိမ့်မယ်။ သေချင်လည်း သေပါစေတော့။ သို့သော်လည်း မသေခင်တော့ ထူးထူးဆန်းဆန်းမြင်ရတွေ့ရမှာပဲ။ ဒီမိန်းမနဲ့သာ ကျုပ်ပေါင်းရမယ်ဆိုရင်တော့ ရွှေငွေဆိုတာ ရှားမှာ မဟုတ်ပါဘူးဗျာ"

ဤနောက် ကျွန်ုပ်အား သူနှင့်အတူ လိုက်ပါမည်ဆိုက ငွေ ၁၀၀၀ လက်ငင်းပေးမည့်ပြင် လမ်းခရီးတွင် ကုန်ကျမည့် စရိတ်စကအတွက်မှာလည်း သူ၏တာဝန်ပင်ဖြစ်ကြောင်းဖြင့် ပြောဆိုလေရာ ကျွန်ုပ်မှာ ထိုအခါအသက် ၃၀ကျော်ခန့်မျှရှိ၍ မုဆိုးဖိုလည်း ဖြစ်ပြန်၊ သားသမီးလည်းမကျန်ရစ်ပြန်၊ အမိအဖလည်းမရှိ၊ ဆွေမျိုးဉာတိလည်း နည်းပါးလှ၍ ခင်တွယ်ရမည့်သူ မရှိသည့်ပြင်၊ မောင်ဘိုးရွှဲအား ကျောင်းနေစဉ်မှစ၍ ညီရင်းအစ်ကိုကဲ့သို့ ချစ်ခင်ခဲ့သည် တစ်ကြောင်း၊ ထိုအစဉ်အခါက ကျွန်ုပ်မှာ ကုန်စည်များကရှုံးပါးလျက်ရှိနေသည်တစ်ကြောင်း၊ စွန့်စွန့်စားစား သွားလာရခြင်း၌ များစွာနှစ်သက်သည် ဖြစ်၍ သူနှင့်အတူ လိုက်ပါရန် ခံဝန်ချက်ပေးမိလေ၏။

"ဇန်းမောက်" သို့ရောက်လျှင် ကျွန်ုပ်တို့သည် တော[illegible]မ်းကျင်သော လဝလူမျိုးမုဆိုးတစ်ယောက်နှင့်တွေ့၍ကျွန်ုပ်တို့နှင့်အတူလိုက်ပါရန်သွေးဆောင်ခေါ်ငင်ခဲ့ပြီးသော် စားရေရိက္ခာများကို ကျွန်ုပ်တို့တတ်နိုင်သမျှ ထမ်းယူသယ်ပိုးခဲ့ကြပြီးလျှင် မောင်ဘိုးရွှဲမှာ ယခင်ကသွားခဲ့သော ခရီးစဉ်ကို ယခုအင်္ဂလိပ်အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



မင်းများအသုံးပြုသောမြေပုံသဖွယ်မှတ်ယူခဲ့ရကားကျွန်ုပ်တို့သည်ထို "မြေပုံ" ကို အမှီသဟဲပြုလျက် ထွက်ခဲ့ကြကုန်၏။

ကျွန်ုပ်တို့သည်မြင်းတစ်စီးစီ စီးနင်းလျက် ဇန်းမောက်ရွာ၏အနောက် စူးစူးသို့ ထွက်ခဲ့ကြရာ လမ်းခရီးတွင် ၇ ညမျှ အိပ်ပြီးနောက် "မိုးလောက်" ခေါ် ကချင်ရွာငယ်တစ်ခုသို့ ဆိုက်ရောက်ကြကုန်၏။ ထိုရွာမှ ရှေ့သို့သွားရမည့်ခရီးမှာ ခြေကျင်လမ်းဖြစ်၍ ထိုရွာတွင်မြင်းများကို ကုန်များနှင့်လဲလှယ်ရောင်းချခဲ့ပြီးသော် စားရေရိက္ခာများကို ထပ်မံဝယ်ခြမ်းကြပြီးလျှင် မြောက်စူးစူးသို့နောက်တစ်နေ့၌ ထွက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့မှာ စားရေရိက္ခာများကို အလွန်လေးလံစွာ သယ်ပိုးဆောင်ရွက်ရသဖြင့် ခရီးကိုတွင်ကျယ်စွာ မသွားနိုင်ဘဲ ရှိလေရာ အလွန်မြင့်သော တောင်ကြီးများကို ဖြတ်သန်း၍လည်းကောင်း၊ ရေးစီးသန်လှသောချောင်းများကိုလက်ပစ်ကူး၍လည်းကောင်းပင်ပန်းကြီးစွာ လာခဲ့ကြပြီးနောက် ၂၆ ရက်မြောက်သောနေ့ညနေခင်း၌ကျွန်ုပ်တို့သည် သဲများဖြင့်ဖုံးလွှမ်းလျက်ရှိသော တောင်ကလပ်တစ်ခုသို့ ဆိုက်ကပ်မိကြလေ၏။

ကျွန်ုပ်တို့မှာ ဤမျှလောက်ဝေးလံသော ခရီးကို တစ်ခါဖူးမျှ ခြေကျင် မသွားခဲ့ဖူးသည်တစ်ကြောင်း၊ အချမ်းအပူအားဖြင့်မမျှကသောရာသီဥတုကိုခံစားရသဖြင့်တစ်ကြောင်း လမ်းခရီးမှာလည်း လွန်စွာကြမ်းတမ်းလှသည့်ပြင် ပူပြင်းသောနွေရာသီဖြစ်သဖြင့် နေ့အချိန်များ၌ ခရီးများစွာမတွင်ကျယ်ဘဲ ညဥ့်ကိုသာ အားပြုလျက် သွားကြရသည်ဖြစ်ရာ အအိပ်အနေအစား အသောက်ကလည်း ဆင်းရဲလှသည်ဖြစ်၍ ခရီးသွားရန် ခြေကိုမျှမသယ်နိုင်အောင် နွမ်းရိလျက်ရှိကြကုန်၏။ ယင်းကဲ့သို့ ပင်ပန်းလှသည်မှန်သော်လည်း မောင်ဘိုးရွှဲမှာမူ အသားပင် လျော့သော်လည်း အားမလျော့ဘဲ ခရီးထွက်သောအခါများ၌ ကျွန်ုပ်တို့၏အရင်ထွက်လျက် နားသောအခါများ၌လည်း ကျွန်ုပ်တို့၏နောက်မှနားနေပြီးလျှင် ဖို၍ထားသော မီးဖို၏အနီးတွင် "ဒံတို" ကိုပါးစောင်ခဲလျက် အစဉ်မပြတ် နက်နဲ ခဲခက်စွာကြံစည်စိတ်ကူး၍ နေဘိသကဲ့သို့ ဘည်ကြည်ငြိမ်သက်လှသော ဣန္ဒြေလည်း ရှိပေသည်ဖြစ်ရာ ကျွန်ုပ်တို့မှာ





ဆက်လက်ရှာဖွေရန်စိတ်ပျက်လှသည်မှန်သော်လည်းဂင်း၏အမူအရာကိုမြင်ကာမျှနှင့်ပင် အားတင်းသောအဖြစ်သို့ ရောက်ကြရလေ၏။

တဲစခန်းတွင် မီးဖိုလျက် ကျွန်ုပ်တို့သည် ရှာဖွေရမည့် လမ်းစခန်းများကို ပြောဆိုတိုင်ပင်လျက် ကျွန်ုပ်တို့၏မြေပုံဆုံးသောနေရာမှ တစ်နေ့ခရီးမျှကျော်လွန်၍ လာကြောင်းနှင့် လွန်ခဲ့သော ၅နှစ်ကျော် ၆နှစ်ခန့်က မောင်ဘိုးရွှဲစခန်းချသောနေရာမှာ ဤနေရာပင်မဟုတ်သော်လည်း ဤနေရာပတ်ဝန်းကျင်အနီးအနား၌ပင် ရှိတန်ရာ၏ဟု မြေပုံအကွာအဝေးကို ထောက်ချင့်သောအားဖြင့် သိရလေ၏။ ကျွန်ုပ်တို့မှာ မောင်ဘိုးရွှဲသွားစဉ်က မျက်စိလည်ကာ ခရီးကွဲ၍ လာသောနေရာများကိုပင် မြေပုံကိုအထောက်အထားပြု၍ လိုက်လံရှာဖွေလာခဲ့ရာ ယခုစခန်းချသော နေရာ တောတောင်မှာ ယခင်ဆိုအပ်ခဲ့ပြီးသည့်အတိုင်း မောင်ဘိုးရွှဲတို့လူစုနောက်ဆုံးရောက်ရှိသော နေရာနှင့် လွန်စွာနီးကပ်လျက်ရှိကြောင်းကိုမှန်းဆသိရှိရလေ၏။

ပူအိုက်လှသော ရာသီဖြစ်၍ ကျွန်ုပ်တို့သည် အင်္ကျီများကိုချွတ်လျက်၊ ထွန်းလင်းကြည်လင်သော လရောင်၏အောက်တွင် တောတောင်၊ စိမ့်စမ်းများမှ တိုက်ခတ်လာသောလေပြည်များကို ရှူရှိုက်ရသဖြင့်ကျွန်ုပ်တို့၏မောပန်းခြင်းများမှာ ပြေပျောက်၍ သွားပြီးလျှင် လတ်ဆတ်ရွှင်လန်း၍ လာဘိသကဲ့သို့ မှတ်ထင်ရကုန်၏။ မောင်ဘိုးရွှဲမှာ နဂိုကပင် စကားနည်းသူတစ်ယောက်ဖြစ်ပြီးလျှင် ငြိမ်သက်တည်ကြည်လှသော ဣန္ဒြေနှင့်ပြည့်စုံသူဖြစ်၍ စကားပြောသောအခါတို့၌လည်း အပိုအမိုဟူ၍ မသုံးဘဲ အချက်ကျကျ ပြောဆိုတတ်သည်ဖြစ်ရာ ထိုညဥ့်မှု ကလေးကဲ့သို့ ပျော်မြူးရွှင်လန်းစွာ ရှိသည့်လက္ခဏာဖြင့် ပြင်းစွာရယ်မောခြင်း၊ ဟစ်အော်ဝေါက်ငမ်း၍ စကားပြောဆိုခြင်း၊ ဝမ်းနည်းသည့်အကြောင်းများကို ပြောဆိုကာ ရုတ်တရက်ရှိုက်ငင်ငိုယိုခြင်း၊ မငြိမ်သက်သောမျက်နှာထားရှိခြင်းစသည်ဖြင့် ထူးခြားသော အမူအရာများသည် ရုတ်တရက်ကောက်၍ ရဘိသကဲ့သို့ ပေါ်ပေါက်လာလေ၏။ လဝမှုဆိုးသည်လည်း ကျွန်ုပ်ကဲ့သို့ပင် မောင်ဘိုးရွှဲ၏ထူးဆန်းစွာ ပြောင်းလဲခြင်းကို အံ့သြစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍နေလေ၏။ ကျွန်ုပ်လည်း မအိပ်သေးဘဲ မောင်ဘိုးရွှေ၏အမူအရာကိုသာ အကဲခတ်၍ နေခဲ့လေ၏။

သက်ကြီးခေါင်းချအချိန်သို့ကျရောက်လတ်သော်တောင်ဘက်ချောက်ထဲမှပြင်းထန်သောအရှိန်ဖြင့် တဖြန်းဖြန်းပုတ်ခတ်လျက်ရှိသော အသံကြီးတစ်ခုကို ကြားရသည်နှင့် ကျွန်ုပ်သည် မောင်ဘိုးရွှေအား ထားခဲ့ပြီးလျှင် လဝမုဆိုးအား ဒူးလေးနှင့်မြားကိုပြင်ဆင်စေပြီးလျှင်ကျွန်ုပ်တို့သည်အသံကြားရာအရပ်သို့လာခဲ့ကြလေ၏။ တောင်ပူစာကလေးတစ်ခု၏ ချိုင့်ဝှမ်းရာအရပ်၌ ချောင်းငယ်တစ်ခုလည်း ရှိသည်ဖြစ်ရာ ချောင်းကိုလျှောက်၍ အတောင် ၅၀ခန့်မျှ သွားမိလေသော်လူ၏ခြေသလုံးသာသာခန့်မျှကြီးသော "မြွေကြီး" တစ်ကောင်သည်ချောင်းတစ်ဖက်တစ်ချက်တွင်ပေါက်ရောက်လျက်ရှိသော သစ်ပင်၂ပင်အားတစ်ပင်ကို အမြီးဖြင့်ရစ်ပတ်လျက် အခြားတစ်ပင်မှ ခေါင်းဖြင့်လိမ်ရစ်ပြီးလျှင် ရေအိုင်ကဲ့သို့ဖြစ်၍နေသော နေရာတစ်ခုတွင်.ရေကိုကိုယ်လုံးဖြင့်လွှဲ၍ ပက်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရလေ၏။ လဝမုဆိုး၏မြားမှာ နှောင့်နှေးခြင်းမရှိချေ။ တစ်ခဏမျှကြာလျှင် ကျွန်ုပ်တို့သည် မြွေခေါင်းကြီးကို သစ်ကိုင်းကြီးတစ်ခုဖြင့် အခွေပြု၍ ထမ်းခဲ့ကြပြီးလျှင် စခန်းချရာသို့ ပြန်၍လာခဲ့ကြလေ၏။ တဲစခန်းသို့ရောက်လေလျှင် မောင်ဘိုးရွှေကို မမြင်သဖြင့် ကြည့်ရှုလျက်ရှိရာ မြောက်ဘက်တောင်တန်းတစ်ခုပေါ်တွင် ထူးဆန်းသောအရာဝတ္ထုတစ်ခုကို တွေ့မြင်ရလေ၏။ ထိုအရာသည်ကား တရွေ့ရွေ့လှုပ်ရှားသွားလာလျက်ရှိသောမောင်ဖိုးရွှေ၏ပုံသဏ္ဍာန်ပင်ဖြစ်လေသည်။ မောင်ဘိုးရွှေမှာ ခါးတောင်းကို မြှောင်အောင်ကျိုက်လျက် မိမိ၏အင်္ကျီဖြင့် မျက်လုံးကို ဖုံးအုပ်ကာ မျက်နှာကို ရစ်ပတ်လျက်ရှိလေရာညာဘက်လက်သည်တစ်စုံတစ်ယောက်သောသူ၏ဆွဲငင်ခြင်းကိုခံရသကဲ့သို့တံတောင်ဆစ်သည်ကွေးပြီးလျှင်ရှေ့သို့တဖြည်းဖြည်းလိုက်ပါလျက်ရှိလေ၏။

ထိုအခါကျွန်ုပ်မှာမောင်ဘိုးရွှေ၏အမူအရာများကိုအံ့သြလျက်၎င်းအားဟစ်အော်ခေါ်ငင်လေရာ မောင်ဘိုးရွှေရှိသောနေရာနှင့် ကျွန်ုပ်မှာ ချောင်းကလေးတစ်ခုသာ ခြား၍နေသဖြင့် လူတစ်ယောက်ကိုခေါ်လျှင် အလွယ်တကူကြားနိုင်





လောက်သော်လည်း မောင်ဘိုးရွှေသည် ကျွန်ုပ်ခေါ်ငင်သည်ကို မကြား၍လား၊ ပြန်လှန်၍ပြောဆိုခြင်းကိုမပြုလို၍လားမသိ၊ ကျွန်ုပ်ရှိရာသို့လှည့်၍မျှမကြည့်ဘဲ ရှေ့ကိုသာ တဖြည်းဖြည်းလိုက်ပါလျက် ရှိလေ၏။ ထိုအခါ ကျွန်ုပ်မှာ မောင်ဘိုးရွှေသည်ကျွန်ုပ်ခေါ်သံကိုမကြား၍သာပြန်လှန်ပြောဆိုခြင်းကိုမပြုသည်ဟုမှတ်ထင်လျက်ပင်ရှိသဖြင့် ကျွန်ုပ်လည်း သံကုန်ညှစ်၍ ခေါ်ငင်ပြန်ရာ မောင်ဘိုးရွှေမှာ ကျွန်ုပ်၏အော်ဟစ်ခြင်းကို အနည်းငယ်မျှပမာ မပြုသည့်လက္ခဏာဖြင့် ဆိတ်ဆိတ်သာလျှင် နေခဲ့သဖြင့် ကျွန်ုပ်၏အသံများသာလျှင် ပဲ့တင်ထပ်ပြီးလျှင် တစ်တောလုံးဆူညံ၍သွားဘိသကဲ့သို့ မှတ်ထင်ရလေ၏။

ဤကဲ့သို့ မောင်ဘိုးရွှေအားကြည့်ရှုလျက်ရှိစဉ် "ဆရာရေ၊ လာပါဦး၊ ကယ်ပါဦး ဆရာရေ၊ ကျွန်တော်ဖြင့် သေပါတော့မယ် ဆရာရေ" စသည်ဖြင့် ဟစ်အော်လိုက်သဖြင့် နောက်သို့ပြန်၍ ကြည့်ရှုလိုက်ရာ.သာ၍ပင်ထူးဆန်းသော အချင်းအရာများကို တွေ့မြင်ရပြန်လေ၏။ အကြောင်းကိုဆိုသော် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာခဲ့သော လဝမုဆိုးသည် မြေပေါ်တွင်လဲလျက် မြွေကြီးသည် ၎င်းအားကိုယ်၏ သုံးပုံတစ်ပုံနီးပါးမျှ ဝါးမျိုလျက်ရှိလေရာ ထိုမြွေကြီးမှာလည်း အခြားမဟုတ်၊ ကျွန်ုပ်တို့ ပစ်သတ်၍လာခဲ့သော.မြွေကြီးပင်ဖြစ်တန်ရာသည်။ အဘယ်ကြောင့်ဆိုသော် မီးဖိုအနီးတွင် အခွေလိုက်ချ၍ထားခဲ့သော မြွေသေကောင်သည် တဖြည်းဖြည်း တွန့်လိမ်ကာ အသက်ဝင်၍လာသည့်အလား စန့်၍လာပြီးလျှင် ၎င်း၏ဦးခေါင်းမှာ မုဆိုး၏ ဒူးပုဆစ်မျှထိအောင်ရောက်ရှိပြီဖြစ်လေရာမုဆိုးမှာသနားစဖွယ်အော်ဟစ်ကာမြေပေါ်တွင်တွန့်လိမ်ရုန်းကန်လျက်ရှိကြောင်းကိုမီးရောင်တွင်မြင်ရလေ၏။ ထိုအခါကျွန်ုပ်မှာ "ရှေ့ကိုထမ်းပိုး နောက်ဆုတ်လှည်းဟုတ်" ဆိုဘိသကဲ့သို့ မုဆိုးကိုပင် ပြန်၍ကယ်ဆယ်ရမည်လော။ မောင်ဘိုးရွှေနောက်သို့ပင် လိုက်ရမည်လော စသည်ဖြင့် စိတ်ကိုမဝေခွဲနိုင်အောင် ရှိသဖြင့် အတန်ကြာတွေဝေ စဉ်းစားလျက်ရှိရာ လူတို့မည်သည် "အရေးကြီးက သွေးနီးရာ" ဆိုသည့်အတိုင်း နောက်ဆုံး၌ မောင်ဘိုးရွှေနောက်သို့အားကုန်ပြေး၍လိုက်လေ၏။ ထိုအခါ၌ကား မောင်ဘိုးရွှေ၏ပုံသဏ္ဍာန်မှာတောင်ခါးပန်း၏အခြားဘက်သို့ကွေ့ဝင်၍သွားလုနီးပါးမျှရှိသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်နှင့် ကျွန်ုပ်လည်း မျက်ခြည်မပြတ်စေရန် လိုက်ရသည်ဖြစ်ရာ မုဆိုး၏ ကံကြမ္မာကိုမူ ဤမျှသာ သိသဖြင့် ဤနေရာတွင်ပင် အပြီးသတ်ရသည် ဖြစ်ပါကြောင်း။

တောင်ခါးပန်းကို ကွေ့ပြီးလျှင် တရွေ့ရွေ့သွားလေသော် ကျွန်ုပ်သည် မောင်ဘိုးရွှဲ၏နောက် ဝါး ၂ရိုက်ခန့်အကွာမှ လိုက်၍သွားလေရာ တောင်ကြီးကို ပတ်လျက် အတန်ကြာသွားမိသောအခါ မြောက်ဘက်သို့ ဆင်း၍သွားသော လမ်းကလေးတစ်ခုကိုဆင်း၍သွားပြန်သဖြင့်ကျွန်ုပ်လည်းဆင်း၍လိုက်သွားလေ၏။ တောင်အောက်သို့ ရောက်လျှင် အခြားဘက်၌ရှိသော တောင်ပူစာတစ်ခု၏ အောက်ခြေတွင် ကျောက်တုံးကြီးတစ်ခုအနီးတွင် မှောင်သောနေရာတစ်ခု၌ ပျောက်ကွယ်၍သွားသဖြင့် မောင်ဘိုးရွှဲသည် ဂူတစ်ခုထဲသို့ဝင်၍သွားကြောင်းကို သိရလေ၏။ ထိုအခါ လမင်းသည် ကြည်လင်စွာ သာလျက်ရှိသဖြင့် ကျွန်ုပ်သည် မိမိ၏ရှေ့နောက် ပတ်ဝန်းကျင်ကို အတော်အတန် မြင်နိုင်လေ၏။ မောင်ဘိုးရွှဲ ပျောက်၍ သွားသောနေရာသို့ ရောက်လျှင် တောင်၏အောက်ခြေတွင် ဂူ၏သဖွယ်ဖောက်လုပ်၍ ထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ဂူတွင်းသို့ ဝင်ရန် ရုတ်တရက် မဝံ့ဘဲရှိနေလေရာ ဂူ၏အတွင်းသို့ ကြည့်လိုက်သောအခါ အခြားဘက်သို့ တိုးလျိုပေါက်မြင်နိုင်သဖြင့် မောင်ဘိုးရွှဲကို အခြားဘက်တွင် ရေးရေးမျှ လရောင်အောက်တွင် မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်လည်း ရဲသွေးတက်လျက် ဂူကို ဖြတ်၍သွားလေရာ အခြားဘက်သို့ရောက်၍ သွားသဖြင့် မောင်ဘိုးရွှဲနှင့် ဝါးတစ်ရိုက်ခန့်မျှသာဝေးသည်ဖြစ်ရာ မောင်ဘိုးရွှဲမှာ နောက်သို့တစ်ခါမျှပြန်၍မကြည့်ဘဲ ရှိလေ၏။

ဂူကဲ့သို့ ဖောက်၍ထားသော တောင်ပူစာကလေးနှင့် အခြားဘက်တွင်ရှိသော တောင်ကြီးမှာ သစ်ကိုင်းများဖြင့် ဆောက်လုပ်၍ထားသော တံတားငယ်ကလေးဖြင့် ပေါင်းကူး၍ထားလေရာ ထိုတံတား၏အလယ်သို့ရောက်လျှင် မောင်ဘိုးရွှဲသည် ရုတ်တရက်ရပ်၍ မျက်စိတွင်ပတ်၍ထားသော အဝတ်ကိုဖြုတ်ချလိုက်ပြီးလျှင် ချောက်ထဲသို့စိုက်၍ကြည့်ရှုလျက်ရှိသောကြောင့် ချောက်မှာ များစွာမနက်လှသည်ဖြစ်သောကြောင့်တစ်ကြောင်း၊ လရောင်သည်လည်းနေမင်းသဖွယ် ထွန်းလင်းကြည်လင်လျက် ရှိသည်တစ်ကြောင်း ကောင်းမွန်စွာ မြင်ရလေရာ ချောက်၏နံဘေးတောင်ခါးပန်းတွင် အစီလိုက်မှီလျက် ၁၅ကောင်၊ ၁၆ကောင်မျှ





သော အရိုးမျှသာကျန်ရှိသော လူကောင်တို့သည် ကျွန်ုပ်တို့အား ဖွေးဖွေးဖြူသောသွားများကိုဖြဲကာကြည့်၍နေသည်ကိုတွေ့မြင်ရလေ၏။ ထိုအခါမောင်ဘိုးရွှဲသည် တစ်စုံတစ်ယောက်သောသူအား ပြောဘိသကဲ့သို့ - "ဒီဟာတွေဟာ အရင်ကျွန်တော်လာတုန်းကပါတဲ့ ကျွန်တော့်လူတွေပဲလား၊ မကြည့်ပါရစေနဲ့ခင်ဗျာ၊ မကြည့်ပါရစေနဲ့၊ ချမ်းသာပေးပါ" ဟု ပြောပြီးလျှင် ဖွင့်၍ထားသော အဝတ်ကိုပြန်၍ ပိတ်လိုက်ပြီးနောက် ဆက်လက်၍ လိုက်ပါသွားပြန်လေ၏။

ထို့နောက် တံတား၏ အဆုံးမှစ၍ တောင်ကိုပတ်၍ တဖြည်းဖြည်း တက်သွားလေရာ ဤနေရာ၌ရှိသော လမ်းများမှာ လူတို့၏လက်ဖြင့် ဖောက်လုပ်၍ထားဘိသကဲ့သို့ လွန်စွာပြေပြစ်လျက်ရှိလေရာ ကျွန်ုပ်မှာ ထိုညဥ့်ကြောက်မက်ဖွယ်ကောင်း၍ ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော အရာများကို တစ်ခုပြီးလျှင် တစ်ခု ဆက်လက်၍ တွေ့ကြုံရသည်နှင့် လူတို့မည်သည် "များလွန်းလျှင် ဟုံသည်" ဆိုသော စကားအတိုင်း၊ ကြောက်ရွံ့သော စိတ်ထက်သိလိုသောဆန္ဒက သာလွန်ပိုမိုသဖြင့်တစ်ကြောင်း၊ နဂိုကပင် အလွန်စိတ်ခိုင်၍ ကြောက်ရွံ့ခြင်းအလျှင်းကင်းမဲ့သူဖြစ်၍သာ ဤအချိန်သို့တိုင်အောင် ခံနိုင်ခြင်းဖြစ်လေရာ စိတ်ပျော့ပျောင်းနူးညံ့သူတို့မှာ ကျွန်ုပ်ကဲ့သို့ တွေ့ကြုံရပါမူ အသက်ပင် မသေသော်လည်း အမှန်ရူးသွပ်၍ သွားပေလိမ့်မည်ဟု မှတ်ထင်မိပါကြောင်း။

တောင်ထိပ်သို့ရောက်လျှင် အဝေးမှပင် တောင်အတွင်းမှ ထိုးထွက်လျက် အလွန်လင်းသောအရောင်ရှိသော မီးရောင်တစ်ခုကို မြင်ရသဖြင့် တောင်ထိပ်တွင် ဂူတစ်ခုရှိကြောင်းကို သိရလေသည်။ မောင်ဘိုးရွှဲသည် ဂူတွင်းသို့ ဝင်သွားပြီးနောက် ကျွန်ုပ်လည်း သိလိုလှသည်ဖြစ်၍ ဂူဝမှနေ၍ ကြည့်လျှင် ကျွန်ုပ်အား မြင်မည်စိုး၍ ချောင်းမြောင်းကြည့်ရှုရန် ဂူတွင်းအခြားအပေါက်များ ရှိသလောဟုစုံစမ်းရှာဖွေလေရာ ကံအားလျော်စွာ ဂူ၏အခြားဘက်တွင် အပေါက်ငယ်ကလေးတစ်ခုမှ မီးရောင်သည် ထိန်လင်းစွာထိုးထွက်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ဂူသည် တောင်ထိပ်၌ တည်ရှိသဖြင့် ထိုအပေါက်ငယ်သို့ရောက်အောင် သွားရမည့်နေရာမှာ တောင်ကမ်းပါးကို ကျော်ဖြင့်ကပ်ပြီးလျှင် အလွန်နက်လှစွာသော ချောက်ကမ်းပါးကြီးကို မျက်နှာမူ၍ လူတစ်ယောက်မျှပင် ကောင်းစွာ မလျှောက်နိုင်သော လမ်းကလေးဖြစ်လေသည်။ ဤမျှသာမက သေး၊ အပေါက်ငယ်ရှိသော နေရာမှာ ချောက်ထဲသို့ ၄တောင်ခန့်မျှ ငေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



နေသော ဂူ၏အစွန်းဖြစ်လေရာ ကံအားလျော်စွာ ထိုအနီး၌ ထောင်ချောက်၏အောက်မှ ပေါက်၍နေသောသစ်ပင်ကြီးတစ်ပင်မှ သစ်ကိုင်းတစ်ကိုင်းသည် ထိုအပေါက်ရှိရာသို့ သွားလျက်ရှိသဖြင့် ကျွန်ုပ်သည် ထိုသစ်ကိုင်းသို့ ခဲယဉ်းစွာကူးခဲ့ပြီးသော် ဂူတွင်းသို့ ချောင်းမြောင်းကြည့်ရှုမိလေ၏။

ဂူတွင်း၌ ကျွန်ုပ်တွေ့မြင်ခဲ့သော အရာများသည်ကား ကျွန်ုပ်သည် အသက်အပိုင်းအခြားအားဖြင့် နှစ်ပေါင်း၁၀၀၀ပင် နေရပြြားသော်လည်းမမေ့နိုင်သည့်ပြင် ကျွန်ုပ်၏သူငယ်ချင်း မောင်ဘိုးရွှဲကိုလည်း နောက်ဆုံးတွေ့မြင်ရသော အကြိမ်ဖြစ်ပေသည်။ မောင်ဘိုးရွှဲသည် ကျောက်ခုတင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှေ့သို့ စူးစိုက်ကာ ကြည့်ရှုလျက်ရှိလေရာ ၎င်း၏ရှေ့၌မူ ဖြူသော အဝတ်အစားများကိုဝတ်ဆင်ပြီးလျှင် လက်တွင်လှံတံကိုကိုင်လျက်ရှိသော မိန်းမတစ်ယောက်သည် မတ်တတ်ရပ်လျက်ရှိလေ၏။ ဂူ၏အလယ်၌ကား အလွန်ကြီးသော ငွေ၏အရောင်ရှိသောဒယ်အိုးကြီးတစ်လုံးသည် ထိန်လင်းဖြူစင်လှစွာသော အရောင်ရှိသော မီးတောက်ပေါ်တွင် တည်ရှိလျက် ဂူ၏နံရံများမှာ ပုလဲ၏အရောင်ကဲ့သို့ ဖြူဆွတ်ပြီးလျှင် လှပဆန်းကြယ်စွာသော အရုပ်တို့ဖြင့် ထုလုပ်လျက် ဂူ၏အဝသို့ မျက်နှာမူလျက်အလျားလိုက်ထောင်၍ထားသောကျောက်ခေါင်းကြီး ၃လုံးလည်းရှိလေ၏။ ထိုကျောက်ခေါင်း ၃ခုအနက်၊ ၂ခု၌မူ ကမ္ဘာ့ဗြာန်းရုပ် ၂ခုသည် ဟောက်သောမျက်မျက်တွင်းများဖြင့်လည်းကောင်း၊ ဖြူဖွေးသော သွားများကိုဖြဲလည်းကောင်း ကျွန်ုပ်ချောင်းမြောင်းကြည့်ရှုနေသည်ကို သိဘိသကဲ့သို့ ကျွန်ုပ်အားကြည့်၍နေသည်ဟု မှတ်ထင်မိလေ၏။ ထိုဂူ၏အတွင်းဘက်၌ အခြားငယ်သောဂူကလေးတစ်လုံးလည်းရှိသေးရာ ထိုဂူငယ်၏အတွင်း၌မူ ရွှေဖြင့်ပြီးသော လူ၏အသုံးအဆောင်တို့သည် လည်းကောင်း၊ တပြောင်ပြောင် တလက်လက် တောက်ပလျက်ရှိသော ကျောက်မျက်ရွဲတို့ဖြင့် တပ်ဆင်ထားအပ်သော ဝတ်စားတန်ဆာတို့သည်လည်းကောင်း ကြည့်ရှု၍မဆုံးနိုင်အောင်ပင် ရှိချေ၏။ ထိုအခါ လရောင်သည် တိမ်ဖုံး၍ သွားခဲ့သဖြင့် ညဥ့်သည် အတော်အတန် မည်းမှောင်၍ သွားလေရာ လေကလေးကလည်း တဖြူးဖြူးတိုက်ခတ်လျက်ရှိလေ၏။ ဂူအတွင်းမှ ကျွန်ုပ်သည် အလွန်မွှေးကြိုင်လှစွာသော အနံ့တစ်မျိုးကို ရှူရှိုက်ရလေရာ ထိုအနံ့မှာ ကျွန်ုပ်၏ အင်အားကိုဖြည့်စွမ်း၍ပေးဘိသကဲ့သို့ ရှိလေ၏။ မောင်ဘိုးရွှဲနှင့်မိန်းမပျိုတို့ရပ်၍နေသော နေရာမှာ ကျွန်ုပ်ချောင်းမြောင်းကြည့်ရှုနေသော အပေါက်ငယ်နှင့်





၅တောင်ခန့်မျှသာ ကွာဝေးသဖြင့် ကျွန်ုပ်လည်း ၎င်းတို့ပြောဆိုသောစကားများကို ကောင်းစွာကြားရလေ၏။

"ခြောက် ယောကျ်ားများ ယောကျ်ားများ၊ မိန်းမဆိုတဲ့ကာမဂုဏ်နဲ့ညားမှဖြင့် ဘယ်လောက်ပဲဝေးတဲ့ခရီးဖြစ်ဖြစ် ဘယ်လိုပဲ ဘေးဥပါဒ်အန္တရာယ်များတဲ့လမ်းပဲဖြစ်ဖြစ် ဖွတ်နစ်ပြီး တိုးကြတာပဲနော်။ ကိုင်း ကျုပ်တစ်ခုမေးမယ် မောင်ဟုတ်တာပြောနော်၊ လိမ်ပြောမယ်များတော့ မကြံနဲ့။ မောင်အခုလာတာဟာ ကျောက်သံပတ္တမြားနဲ့ ဘော်တွင်းကိုရှာဖို့လာတာလား။ နို့မဟုတ်ရင် ကျုပ်ကိုစုံမက်လွန်းလို့ လာသလား" ဟုမေးလေရာ မောင်ဘိုးရွှဲမှာ ယခုလာရောက်ရခြင်းသည် ဥစ္စာပစ္စည်းကို တပ်မက်၍လည်းမဟုတ်၊ ဘုရင့်အာဏာဖြင့် လာရောက်ခြင်းလည်းမဟုတ်၊ အသင့်အား လွန်စွာချစ်ခင်လှပါသဖြင့် မတွေ့ရလျှင် မနေနိုင်လောက်အောင်ပင်ဖြစ်သောကြောင့် လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် အတိအလင်းဖွင့်၍ဝန်ခံလေ၏။

"တော်ပါပေတယ်၊ တော်ပါပေတယ်။ မောင်ကျုပ်ကိုမချစ်ဘဲနေပါ့မလား မောင်၊ ကျုပ်က လူသားစင်စစ်ထက် အပုံကြီးပိုပြီး ချောပေတာကိုး မောင်ရဲ့။ ယောကျ်ားဆိုတဲ့လူမျိုးကလည်း ချောတယ်၊ လှတယ်၊ ယဉ်တယ်ဆိုတဲ့ ရုပ်ရည်ကို တပ်မက်ကြတာမျိုးပဲ။ ယောကျ်ားလည်း ပီသတဲ့ လူတွေပါပဲ။ ကျုပ်ကစေခိုင်းပြီး ကျုပ်အတွက်နဲ့ ဘယ်လိုပဲ ခြောက်ခြောက် မကြောက်ဘဲရှေ့ကိုသာ တိုးတာပဲ၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့။ ကျုပ်ကလည်း ခုမှဖြင့် ဖွင့်ပြီးပြောရတော့မှာပေါ့ မောင်ရယ်၊ မောင့်ကိုလွှတ်လိုက်ကတည်းက တစ်နေ့တစ်ရက်မျှမမေ့ပါဘူးမောင်ရယ်။ လှပင်မရောက်သော်လည်း စိတ်ညာဥ်တွေကိုလွှတ်ပြီး အိပ်မက်ပေး၊ ခြောက်ဒါနဲ့မေးရဦးမယ် မောင်သေရမှာကိုကြောက်သလား" ဟုမေးပြန်ရာ မောင်ဘိုးရွှဲမှာ အသင်ကသာကျွန်ုပ်ချစ်ကြိုက်သလိုချစ်ကြိုက်ပါက တစ်သက်ပင်မကဆယ်သက်ပင်သေဝံ့ကြောင်းပြန်လှန်ပြောဆိုသဖြင့် မိန်းမပျိုသည် ကြာမှုပါလှသော မျက်နှာဖြင့် "ကောင်းပြီ ကောင်းပြီ၊ ဒါဖြင့် လုပ်ပေးရမှာပေါ့။

ကျွန်ုပ်မှာ ထိုညဥ့်တွင် တွေ့ကြုံရသည်များမှာ လွန်စွာပင် ကြောက်မက်ဖွယ်ကောင်းလှသည်ဖြစ်ရကား ရူးသွပ်၍ သွားလုမတတ် စိတ်နှလုံးနောက်ကျိလျက် ဒူးများသည်တဆတ်ဆတ် တုန်ပြီးလျှင် သစ်ကိုင်းပေါ်မှ ကျ၍မသွားရန် ကျောက်နံရံကို တက်ဖြင့် ကုတ်ခြစ်၍ ထားရလေ၏။ ကျွန်ုပ်နှင်းလျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com

သစ်ကိုင်း၏အောက်၌မူ နက်သောချောက်ကြီးသည် တည်ရှိလျက်ရှိရကား အကယ်၍မတော်တဆ ခြေချော်၍ သွားသည်ဖြစ်စေ၊ သစ်ကိုင်းကျိုးပဲ့၍ သွားသည်ဖြစ်စေ အရိုးအသားပင် ရှာဖွေ၍ ရတော့မည် မဟုတ်ချေ။

ထိုအခါထူးဆန်းသော မိန်းမပျိုသည် မောင်ဘိုးရွှေ၏ ဦးခေါင်းအလယ် တည့်တည့်ပေါ်သို့ လှံတံဖြင့် ဖြည်းညင်းစွာ ရိုက်ရာ မောင်ဘိုးရွှေသည် အိပ်ပျော်၍ သွားဘိသကဲ့သို့မျက်လုံးများသည်တဖြည်းဖြည်းမှိတ်၍သွားလေ၏။မိန်းပျိုလည်း ပါးစပ်မှ တစ်စုံတစ်ရာကို ခပ်တိုးတိုးရေရွတ်ပြောဆိုလျက် -

"ဩော် မိန်းမမိန်းမ၊ လုပ်ရိုးလုပ်စဉ်မို့ အမှုအရာလုပ်ပြီးမောင်နဲ့မထိုက် တန်ဘူး။ ကျုပ်မောင့်အတွက် မဟုတ်ဘူးလို့ ပြောရပေမဲ့ အဆုံးကျတော့ ယောက်ျားများ ခြေဖဝါးအောက် ရောက်ကြရတာပဲနော်။

ထိုခဏ၌ မိန်းမပျိုသည် ကျွန်ုပ်ရှိရာအပေါက်ငယ်သို့ မျက်လုံးများကို ပြူး၍ကြည့်နေဘိသကဲ့သို့ ခေတ္တမျှစိုက်ကြည့်ပြီးသော် ကျွန်ုပ်၏မျက်လုံးများ ရှိရာသို့ တည့်တည့်ချိန်ရွယ်၍ လှံတံကိုဝှေ့ယမ်းလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏မျက်စိများထဲတွင် လျှပ်ပြက်လိုက်ဘိသကဲ့သို့ မြင်ရပြီးလျှင် သတိမေ့လျော့ကာသစ်ကိုင်းပေါ်မှခြေချော်၍ကျသွားလေ၏။အလွန်ရေစီးသန်လှ သော ချောင်းတစ်ချောင်းထဲသို့ ကံအားလျော်စွာ ကျ၍သွားသဖြင့် ကျွန်ုပ်မှာ ဦးခေါင်းတွင် တောင်ကမ်းပါးကိုရိုက်မိ၍ အနည်းငယ်ပေါက်ပြဲ၍ သွားသော ဒဏ်ရာနှင့်တစ်ကိုယ်လုံးတွင် ပွန်းပဲ့စုတ်ပြတ်သော ဒဏ်ရာမှတစ်ပါး အခြားကြီးကျယ်သော ဒဏ်ရာဟူ၍မရဘဲ ရှိလေရာ ကျွန်ုပ်မှာနဂိုကပင် ရေကူး ကျင်လည်သူ တစ်ယောက်ဖြစ်၍ ရေစီးထဲတွင် တစ်နာရီခန့်မျှ မျောပါ၍ သွားပြီးနောက်သစ်ဖောင်သမားများကကယ်ဆယ်သဖြင့်အသက်ချမ်းသာရာရခဲ့ သည်ဖြစ်ရာ ကျွန်ုပ်ကျ၍လာသောမြစ်မှာ အခြားမဟုတ် "ချင်းတွင်းမြစ်" ပင် ဖြစ်ကြောင်းကို နောက်မှသိရှိရလေသည်။

ဒဂုန်မဂ္ဂဇင်း၊ ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလ၊

ဒဂုန်ရွှေမျှား

www.burmeseclassic.com